www.burmeseclassic.com

# လေဒီငေါ်

မိုးဇီလှလည်ချစ်တေးဖြစ်လေး

( အချစ် လုံးချင်းဝတ္ထုရှည် )



www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC



ထိုနေ့က –

မိုးစက်မှုန်ကလေးတွေ
တဖွဲဖွဲ ကျ . လို့ ...
လေပြည်ညင်းလေးက
ညင်ညင်သာသာ လှုပ်ခတ်လို့....
သီချင်းသံလေးက
ငြိမ့်ငြိမ့်ကလေး လွင့်မျှလို့....
ဘယ်နေရာကိုကြည့်ကြည့်
စိုပြည် စိမ်းလန်းနေပုံက
တစ်လောကလုံး
ပန်းရောင်စုံတွေ ဖူးပွင့်သွားသလိုထင်ရရဲ့
ကြည့်စမ်းပါဦး....အဲဒီနေ့က
အပျိုမတစ်ယောက်
ချစ်သူကောက်ရလိုက်ပုံများ
ရာသီဥတုကတောင်
နိမိတ်ကောင်း ဆောင်ပေးရုံမက
သဘာဝပတ်ဝန်းကျင်ကပါ
ကောင်းချီး ထောပနာတွေ ပြုပေးခဲ့ပါလား...

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(မိုးထက်မင်းမှူ)

မင်းဟာ....သူ့နိုးလေးပဲ..
ဟင့်အင်း....
မဟုတ်သေးဘူး....
စာပြမလေး...
ဟုတ်တယ်....
ကိုယ့်ရင်ထဲက နှလုံးသားကို
အတင်းစားပြတိုက်
ယူဆောင်သွားတဲ့
ဖျိုဖျိုလူလည် ချစ်စားပြလေး....





(လမင်းပျိုစင်)

အစကတော့...အဲဒီစိတ်ထားတွေ
ငါ့ဘဝမှာ မရှိခဲ့ဘူး....
အခုတော့ အချစ်က သင်ပေးလိုက်လို့
မတတ်တဲ့အရာတွေ အားလုံး
တတ်မြောက်စေခဲ့ပြီ....
နောက်ပြီး...အဲဒီအချစ်ကြောင့်ပဲ
အသိတရားတစ်ခု ထပ်ရလာတယ်....
ဘာလဲဆိုတော့ အချစ်ဟာ...
နှလုံးသားကို ပိုပြီးနူးညံ့လှပစေသလို
အချစ်ဟာ မကောင်းဆိုးဝါး
အကျင့်ဆိုးတွေကို
ဖြစ်ပေါ် လာစေတယ် ဆိုတာပဲ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို
မည်မျှလိမ္မာ၍
ပညာရှိနေစေကာမူ
အချစ်နှင့်ပတ်သက်သောအခါ...
မိုက်မဲသွားတတ်ကြပေသည်။

(ဂျိရှူးဝါး)



အခန်း (၁)

## အပျိုစင်လေးပါ

ဟိုး. . . ငယ်ငယ်လေးကတည်းက 'ပျို' ရဲ့ကာရိုက်တာကို မေမေ နှင့်ကြီးကြီး ပြောခဲ့ဖူးသည်။ ပျိုဟာ လိုချင်တာတစ်ခုခုကို တိတိကျကျ သိရပြီဆိုရင် ဘယ်လိုပစ္စည်းမျိုးပဲဖြစ်ဖြစ် မရ,ရအောင် အမျိုးမျိုးကြံကျ ပြီး ယူပြတတ်တဲ့ကလေးတစ်ယောက်ပဲ။

အဲဒီလိုယူပြတတ်တဲ့နေရာမှာလည်း ဖွဲကောင်းကောင်းနှင့် မအိပ် မနေ မစားမသောက်ဘဲ ငိုယိုပြတတ်တာမျိုး. . . ဟန်ဆောင်ကောင်း စကားကြွယ်တာမျိုး. . . မင်းသမီးတွေလို သရုပ်ဆောင်ကောင်းတာမျိုး စသည့်နည်းပရိယာယ်တွေကိုလည်း အရွယ်နှင့်မလိုက်အောင် သုံးတတ်



www.burmeseclassic.com

www.burmeseclassic.com



သေးသည်တဲ့။

တကယ်ပင် ပျိုသည် တစ်စုံတစ်ရာကို မက်မက်မောမောလိုချင်လာလျှင် မရ ရအောင် ယူပြရမှ စိတ်ဖြေသာနိုင်သည့်အကျင့်ကလေးက ရှိမှန်းမသိ ရှိလာခဲ့တာဖြစ်ပါသည်။ ထိုအကျင့်က အသက်တစ်နှစ်ပြီးတစ်နှစ် ကြီးလာတာနှင့်အမျှ တဖြည်းဖြည်းသိသာထင်ရှားလာခဲ့ရာ အပျိုပေါက်ဖြစ်လာချိန်မှာတော့ လုံးဝ ပီပီပြင်ပြင်ထင်ပေါ်လာခဲ့မှန်း ကိုယ့်ကိုယ်ကို နားလည်ခဲ့ရ၏။

ဥပမာ. . . သူငယ်ချင်းတွေကြားမှာပဲဖြစ်ဖြစ်၊ မိသားစုထဲမှာပဲဖြစ်ဖြစ် တစ်ခုခုကိုလိုချင်လာလျှင် (အခွင့်အရေးတစ်ခုခုကို တောင်းဆိုချင်လျှင်). . .

ပထမ ချော့တောင်းသည်။ မရလျှင်. . .

ဒုတိယ ခြောက်တောင်းသည်။ မရလျှင်. . .

တတိယ နည်းပရိယာယ်တစ်ခုခုကိုသုံး၍ တောင်းသည်။

ထိုသုံးမျိုးလုံးကို သုံးလို့မှမရလျှင်တော့ ပွဲကြမ်း၍ တောင်းလေသည်။

အခုလည်း ပျိုသည် မေမေ့ဆီ တောင်းဆိုစရာတစ်ခု ရှိနေပြီမို့ ရေစိမ်ရင်း ကိုယ့်အကြောင်း ကိုယ်တွေးလိုက်. . . သီချင်းလေး ညည်း





လိုက်. . . မျက်နှာကလေးသာ ဖော်ပြီး တစ်ကန်လုံး ဖွေးဖွေးလှုပ်နေသည့် ဆပ်ပြာမြှုပ်တွေကို ဆော့ကစားလိုက်နှင့် အကြံထုတ်နေမိသည်။

အင်း. . . နောက်ဆိုရင် ရေချိုးရင်း ဖုန်းပြောတတ်တဲ့အကျင့်ကိုလည်း ဖျောက်မှဖြစ်တော့မယ်။ တော်ကြာ 'ဘုရားရှိခိုးရင်လည်း ဖုန်းကို အနားမှာချပြီး ရှိခိုးတယ်၊ ရေချိုးရင်လည်း အနားမှာထားပြီး ရေချိုးတယ်' ဆိုပြီး ကြီးကြီးနှင့် မေမေက ပျို ဘယ်လိုမှ လှုပ်ရှားလို့မရအောင် ပါမစ်ပေါင်းစုံ ပိတ်လိုက်မှအခက်။

ရေချိုးခန်းထဲကို ဖုန်းယူလာမိတာကတော့ ထားပါတော့၊ ပျိုတို့အရွယ်တွေ ဖြစ်လေ့ဖြစ်ထရှိတာမို့ အဆန်းမဟုတ်။ ဘုရားခန်းထဲ ယူလာပြီး အနားမှာချ၍ ရှိခိုးတာတော့ မလုပ်သင့်သည့်အလုပ်မှန်း သိလျက်နှင့် ပျို တစ်ခါသာ ပေါ့ဆခဲ့မိပါ၏။ ထိုပေါ့ဆမှုကလည်း တစ်ခါသာ ဆိုပေမယ့် ထိုတစ်ခါတည်းမှာပင် ဖုန်းသံတွေ အဆက်မပြတ်ဝင်လာတာမို့ ကြီးကြီးသိသွားပြီး တစ်ခါကို အခါတစ်ရာမက, ညည်းသည်လာတိုင်း ပြောနေခဲ့လေသည်။

ပျိုသည် ကိုယ့်အတွေးနှင့်ကိုယ်,ပြုံးပြီး နံပါတ်ကိုကြည့်လိုက်တော့ သူငယ်ချင်း 'ရဲရင့်နီ' ခေါ်လေ့ခေါ်ထရှိသော လမ်းဘေးဖုန်းနံပါတ်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . . ရဲရင့်နီလား"

"အေး. . . ပျိုပျို၊ နင် အိမ်မှာလား၊ အပြင်မှာလား"

"အိမ်မှာ ရေချိုးနေတယ်၊ ပြီးရင် breakfast စားပြီး သင်တန်းသွားရမယ်လေ"

"ဟာ. . . စောစောစီးစီး ရေတွေချိုးနေရသလားဟ။ ဖျားနေဦးမယ်။ အခုရက်မိုးက မထင်ရင် မထင်သလို ရွာချနေတာ"

"ရပါတယ်၊ ငါက ကျန်းမာရေးကောင်းပြီးသားပါ။ ညတုန်းက အသိတစ်ယောက်ပေးတဲ့ စာပေဟောပြောပွဲခွေကို နားထောင်နေလို့ အိပ်တာ နောက်ကျသွားတယ်။ အဲဒါနားမထောင်ခင် Chatting လည်း ထိုင်သေးတယ်ဆိုတော့ အိပ်ရေးပျက်ပြီး ခေါင်းမကြည်တာနဲ့ ရေချိုးပစ်လိုက်တာ"

"ဖြစ်ရမယ်. . . အဲဒါဆိုလည်း မြန်မြန်ချိုး"

"အေးပါ, ဟဲ့. . . ရဲရင့်နီ၊ စာပေဟောပြောပွဲခွေက ကောင်းတယ်ဟ၊ နယ်မှာလုပ်တာ။ စာရေးဆရာ နေဝင်းမြင့်ရယ်၊ ကာတွန်းဆရာ အော်ပီကျယ်ရယ်၊ စာရေးဆရာ မောင်သာချို (ဂျက်–ကွမ်းခြံကုန်း) ရယ် အရမ်းမိုက်တာပဲ။ နင့်ကို နောက်မှပြောပြမယ်"

"အေး, ငါလည်း နင်ပြောပြတာကို နားထောင်ချင်ပါတယ်။





နင်ပြောတာက အခွေနားထောင်ရတာထက် ပိုကောင်းတယ်"

"ဒါနဲ့ နေပါဦး။ ဘာတွေများထူးလို့ ဖုန်းလှမ်းခေါ်ရတာလဲ"

"ဒီနေ့ နင် ငါ့အိမ်မှာ နေ့လယ်စာ,စားမှာ သေချာတယ်နော်"

"ရဲရင့်ရယ်. . . ငါ ဘယ်တုန်းက စကားကိုလျှောက်ပြောဖူးလို့လဲ။ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တာကို သိရဲ့သားနဲ့"

"သိပါတယ်ဟ၊ ဒါပေမဲ့ နင်က တစ်ခါတလေကျ မထင်မှတ်တဲ့ ကိစ္စတို့ နင့်မားသားကြီးနဲ့ အလုပ်ကိစ္စတို့ သင်တန်းကိစ္စတို့ ဘာညာတွေ ကြော်ငြာဝင်လာတတ်လွန်းလို့ သေချာအောင် လှမ်းမေးရတာ။ ဒီမှာ အမေက ခါတိုင်းနဲ့မတူဘူး. . . သူ့ချွေးမလေး ကြွလာမှာမို့လို့ အပျံစား စီစဉ်နေတယ်။ ရှယ်ပဲ"

"ဟုတ်လား။ အိုခေ. . . နင်စိတ်ချနေ ရဲရင့်။ ငါက ချိန်းပြီးသား ကိစ္စဆိုရင် Confirm တွေဘာတွေ လှမ်းလုပ်စရာမလိုဘူး။ သေရေးရှင်ရေးကိစ္စကလွဲရင် လုံးဝကွက်တိရောက်ပြီးသား။ ဒါနဲ့ အန်တီက ငါ့အတွက် ဘာတွေစီစဉ်နေတာလဲဟင်။ ဘယ်လိုရှယ်နေတာလဲ"

"စုံနေတာပဲ၊ မပြောဘူး. . . လာရင် သိရမှာပေါ့"

"ဒါဆိုလည်း ပြီးတာပဲ၊ ငါလည်း ဒီမှာ နင့်အတွက် တစ်ခုစီစဉ်ပေးစရာရှိလို့ အကြံထုတ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအစီအစဉ်လဲ"

"ပြောဘူး. . . ငါရောက်လာရင် သိရမှာပေါ့"

"အိုခေ. . . အိုခေ, ဒါဆို ငါမျှော်နေမယ်နော်"

"ဒါလေးများ, ဖုန်းဖိုးကုန်အောင် လှမ်းဆက်နေသေးတယ်"

"ဟာ! နင်ကလည်း တမင်သက်သက် ဖုန်းဖိုးကုန်အောင်တော့ လုပ်မလား။ နင့်ကိုကရုဏာရိုက်တာလို့ခေါ်တယ်။ ငါ့စေတနာကို အသိအမှတ်ပြုစမ်းပါ။ ဒီလောက် မနောဖြူစင်တဲ့သူငယ်ချင်းလေး. . . ဒီလောက် ချစ်စရာကောင်းတဲ့သူငယ်ချင်းလေးအတွက် ဖုန်းဖိုးလောက်တော့ စာဖွဲ့မနေစမ်းပါနဲ့ကွာ"

"အေးပါ အေးပါ. . . ဟဲ့, ရဲရင့်နီ၊ ဖုန်းဖိုးဆိုလို့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကာတွန်းဆရာ အော်ပီကျယ်က ဘာပြောတယ်မှတ်လဲ၊ လိုင်းမကောင်းတဲ့ဖုန်းတွေရဲ့အကြောင်းပေါ့။ ဖုန်းမကိုင်နိုင်တဲ့လူတွေရဲ့ ဖုန်းဒုက္ခပေါ့ဟာ"

"ဘာတဲ့လဲ"

"ဖုန်းတစ်ခါဆက်ချင်ရင် လေးခါလောက်ခေါ်မှ အဆင်ပြေတယ်တဲ့။ ပထမ, သူမကြား ကိုယ်မကြား တစ်ကောတဲ့၊ ဒုတိယ, ကိုယ်မကြား သူကြား တစ်ကောတဲ့၊ တတိယ, သူမကြား ကိုယ်ကြား တစ်





ကောတဲ့၊ စတုတ္ထကောကျမှ သူရောကိုယ်ရော ကြားတာတဲ့။ မှတ်ထားနင်ကြုံဖူးတယ်မှလား"

"ဟား ဟား. . . ဟုတ်တယ် မှန်တယ် မှန်တယ် လမင်းပျိုစင်၊ နင်ကတော့လေ, ဘာပဲပြောလိုက်ပြောလိုက် ဥပမာ သာဓကတွေ ပုံဘိုပတ်စံတွေ ပါကိုပါရမှ။ အဲဒီလိုပြောပုံလေးတွေကြောင့်ပဲဖြစ်လိမ့်မယ်၊ နင့်အမေနဲ့ နင့်အဒေါ်က နင်ဘယ်လောက်ဆိုးဆိုး အလိုလိုက်နေတာ။ အိုခေ. . . ဒါပဲနော်, ဘိုင့်ဘိုင်"

"အင်း. . . တာ့တာ ဘိုင့်ဘိုင်"

ပျိုရဲ့ ရောက်တတ်ရာရာ ပြောတတ်ပုံလေးကြောင့် ရဲရင့်နီက ဘဟားဟားနှင့်သဘောကျပြီး ဖုန်းချသွားတော့သည်။ ပျိုလည်း ဖုန်းလေးကို စင်ပေါ်ပြန်တင်ကာ ရေကို အပြီးသတ်အောင်ချိုးပြီး ထွက်လာခဲ့လေသည်။

ပြီးတော့ ဆံပင်ကိုခြောက်သွေ့အောင် Dryer နှင့်မှုတ်၊ အဝတ်အစားလဲ၊ မျက်နှာကိုပြင်၊ ရေမွှေးဆွတ် စသဖြင့် တစ်ခုခြင်း ခပ်မြန်မြန်ပြင်ဆင်လိုက်သည်။ ခပ်မြန်မြန်မပြင်လည်း ပျိုရဲ့အလှပြင်ချိန်က သိပ်ရှိတာမဟုတ်။

ပျိုက တချို့မိန်းကလေးတွေလို မျက်နှာကို ရောင်စုံကာလာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ်အောင် ချယ်သနေတတ်တာမျိုးမဟုတ်။ မှန်ရှေ့မှာလည်း အဝတ်တွေ တစ်စုံပြီးတစ်စုံ လဲလိုက်၊ လှည့်ပတ်ကြည့်လိုက်၊ အိုက်တင်တွေ အမျိုးမျိုးပေးလိုက် စတာတွေလည်း လုပ်ကြည့်နေတတ်တာမျိုးမဟုတ်။ ဘာကြောင့်လဲဆိုတော့ ပျိုသည် သဘာဝအလှကို နှစ်သက်သူဖြစ်ပြီး အဝတ်အစားကိုလည်း ဖရီးစတိုင်လ် လွတ်လွတ်လပ်လပ်ဝတ်ဆင်ရမှ ကျေနပ်တတ်သော မိန်းကလေးတစ်ယောက်ဖြစ်ခြင်းကြောင့်တည်း။

မျက်နှာဆိုရင် နှီရည်ပါးပါးလေးလိမ်းပြီး ကြည်ကြည်လေး လင်းလက်နေတာကိုပဲ နှစ်သက်သူဖြစ်သည်။ နှုတ်ခမ်းအသွေးအသားကလည်း နဂိုကတည်းက စိုစိုပြည်ပြည်ရှိပြီးသားမို့ နှုတ်ခမ်းနီဆိုးတာတွေဘာတွေလည်း မလုပ်တတ်ခဲ့။

တစ်ခါတစ်ရံ မေမေနှင့်အတူ သွားလာစရာနေရာမျိုးတွေ ရှိမှသာ Cream puff မှုံမှုံလေး ရိုက်ပြီး Lipgloss ခပ်ပါးပါးလေး ဆိုးလိုက်တာပဲဖြစ်သည်။ နှာတံ၊ မျက်တောင်၊ မျက်လုံး မျက်ခုံးတို့ကလည်း သင့်တင့်လျောက်ပတ်သော သဘာဝအလှတရားကို ပိုင်ဆိုင်တာပြီးသားမို့ ပြင်ဆင်ခြယ်သစရာမလိုခဲ့ပါ။

ဆံပင်ကျတော့လည်း ပျိုက ခေတ်ရဲ့သမီးပျိုဖြစ်ပေမယ့် ရောင်းကာလတွေ၊ ဒီဇိုင်းအမျိုးမျိုးတွေ မပြုပြင်တတ်။ နက်ပြောင် ဖြောင့်စင်းသော ဆံပင်ပျော့ပျော့တွေကို အလယ်ခွဲကြောင်းအတိုင်း ပခုံးထိကျနေသည့်ပုံစံကိုသာ စွဲစွဲမြဲမြဲထားခဲ့တာဖြစ်သည်။ ထိုဒီဇိုင်းက သဘာဝလည်း ဆန်သလို ခေတ်အဆက်ဆက်လည်း ဘယ်တော့မှမရိုးနိုင်သည့်ဒီဇိုင်းဖြစ်၏။

အဝတ်အစားဆိုရင်လည်း ပျိုက ကရိကထ သိပ်မများ။ ဖရီးစတိုင်လ် ကြိုက်နှစ်သက်သူပီပီ ဂျင်းနိပ်ပဲန်အတိုအရှည်တွေနှင့်အတူ စွပ်ကျယ်တွေ တီရှပ်တွေကိုသာ စွဲစွဲမြဲမြဲဝတ်လေ့ရှိသလို Country style ကိုလည်း စိတ်ကူးပေါက်ရင် ပေါက်သလို ဝတ်တတ်သေးသည်။

တစ်ခါတစ်ရံကျတော့ ချည်သား အရောင်နုနုရွှရွှ အင်္ကျီဆန်းဆန်းလေးတွေကို ဂျင်းနိပ်ပဲန် slim fit နှင့် တွဲဝတ်တတ်ပြီး. . . . High Heels သို့မဟုတ် Pencil Heels တို့ကိုစီးလျက် ကြွကြွရွရွလေး နေထိုင်တတ်၏။ အိမ်မှာနေလျှင်တော့ သနပ်ခါးကို အမြဲလိမ်းထားပြီး ဘောင်းဘီအတို၊ စကပ်အတိုနှင့် ဂါဝန်လေးများကို လွတ်လွတ်လပ်လပ် ဝတ်လေ့ရှိပါသည်။

တကယ်တော့ ပျိုရဲ့အလှက ရုပ်ရှင်သရုပ်ဆောင် မင်းသမီးတွေ၏အလှမျိုးလည်း မဟုတ်ပါ။ ဝတ္ထုတွေထဲမှာ တင်စားထားသည့်ဇာတ်ဆောင်မင်းသမီးတွေ၏အလှမျိုးလည်း မဟုတ်ပါ။ လူတွေကြားမှာ ရှင်း




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခနဲပေါ်စေသော လည်ပြန်ကြည့်ရလောက်သည့်အလှမျိုးလည်း မဟုတ်ဘဲ သာမန်မိန်းကလေးတွေလို ကြည့်ပျော်ရှုပျော်ရှိရုံ မျက်နှာထားမျိုးကိုသာ ပိုင်ဆိုင်ထားသည့် ရွက်ကြမ်းရေကျိုအလှမျိုးသာ ဖြစ်ပါသည်။

သို့သော် ဖျိုရဲ့သူငယ်ချင်းတွေနှင့် မေမေရဲ့ပါတနာတွေကတော့ ပြောသည်။ ပြောတာထက် ချီးမွမ်းတာဟုဆိုရလျှင် ပိုမှန်ပါလိမ့်မည်။ ဖျိုရဲ့မျက်နှာက မင်းသမီးတွေလို မလှပေမယ့် စွဲဆောင်မှုအရမ်းရှိတဲ့ မျက်နှာမျိုးဖြစ်သည်တဲ့။ Attraction အပြည့်ရှိတယ်ပေါ့။ သူတို့ အဲဒီလိုချီးမွမ်းမှပဲ ဖျိုလည်း လှပချောမွေ့သည့်မျက်နှာနှင့် စွဲဆောင်မှုရှိသည့် မျက်နှာကို သေသေချာချာခွဲတတ်ခဲ့တာဖြစ်သည်။

သည်နေ့တော့ ဖျိုက လည်ပင်းပေါက်တစ်ဝိုက်မှာ အတွန့်အဖတ်ကလေးတွေပါသော အဖြူရောင် လက်ဖောင်းချည်သားအကျီဓါးရှည်လေးကို ဂျင်းနံ့ပဲန် Slim fit အကြပ်နှင့်တွဲဝတ်ပြီး ဒေါက်ချွန်ချွန်အမြင့်ကြီးကို စီးလိုက်သည်။ ပြီးတော့ ခါးလောက်ထိရှိသော အနက်ရောင် Fancy bag ကိုလွယ်၍ စားပွဲပေါ်မှဖုန်းကို လှမ်းဆွဲကာ မေမေ့အခန်းဆီသို့ အရင်ဆုံးဦးတည်ခဲ့တော့၏။

"Hi!...Good morning"

"Morning..."





မှန်တင်ခုံရှေ့မှာ အားလုံးပြင်ဆင်ပြီး ခေါင်းထိုင်ဖြီးနေသောမေမေ့ကို မြင်လိုက်ရ၍ ထုံးစံအတိုင်း နှုတ်ခွန်းဆက်သလိုက်တော့ မေမေကလည်း ထုံးစံအတိုင်း ဖျို့ကိုလှည့်မကြည့်ဘဲ မှန်ကြည့်ရင်း နှုတ်ဆက်သည်။ ဖျို့ အလှမပြင်တတ်သလောက် မေမေ အလှပြင်တာကတော့ မင်းသမီးမေသန်းနုတို့ မိုးမိုးမြင့်အောင်တို့ကပင် အရှုံးပေးရလောက်ပါသည်။

"အိုး!. . . ကြည့်စမ်း၊ မေမေ အရမ်းလှနေပါလား"

ဖျိုက မေမေ့အနား ခပ်သွက်သွက်ကပ်ပြီး ပြောလိုက်မှ မေမေလှည့်ပြီး ဖျို့ကို ခြေဆုံးခေါင်းဖျားကြည့်တော့သည်။

"သမီးရောပဲ၊ သမီးက ဒီလို Slin fit တွေ ဒေါက်အချွန်တွေနဲ့အရမ်းလိုက်တာ၊ မေမေ့အကြိုက်ပဲ"

"မေမေ့ဝတ်စုံကရော ဘယ်သူ့လက်ရာလဲဟင်။ အန်တီပေါက်လား၊ အန်တီလတ်လား၊ မအိကျော့ဇင်လား. . . မေမေနဲ့အရမ်းလိုက်တာပဲ၊ ဒီနေ့မှပိုပြီး ထူးထူးခြားခြားလှသွားသလိုထင်ရတယ်"

"ဒါ ပြည့်စုံအောင်ရဲလက်ရာလေ"

"ဒါကြောင့် အရမ်းကိုမိုက်တယ်၊ အရောင်ရော, ဒီဇိုင်းရော၊ အဆက်ဆစ်ရှိတွေရော လှုပုံစံနဲ့လိုက်အောင် ဖန်တီးတတ်တယ်။ ခုခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်းနာတွေ အရမ်းတော်ပြီး အပြိုင်အဆိုင်တွေ ဖြစ်လာကြပြီနော်။ ဒါကြောင့်လည်း ဒီဇိုင်နာခေတ်ဖြစ်နေတာ''

''အင်း. . . ဒါဖြင့် နေစမ်းပါဦး၊ သမီးပြောတာကြီးက ဒီနေ့မှ မေမေက ထူးထူးခြားခြားလှနေရသလား။ အရင်နေ့တွေတုန်းက မလှလို့လား။ မေမေ ဒီလိုနေ့တိုင်း ပြင်ဆင်နေတတ်တာ သိရဲ့သားနဲ့''

''မေမေကလည်း သမီးက ဒီလိုပဲပြောနေကျကို၊ ဒီနေ့ကျမှ သမီးမျက်စိထဲမှာ ဒီဝတ်စုံဒီဇိုင်းနဲ့ မေမေနဲ့က အရမ်း match ဖြစ်ပြီး ပိုနုသွားသလို ထင်ရလို့ပါ။ ပြီးတော့ မျက်နှာအပြင်အဆင်နဲ့ နှုတ်ခမ်းကာလာနဲ့လည်း ကွက်တိပဲလေ။ မိန်းမနဲ့အိမ်က ပြင်ရင်ပြင်သလောက်လှတယ်တဲ့မေမေရဲ့''

ဟုပြောပြီး ဖျိုသည် မေမေ့ကို နောက်ကနေ သိုင်းဖက်ကာ ပါးပြင်ကို ခပ်ရွရွလေး မွှေးလိုက်ပြီး စောစောစီးစီးကြံထားသည့် အကြံအစည်တစ်ခုကို အကောင်အထည်ဖော်ဖို့ နိဒါန်းပျိုးလိုက်လေပြီ။

''အား. . . မွှေးလိုက်တာ၊ ဒီရေမွှေးနံ့ကလည်း ရှယ်ပဲ၊ တန်ဖိုးကတော့ ပေါ့သေးသေးမဟုတ်နိုင်ဘူး။ သူ့ကျတော့ အပုံစားတွေ သုံးပြီး တစ်ဦးတည်းသောသမီးလေးကျတော့ မသုံးချင်တဲ့အကျန်တွေကို ပေးတယ်''





''အို! ဖယ်စမ်းပါ၊ အလှတွေ ပျက်ကုန်ပါ့မယ်။ ဒီအရွယ်ကြီးရောက်နေပြီ၊ မအေကို ပွတ်သီးပွတ်သပ်လုပ်ချင်တုန်း''

''လုပ်ချင်တာပေါ့ မေမေရဲ့၊ မေမေသူဌေးမကြီးက ဒီလောက်ချောနေတာ၊ ဒီလောက်လှနေတာ ဘယ်သားသမီးက ပွတ်သီးပွတ်သပ်မလုပ်ချင်နေပါ့မလဲ။ အခုချိန် မေမေနဲ့သမီး အပြင်ကို တွဲသွားကြည့်လိုက်ပါလား။ သမီးကိုမကြည့်ဘဲ မေမေ့ကိုပဲ ငေးကြည့်ကြမှာ''

''ဘုရားရေ. . .''

''စိတ်ပျိုတော့ ကိုယ်နုတယ်မေမေ၊ စိတ်ကျန်းမာတော့ လူလည်းကျန်းမာတယ်၊ အဲဒီနှစ်ခုပြည့်စုံရင် စီးပွားရေးဆိုတာ အေးဆေးပါ။ သမီးမေမေ ဒေါ်စန္ဒီက ဒီလိုမေမေမို့လို့ လုပ်ငန်းမှာ အရမ်းအောင်မြင်ပြီး လူချစ်လူခင်တွေ ပေါများနေတာ''

''အိုး. . . ကြည့်စမ်း၊ စကားတွေကလည်း တတ်ပါ့တော်။ ကျွန်တို့ရဲ့လမင်းဖျိုစင် ဒီနေ့မရိုးတော့ဘူး။ တစ်ခုခု တောင်းဆိုချင်ပြီထင်တယ်''

''မေမေကလည်း ကိုယ့်သမီးရဲ့အကြောင်းကို သိရဲ့သားနဲ့။ မေမေ့ကိုကြည့်ပြီး သမီးရင်ထဲက တကယ်ခံစားရတဲ့အတိုင်း ပြောတာပါ။ ဒါပေမဲ့. . . ဟဲဟဲ. . . တောင်းဆိုစရာလေးလည်းရှိလို့''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်၊ မေမေထင်ရင် မလွဲတတ်ပါဘူး သမီးရယ်။ ဘာများလဲ"

"ဟဲ့. . . ဟောလီးဝုဒ်မင်းသမီးတို့ ကိုရီးယားမင်းသမီးတို့ အလှပြင်လို့ မပြီးကြသေးဘူးလား။ ညကျတော့ တစ်နာရီနှစ်နာရီမှ အိပ်၊ မနက်ကျတော့ မထချင်တော့ဘူး။ ဒီအချိန် မနက်စာမစားလို့ ဘယ်အချိန်သွားစားကြမှာလဲ။ ရှစ်နာရီ ထိုးတော့မယ် မိစန္ဒီနဲ့ မိပျိုပျို"

အကြံအစည်ကို နီဒါန်းပျိုး၍ ရှိသေးသည်။ ရုတ်တရက် အင်တာကွန်မှ ကြီးကြီးအသံ ထွက်လာတာကြောင့် မေမေနှင့် ပျို့ လန့်ပြီး ပြန်းခနဲ အင်တာကွန်ရှေ့သို့ ရောက်သွားတော့၏။ ကုန်းများ အော်လိုက်သလား. . . အင်တာကွန်မှမအော်ဘဲ ဒီတိုင်းအော်လျှင်ပင် ကြားနိုင်လောက်သည်။ အိမ်ဖော်မလေး 'မိယု'လည်း ကြီးကြီးကို တောင်းပန်ထားလို့ မရတော့ဘူးထင်သည်။

ပျို့တို့သားအမိ ချက်ချင်းစကားမပြန်ကြသေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ပြူးကြည့်ရင်း ကြီးကြီးအသံကို ငြိုင်တူနားစွင့်နေမိ၏။

ထိုအင်တာကွန်က မေမေ့အခန်းထဲမှာ တစ်လုံး၊ ပျို့အခန်းထဲမှာ တစ်လုံး၊ အောက်ထပ်နှင့် Joint ထားတာမို့ ပျိုနှင့်မေမေ အပြင်





မထွက်ဘဲ အိမ်ခန်းထဲမှာ ငြိမ်ချက်သားကောင်းနေလျှင် ကြီးကြီးက ထိုအင်တာကွန်မှ အော်ချင်တာတွေ အော်တော့သည်။

အခုလောလောဆယ် ပျိုက မေမေ့အခန်းထဲ ရောက်နေလို့သာ ဖြစ်သည်။ ကိုယ့်အခန်းထဲမှာသာ ကိုယ်ရှိနေပါက ကြီးကြီးအသံထွက်လာလျှင် မေမေကလည်း သူ့အခန်းထဲမှ အော်ချင်တာတွေ အော်၊ ပျိုကလည်း ပျို့အခန်းထဲမှ အော်ချင်တာတွေ ပြန်အော်ပြီး ဆူညံနေတော့၏။

"သမီးကလည်း မအေကို သူငယ်ချင်းပေါင်း, ပေါင်းတယ်။ မအေကလည်း သမီးကို သူငယ်ချင်းလို ညီအစ်မလို ပေါင်းတယ်ဆိုတော့ ဒီသမီးက ဒီအမေကို လေးစားပါတော့မလား။ တစ်ချိန်လုံး ကလေးတွေနဲ့ပြိုင်ပြီး ခေတ်ဆန်နေတာ၊ သူ့ကိုယ်သူ ရုပ်ရှင်ရိုက်တော့မယ့်အတိုင်းပဲ၊ ဘယ်လောက်ပြင်ပြင် ထွက်လာတော့လည်း ဒီရုပ်က ဒီရုပ်ပဲ"

ဟုပြောတော့ မေမေက ပျို့ကို နှာခေါင်းရှုံ့ပြသလို ပျိုကလည်း မေမေ့ကို ပခုံးတစ်ချက်တွန့်ပြီး နှုတ်ခမ်းကို လက်ညှိုးလေးနှင့် ဖိပြလိုက်လေသည်။

"အပျိုစင်ကလည်း တစ်ချိန်လုံး ဖုန်းတစ်လုံးနဲ့၊ သင်ခန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ သူငယ်ချင်းတွေနဲ့ အလုပ်ရှုပ်နေတာ။ ဒီကြားထဲ မအေ, မအေမုန်းမသိ၊ အဒေါ်, အဒေါ်မုန်းမသိ၊ ဆရာလုပ်ချင်သေးတယ်။ မနက်တိုင်းအိပ်ရာထဖို့ လူကြီးက နှိုးရတယ်၊ နံနက်စာစားဖို့ကိုလည်း လူကြီးကပင့်ရတယ်ဆိုတော့ ကောင်းသေးရဲ့လား။ ဟဲ့! သားအမိ, ငါပြောတာကြားလား"

ဖျိုသည် ရယ်နေရင်းမှ မေမေ့ကို လက်မလေး ထောင်ပြလိုက်၏။ ပြီးတော့ အင်တာကွန်ကို ကြီးကြီးမျက်နှာကြီးအလား စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မင်္ဂလာပါ ကြီးကြီး။ ကောင်းသောနံနက်ခင်းပါ။ အဲဒီလိုတွေ မပြောပါနဲ့ ကြီးကြီးရယ်၊ နေ့တိုင်းပြောနေကျစကားတွေ ရိုးနေပါပြီ။ သူများကြားရင် လူကြီးကိုမရိုသေဘူး၊ ဂရုမစိုက်ဘူးဆိုပြီး သမီးတို့ကို အရိုင်းအစိုင်းတွေ ထင်နေပါဦးမယ်။ သမီး အခု မေမေ့အခန်းထဲကို ရောက်နေပါတယ်၊ ပြောစရာလေး ရှိနေလို့ပါ။ ခဏလေးပဲ စောင့်ပေးပါနော် ကြီးကြီး။ breakfast စားဖို့ အချိန်မီရောက်လာစေရပါမယ်"

မေမေကလည်း. . .

"ဟုတ်ပါတယ် မမ၊ မမတူမလေးက စန္ဒီ့ဆီလာပြီး စကားတွေ များနေလို့ပါ။ မမတူမအကြောင်းကိုလည်း သိရဲ့သားနဲ့။ စန္ဒီတို့ ပြင်ပြီးပါပြီ။ ခုပဲ ဆင်းလာတော့မှာပါ မမရဲ့"

ဆိုပြီး စားပွဲပေါ်မှ သူ့ဖုန်းနှင့် Slim bag ကိုဆွဲ၍ အပြင်ထွက်ဖို့ ပြင်တော့သည်။ ဖျို, မေမေ့အနားကို ပြေးကပ်လိုက်၏။

"မေမေ ဆင်းတော့မလို့လား။ သမီးစကား မဆုံးသေးဘူးလေ"

"ဩော်, ဟုတ်သားပဲ၊ ပြော. . . ဘာတောင်းဆိုချင်ပြန်ပြီလဲ"

"သမီးကို ငါးပုံးလောက် ပေးပါ"

"ဘာ!. . ."

သည်တစ်ခါတော့ မေမေ့ရဲ့လှလှပပမျက်နှာလေး အရောင်ပြောင်းသွားပြီး ဖျို့ကိုစိုက်ကြည့်တော့သည်။

"လက်စသတ်တော့ ဒါကြောင့် နင် ငါ့ကိုကပ်ချွဲပြီး ကပ်မြှောက်နေတာကိုး။ ဘာလုပ်ဖို့လဲ. . . အဲဒီငါးပုံးက"

"လို့လို့ပါ"

"နင့်ဥစ္စာက မေးလိုက်တိုင်း အမြဲလိုနေတာပဲ၊ အဓိပ္ပာယ်မရှိတော့ဘူး။ ဒီလထဲမှာတင် ညည်းရဲ့အသုံးစရိတ်တွေ နည်းတာမဟုတ်ဘူး။ သင်တန်းကြေးတွေလည်း ဘယ်လောက်ရှိနေပြီလဲ၊ ဒီကြားထဲ တိုလီမိုလီဝယ်တာတွေ၊ မွေးနေ့လက်ဆောင်ပေးတာတွေ၊ မင်္ဂလာဆောင်လက်ဖွဲ့ထည့်တာတွေကအစ ငါ့ကို အမျိုးမျိုးစာရင်းပြတယ်။ ဪ်ရဲ့





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တန်ရုံလည်း ကိုယ့်မုန့်ဖိုးထဲက ဝယ်မှပေါ့။ မနေ့ကပဲ သုံးပုံးပေးထားပြီးပြီ။ တော်ပြီ. . .တော်ပြီ၊ နင်က ငွေကို သုံးတာမဟုတ်တော့ဘူး။ ဖြုန်းတာဖြစ်နေပြီ"

"ဟာ. . .မေမေကလည်း ပြောလိုက်ရင် တရားလွန်ပဲ၊ သမီးက ဘာတွေဖြုန်းပစ်နေလို့လဲ၊ သူ့နေရာနဲ့သူ လိုအပ်လို့ သုံးဟာပဲဟာကို"

"ဘာလိုအပ်လို့ ဘာလုပ်ဖို့လဲလို့ ငါမေးနေတယ်လေ။ ဘာမှမလိုအောင် ပြည့်ပြည့်စုံစုံထားပေးနေတာ မဟုတ်ဘူးလား"

"လုပ်စရာရှိလို့ပါ၊ တကယ်လိုအပ်နေလို့ပါ မေမေ၊ ပြောနေရင် ရှည်ပါတယ်၊ နောက်မှအေးအေးဆေးဆေးပြောပြပါ့မယ်။ မေမေသာ ငါးပုံးထုတ်ပေးရင် အိုကေသွားပါပြီ၊ သမီးက ကိုယ့်အတွက် အကျိုးမရှိဘဲ ဘာတစ်ခုမှမလုပ်ပါဘူး မေမေရဲ့။ မေမေကလည်း အချိန်တန်ရင် မပေးဘဲလည်း နေရတာမဟုတ်ဘဲနဲ့၊ လုတ်တဲ့မျက်နှာလေး မလုအောင် စိတ်ဆိုးပြနေပြန်ပြီ"

"ဘာလဲ. . .ငါ့ကို ချော့တောင်းတာလား"

"ထင်ချင်သလိုထင်တော့ မေမေရာ၊ သမီးက တကယ်လိုအပ်လို့ သူ့နေရာနဲ့သူ အဓိပ္ပာယ်ရှိရှိ အကျိုးရှိရှိ အသုံးချမှာမို့လို့ ရှင်းပြ





နေတာပါ"

"ဆောရီးပဲ လမင်းပျိုစင်၊ ခေါင်းစဉ်တိတိကျကျမရှိဘဲ ပေးရတာတွေ များနေပြီ၊ စောစောစီးစီး အလုပ်သွားရမယ့်အချိန်မှာ လာဘ်ပိတ်အောင် ဖယားမရှုပ်နဲ့"

ဟုပြောပြီး ချာခနဲလှည့်ထွက်သွားတာမို့ ပျိုလည်း နောက်ကနေဖျတ်ခနဲ ကပ်လိုက်ခဲ့သည်။ မေမေက စိတ်ကောင်းဝင်နေလျှင် 'မေမေနှင့် သမီး' ဆိုသည့်နာမ်စားကို ချိုချိုသာသာသုံးတတ်ပေမယ့် သူစိတ်ရှုပ်အောင်လုပ်မိရင်တော့ 'နင်–ငါ' ဆိုသည့်နာမ်စားကို ခပ်ရင့်ရင့်ပဲ သုံးတတ်ပါသည်။

"ဘာလဲ မေမေ တကယ်မပေးဘူးလား. . .သမီး လုံးဝကို လိုနေတာနော်"

"အောင်မာ! ငါ့ကိုများ နောက်ကနေ အမိန့်လိုက်ပေးနေပြန်ပြီ၊ နင်က ချော့တောင်းလို့မရတာနဲ့ ခြောက်တောင်းတော့မယ်ပေါ့"

"အဲဒီလိုလုပ်သင့်ရင် လုပ်ရမယ်လေ။ သမီးက အေးအေးဆေးဆေးတောင်းနေတာနော်၊ သမီးစိတ်က ခုဆို ခုချက်ချင်းရမှဖြစ်မှာ"

ဟု ပျိုက ပျို့ရဲ့အကျင့်အတိုင်း ခြောက်လိုက်တော့ မေမေက လှေကားထိပ်အရောက်မှာ နောက်ကို ချာခနဲလှည့်ကြည့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ငါ့လက်ဝါးစာ မပေးမိခင်သာ နင့်ပါးစပ်ကိုပိတ်ထား လိုက်"

ဆိုပြီး ဆင်းသွားတာမို့ ဖျိုလည်း မေမေ့နောက်ကျောကို ပြုံးကြည့်ရင်း လိုက်ပါလာခဲ့လေသည်။ မေမေက မပြီးနိုင်မစီးနိုင် break-fast ဝိုင်းရောက်သည်အထိ rap ပြောလာခဲ့သေးသည်။

"ဘယ့်နှယ်. . . မအောက်ကိုများ သူ့သူငယ်ချင်းလိုလို သူ့တပည့်လိုလို ဆရာလုပ်လိုက်, အမိန့်ပေးလိုက်နဲ့"

ပြောပြောဆိုဆို ကြီးကြီးရှေ့ ဝင်ထိုင်တော့ ကြီးကြီးက. . .

"ဘာဖြစ်လာပြန်ပြီလဲ ဒီသားအမိ"

ဟု နှုတ်ခွန်းဆက်သ၏။ ဖျိုကတော့ ပြုံးပြုံးမြင် ကြီးကြီးနား ကပ်ထိုင်လိုက်ပါသည်။

"ဘာဖြစ်ရမှာလဲမမရယ်. . . ထုံးစံအတိုင်းပေါ့, ငွေလိုပြန်ပြီတဲ့၊ သင်တန်းတွေ တက်ချင်တိုင်းတက်ပြီး လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ထားပေးနေတာတောင် ငွေက ဘာလုပ်ဖို့လိုရမှာလဲ၊ အလကားပါ မမရယ်. . . သူ့အကြောင်းလည်း သိသားနဲ့၊ ခေါင်းထဲထည့်မနေနဲ့။ မမ ဆာနေပြီထင်တယ်၊ စားဖို့ရှိတာသာ စားပါ"

မေမေက သူ့အကျင့်အတိုင်း ပိုက်ဆံပေးရမှာကြောက်၍ စကား





လမ်းကြောင်းလွှဲပြီး ကြီးကြီးစားဖို့ ပြင်ဆင်ပေးတော့သည်။ ပြင်ဆင်ပေးတယ်ဆိုတာကလည်း ညကတည်းက မိယုကို စီစဉ်ခိုင်းထားတာမို့ မိယု အဆင်သင့်လုပ်ထားတဲ့အတိုင်း မေမေက နှမ်းဖြူးလိုက်တာပဲဖြစ်သည်။

ဖျိုတို့မိသားစုက သိပ်မများ။ ကြီးကြီးရယ်, မေမေရယ်၊ ဖျိုရယ်, မိယုရယ် (အိမ်ရဲ့ဝေယျာဝစ္စလုပ်ဖို့အတွက် ဆွေနီးမျိုးစပ်ထဲက ခေါ်ထားသော), ဦးကျော်လှရယ်. . . အားလုံးပေါင်း ငါးယောက်တည်းရှိတာမို့ အစားအသောက်ကို ကြီးကြီးနှင့်မေမေက တစ်ပတ်စာ ကြိုတင်ညှိနှိုင်းပြီး တစ်နေ့တစ်မျိုးမရိုးရအောင် အချိန်ဇယားဆွဲထားတတ်သည့်အကျင့်ရှိပါသည်။

နံနက်ခင်းစာနှင့် နေ့လယ်စာကို သူ့နေ့နှင့်သူ ဖွယ်ဖွယ်ရာရာ စီမံပြီး ညစာကိုတော့ ဖြစ်သလိုပဲစားတတ်သည်။ ဖျိုနှင့်မေမေက သူငယ်ချင်းတွေနှင့် အကြောင်းကိစ္စရှိလျှင် အပြင်မှာပဲ ဒင်နာခွဲပြီး ကျန်တဲ့ရက်တွေမှာတော့ သစ်သီးကိုပဲ စားကြပါသည်။ ကြီးကြီးကလည်း ညဘက်ဆိုလျှင် ခေါက်ဆွဲပြုတ်၊ မုန့်၊ နို့၊ အိုဗာတင်း တို့နှင့်ပဲ ပြီးတတ်လေသည်။ သည်နေ့တော့ အင်္ဂါနေ့မို့ အချိန်ဇယားထဲကအတိုင်း ကော်ရည်ခေါက်ဆွဲနှင့် ကော်ဖီကို သုံးဆောင်ရပါမည်။

"နေစမ်းပါဦး. . . ဒီကိစ္စက ငါ့ခေါင်းထဲ မထည့်လို့ရမလား။ သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိနေလို့ကို ခေါင်းထဲထည့်ရမှာ။ သူလိုချင်လို့တောင်းတိုင်း မပေးဘဲနဲ့ ပြီးသွားတာရှိလို့လား မိစန္ဒီ''

''. . .''

''သူလည်း သူ့အစီအစဉ်နဲ့သူ ရှိပါတယ် စန္ဒီရယ်။ သင်တန်းတွေ တက်နေတယ်ဆိုတာကလည်း အကြောင်းရှိတယ်။ ဘယ်နှစ်မှာ ဘာလုပ်မယ်၊ ဘယ်အရွယ်မှာ ဘာဖြစ်ရမယ်ဆိုတာ ငါ့ကို ဖွင့်ပြော, တိုင်ပင်ပြီးသား။ ငွေရှာရမယ့်အရွယ်မကလို့ လင်ယူရမယ့်အရွယ်ပဲဖြစ်ဖြစ် ငါ့တူမကို ငါယုံတယ်။ ညည်း, ခုခေတ်ကလေးတွေကို လျှော့မတွက်ပါနဲ့အေ့၊ တူမလေးကကော ငွေဘယ်လောက်တောင်းတာတုန်း''

''ငါးသိန်းပါ ကြီးကြီး''

''ဘာလုပ်ဖို့တုန်း''

''ပရဟိတ,ပါ''

''ဘုရားရေ!. . . ကိုင်း, ငါမပြောလား မိစန္ဒီ။ လမင်းမျိုးစင် ဖောင်ဒေးရှင်းတွေဘာတွေ လုပ်တော့မယ်ထင်တယ်။ ဘာမှရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့တော့၊ ပြောနေရင် အချိန်ကုန်ပြီး. . . လူမောတာသာအဖတ်တင်မယ်။ သူတောင်းတဲ့အတိုင်းသာ ပေးလိုက်၊ ငါးသိန်းတောင်းတုန်းကို မြန်မြန်ပေး၊ ကြာရင် သိန်းငါးဆယ်ဖြစ်သွားလိမ့်မယ်''





''မမ, အဲဒီလို အလိုလိုက်နေလို့ သူ ရောင့်တက်နေတာ။ မမသည်း စန္ဒီမသိအောင် ပေးနေတာပဲမို့လား။ စန္ဒီလည်း သူတောင်းတိုင်း ပေးနေတာပဲ၊ ခုဟာက ငွေကိုသုံးတာမဟုတ်ဘူး. . . ဖြုန်းရာကျနေပြီ''

''အိုအေ. . . ပေးသာပေးလိုက်စမ်းပါ။ ငါက အလိုလိုက်နေတာ မဟုတ်ဘူး။ သူ့အကြောင်းကိုသိလို့ ပြောနေတာ။ ငါ့တူမလေးက သူများကလေးတွေလို ငွေကိုင်တတ်တာမဟုတ်ဘူး။ လူကြီးမိဘဆီကို လိမ်ညာတောင်းပြီး စုဆောင်းထားတာမျိုးတွေလည်း မလုပ်ဘူး။ အပြင်မှာလည်း သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး တိုက်ကျွေးသုံးဖြုန်းနေတာလည်းမဟုတ်ဘူး။ သူ တကယ်လိုမှ မိဘဆီ လက်ဖြန့်တောင်းတာ''

''. . .''

''ပြီးတော့ ငါ့တူမက တစ်ဖက်သားအပေါ် သနားတတ်တဲ့စိတ်ရှိတယ်။ ကူညီဖေးမချင်တဲ့စိတ်လည်းရှိတယ်။ သူငယ်ချင်းတွေအပေါ်လည်း အမြဲတမ်း စိတ်ကောင်းစေတနာကောင်း ထားတယ်။ လှူချင်တန်းချင်တဲ့စိတ်လည်း ငယ်ငယ်လေးကတည်းက ရှိခဲ့တာဆိုတော့ သူ ပရဟိတလုပ်မှာကို ငါယုံတယ်။ ဒီမှာ မိစန္ဒီ. . . ငါ့တူမမှာ လက်ကိုင်ဆောင်ပုဒ် ရှိတယ်၊ သူ့အတွက်နဲ့ တစ်ဖက်လူ ဘယ်တော့မှ မနစ်နာစေရဘူးတဲ့''



www.burmeseclassic.com

www.burmeseclassic.com



ဖျိုကတော့ အေးဆေးပင်။ ရှေ့နေ ဌာနစရာမလို၊ အချိန်တန်ရင် ရမှာကို သေချာသိပြီးသားမို့ ကော်ရည်ခေါက်ဆွဲစားပြီးလို့ ကော်ဖီကို တောင် သောက်နေပြီ။ မိသားစုသုံးယောက်တည်းရှိတာမို့ ဘယ်လိုပဲ လှည့်ပတ်ပြီး ရန်ဖြစ်ဖြစ်၊ နောက်ဆုံးတော့ ကြီးကြီးက ဖျို့ဘက်က ရပ်တည်တာပင်တည်း။

"သူ့ရဲ့လက်ကိုင်ဆောင်ပုဒ်က တစ်ဖက်လူ မနစ်နာစေရဘူးဆို တဲ့အတိုင်း တစ်ဖက်လူပဲ မနစ်နာတာလေ၊ စန္ဒီ့မှာ နစ်နာတယ် မမရဲ့။ သူစောစောစီးစီးခုလိုတောင်းတာ စန္ဒီ့ရဲ့အလုပ်ကို ဘယ်လောက်လာဘ် ပိတ်စေသလဲ။ စန္ဒီက မနက်စောစောကို လာဘ်နဲ့နေတာ၊ အာရုံနစ်နာ တာပေါ့"

"မေမေရယ်. . . အဲဒီလိုတော့ မပြောပါနဲ့၊ သမီးက တကယ်လို အပ်နေလို့ သားသမီးက မိဘဆီ မုန့်ဖိုးတောင်းနည်းမျိုး ရိုးရိုးသားသား တောင်းတာပါ။ မေမေ့ရဲ့အလုပ်ကို ထိခိုက်စေတာမျိုး, နစ်နာစေတာ မျိုး မဖြစ်စေရပါဘူး။ ဒီမှာမေမေ. . . မေမေသာ သမီးလိုတာကို ချက် ချင်းထုတ်ပေးလိုက်, SANDY MART ကိုရောက်ရင် သိန်းငါးဆယ် အထက်ပိုင်း ရောင်းဦးပေါက်စေရမယ်။ အသေအချာပဲ သမီးစိတ်ထဲမှာ မြင်နေတယ်"





ဖျိုက မျက်နှာကို တည်တည်ကြည်ကြည်ပင့်ချီ၍ လေသံခပ်ပြတ် ပြတ်နှင့် ဝင်ပြောလိုက်တော့ ဗေဒင်ယုံသောမေမေက ရုတ်တရက်အံ့ဩ သွားသလိုပုံစံဖြင့် ဖျို့ကိုစိုက်ကြည့်လေ၏။

"ဘာလဲ, သမီးပြောတာ မယုံလို့လား။ မယုံရင် မေမေလက်ဖြန့် ပေး၊ သမီးလက္ခဏာကြည့်ပေးမယ်။ ဒီနေ့ ဒီရက် ဒီလ ဒီအချိန် ဒီရာသီနဲ့ ယှဉ်တွက်ပြီး မေမေ့ရဲ့ကံတွေ လာဘ်တွေကို ဖွင့်ပေးလိုက် မယ်"

"တော်စမ်း!. . . နင့်စကားများ ယုံယုံကြည်ကြည်၊ ငါ့ကိုချော့ သို့ခြောက်လို့မရတာနဲ့ နည်းပရိယာယ်တွေ သုံးတော့မှာမို့လား"

"သိနေရင်လည်း ရှောရှောရှူရှူပေးလိုက်ပါလား မေမေရာ။ သမီး က နည်းပရိယာယ်သုံးတယ်ဆိုရင်တောင် အဲဒီနည်းပရိယာယ်တွေက အကြံအဖန်တစ်ခုမှမပါဘူး။ လုံးဝအမှန်အကန်တွေချည်းပဲ။ မေမေ့မှာ ရှိတဲ့စည်းစိမ်ဥစ္စာ ရတနာတွေက ဘယ်သူ့ဖို့လဲ. . . ဘာလုပ်ဖို့လဲ၊ တရား သဘောနဲ့ ယှဉ်ကြည့်စမ်းပါ။ အဲဒါတွေက သေရင် ကိုယ့်နောက်မပါဘူး။ စားဖို့ရယ်, သုံးဖို့ရယ်, လှူဖို့ရယ် ဆိုတဲ့အတိုင်း သူ့နေရာနဲ့သူ အကျိုး ရှိရှိအသုံးချရတယ်။ ပေးသင့်တဲ့သူတွေ ပေးပစ်၊ လှူစရာရှိတာတွေ လှူပစ် ဒါမှ နောင်သံသရာကောင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . ကြီးကြီးကျယ်ကျယ်၊ နင်က အမေလား ငါက အမေလား။ ငါကရော ဘုရားတရားတွေ အလှူအတန်းတွေ မလုပ်လို့လား"

"အဲလိုပြောတာမဟုတ်ပါဘူး မေမေကလည်း။ မေမေလုပ်တာတွေ သမီးမြင်နေရတာပဲ၊ ဒါပေမဲ့ ဘုရားတရားလုပ်တဲ့နေရာမှာ စိတ်သန့်ဖို့လိုတယ် မေမေရဲ့။ ဘာဖြစ်ပါစေ ညာဖြစ်ပါစေဆိုတဲ့ အတ္တပါတဲ့ ဆုတောင်းမျိုးနဲ့မလုပ်ရဘူး။ လှူတဲ့နေရာမှာလည်း စိတ်ထားမြင့်ဖို့လိုတယ်၊ ပြိုင်ဆိုင်ကြွားဝါလိုမှုတွေပါတဲ့ မာနတွေနဲ့ မလှူရဘူး"

". . ."

"နယ်မှာ တကယ်ချို့တဲ့နေတဲ့ ဘုန်းကြီးကျောင်းတွေ၊ သီလရှင်ကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ အလှူဒကာမရှိလို့ မပြုပြင်နိုင်တဲ့ စေတီပုထိုးတွေ၊ တကယ်ငတ်ပြတ်နေတဲ့ ဆင်းရဲသားတွေ အများကြီးရှိတယ်။ အဲဒါမျိုးတွေကို ရက်ရက်ရောရောလှူမှ ပိုမြတ်တာ။ ခုတော့ မေမေက မေမေ့ပါတနာတွေနဲ့အပြိုင် နာမည်ကြီးဘုရားတွေမှ၊ နာမည်ကြီးဘုန်းကြီးကျောင်းတွေမှ"

ငါးသိန်းရဖို့အတွက် တရားဟောရတာ အာပေါက်တော့မည်ဖြစ်သလို မေမေကလည်း မျက်စောင်းခဲပြီး သောက်လက်စကော်ဖီခွက်ကို ဆောင့်ချလေသည်။ ကြီးကြီးကလည်း ထုံးစံအတိုင်း ဘာမှဝင်မပြောသေးဘဲ သားအမိနှစ်ယောက်ကို တစ်လှည့်စီစိုက်ကြည့်နေသည်။ ပြီးမှ ဘာထအော်မလဲမသိ။

တကယ်တော့ ထိုငါးသိန်းက မေမေ၏ပွဲတက်ဝတ်စုံတစ်စုံ တန်ဖိုးခန့်သာ ရှိပါသည်။

"သမီးဆိုရင်လည်း ဒေါ်စန္ဒီရဲ့သမီးဆိုပြီး ဘာတွေများ လက်လက်ထအောင် ကဲနေလို့လဲ၊ မေမေ့ရဲ့ပါတနာတွေထဲမှာ သမီးတွေ တူမတွေရှိရင် သူတို့နဲ့ယှဉ်ကြည့်လိုက်ပါလား။ သမီးသူငယ်ချင်းတွေဆိုလည်း ကားထည့်လဲ၊ ဖုန်းထည့်လဲ၊ နိုင်ငံခြားကို ရှော့ပင်ခဏခဏထွက်ရတာနဲ့၊ ကိုယ်ပိုင်ဒီဇိုင်နာ ထားရတာနဲ့၊ Spa တွေ ကလပ်တွေ နေ့တိုင်းသွားကဲရတာနဲ့ ရေရေလည်လည်သုံးဖြုန်းနေကြတာ"

". . ."

"သမီးကတော့ ဆယ်တန်းအောင်ကတည်းက ဒီကား ဒီဖုန်း၊ လက်ဝတ်ရတနာဆိုရင်လည်း စိတ်ကူးထဲတောင်မရှိဘူး။ အဝတ်အစားကျတော့လည်း ဂျင်းနဲ့ တီရှပ်ရှိရင် ပြီးနေတာပဲမှလား။ နောက်ဆုံး မေမေနဲ့ပဲယှဉ်ကြည့်. . . အမေနဲ့သမီး ဘယ်သူ့စရိတ်က ပိုကြီးသလဲဆိုတာ"







www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း!. . . နင့်ပါးစပ်ကို ပိတ်တော့"

မျိုဟောသည့်တရားက မေမေ့ဘက်လှည့်သွားပြီမို့ မေမေက ဒေါသထွက်ပြီး အော်တော့သည်။

"ငါ့ကိုများ ချော့လိုက် ခြောက်လိုက်၊ နည်းပရိယာယ်တွေ အမျိုးမျိုးသုံးလိုက်နဲ့။ ဒီတစ်ခါတော့ မရဘူး အမျိုမ၊ နင့်တရားကိုလည်း နာနေဖို့ အချိန်မရှိဘူး။ ငါ့အလုပ်ချိန်နောက်ကျတယ်. . . သွားမယ်"

ဆိုပြီး slim bag ဆွဲ၍ ထလေရာ မျိုကလည်း ဆတ်ခနဲထရပ်လိုက်လေသည်။

"ဒီအတိုင်းသွားလို့ ရမလား. . . သမီးတောင်းတာ ပေးခဲ့လေ"

"မပေးနိုင်ဘူး။ ငါ ဘယ်နှခါပြောရမလဲ၊ နင်က ငွေကို သုံးတာမဟုတ်ဘူး. . . ဖြုန်းနေတာလို့"

"သမီးကလည်း ဘယ်နှခါပြောရမလဲ၊ ဖြုန်းတာမဟုတ်ဘူး။ သူ့နေရာနဲ့သူ အကျိုးရှိရှိသုံးနေတာလို့။ သမီး, ပရဟိတလုပ်တဲ့နေရာမှာ ကိုယ့်အတွက်ရော သူများအတွက်ရော အများကြီးအကျိုးရှိတယ်။ သမီး အေးဆေးတောင်းပြီးပြီနော်, မေမေ"

"ဟယ်, ကြည့်စမ်း! မအေဆီ ပိုက်ဆံတောင်းနေတာများ ဓားပြတိုက်နေသလိုပါလား။ မပေးဘူး. . . လူဆိုးမရဲ့၊ မပေးဘူး။ နင်လုပ်ချင်





တာ လုပ်လို့ရမယ်များ ထင်နေသလား"

"ရတယ်. . . မပေးရင် အခန်းကိုဖျက်ဆီးပစ်လိုက်ရမလား၊ ရုံးခန်းကို အရှက်လာခွဲရမလား"

ဟုပြောပြီး အနားကထိုင်ခုံကို ဝုန်းခနဲတွန်းပစ်လိုက်လေသည်။ နောက်ဆုံးတော့ ပွဲကြမ်းရတာပင်တည်း။ ပွဲမကြမ်းမချင်းလည်း စခန်းက သိမ်းမှာမဟုတ်။

"ကြည့်စမ်း!. . . ကြည့်စမ်း!. . . ငါ့ကိုများ သေတော့မယ်"

"ဟဲ့ ဟဲ့. . . တော်ကြစမ်း!. . . ခက်တော့တာပဲ၊ ဒီသားအမိနဲ့ဆော့ စိတ်ညစ်လိုက်တာ၊ ဘာဖြစ်လို့ စောစောစီးစီးပြဿနာလုပ်နေကြတာလဲ"

မေမေ ဆွေ့ဆွေ့ခုန်လျက် မျိုကိုလှမ်းရိုက်မယ်ကြံမှ ကြီးကြီးထအော်ပြီး၊ သားအမိနှစ်ယောက်ကြား ဆွဲလားရုန်းလား ဝင်လုပ်တော့သည်။

"ဒါကြောင့် ငါမပြောဘူးလား။ သူ့အကြောင်းသိလို့ စကားတွေရှည်မနေပါနဲ့. . . ပေးလိုက်ပါလို့၊ လိုချင်တာမရတိုင်း ဒီလိုသောင်းကျန်းတတ်တာ ရိုးနေပြီ။ ပေးလိုက်, မိစန္ဒီ၊ နင်မပေးရင် ငါပေးမယ်"

"ဘာဖြစ်လို့ ပေးရမှာလဲ၊ မမ အဲဒီလိုအလိုလိုက်နေလို့ စန္ဒီတို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကို ဆိုးချင်တိုင်းဆိုးနေတာ။ လုံးဝမပေးနဲ့"

"သမီးကလည်း လုံးဝပါပဲနော်။ ကြီးကြီးဆီက လိုချင်တာမဟုတ်ဘူး။ မေမေ့ဆီက လိုချင်တာ။ မေမေ့ဆီက ခုချက်ချင်းရမှဖြစ်မယ်"

"ကဲ, တွေ့လား. . . ကိုယ်မွေးထားတဲ့ကလေးအကြောင်းကို သိရဲ့သားနဲ့များ စန္ဒီရယ်။ ဘာဖြစ်လို့ တင်းခံနေတာလဲ။ ပေးလိုက်စမ်းပါ။ ငါ စိတ်ဆင်းရဲအောင် မလုပ်ကြပါနဲ့။ ကြာရင် နင်တို့နှစ်ယောက်ကြားမှာ ငါ နလုံးရောဂါ ရလိမ့်မယ်"

ဟု ကြီးကြီးက မနားတမ်းအော်မှ မေမေ သက်ပြင်းချပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။ ဖျို ပြုံးလိုက်လေ၏။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုဘာမှမပြောတော့ဘဲ လှည့်ထွက်သွားပြီဆိုရင် သားအမိနှစ်ဦး၏ဘာသာစကားအရ မေမေ, ဖျိုလိုချင်တာကို ပေးလိုက်ပြီဆိုတာ နားလည်လိုက်သောကြောင့်ပင်။

သို့သော် ဖျို့ဘက်ကလည်း မေမေ့ကို စနေကျအကျင့်ကလေးအတိုင်း. . .

"ဒေါ်စန္ဒီ. . . ကားကိုလိုက်ထုမှာနော်"

ဟု ခပ်မာမာလေး ပြောလိုက်တော့ မေမေကလည်း သူ့အကျင့်အတိုင်း ဆတ်ခနဲလှည့်ကြည့်ပြီး. . .





"ဟဲ့! လူဆိုးမရဲ့, မားပြမရဲ့၊ နင့်အဒေါ်ဆီက ထုတ်သွား။ ငါ ပြန်လာရင် ပေးလိုက်မယ်"

ဟု ခပ်စွာစွာပြန်ပြောတာမို့ ဖျို 'ဟေးခနဲ' လက်ခုပ်လက်ဝါးတီးပြီး ထခုန်လိုက်လေသည်။

"အစကတည်းက ဒီလိုဖြစ်ရမှာ။ အလကား. . . ပဲများနေတယ်"

ဖျို့စကားကြောင့် မေမေက မျက်စောင်းပစ်ပြီး ဒေါက်ဖိနပ်တဂွပ်ဂွပ်နှင့် ဆပ်ကော့လပ်ကော့ ထွက်သွားတော့သည်။ ကားနားသို့ရောက်လျှင်. . .

"အိုမား. . . ကောင်းကောင်းသွားနော်၊ သင်တန်းပြီးရင် အိုမားအကြိုက် ဖက်ထုပ်ပြုတ် လာပို့ပေးလှည့်မယ်. . . ချစ်တယ်"

ဟု ဖျိုက အော်ပြီး လက်နှစ်ဖက်ကို အသည်းပုံလေး လုပ်ပြလိုက်တော့ မေမေက လုံးဝလှည့်မကြည့်ဘဲ ကားတံခါးကိုဆောင့်ပိတ်ပြီး ဝေါခနဲမောင်းထွက်သွားလေသတည်း။

ဖျို အပျော်လွန်ပြီး အိမ်ထဲပြေးဝင်လာပြန်ရာ ငွေတစ်ထပ်ကိုင်ပြီး စောင့်နေသောကြီးကြီးကို ရင်ဆိုင်လိုက်ရတာမို့ ကြီးကြီးကိုဖက်ပြီး ပါးပြင်ကို နမ်းလိုက်ပြန်သည်။

"ဒါကြောင့် ကြီးကြီးကိုချစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ လုလည်မလေးရယ်၊ ကောင်းကောင်းသွား"

ဆိုပြီး ကြီးကြီးက မျို့အိတ်ထဲကို ငွေတွေ ထိုးထည့်ပေးနေပြန်သေးသည်။

"အိုခေ၊ ဒါဆို သမီးသွားပြီနော်၊ ပြန်လာရင် ကြီးကြီးအကြိုက် ပဲခေါက်ဆွဲ ဝယ်ခဲ့မယ်။ တာ့တာ. . . ဘိုင့်ဘိုင်. . . မီယူရေ ကြီးကြီးကို ဂရုစိုက်ပါဟေ့"

"ဟုတ်ကဲ့ မမ"

မျို့က အသံတစာစာ ပြောဆိုအော်ဟစ်ရင်း မေမေနှင့်သိပ်မခြားဘဲ ကိုယ့်ကားနှင့်ကိုယ် ထွက်လာခဲ့တော့၏။ အဲဒီလို မျို့ သောင်းကျန်းတတ်တာက ဒီနေ့မှမဟုတ်။ ငယ်ငယ်လေးကတည်းက လိုချင်တာကို မရမချင်း ထိုသို့သောင်းကျန်းတတ်တာ အကျင့်တစ်ခုလိုဖြစ်နေခဲ့ပြီ။

ခုနစ်တန်းတုန်းကလည်း Hand phone ဝယ်ခိုင်းတာ ဝယ်မပေး၍ အိမ်မှာရှိသမျှဖုန်းတွေအကုန်လုံး ကိုင်ပေါက်ခဲ့ဖူးသည်။ ဆယ်တန်းအောင်တုန်းကလည်း ကားဝယ်မပေး၍ မေမေ့မီးခံသေတ္တာနှင့် အလှပြင်ပစ္စည်းတွေကို ထုရိုက်ပစ်ခဲ့ဖူးသည်။

ပိုက်ဆံတောင်းတိုင်း ဖြစ်ခဲ့သည့်ပြဿနာတွေကတော့ မနည်းတော့။ တစ်ခါတစ်ရံ ညဥ့်နက်သန်းခေါင် မိုက်ဆာသည့်အခါ အပြင်





ထွက်စားဖို့ မေမေ့ကိုခေါ်မရလျှင် မေမေရော ကြီးကြီးပါ အိပ်မရအောင် ဆောင်းဘောက်စ် အကျယ်ကြီးဖွင့်တတ်တာတွေ မပါသေး။

အဲဒါဟာ. . .

★ မိဘအမွေပစ္စည်းတွေကို လက်ဝယ်ပိုက်ပြီး ဘုရားတရားအလုပ်နှင့်အတူ အာလာပသလ္လာပအလုပ်တွေနှင့် အိမ်မှာ ဇိမ်ကျကျ နေထိုင်လျက်ရှိသော ကြီးကြီး 'ဒေါ်ကေသီ'

★★ သမီးငါးနှစ်အရွယ်တွင် ခင်ပွန်းဆုံးသွားရာမှ အစပြုပြီး စီးပွားရေးကို ကိုယ်တိုင်ဦးဆောင်ခဲ့သလို လက်ရှိအချိန်တွင် အသက်လေးဆယ်ကျော်အရွယ်တွေအတွက် ဦးစားပေးပြီး SANDY MART ကို ခမ်းခမ်းနားနားဖွင့်လှစ်ထားသောမေမေ 'ဒေါ်စန္ဒီ' နှင့်. . .

★★★ E-major နှင့်ကျောင်းပြီးထားပြီး သင်တန်းတွေကို ဆက်တိုက်လျှောက်တက်နေသော 'လမင်းမျို့စင်' တို့မိသားစု၏ ပုံမှန်ကျင်လည်နေကျ ဒိုင်ဖိုင်းလေးသာဖြစ်ပါသည်။

လူနည်းပေမယ့် မျို့တစ်ယောက် ရှိနေခြင်းက မေမေနှင့် ကြီးကြီးကို ရသအမျိုးမျိုးမရိုးရအောင် ခံစားစေတာမို့ အိမ်မှာ အမြဲတမ်း စီစီညံညံ နွေးနွေးထွေးထွေးရှိနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဗျိုသည် ကားမောင်းလျက် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေရာမှ ဘီယွန်ဆေး၏ SINGLE LADIES သီချင်းကိုပင် လိုက်ဆိုနေမိတော့သည်။



အခန်း (၂)

## နွယ်ငှက်ရွက်ကလေးရွက်လို

ဟိုးငယ်ငယ်လေးကတည်းက 'မင်းမူ'ရဲ့ကာရိုက်တာကို ဘွားဘွား ပြောခဲ့ဖူးသည်။ မင်းမူဟာ လူကြီးမိဘရဲ့စကားကို မြေဝယ်မကျနားထောင် လိုက်နာတတ်တဲ့ မြေးလိမ္မာလေးတစ်ယောက်တဲ့။

အဲဒီလို လိမ္မာတတ်တဲ့နေရာမှာလည်း လူကြီးတွေအပေါ် ကိုယ့်ရဲ့ဆန္ဒကို တောင်းဆိုတာမျိုး၊ ဆိုးနွဲ့ဂျီကျတာမျိုး၊ အရုပ်ကလေးတစ်ရုပ်၊ မုန့်ကလေးတစ်ခုတောင် ကိုယ့်သဘောနှင့်ကိုယ် ပူဆာတာမျိုးမလုပ်ခဲ့တဲ့ လူကြီးတွေ ဆင်ခြင်မြှန်းခဲ့သမျှ၊ လူကြီးတွေ ကျွေးမွေးခဲ့သမျှနှင့်သာ ငြိမ်သက်ကျေနပ်နေတတ်ခဲ့သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကျင့်စရိုက်လေးက အသက်တစ်နှစ်ပြီးတစ်နှစ် ကြီးလာတာနှင့်အမျှ တဖြည်းဖြည်းသိသာထင်ရှားလာခဲ့ရာ အရွယ်ရောက်လာချိန်မှာတော့ လုံ၀ ပီပီပြင်ပြင် ထင်ပေါ်လာခဲ့မှန်း ကိုယ့်ကိုယ်ကို နားလည်လာခဲ့ရသည်။

ဘယ်လောက် လိမ္မာရေးခြားရှိခဲ့သလဲဆိုလျှင် ပစ္စည်းဆိုလည်း ဘွားဘွားကြိုက်သည့်ပစ္စည်းကိုသာ ကြိုက်သလို၊ အစားအသောက်ဆိုလည်း ဘွားဘွားကြိုက်သည့်အစားအသောက်ကိုသာကြိုက်ကာ လူတွေအပေါ်ကိုလည်း ဘွားဘွားမြင်သလိုသာ မြင်တတ်ခဲ့ပြီး. . .

နောက်ဆုံး အိမ်ထောင်ဖက်ရွေးချယ်တာကအစ ဘွားဘွား၏အကြိုက်၊ ဘွားဘွားချစ်မြတ်နိုးလွန်း၍ ရွေးချယ်ထားသော 'သက်လျာငယ်' ဆိုသည့်မိန်းကလေးကိုပဲ တကယ်ချစ်မြတ်နိုးခဲ့သည်အထိဖြစ်လေသည်။

မင်းမူသည် ရေချိုးနေရာမှ သူနှင့်သက်လျာ၏ဓာတ်လမ်းကိုတွေးရင်း မနေ့ကမှ လတ်လတ်ဆတ်ဆတ်နှင့် နွေးနွေးထွေးထွေးပြီးမြောက်ခဲ့သော မင်္ဂလာဆောင်ပွဲကြီးကို မြင်ယောင်ပြီး ရေကိုအပြီးသတ် ခပ်မြန်မြန်ချိုး၍ ထွက်လာခဲ့သည်။ ပြီးတော့ ညတွင်းချင်း ရရှိထားသော သူနှင့်သက်လျာ၏ နှစ်ယောက်တွဲပုံကို စားပွဲပေါ်မှ လှမ်းယူပြီး ပြုံးကြည့်





နေမိသည်။

သက်လျာငယ်. . . တဲ့။

လှနဲ့နာမည်နဲ့ ဘယ်လောက်လိုက်ဖက်ပြီး လှပ တင့်တယ်တဲ့မိန်းကလေးပါလဲ။ မင်းမူရဲ့ကံကြမ္မာ ချောမွေ့ ပြောင်မြောက်လိုက်ပုံကတော့ ငယ်စဉ်ကတည်းက လူကြီးမိဘစကားကို မြေဝယ်မကျ နားထောင်ခဲ့သူပီပီ၊ ဘွားဘွားအကြိုက်တွေက သူ့အကြိုက်နှင့် တစ်ထပ်တည်းကျနေခဲ့ပေမယ့်၊ ထိုသက်လျာငယ်ကို ဘွားဘွားမတွေ့ဘဲ သူသာ အရင်တွေ့ခဲ့မိမယ်ဆိုရင်လည်း မြင်မြင်ချင်းပဲ ချစ်မြတ်နိုးခဲ့မိမှာ သေချာပါသည်။

ဘာကြောင့်လဲဆိုတော့ သည့်ခေတ်ထဲမှာ တွေ့ရခဲလှသော အလှကျက်သရေရှိပုံမျိုးနှင့် ဣန္ဒြေသိက္ခာပြည့်စုံမှုမျိုးကို သူပိုင်ဆိုင်လိုက်ရတာဖြစ်သောကြောင့်ပင်။ စာဖွဲ့မမီနိုင်သော, ဘယ်ပန်းချီရေးလို့မမီနိုင်သော ပြစ်မျိုးမဲ့မထင်အလှမျိုးတွေ သက်လျာငယ်မှာ ရှိနေခြင်းက သူ့အဖို့တော့ အံ့မခန်းဖွယ်ရာတည်း။

နက်ပြောင် ဖြောင့်စင်းနေသော တင်ပါးဖုံးထိ ကျနေသည့်ဆံပင်အရှည်ကြီးတွေ၊ ဖြူဆွတ် လင်းလက်နေပြီး မတို့ရက်မထိရက်အောင်နုညံ့ချောမွတ်နေသည့်အသားအရေတွေ၊ ပန်းချီလက်ရာထက် ပို၍လှ



www.burmeseclassic.com

www.burmeseclassic.com



သော မျက်ခုံးမထူမပါးကလေးတွေ၊ လှလှပပ ကော့ပျံ့ ခြိုရုံထားသော မျက်တောင်တွေ၏အောက်မှာ ရီးသားဖြူစင်မှုတွေ ပြည့်နှက်နေသည့် မျက်လုံးစိုစိုကလေးတွေ။

ပြီးတော့ နှာတံလုံးလုံးစင်းစင်းကလေး၊ ဖူးဖူးပြည့်ပြည့်နှုတ်ခမ်းလှလှလေး၊ ချစ်စရာကောင်းသည့် မို့မို့ပါးပြင်လေး၊ တင့်တယ် ကျော့ရှင်းသော လည်တိုင်ကလေး၊ ပြီးတော့ ခါးသေး ရင်ချီစွာ ကြည့်ကောင်းသော လုယဉ်ကျေးမယ်ခန္ဓာကိုယ်လေးနှင့်အတူ အရပ်အမောင်းကလည်း သူနှင့်လိုက်ဖက်လွန်းတာမို့ သူက အရိပ်တကြည့်ကြည့်နှင့် အိပ်မက်ထဲပင် မလွတ်အောင် ကြည့်မဝ ရှုမဝ ချစ်ခဲ့ရတာဖြစ်သည်။

ဒါတင်မကသေး. . . ထို သက်လျာငယ်ဆိုသည့် ချစ်သူမလေးက မိဘနှစ်ပါး၏ ချစ်မြတ်နိုးမှုတွေကို အလျှံပယ်ရထားသော အငယ်ဆုံးသမီးကလေးဖြစ်သလို အစ်ကိုငါးယောက်၏ ဝိုင်းဝန်းအလိုလိုက်မှုအောက်မှာ ကြီးပြင်းခဲ့ရသည့် မိန်းကလေးလည်းဖြစ်တာကြောင့် သူ့အတွက်တော့ ရှေးဘုရင်တွေလက်ထက်က မြေမခဘဲ ကြကြရှုရှုနေခဲ့ရသည့် နန်းတွင်းသမီးပျိုလေးနှင့် ဆုံတွေ့ခဲ့ရသလို ခံစားရသေးသည်။

သို့သော် မင်းမှုဘဝတွင် ကံကောင်းမှုတွေ ဘယ်လောက်ပဲပြည့်စုံပြည့်စုံ၊ နှစ်ဖက်လူကြီးမိဘတွေဆီမှ အလိုလိုက် အရေးပေးမှုတွေ





လည်း ဘယ်လောက်ပဲ ရရ၊ သူ့ရင်ထဲမှ မေတ္တာတရားတွေလည်း သူမအပေါ် ဘယ်လောက်ပဲ ပုံကျကျ၊ အဓိကလိုအပ်ချက်တစ်ခုဖြစ်နေတာက သက်လျာငယ်ဆီမှအချစ်ကို သူ မရသေးတာပဲဖြစ်သည်။

ဒါကလည်း ကိစ္စမရှိပါ။ လူကြီးချင်း တွေ့ဆုံကြပြီးမှ လူငယ်တွေကို အပြန်အလှန်ဓာတ်ပုံပြပြီး ကမ်းလှမ်းလိုက်တာမို့ သူ့ဘက်က အရင်ဓာတ်ပုံကြည့်ရုံနှင့် ချစ်သွားခဲ့တာဖြစ်သည်။

ပြီးတော့ နှစ်ယောက်လုံးကို တစ်ကြိမ်သာ မိတ်ဆက်တွေ့ဆုံခွင့်ပေးပြီး ဒုတိယအကြိမ်တွေ့ဆုံမှုကလည်း စေ့စပ်ပွဲဖြစ်နေပြန်တာကြောင့် သူမဘက်က ရက်စက်တွေ၊ မင့်မရဲစိတ်တွေနှင့် ချစ်အဖြေကို မပေးရဲသေးတာပဲဟု သူက သူမအပေါ် ယုံကြည်မှုတွေ နားလည်မှုတွေ အပြည့်အဝပေးထားနိုင်ခဲ့ပြန်သည်လေ။

ဘာပဲဖြစ်ဖြစ် လက်မထပ်ခင်အချိန်နဲ့ လက်ထပ်ပွဲအပြီးမှာ သူ့ဘက်က ကြိုးစားရင် ကြိုးစားနိုင်သလောက် သူမရဲ့အချစ်ကို ရရှိလာနိုင်လိမ့်မယ်ထင်ပါရဲ့။

"မင်းကိုအရမ်းချစ်တယ် သက်လျာ. . . မင်းက ရှက်စိတ်တွေကြောက်စိတ်တွေ အရမ်းကြီးတတ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်လို့ ကိုယ့်အပေါ်ကို မင့်မရဲဖြစ်နေတယ်ဆိုတာ ကိုယ်နားလည်ပေးနိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကိုယ့်ကြာကြာမစောင့်နိုင်တော့ပါဘူး။ မင်း ကိုယ့်ကိုအမြန်ဆုံး ချစ်လာနိုင်အောင် ကိုယ်လုပ်တော့မှာပါ"

မင်းမှုသည် ခေတ်ပုံကိုကြည့်ရင်း သက်လျာ၏မျက်နှာလေးကို ခပ်ရွှရွှလေး နမ်းလိုက်မိသလို တစ်ယောက်တည်းလည်း ခပ်ဖွဖွလေး ပြောလိုက်မိလေ၏။

"သားရေ. . . ငါ့မြေးလေး ပြင်ဆင်လို့ပြီးပြီလားဟေ့"

ရုတ်တရက် အင်တာကွန်းမှ ဘွားဘွားအသံ ထွက်လာတာကြောင့် ခေတ်ပုံကိုပြန်ချလိုက်ပြီး အင်တာကွန်းရှိရာသို့ ခပ်သွက်သွက်လှမ်းလာလိုက်သည်။ ထိုအိမ်တွင်းစကားပြောစက်က သူ့အခန်းထဲမှာ အချိန်ပြည့် ဖွင့်ထားရသလို ဖုန်းဆိုလျှင်လည်း သူများတွေလို ဝိတ်ထားတာမျိုးတွေ ဘာတွေမလုပ်ရဘဲ အမြဲတမ်းဖွင့်ထားရပါသည်။ ဘာကြောင့်လဲဆိုတော့ ဘွားဘွားက အချိန်နေရာဒေသမရွေး သူစိတ်ကူးပေါက်ရင် ပေါက်သလို လှမ်းစကားပြောတတ်သောကြောင့်ပင်။

"ဟုတ်. . . ရေချိုးပြီးပါပြီ ဘွားဘွား၊ ခဏနေရင် အဝတ်အစား လဲပြီး ဆင်းလာခဲ့ပါ့မယ်"

"အေး. . . အဲဒါဆို မြန်မြန်ဆင်းလာခဲ့၊ စေ့စပ်ပွဲသတင်း ပါလာပြီ"





"ဟာ!. . . သတင်းစာရောက်ပြီ"

"ဟုတ်ပါ့, ဒီနေ့သတင်းစာကို ငါ့မြေးနဲ့ဘွားဘွား အတူတူဖတ်ရမယ်"

"ဟုတ်ကဲ့ဘွားဘွား. . . သား ခုပဲဆင်းလာခဲ့မယ်။ အဲ, ဒါပေမဲ့ သား သက်လျာကို လှမ်းကြွားချင်သေးတယ်။ သတင်းစာကို ခဏလောက် အဒေါ်ကြီးနဲ့ ပို့ခိုင်းပေးပါ ဘွားဘွား။ သူတို့အိမ်က သားတို့အိမ်ထက် သတင်းစာ အရောက်နောက်ကျတယ် ဘွားဘွားရဲ့။ သက်လျာလေး ပျော်သွားအောင်လို့ပါ။ နော်. . . ဘွားဘွား"

"အမယ်လေး. . . ငါချစ်ပြီးမှ ချစ်ရတဲ့ကလေးကများ၊ ကဲနေ လိုက်တာ။ ဒါတောင် ဟိုကချစ်ပါတယ်လို့ ပြောသေးတာမဟုတ်ဘူး။ ကောင်းပါပြီတော်. . . ကောင်းပါပြီ၊ ထွေးတင်ကို ပို့ခိုင်းလိုက်ပါ့မယ်။ ဘယ်လောက်များ ကျက်သရေရှိလိုက်သလဲ။ ကြီးကြီးကျယ်ကျယ် ခမ်း ခမ်းနားနားနဲ့ စာလုံးတွေကလည်း လှမှလှ၊ ရော့ထွေးတင်၊ ငါ့မြေးဆီ သွားပို့စမ်း"

ဘွားဘွားအသံပျောက်သွားတော့ သူ အပျော်လွန်စိတ်ဖြင့် တံခါး ကို ခပ်မြန်မြန်သွားဖွင့်လိုက်သည်။ ခဏအတွင်း ဒေါ်ထွေးတင်ကလည်း အပြေးအလွှားလာပေးသွားတာမို့ သူကလည်း သတင်းစာကို ခပ်မြန်



www.burmeseclassic.com

www.burmeseclassic.com



မြန်လှန်လျော ရှာကြည့်လိုက်ပြီး သက်လျာဆီ ဖုန်းခေါ်လိုက်တော့၏။

ဘွားဘွားပြောသလို ဘယ်လောက်များ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ခပြောင်းလိုက်ပါတဲ့စာကြောင်းလေးတွေလဲဆိုတာ၊ ဆွေဂုဏ်မျိုးဂုဏ် ပကာသနဂုဏ်တွေထက် သူ့မျက်စိထဲမှာ တန်းတန်းမတ်မတ်ကြီးမြင်နေတာက 'မိုးထက်မင်းမူ' နှင့် 'သက်လျာငယ်' ဆိုသည့် အမည်နာမနှစ်ခုပင်ဖြစ်သည်။

"ဟလို. . . သက်လျာ၊ ကိုယ်ပါ"

"ဟုတ်. . . သက်လျာ နားထောင်နေပါတယ်"

"သတင်းစာထဲမှာ ပါလာပြီသက်လျာ၊ မင်းဖတ်ပြီးပြီလား"

"မဖတ်ရသေးပါဘူး။ သက်လျာတို့အိမ်ကို သတင်းစာရောက်တာ နည်းနည်းနောက်ကျတယ်။ ခုလိုသတင်းပို့ပေးတာ ကျေးဇူးတင်ပါတယ် ကိုထက်"

"စိမ်းလိုက်တာ သက်လျာရယ်. . . ကျေးဇူးတင်ရမယ့်လူတွေမှ မဟုတ်တာ။ ကိုယ် အရမ်းပျော်လွန်းလို့ မင်းဆီကို ဦးဦးဖျားဖျားသတင်းပို့ပေးတာ၊ ဘွားဘွားကတောင် ကဲတယ်လို့ အပြောခံနေရပြီကွ။ ကျေးဇူးတင်ရုံပဲလား သက်လျာ၊ ပျော်ကောမပျော်ဘူးလား"

"ဟုတ်. . . ကိုထက်လိုပါပဲ"





"ဟား. . . ဝတ်ကျတန်းကျေစကားကြီးပါကွာ။ ကိုယ် ကျေနပ်အောင် ပြောပေးတာမို့လား။ ဒီမှာ ကိုယ်ဘယ်လောက်ပျော်နေတယ်ထင်သလဲ။ ရေချိုးပြီးတာ ကြာလှပြီ၊ ခုထိအဝတ်အစားမလဲရသေးဘူး။ ကိုယ်တို့နှစ်ယောက် ဓာတ်ပုံတွေကိုကြည့်လိုက်၊ သတင်းစာကြည့်လိုက်နဲ့ အလုပ်ရှုပ်နေတာ မယုံဘူးလား"

"ယုံပါတယ် ကိုထက်ရယ်၊ ကိုထက်က မြေးလိမ္မာလေး ပီသတာကို"

"အဲဒါလည်း ဝတ်ကျေတန်းကျေစကားကြီးပဲ။ မြေးလိမ္မာပီသလို့ မင်းကိုချစ်တာမဟုတ်ဘူး။ မြေးလိမ္မာဖြစ်တာနဲ့ မင်းကိုချစ်မိတာနဲ့ တစ်ထပ်တည်းကျသွားတာ"

"ကျေးဇူးအများကြီးတင်ပါတယ်"

"ဟော. . . ပြောပြန်ပြီ ကျေးဇူးစကား။ ကိုယ်အရမ်းပျော်နေတဲ့အချိန်မှာ ဘာဖြစ်လို့ အေးတိအေးစက် တုန့်ပြန်နေရတာလဲ သက်လျာရယ်၊ တကယ်ပဲ မင်း ကိုယ်တို့နှစ်ယောက်ရဲ့ဘဝကို ရင်မခုန်ဘူးလား၊ ဘယ်လိုမှ မခံစားရဘူးလား"

"အင်း. . . ဟို. . . သက်လျာ မပြောတတ်ဘူး ကိုထက်ရဲ့။ ဒါပေမဲ့ အစီအစဉ်တွေအားလုံးက ကျေနပ်စရာတွေမို့လို့ သက်လျာ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ပြီးတော့ ကိုထက်ကလည်း သက်လျာအပေါ်ကို အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်နေတာတွေ တွေ့ရတော့ အရမ်းပဲ ကျေနပ်ပါတယ်''

"ချစ်ကော မချစ်ဘူးလား သက်လျာ''

"ကိုထက်ကလည်း. . .''

"အိုခေ. . . အိုခေ. . . ကိုယ်သဘောပေါက်တယ် သက်လျာ၊ နားလည်ပေးလို့ရတယ်။ ကိုယ့်အပေါ်ကို ဒီလိုလှိုက်လှိုက်လှဲလှဲစကားပြန်ပြောပေးတာနဲ့ ဒီလောက်တုန့်ပြန်မှုရတာကိုပဲ ကိုယ် ရင်ခုန်နေရပါပြီ။ ဒါနဲ့ ကိုယ် အရမ်းပျော်နေလို့ good morning တွေဘာတွေလုပ်ဖို့ မေ့သွားမိတယ်။ morning သက်လျာ. . . good day''

"morning, good day ပါ ကိုထက်''

"အိုခေ. . . breakfast စားပြီးပြီလား သက်လျာ''

"ဟင့်အင်း၊ မစားရသေးဘူး ကိုထက်၊ ခုနလေးကမှ ဘုရားရှိခိုးပြီးတာ။ သက်လျာက ရှစ်နာရီလောက်မှ စားဖြစ်တယ်''

"ဒါဆို ကိုယ်တို့နှစ်ယောက် အတူတူစားရအောင် သက်လျာ။ ကိုယ်လည်း မစားရသေးဘူး။ သတင်းစာလည်း အတူတူကြည့်ရင်းပေါ့။ ကိုယ်တို့အိမ်မှာ စားမလား. . . အပြင်တစ်နေရာရာမှာ စားမလား''

"ကိုထက်ကလည်း သက်လျာကို လာခေါ်လိုက် ပြန်ပို့လိုက်နဲ့





အလုပ်တွေရှုပ်ပါတယ်။ သက်လျာတို့အိမ်မှာပဲ စားပေါ့။ မေမေကလည်း ကိုထက်ကို အချိန်မရွေး သွားလာခွင့်ပါမစ်တွေ ပေးထားတာပဲ''

"ယောက်ဖတွေကကောလား''

"ဟုတ်. . . အစ်ကိုတွေအားလုံးကလည်း ever welcome ပါ ဘဲ့''

"ဒါပေါ့၊ မကြာခင်မှာပဲ Wedding လုပ်တော့မယ့် ရွှေသမက်ဘလေး ရွှေယောက်ဖကလေးပဲနော်။ အိုခေ. . . ကိုယ် နာရီဝက်လောက်ကြာရင် ရောက်လာခဲ့တော့မယ်။ တခြားဘာမှာဦးမလဲ သက်လျာ။ ကိုယ် အိမ်မှာ ဘာဝယ်ခဲ့ရမလဲ''

"ရပါတယ် ကိုထက်ရဲ့၊ ဘာမှဝယ်မလာပါနဲ့။ အိမ်မှာ အားလုံးပြည့်စုံနေတာပဲကို။ ဩော်, ဒါနဲ့ သက်လျာဘက်က နည်းနည်းရိုင်းပြသွားမိတယ်။ လူကြီးကို အရင်ဆုံး ဂါရဝပြုရမှာလေ။ ဒါပဲနော်. . . ကိုသတ်း သက်လျာ. ဘွားဘွားကို နှုတ်ခွန်းဆက်သလိုက်ဦးမယ်''

"ကောင်းတယ် ကောင်းတယ်. . . သက်လျာက အရမ်းလိမ္မာဦး အလိုက်သိတတ်တာပဲ။ ဒါကြောင့် ကိုယ်တို့မြေးအဘွားက သက်လျာကို အရမ်းချစ်နေရတာ။ ဘွားဘွားက သူ့ကို အရင်ဆုံးနှုတ်ခွန်းဆက်သလည်း ဘယ်လိုမှမအောင့်မေ့ပါဘူးကွာ. . . အရင်သဘော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်။ သူ့ရဲ့ မိုးထက်မင်းမှုကိုသာ ဂရုစိုက်ရင် ပြီးပါပြီတဲ့။ အိုခေ့. သက်လျာ၊ ဘိုင့်ဘိုင်. . . I heart you. ''

သူ ပြောပြောဆိုဆိုပင် ဖုန်းအရင်ချလိုက်သည်။ သက်လျာက ချက်ချင်းပဲ ဘွားဘွားကိုလှမ်းပြီး ဂါရဝပြုမှာဆိုတော့ ဘွားဘွားလည်း သူ့လိုပင် ပျော်ရွှင် မြူးတူး တက်ကြွနေမှာဖြစ်လေသည်။ သူသည် လေကလေး တချွန်ချွန်နှင့် မှန်ကြည့်လိုက်၏။ သည်နေ့တော့ ဘွားဘွား နှင့်တွဲသွားစရာ မရှိတာမို့ အနောက်တိုင်းဝတ်စုံတွေ စတိုင်လ်ပဲန်တွေ စပို့ရှပ်တွေ ဝတ်စရာမလိုတော့ပါ။ ဆံပင်ကိုလည်း hair cream တွေ ဘာတွေထည့်ပြီး ပုံသွင်းနေစရာမလို။

လက်ထဲ Gel အနည်းငယ်ထည့်ပြီး ဟိုတို့ဒီတို့ တို့လိုက်ရုံနှင့် နားအောက်ထိ ဝဲကျနေသော မညီမညာ အညိုရောင်ဆံပင်အချွန်လေး တွေက အထာကျသွားပြီ။ စေ့စပ်ပွဲပြီးလို့ ညကမှ ပြန်ဝတ်ထားသော ပုလဲနက်နားကပ်လေးကလည်း သူ့ဆံပင်ပုံ သူ့မျက်နှာနှင့် အိုကေပြီး သား။

အသားအရေကလည်း ငယ်ငယ်ကတည်းက ဖြူစင် လင်းလက် ခဲ့သူဖြစ်သလို နှုတ်ခမ်းတွေကလည်း ပန်းရောင်ပြေးလောက်အောင်ကို ကြည်လင် တောက်ပလာခဲ့သူတစ်ယောက်မို့ တချို့လူငယ်တွေလို. . .





For men...Day cream, Night cream တွေ၊ body lotion တွေဘာတွေ လုံးဝသုံးစရာမလိုခဲ့။

ဒါကြောင့် သူ ဒီနှစ်ထဲမှာ သုံးဖြစ်နေသော အီတလီနိုင်ငံထုတ် Bvlgari ရေမွှေးကိုသာ ဆွတ်လိုက်သည်။ ပြီးတော့ ဘော်ဒီနှင့် အလွန် လိုက်ဖက်စေရန် Nobody Skinney နက်ပြာရောင်ဘောင်းဘီရှည်ကို အနက်ရောင် ဖစ်တင် တီရှပ်နှင့်တွဲဝတ်ပြီး အောလ်စတားအဖြူရောင် ကိုင်းလျက် သတင်းစာနှင့်ဖုန်းကိုဆွဲ၍ ဆင်းလာခဲ့တော့၏။

ထိုဒီဖိုင်းကလည်း သူ ခရေဇီအဖြစ်ဆုံး၊ လွတ်လွတ်လပ်လပ် အရှိဆုံး ဒီဖိုင်းဖြစ်ပါ၏။ အောက်ထပ်ရောက်တော့ ချောကလက်ရောင် ပါတိတ်ဝမ်းဆက်နှင့် ခန့်ခန့်ငြားငြားရှိသော ဘွားဘွားက ဆိုဖာမှာ ပြုံးပြုံးကြီးထိုင်လျက် ဆီးကြိုပါသည်။

''မောနင်း. . . ဘွားဘွား။ ဘွားဘွား အရမ်းလှနေပါလား''

''အိုး. . . ငါ့မြေးကမှ တကယ်လန်းနေတာ။ သက်လျာလေးနဲ့ စကားပြောလိုက်ရလို့ အရမ်းပျော်နေတယ်ထင်တယ်။ morning, morning...တကယ့် Weather fine ပဲ''

''ဘွားဘွားနဲ့ကော ပြောပြီးပြီမို့လား''

''ခုပဲ ပြောပြီးပါပြီတော်၊ လိမ္မာလိုက်ပုံ, အလိုက်သိလိုက်ပုံများ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်မရှိဘူး။ breakfast... ဟိုမှာစားဖို့ ချိန်းထားတယ်ဆို။ သတင်းစာလည်း အတူတူကြည့်ရင်းနဲ့တဲ့။ ဟုတ်လား. . .မြေးလေး''

''ဟုတ်, ဒါပေမဲ့ သားက ဘွားဘွားနဲ့အရင်ကြည့်မှာပါ ဘွားဘွားရဲ့။ မိုက်တယ်နော် ဘွားဘွား။ ခုချိန်ဆို ဘွားဘွားရဲ့ပါတနာတွေရော၊ သားသူငယ်ချင်းတွေရော အားကျနေလောက်ပြီ''

ပြောပြောဆိုဆို ဘွားဘွားနား ကပ်ထိုင်လိုက်ပြီး သတင်းစာကို ဖြန့်၍ နှစ်ယောက်အတူတူ ပြုံးကြည့်နေကြတော့သည်။

''ငါ့မြေးကလည်း အလိုက်သိတတ်တာပဲ၊ ဘွားဘွားအကြိုက်ကို မလစ်ဟင်းစေရဘူး။ ဒါနဲ့ တို့ရဲ့သတို့သားလောင်းလျာလေး မနက်တိုင်း ရေချိုးတာတွေကို ဆင်ခြင်ဦးနော်။ လက်မထပ်ခင်အတွင်း နည်းနည်းလေးမှ ဖျားတာနာတာမျိုး မမြင်ချင်ဘူး။ ခုလိုကြည်ကြည်လင်လင်လေးနဲ့ လန်းဆန်းတက်ကြွနေတာမျိုးပဲ ဖြစ်နေရမယ်။ အင်း. . . နောက်ဆုံးတော့လည်း သားတစ်ယောက်လို ပြုစုပျိုးထောင်ခဲ့ရတဲ့မြေးလေးက အဆုံးတိုင် ကျေနပ်အားရစရာတွေ ဖြစ်ခဲ့ရပြီပဲ။ ဒါပေမဲ့ လက်ထပ်ပြီးရင် ဘွားအတွက် မြစ်ကလေးတွေ မွေးပေးဖို့လည်း ကြိုးစားရဦးမယ်နော်''

''ဒါပေါ့ ဘွားဘွားရဲ့၊ ဘွားဘွားဆန္ဒတွေ တစ်ခုပြီးတစ်ခုဖြစ်လာအောင် မြေးလိမ္မာလေးက ဖန်တီးပေးမှာပါ။ ဒါပေမဲ့ သက်လျာက





ချော်တာလား, ကြောက်တာလား, ရှိုးလွန်းတာလားမသိပါဘူး ဘွားဘွား ရား သားကသာ ချစ်နေရတာ၊ သူက တစ်ခွန်းမှချစ်တယ်လို့ မပြောသေးဘူး. . . အဲဒီအတွက် သားရင်ထဲမှာ မတင်မကျကြီးဖြစ်နေတယ်။ ဘွားဘွား ကူညီ''

''ဘုရားရေ!. . . ခုချိန်ထိ ထမင်းခွံ့ကျွေးနေတုန်းလေ၊ ဖါးကျွေးညီမှာလား။ ဒီလောက် အစအဆုံးလုပ်ပေးနေတာတောင် မပြီးဘဲ ညည်းစားစကားပါ ပြောပေးရမယ့်ပုံ ပေါက်နေပြီ''

''ပြောပေးရမှာ မဟုတ်ပါဘူး ဘွားဘွားရဲ့၊ သူ့ဆီကအချစ်ကို ဆောင်းပေးရမှာ''

''ဟား. . . ဟား. . . ဟား''

သူ့အပြောကြောင့် ဘွားဘွားက တလွတ်တလပ်ရယ်လေသည်။ သူ သတင်းစာကို စားပွဲပေါ်တင်လိုက်ပြီး ဘွားဘွားကို သိုင်းဖက်လိုက်သည်။

''သားက သူ့ကိုတကယ်ချစ်သွားတာ ဘွားဘွားရဲ့။ ဘွားဘွား အရင်မတွေ့ဘဲ သား အရင်တွေ့ခဲ့မယ်ဆိုရင်တောင် မြင်မြင်ချင်းချစ်ခဲ့မှာ။ သူက သားပေါင်းလာခဲ့တဲ့ကောင်မလေးတွေနဲ့ တူမှတူတာ၊ ရိုးရှင်းအေးလွန်းပြီး အရမ်းလိမ္မာတာ။ စကားပြောတာလည်း ညင်ညင်



www.burmeseclassic.com

www.burmeseclassic.com



သာသာလေးရယ်။ သူ့ဆီက စကားတစ်ခွန်းနှစ်ခွန်းကြားရဖို့အရေး သား မှာ လမ်းခင်းပေးလိုက်ရတာ မောလို့"

"အေး. . . ပြီးတော့ကော ဘာဖြစ်သေးလဲ ပြောစမ်းပါဦး"

"သား. . . စာအုပ်တစ်အုပ်မှာ ဖတ်ဖူးတယ် ဘွားဘွားရဲ့။ မိန်းကလေးတစ်ယောက်က အရမ်းသိမ်မွေ့ယဉ်ကျေးပြီး အရမ်းလှိမ္မာနေမယ် ဆိုရင် ဆွဲဆောင်မှုမရှိနိုင်တော့ဘူးတဲ့။ ဒီလိုစာတမ်းပြုစုပြီဆိုကတည်းက 90 % သေချာနေလို့ပဲပေါ့။ ဒါပေမဲ့ သားအမြင်မှာတော့ သက်လျာ ယဉ်ကျေးသိမ်မွေ့တာတွေ၊ လိမ္မာတာတွေက သားကိုအမျိုးမျိုးဆွဲဆောင်နေတော့တာပဲ။ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ သား သူ့ကိုတကယ်ချစ်လို့ပေါ့။ နက်နက်ရှိုင်းရှိုင်းကိုချစ်လို့ပေါ့။ ဟိုသူငယ်မလေး ဆိုတဲ့သီချင်းလိုပေါ့။ ဘယ်သူ?... ပိုင်းစုခိုင်သိန်း. . . ပိုင်းစုခိုင်သိန်း. . . အပြစ်မမြင်ပါဘူး. . . ချစ်ချင်တာပဲ သိတဲ့နောက်. . . ဆိုတာမျိုးလေ"

"ဟား. . . အဘွားက ပိုင်တယ်ကွာ၊ ပိုင်းစုသီချင်းလည်း ရတာပဲ၊ ဒါကြောင့်ပြောတာပေါ့၊ သားကချည်း ချစ်နေလို့မပြီးဘူး။ သူ့အချစ်ကို ရဖို့အတွက် ဘွားဘွား ကူပေးဖို့လည်း လိုတယ်လို့"

သူ့အဖြစ်ကိုသဘောကျပြီး ဘွားဘွားက ဟန်ကျပန်ကျဆိုပြပေး





နေပုံကြောင့် သူ ဘွားဘွားပါးကို ရွှတ်ခနဲနမ်းပြီး ပြောလိုက်ပါသည်။ ဘွားဘွားက အသက်ခြောက်ဆယ်ကျော်ပဲ ရှိသေးတာမို့ ခေတ်လည်း ဒီသလို သီချင်းတွေဆိုလည်း ပေါ်ပြူလာဖြစ်နေသောလူငယ်အဆိုတော် သေများ၏သီချင်းတွေပင် သူ့ပါးစပ်ထဲ ရောက်ရောက်နေတတ်သည်။ သိလျှင် ဘွားဘွားက သူနှင့်မြေးအဘွားလို့မထင်ရဘဲ သားအမိလို့ သင်ရလောက်အောင် နုပျိုသူတည်း။

"စိတ်ချ၊ ငါ့မြေး ဘာမှမပူနဲ့၊ ဘွားဘွား ကူပေးစရာမလိုဘူး။ သူ့အလိုလိုချစ်လာစေရမယ်။ နည်းနည်းတော့ စောင့်ရမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သက်လျာလေးက သားထင်သလို ရက်တာတွေရော၊ ကြောက်တာတွေရော၊ ရိုးလွန်းတာတွေရော စုပြုံခံစားနေရလို့ပဲ။ ပြီးတော့ မိဘက အိမ်ထဲမှာ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်ခံထားရတဲ့ မိန်းကလေး. . . အစ်ကိုတွေ အများကြီးကြားမှာလည်း ကြီးပြင်းခဲ့ရတဲ့ မိန်းကလေးတွေဟာ ဒီလိုပဲ တစ်ဖက်သားကို အားမလိုအားမရဖြစ်စေ တယ်"

"ဒါဆို ဘွားဘွားရဲ့အယူအဆနဲ့ သားရဲ့အယူအဆက တစ်ထပ်တည်းကျနေတာပဲ။ သား နားလည်ပေးလို့ရပါတယ်။ သားကိုချစ်မလား ဆို ဘယ်နေလိမ့်မလဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့. . . အချစ်ဆိုတာ အမျိုးမျိုးရှိတယ်, ကိုယ်ချစ်သလိုပဲ စိတ်တူကိုယ်တူ ချက်ချင်းပြန်ချစ်တဲ့အချစ်မျိုးလည်း ရှိတယ်။ အချိန်အကြာကြီးစောင့်ပြီးမှ သံယောဇဉ်ဖြစ်ပြီး ချစ်လာတဲ့အချစ်မျိုးလည်း ရှိတယ်။ လင်မယားဖြစ်ပြီးခါမှ အနေနီးစပ်ပြီး ချစ်တတ်သွားတာတွေလည်း ရှိတယ်"

". . ."

"ဒါကြောင့် သက်လျာလေးက သားကို ဘယ်လိုနည်းနဲ့မဆို ချစ်လာလိမ့်မယ်။ ဘွားဘွားကလည်း ဘယ်တော့မှရိုးမသွားစေတဲ့အလှမျိုးကို သားအတွက် ရှာပေးထားတာ။ အရမ်းခေတ်မီတဲ့ အလန်းဇယားလေးတွေ ဘယ်လောက်ပဲ ပေါ်လာပေါ်လာ. . . ဒီလိုအငြိမ်ဇယားလေးက ဘယ်တော့မှရိုးမသွားဘူး သားရဲ့"

"ဟုတ်. . . သား ကျေနပ်ပါတယ် ဘွားဘွား"

"ဒီတော့. . . သားလုပ်ရမယ့်အလုပ်က လက်မထပ်ခင်အတောအတွင်းမှာ သက်လျာလေးနဲ့ တရင်းတနှီးနေထိုင်ရမယ်၊ သူ့အချစ်ကို ရအောင်ယူနိုင်ရမယ်၊ မရလည်းကိစ္စမရှိဘူး. . . လက်ထပ်ပြီးရင် ရလာလိမ့်မယ်။ ပြီးတော့ ကျန်းမာရေးဂရုစိုက်ရမယ်၊ အပေါင်းအသင်းတွေနဲ့ အသွားအလာလျှော့ရမယ်၊ မင်္ဂလာပွဲမဖြစ်ခင်အထိ လွတ်လွတ်လပ်လပ်နေ၊ အလုပ်ကို သိပ်အာရုံမစိုက်နဲ့"

"ဟုတ်. . . သား ကောင်းကောင်းလိုက်နာနိုင်ပါတယ်"

"ဒါနဲ့ သားကို ဘွားဘွား အရေးကြီးတဲ့ကိစ္စတစ်ခု ပြောစရာရှိတယ်။ ဘွားဘွားဟာ သားရဲ့မေမေလည်း ဖြစ်တယ်၊ ဖေဖေလည်းဖြစ်တယ်ဆိုပေမယ့် L A မှာ သားရဲ့ဖေဖေအရင်းက ရှိသေးတယ်လေ။ စေ့စပ်ပွဲကို အသိမပေးတာကိစ္စမရှိဘူး။ လက်ထပ်ပွဲကိုတော့ အသိမပေးရင် မကောင်းဘူးလားလို့။ ဘွားဘွားကတော့ ပြတ်ပြီဆို, လုံးလုံးပါပဲ။ သားအတွက်ပါ။ မင်္ဂလာပွဲမှာ သားလေး မျက်နှာငယ်နေမှာစိုးလို့"

ဟု ဘွားဘွားက ဆိုင်းမဆင့်ဗုံမဆင့်ပြောလာမှ သူ L A က ဖေဖေ့ကိုသတိရသွားလေသည်။ ဘွားဘွားမပြောမချင်း သတိရမိမှာလည်းမဟုတ်၊ တမ်းတမိမှာလည်းမဟုတ်၊ လွမ်းဆွတ်မိမှာလည်းမဟုတ်၊ ဘာကြောင့်လဲဆိုတော့ သူ သုံးနှစ်အရွယ်မှာ မေမေက ဆုံးသွားခဲ့ပြီး ငါးနှစ်သားအရွယ်ရောက်တော့ ဖေဖေက L A ရောက် မြန်မာအမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ပြုသွားသောကြောင့်ဖြစ်သည်။

ကလေးဘဝမှာ ဖြစ်ခဲ့တာတွေမို့ သူ့အတွက်တော့ အမှတ်တရမရှိလှ။ ပိုဆိုးတာက မိန်းမသေပြီး နှစ်နှစ်အတွင်း ကလေးမျက်နှာမှ မထောက်ဘဲ နောက်အိမ်ထောင်ပြုရက်လေခြင်းဆိုသည့်ပြစ်ချက်နှင့်






www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက သမက်ကို စိတ်နာနာနှင့် အပြတ်ဖြတ်လိုက်ပြန်သလို ကလေးကိုလည်း ဖခင်နှင့်လုံးဝတွေ့ခွင့်မပေးတော့ဘဲ နေခဲ့တာကြောင့် သူကလည်း မိဘဆိုတာ မေးရကောင်းမှန်းပင် မသိတော့ချေ။

မေးစရာမလိုအောင်လည်း ဘွားဘွားဆီမှ အလိုလိုက် ဂရုစိုက်မှုတွေ၊ ယုယကြင်နာမှုတွေ၊ အရာရာဖြည့်ဆည်းပေးမှုတွေနှင့်အတူ မိဘလိုချစ်ခြင်းမေတ္တာတွေပါ အလျှံပယ်ရခဲ့တာကြောင့် မိဘရှိရှိမရှိရှိ ဘွားဘွားရှိရင်ပဲ သူ့ဘဝ သေပျော်သည်ထိ ပျော်ရွှင်ခဲ့ရတာဖြစ်လေသည်။

"သားကတော့ ဘွားဘွားသဘောလို့ပဲ ပြောရတော့မှာပဲ။ သားရဲ့မင်္ဂလာပွဲမှာ မိဘတစ်ယောက် မားမားမတ်မတ်ရပ်ပေးနေတာကို မြင်ရမှ ဘွားဘွားစိတ်ချမ်းသာမယ်ဆိုရင် ဘွားဘွားစိတ်ကြိုက်သာ လုပ်လိုက်ပါ။ သားရင်ထဲမှာ မိဘနဲ့ပတ်သက်ပြီး ဘယ်လိုမှမနေတော့ဘူး"

"..."

"သားအတွက် ထည့်တွက်မနေပါနဲ့၊ သားမျက်နှာငယ်မှာ စိုးတာတွေ၊ သား အားငယ်မှာစိုးတာတွေဘာတွေလည်း တွေးပူမနေပါနဲ့၊ သားမှာ ဟောဒီဘွားဘွားတစ်ယောက်လုံး ရှိနေတာပဲ၊ ဘာကို အားငယ်နေရမှာလဲ။ ဘွားဘွားမျက်နှာအရှိန်နဲ့ သားမျက်နှာ ဘာဖြစ်လို့ ငယ်ရမှာလဲ။ အားလုံးပြည့်စုံပြီးသား..."





"အိုး...ကြည့်စမ်း! လိမ္မာလိုက်တဲ့မြေးလေး၊ တော်လိုက်တဲ့မြေးလေး။ OK OK...right. မှန်တယ်၊ သားပြောတာမှန်တယ်။ သားစိတ်ဓာတ် ဒီလိုကိုခိုင်မာနေရမှာ၊ ဒီလိုကိုအားရှိနေရမှာ။ ဘွားဘွားကတော့ ငါ့မြေးလေး ဘဝတစ်လျှောက်လုံးမှာ ဘွားအေမပါရင် မပြီးတတ်ဘူးဆိုပြီး စိုးရိမ်ရတာပေါ့။ ဒီတော့ ဘွားဘွားကောင်းသလိုပဲ စီစဉ်လိုက်တော့မယ်နော်"

"ဟုတ်, ဒါဆို သား သွားတော့မယ်နော် ဘွားဘွား သတင်းစာယူသွားမယ်၊ သက်လျာ မျှော်နေတော့မယ်။ အဒေါ်ကြီးရော...ဘယ်ရောက်သွားပြီလဲ၊ ဒေါ်ထွေးတင်...ဦးစံမြင့်"

သူ အပြင်ထွက်ဖို့ပြင်ရင်း အိမ်ဖော်နှင့်ခြံစောင့်ကို အော်ခေါ်လိုက်တော့ ခဏအတွင်း သုတ်သုတ်ပြာပြာရောက်လာကြသည်။ ဘွားဘွားကလည်း သူ့လက်မောင်းကိုတွဲပြီး လိုက်လာ၏။

"ပြောပါ ကလေး"

"ဘာအလိုရှိပါသလဲ လူလေး"

"ဒီနေ့ ဘွားဘွား အလုပ်နားလိမ့်မယ်။ အိမ်မှာ ကောင်းကောင်းအနားယူမှာ...သေသေချာချာဂရုစိုက်ပါ၊ နံနက်စာကို သေချာကျွေး။ သား နေ့လယ်စာအချိန်မီ ပြန်ရောက်မယ်၊ ဘွားဘွားခိုင်းတာ ဘာတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုမှ မလစ်ဟင်းစေနဲ့နော်''

''စိတ်ချပါ လူလေး''

''သေချာဂရုစိုက်ပါ့မယ် ကလေးရယ်၊ ဖြောင့်ဖြောင့်သွားပါ''

''တွေ့တယ်မို့လား ထွေးတင်နဲ့စံမြင့်၊ ငါ့မြေး ငါ့ကို ဘယ်လောက်ချစ်သလဲ၊ ငယ်ငယ်တည်းက အပြင်ထွက်ခါနီးတိုင်း မှာတတ်တဲ့အကျင့်က မိန်းမရတောင် ဖျောက်မှာမဟုတ်ဘူးဆိုတာ။ စိတ်ချလက်ချနဲ့သာ သွားပါ ငါ့မြေးလေးရယ်။ ဘွားဘွားတပည့်နှစ်ယောက်က ဘွားဘွား အကြောင်း သိပြီးသားပါ။ ဂရုစိုက်လွန်းလို့ နေတောင်မနေတတ်ပါဘူး''

''သားကလည်း ဒီလိုမမှာရဘဲနဲ့ မနေတတ်လို့ပါ ဘွားဘွားရဲ့၊ ဒါဆို သွားပြီနော်. . . တာ့တာ. . . ဘိုင့်ဘိုင်''

''အေး, တာ့တာ. . . သား သက်လျာလေးနဲ့ ကောင်းကောင်း စားခဲ့နော်၊ ပျော်ပျော်နေခဲ့''

သူ ဘွားဘွားကို လက်မထောင်ပြလိုက်ပြီး သူနှင့်ဘွားဘွားနှစ်ယောက်တည်းသာ သီးသန့်စီးသော မာဆေးဒီးစ်ကားကြီးကိုဆွဲ၍ ထွက်လာခဲ့တော့သည်။ သူတို့အိမ်မှာက လူသိပ်မများ။ မရှိသလောက်ကို ရှားပါသည်။ ဘွားဘွားရယ်, သူရယ်, ဘွားဘွားရဲ့လူယုံတော် အသက် လေးဆယ်ကျော်လင်မယားနှစ်ယောက်ရယ်. . . အားလုံးပေါင်းမှ လေး





ယောက်သာ ရှိလေသည်။

ဒါကြောင့်မို့ သူတို့မြေးအဘွားနှစ်ယောက်က ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာပဲလုပ်လုပ် အပြင်ခဏလေးထွက်တာကအစ အပြန် အလှန်ဂရုစိုက်တာတွေ၊ အစစအရာရာ မှာကြားတတ်တာတွေ၊ ကြင် ကြင်နာနာရှိတာတွေက အဆန်းမဟုတ်တော့။ အဘွားကို သူပြုစုမှု၊ သူ့ကို အဘွားပြုစုမှု ကျေနပ်တတ်တာ စွယ်တော်ရွက်တစ်ရွက်လို ဖြစ် နေပါပြီ။

ပြီးတော့ ဘွားဘွားက သူ့အတွက် ကြင်ရာတော် ရွေးချယ်ရေး မှအစ စေ့စပ်ပွဲဖြစ်မြောက်ရေးအထိ တစ်ကိုယ်တော်လှုပ်ရှားပေးခဲ့ရတာ တွေကြောင့် စေ့စပ်ပွဲပြီးသွားချိန်မှာ ကောင်းကောင်းအနားယူစေချင်၍ သည်နေ့မှာ ခါတိုင်းနေ့တွေထက် အထူးတလည် ဂရုစိုက်ရတာဖြစ်ပါ သည်။

ဘွားဘွားက မြန်မာပြည်မှာ ဆွေမျိုးမရှိသလောက် ရှားသူလည်း ဖြစ်သေး၏။ ရှိသမျှအမျိုးလေးတစ်သိုက်နှင့် သားတွေကလည်း စင်ကာပူ မှာ ကုမ္ပဏီလုပ်ငန်းတွေ၊ ဟိုတယ်လ်လုပ်ငန်းတွေနှင့် အခြေချသွားပြီး မြန်မာပြည်ကိုအလွန်ချစ်သော သူတို့မြေးအဘွားနားမှာ အချိန်ပြည့် နေနိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားရဲ့မွေးနေ့တို့၊ ကျန်းမာရေးတို့၊ ဟိုတယ်လ်ကိစ္စတို့ ရှိမှသာ အပြေးအလွှားလာတွေ့ပြီး သူ၏စေ့စပ်ပွဲကိုလာတာပင် ပြီးပြီးချင်း ပြန်ပြေးသွားခဲ့သော အလုပ်ရှုပ်သူတွေတည်း။ ဖုန်းတွေ၊ အင်တာနက်တွေကသာ သူတို့မိသားစု၏ သံယောဇဉ်ကြိုးတွေကို နေ့တိုင်းလိုလို ချည်နှောင်ပေးခဲ့တာဖြစ်ပါသည်။

အဲဒါဟာ. . .

★ ရန်ကုန်တွင် သားတွေ ဖွင့်လှစ်ထားခဲ့သော RUBY HOTEL ၏ M.D အဖြစ် စီမံကွပ်ကဲလျက်ရှိသည့် ဘွားဘွား 'ဒေါ်ခင်နွဲ့မူ' နှင့်. . .

★★ ရန်ကုန်တွင် UFL နှင့်ကျောင်းပြီးထားပြီး စင်္ကာပူတွင် HOTEL Management နှင့် Diploma ရထားသော 'မိုးထက်မင်းမှူး' တို့အိမ်၏ ပုံမှန်ကျင်လည်နေကျ ဒီဇိုင်းလေးသာ ဖြစ်ပါသည်။

လူနည်းပေမယ့် အရာရာမှာ ဖြည့်ဆည်းပေးနိုင်စွမ်းရှိသော၊ ခေတ်အမြင်လည်းရှိသော ဘွားဘွားတစ်ယောက် ရှိနေခြင်းက သူ့အတွက် ရသအမျိုးမျိုး မရိုးရအောင် ခံစားစေတာမို့ အိမ်မှာ အမြဲတမ်း စီစီညံ့ညံ့ နွေးနွေးထွေးထွေးရှိနေခဲ့၏။





အင်း. . . နောက်ဆိုရင် ချစ်ရတဲ့သက်လျာငယ်လေးပါ ရောက်လာတော့မယ်ဆိုတော့ စီစီညံ့ညံ့ နွေးနွေးထွေးထွေးရှိရုံမက လောကကြီးတစ်ခုလုံး အဓိပ္ပာယ်ပြည့်ဝစွာနဲ့ သာယာနေမှာ မလွဲတော့ပါဘူး။

မင်းမှူးသည် ကားမောင်းလျက် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးနေရာမှ ဇော်ပိုင်၏ 'ဖြူစင်လွန်း'သီချင်းကိုပင် လိုက်ဆိုနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## လမင်းပျို့ခြင် ဟောင်ဒေးရှင်း

မျှသည် ရဲရင့်နီတို့အိမ်ရှေ့ကိုရောက်တော့ ဆယ့်နှစ်နာရီပင် ထိုး [illegible]ပြီ မေမေ့ဆီ ဖက်ထုပ်ပြုတ် ဝင်ပို့ပေးနေတာ နာရီဝက်လောက်ကြာ [illegible]သာမို့ ဗိုက်ထဲက ဆာလွန်း၍ ဂွီဂွီဂွမ်ဂွမ်ပင် မြည်လာသည်။

[illegible]ားပေါက ခပ်သွက်သွက်ဆင်းလိုက်တော့ အိမ်အဝင်ဝလေး [illegible] ဆော်တယ်ရပ် ဆီးကြိုနေသော ရဲရင့်နီတို့သားအမက အမောပြေစရာ [illegible]

"မျှော်လိုက်ရတာ သူဌေးမလေးရယ်။ စားချိန်လွန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပဲ့, သားက သမီး မလာနိုင်လို့ လမ်းထိပ်တောင် ခဏခဏထွက်ကြည့်နေတာ။ လာ. . . သမီး, လာ၊ ဆာနေရောပေါ့''

''နင်ကလည်း ငါ့ကို သူ့ဌေးမလေးလို့ မခေါ်စမ်းပါနဲ့။ မေမေ့ဆီ ဝင်နေလို့ ကြာသွားတာပဲ့။ အန်တီ, နောက်ကျသွားတာ ခွင့်လွှတ်ပါနော်။ သမီးအတွက် ဘာတွေရှယ်လုပ်ထားတာလဲဟင်''

''စုံလို့ပဲ သမီးရေ သမီးက မြန်မာဟင်းလျာကြိုက်တယ်ဆိုလို့''

''ဘယ်လောက်ရှယ်ထားသလဲဆိုတာ. . . မြင်ရင် သိလိမ့်မယ်လာ''

ပြောပြောဆိုဆို ရဲရင့်မေမေ ဦးဆောင်ခေါ်သွားရာ အိမ်ကလေးထဲသို့ ဝင်လာခဲ့ကြပြီး အုပ်ဆောင်းအုပ်ထားသော စားပွဲဝိုင်းပုပုလေးနားမှ ဝိုင်းထိုင်လိုက်ကြ၏။ ခဏနေတော့ ရဲရင့်ညီမလေးကလည်း ယင်တောင်ကလေးနှင့် အနားလာထိုင်ပြီး ပျို့ကို ယပ်ခတ်ပေးနေပြန်သေးသည်။

''ရပါတယ် ညီမလေးရဲ့၊ အန်တီရော ရဲရင့်ရော ဒီလောက်ဂရုစိုက်နေတာ နေတောင်မနေတတ်အောင်ဖြစ်ရပြီ။ ငါ အခု လောလောဆယ် ရေအရင်သောက်ချင်တယ် ရဲရင့်နီ''

''အိုခေ. . . ရမယ်၊ ငါကလည်း ရေအရင်သောက်ခိုင်းမလို့ပဲ





နော်။ နင့်အတွက် ရေခဲစိမ်ရေသန့်တစ်ဘူး ဝယ်ထားတယ်။ ရော့''

ရဲရင့်နီက သွက်သွက်လက်လက်ပင် သူ့နောက်မှ စားပွဲလေးပေါ် တင်ထားသော ရေသန့်ဘူးနှင့် ဖန်ခွက်ကိုယူပြီး ထည့်ပေးသည်။

''ရေခဲရေတွေဘာတွေ ဝယ်ထားစရာမလိုပါဘူး ရဲရင့်နီရယ်။ ငါက ရေဆိုရင် အေးဖို့က အဓိကမဟုတ်ဘူး၊ ရေသန့်ဖို့က အဓိက''

ဟုပြောပြီး ရေသောက်ဝ် ဖန်ခွက်ကို ပြန်ပေးလိုက်တော့ ရဲရင့်နီက ထမင်းစားပွဲပေါ်မှ အုပ်ဆောင်းကြီးကို ဖယ်ပြလေသည်။

''ကဲ, ဒီမှာကြည့်စမ်း! နင် လျှာလည်သွားစေရမယ်''

''ဝါး!. . . . ကြည့်စမ်း၊ အရမ်းမိုက်တာပဲ ရဲရင့်နီ။ ဟင်းတွေက ချိုးတောင်ပဲ။ မြင်ရုံနဲ့တင် အရသာရှိမှန်း သိသာစေတယ်။ အန်တီက မြန်မာဟင်းအချက်ကောင်းတယ်လို့ ရဲရင့်က ကြွားထားလို့ သမီးက စားချင်နေတာလေ''

''ဒါဆို သမီးစိတ်ကြိုက် စားချင်သလိုသာ အဝစားပေတော့။ အန်တီက အန်တီချက်တဲ့ဟင်းကို မစားရသေးခင် ဒီလိုပြောကတည်းက ပီတိဖြစ်နေရပြီ''

''ဒါပေါ့နော်း . . သမီးက ဒီလိုဖျာခင်းထားတဲ့ မြန်မာဆန်ဆန် ထမင်းဝိုင်းလေးမှာ ဇွန်းခရင်းမပါဘဲ လက်နဲ့အားရပါးရနယ်ပြီး အဝ

www.burmeseclassic.com

www.burmeseclassic.com



စားပစ်ချင်တာ,ကြာပြီ အန့်တီရဲ့"

"ဟုတ်တယ် မေမေရဲ့၊ သူက အိမ်မှာ အလိုက်ခံထားရပေမယ့် ဖြစ်သလိုစားလို့မရဘူး။ သူစားချင်တာကိုပြောလည်း ချက်ကျွေးချင်မှ ချက်ကျွေးတာ၊ လူကြီးတွေကျွေးတဲ့အတိုင်း စားရတာ၊ သူ့အဒေါ်အပျို ကြီးက အရမ်းစံနစ်ကြီးတယ်"

"ဟုတ်ပါတယ် အန့်တီ၊ ရဲရင့်ပြောတဲ့အတိုင်းပါ။ မေမေနဲ့ ကြီး ကြီးက မနက်ဆေးကနေ ဆန်းဒေးထိ ဟင်းတွေကို အချိန်ဇယားနဲ့စီစဉ် ထားတာ၊ ထမင်းစားရင်လည်း ကြီးကြီးက မပြီးမချင်း အနားကနေ ထိုင်စောင့်ကြည့်နေတာ။ သူသန့်သလို သန့်သန့်ပြန့်ပြန့်စားရဲ့လားလို့ ပေါ့။ သမီးက ဟင်းချေးမများတတ်တော့ ဘာပဲချက်ချက် စားပါတယ်။ ဒါနဲ့ ဘာဟင်းတွေလဲ. . . ရဲရင့်နီ"

"ဒါက. . ."

"နေ, နေ. . . မေမေ, သားပြောမယ်"

ရဲရင့်မေမေက ပြောဖို့ကြံရုံ ရှိသေးသည်။ ရဲရင့်က တက်တက် ကြွကြွ ဖွတ်ဝင်ပြောတော့၏။

"ဒါက ဝက်မြေအိုး"

"ဟယ်!. . . ငါ့အကြိုက်"





"ဒါက မြေအိုးချဉ်ရည်"

"ဒါလည်း ကြိုက်တာပဲ"

"ဒါက ကြက်မြေအိုး"

"အင်း, ကောင်းတယ်"

"ဒါက ရှောက်မြေအိုး"

"ဟင်, နင်ကလည်း ရှောက်မြေအိုးရယ်လို့ ကြားဖူးပါဘူး"

"အခုကြားဖူးပြီမို့လား၊ ဒါ မြေအိုး ပုစွန်ချဉ်စပ်"

"အိုခေ. . . ကောင်းတယ်"

"ဒါက မြေအိုးငရုတ်ပွ"

"ဟင်!. . . လာပြန်ပြီ၊ ဘာငရုတ်ပွလဲ။ ရဲရင့်နီနော်, မရှိးတော့ [illegible] နှင် ငါ့ကိုလျှောက်ပြောနေတာမှလား"

"ဘယ်ကလျှောက်ပြောရမှာလဲ၊ နင်လာမှာမို့လို့ မေမေက ရှယ် [illegible]ထားတယ်ဆိုတာ ဒါကိုပြောတာ"

"ကဲပါ သားရယ်၊ ကောင်းကောင်းပြောစမ်းပါ။ သမီး ဆာနေ [illegible]တော့မယ်။ အလကား သမီး. . . သမီးကို စနေတာ"

"ရဲရင့်နီရယ်. . . နင်စတာလောက်တော့ သနားသေးတယ်[illegible] [illegible]လား, မြေအိုးဟင်းတွေချက်မှာ။ နင်ပြောတာတွေအကုန်လုံးက



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်လ်ဟင်းတွေချည်းပဲ"

"ဘယ်ဟုတ်မလဲဟ၊ မယုံဘူးလား. . . မေမေက နင့်ကို ညာ ကျွေးမတဲ့လား။ ဒါက ဝက်သားဟင်း၊ ဒါက ချဉ်ရည်ဟင်း၊ ဒါက ကြက်သားဟင်း၊ ဒါက ရှောက်သီးသုပ်၊ ဒါက ပုစွန်ချဉ်စပ်၊ ဒါက ငရုတ်ပွကြော်. . . အဲဒါတွေအကုန်လုံး အသုပ်နဲ့အကြော်ကလွဲလို့ ကျန် တဲ့ဟင်းတွေကို မေမေကိုယ်တိုင် မြေအိုးနဲ့ချက်ထားတာ"

"တကယ်!. . ."

"တကယ်. . . နင်မယုံရင် ဟိုဘက်က မီးဖိုချောင်လေးထဲ ဆင်း ကြည့်၊ မြေအိုးတွေ တန်းစီထားတာ တွေ့ရလိမ့်မယ်"

"မကြည့်တော့ပါဘူး ရဲရင့်နီရယ်၊ အန်တီတစ်ယောက်လုံး အနား မှာရှိနေပြီဆိုတော့ ယုံရတော့မှာပေါ့။ အိမ်မှာချက်တဲ့မြေအိုးဟင်းတော့ မစားဖူးသေးဘူး ရဲရင့်နီ။ ဟိုတယ်လ်တွေမှာဆိုရင် မြေအိုးဟင်းတွေက ဈေးအကြီးဆုံးပဲ။ တချို့ဆိုရင် မြေအိုးဟင်းလို့သာပြောတာ၊ မြေအိုးနဲ့ ချက်တာကော ဟုတ်ရဲ့လားမသိဘူး. . . ကိုယ်မှမမြင်ရတာနော်"

"အဲဒါတော့ ငါမသိဘူး။ ဟိုတယ်လ်ဟင်းတွေလည်း မစားဖူး ဘူး။ ငါက ငါ့တွက်ကိန်းနဲ့ငါ, မေမေ့ကိုချက်ခိုင်းလိုက်တာ"

"ဘယ်လိုတွက်ကိန်းလဲ,ဟဲ့"





"မသိရင် မှတ်ထား၊ မြေအိုးနဲ့ချက်တဲ့ဟင်းက နူးလည်းနူးလွယ် တယ်၊ စားလို့လည်းကောင်းတယ်၊ ဒန်အိုးနဲ့မဟုတ်တော့ အိုးတိုက်ရ တာလည်း သက်သာတယ်။ စတီးခွေဖိုးလည်း သက်သာတယ်။ အမြဲ တမ်း အလုပ်လုပ်နေရတဲ့ မေမေ့လက်ချောင်းလေးတွေကိုလည်း သက် သာစေတယ်။ အဲဒါ ငါ မေမေ့ကိုကူညီတာပဲ၊ နောက်မှ မြေအိုးပွန်းလာ လို့ ပဲ့လာလို့, ဟောင်းလာလို့ မသုံးချင်တော့ရင် ရိုက်ခွဲပစ်လိုက်၊ အေး ရော. . . ပြီးမှ အသစ်တွေပြန်ဝယ်"

"ဟား ဟား ဟား. . . ပေါက်ကရပြောတော့မယ် ရဲရင့်နီရယ်။ မြေအိုးတွေကို ရိုက်ခွဲပစ်ရမယ်လို့၊ အင်း. . . ဒါပေမဲ့ နင်ပြောတာ သေ ချာစဉ်းစားကြည့်မယ်ဆိုရင် ဟုတ်တယ်ဟ။ နင့်တွက်ကိန်းတွေ နင့် အိုင်ဒီယာတွေက သစ်တယ်၊ နင့်အမေကိုလည်း တတ်နိုင်တဲ့ဘက်က ကူညီလိုက်တာပဲ။ ဒါနဲ့ အဲဒီမြေအိုးတွေက ဘယ်မှာဝယ်လို့ရတာလဲ ဟဲ့"

"ဒီမှာတော့ ဘယ်မှာရမှန်း ငါလည်းမသိဘူး။ ငါက နယ်က သူငယ်ချင်းတစ်ယောက်ကို မှာထားတာ၊ သူ ရန်ကုန်လာတာနဲ့ကြုံရင် ဆွဲလာတာပဲ။ ကဲ, မြေအိုးတရားဟောရတာနဲ့တင် နင့် အဆာလှန်နေ တော့မယ်။ အိုခေ. . . ဆွဲမယ်, ဒီမှာလက်ဆေးဇလုံ၊ ရော့"



www.burmeseclassic.com

www.burmeseclassic.com



အပြောနှင့်အတူ ရဲရင့်နီက လက်ဆေးဖို့ ရေခွက်ကြီးကို ထိုးပေးသလို ပုံးတွေ ဖလားတွေ ဆပ်ပြာခွက်တွေလည်း ထယူပေးတာမို့ ပျိုကလည်း သူတို့အိမ်၏ဓလေ့စရိုက်အတိုင်း လက်ဆေးလိုက်သည်။

"အိုခေ၊ စားမယ်. . . နင်ရော အန်တီရော ညီမလေးရော အတူတူစားမှာနော်။ နင့်ညီလေးတွေသာ ကျောင်းမသွားရရင် ဒီနေ့ထမင်းဝိုင်းက အရမ်းပျော်စရာကောင်းမှာ"

ဆိုပြီး လေးယောက်ဝိုင်း၍ စားလိုက်ကြတော့သည်။

"အခုလည်း ပျော်စရာကောင်းပါတယ်သမီးရယ်၊ အငယ်ကောင်တွေသာရှိရင် ရှုပ်နေဦးမှာ။ အန်တီတို့အိမ်လေးကို သမီး ခုလိုတရင်းတနှီးလာနေပေးတာကိုပဲ ဝမ်းသာလှပါပြီ။ အားမနာရဘူးနော်. . . သမီးအဝစားရမယ်"

ဟုပြောရင်း ရဲရင့်မေမေက ဟင်းတွေထည့်ပေးလိုက်၊ ရဲရင့်က ဟင်းတွေထည့်ပေးလိုက်၊ သူ့ညီမလေးက ဟင်းတွေထည့်ပေးလိုက်နှင့် ပျို့ပန်းကန်ထဲမှာ ထမင်းတွေဟင်းတွေ ပြည့်မောက်လျှံလျက် မြန်မာဆန်ဆန်ထမင်းဝိုင်းလေးကို ကြည်နူး နွေးထွေးမှုတွေ ဖုံးလွှမ်းသွားစေတော့သည်။ ပျိုကလည်း ခေါင်းမဖော်တမ်း ဆွဲနေရာမှ ဘယ်လက်ဖြင့် လက်မလေးပင် ထောင်ပြလိုက်မိသေး၏။





တကယ်တော့ ပျိုနှင့်ရဲရင့်နီက ငယ်သူငယ်ချင်းအစစ်တွေတော့ မဟုတ်။ သို့သော် ငယ်သူငယ်ချင်းထက်ပိုအောင်ပင် ရင်းနှီးမှုတွေ အပြန်အလှန်ရရှိခဲ့သော၊ တိုင်ပင်ဖော်တိုင်ပင်ဖက်လည်း ဖြစ်ခဲ့သော လွန်ခဲ့သည့်သုံးလေးနှစ်ခန့်ကမှ Distance တက်ရင်း သိကျွမ်းခဲ့သည့် သူငယ်ချင်းနှစ်ဦးသာ ဖြစ်ပါသည်။

ကိုယ်နှင့်ဘဝတူ အဆင့်အတန်းတူ သူငယ်ချင်းများစွာထဲမှ ရဲရင့်နီကိုရွေးပြီး Best friend အဖြစ် ထားခဲ့မိတာကတော့ ပျို ကားမောင်းတတ်ခါစ၊ ကျောင်းကို ပထမဦးဆုံး ကားမောင်းလာသည့်နေ့မှာပဲ ရဲရင့်နီကို မထိတထိတိုက်မိသွားခြင်းက အကြောင်းခံလာခဲ့တာဖြစ်သည်။

'ငါ ကားပိုင်ဖြစ်ပြီ. . . ကားမောင်းတတ်ပြီ' ဆိုပြီး သူငယ်ချင်းတွေကို ကြွားချင်လိုစိတ်ဖြင့် ဘဝင်လေဟပ်လာသော ပျို့စတိုင်လ်က ရဲရင့်နီ ပေါင်ကျိုးမတတ်ဖြစ်ခဲ့ရသည်အထိပင်။

နောက်တော့ ထုံးစံအတိုင်း ဆေးခန်းလိုက်ပို့၊ ဆေးဝယ်ပေး၊ အိမ်လိုက်ပို့၊ အလုပ်လုပ်ရင်း ကျောင်းတက်နေမှန်းသိလိုက်ရပြန်တော့ သနားစိတ်ဖြင့် မိခင်မုဆိုးမကြီးကို ငွေကြေးထောက်ပံ့. . . စသဖြင့် ဘာညီမလေးမပေးခဲ့မိရာ တဖြည်းဖြည်း ဘဝသမား (အောက်ခြေလူတန်းစား)

www.burmeseclassic.com

www.burmeseclassic.com



တွေကို စိတ်ဝင်စားမိပြီး သည့်အိမ်ကလေးကို တွယ်တာခဲ့မိတာဖြစ်ပေသည်။

ဘဝသမားတွေကို စိတ်ဝင်စားတယ်ဆိုပေမယ့် ဘဝသမားတိုင်းကို ဆိုလိုတာမဟုတ်။ ထိုဘဝသမားများထဲမှ စိတ်သဘောထား ဖြူစင်မြင့်မြတ်မှုတွေအပြည့်ရှိပြီး ရိုးသားကြိုးစားမှုတွေလည်း အပြည့်အဝရှိပါလျက်နှင့် မတိုးတက်ဘဲ ယိုင်နဲ့နဲ့ရှင်သန်နေရသည့် ရဲရင့်နီတို့မိသားစုလေးကို အာရုံကျခဲ့ရတာဖြစ်ပါသည်။ ရှေးလူကြီးတွေ ပြောနေကျစကားလို ရေစက်ပါခဲ့လို့ပဲဟု ပြောရတော့မလား။

ပြီးတော့ ထိုမိသားစုတစ်ခုလုံးကလည်း ရောက်တဲ့အရပ်မှာ ပျော်ပျော်နေပြီး တွေ့တဲ့လူနှင့်တည့်အောင် ပေါင်းတတ်သော၊ ဘဝကိုစာနာနားလည်မှုတွေပေးနိုင်သော၊ ကူညီဖေးမလိုစိတ်တွေ့, လျှုတန်းပေးကမ်းချင်စိတ်တွေ ထက်သန်သော၊ စိတ်သဘောထား ဖြူစင်ပြီး လူတွေကို အဆင့်အတန်းမခွဲဘဲ နွေးနွေးထွေးထွေး ဆက်ဆံတတ်သော ပျို့ကို လေးစားချစ်ခင်အားကျမှုတွေနှင့် ပြန်လည်တွယ်တာခဲ့ကြပြီး၊ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလို မေတ္တာရောင်ပြန်ခဲ့ကြတာဖြစ်လေသည်။

ပျို့ကို သူတို့ဘယ်လောက်များချစ်သလဲဆိုလျှင် ပျို့ အိမ်ကလေးထဲကို ရောက်လာတာနှင့်တစ်ပြိုင်နက်တည်း သူတို့၏လုပ်လက်စတန်း





သန်းတွေကို ဖြတ်ထားလိုက်ပြီး ပျို့ဘေးနားမှာ ဝိုင်းထိုင်ကာ ရေပူရေအေး ကမ်းလှမ်းလျက် ပျိုပြောသမျှနှင့် ပျို့စတိုင်လ်တွေကို ရင်သပ်ရှုမောစွာ ခံစားတတ်တဲ့အထိဖြစ်သည်။ အဲဒီလို လက်ရေတစ်ပြင်တည်း နေထိုင်စားသောက်တတ်ပြန်တော့ သူတို့၏ပျော်ရွှင်မှုက နှိုင်းဆဖွယ်ရာမရှိတော့။

ထမင်းစားသောက်ပြီးပြန်တော့ အချိုတည်းဖို့အတွက် ရေနွေးကြမ်းနှင့် ဆန္ဒင်းမကာင်း။ ပြီးတော့ လက်ဖက်သုပ်၊ ပြီးတော့ သံပုရာညှပ်၊ ပြီးတော့ ထုံးစံအတိုင်း ပျို့အနားမှာ ဝိုင်းဖွဲ့ထိုင်ကြပြန်သည်။

"စားကောင်းလိုက်တာ၊ ဗိုက်ကိုတင်းသွားတာပဲ။ အချိုအချဉ်တွေလည်း စုံလို့။ ကျေးဇူးအများကြီးတင်ပါတယ် အန်တီ။ ညီမလေးရော, ရဲရင့်ရောနော်။ ဒါနဲ့ ငါ အမိကကျတာမေးဖို့ မေ့နေတယ်။ အိမ်တွင်းရေး ဘယ်လိုရှိလဲ ရဲရင့်နီ. . . အဆင်ပြေရဲ့လား"

"အင်း. . . ဒီလိုပါပဲ၊ အဆင်ပြေတယ်လည်းမဟုတ်ဘူး, အဆင်မပြေဘူးလည်းမဟုတ်ဘူး။ နင်မသိချင်ပါနဲ့ဟာ၊ ငါတို့ဘဝသမားတွေက ဇယားတွေ ရှုပ်လို့ဟ"

"အဲဒီဘဝသမားတွေမှာ ဖြစ်တတ်တဲ့အရှုပ်မျိုးကို သိချင်လို့မေးတာပေါ့ဟ့။ နေသမားတွေထဲမှာ ဖြစ်တတ်တဲ့အရှုပ်တွေက ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီ။ ပြီးတော့ ငါကူညီနိုင်တာမျိုးဆိုရင်လည်း ကူညီလို့ရတာပေါ့”

“နင်ကူညီတာတွေလည်း များနေပါပြီဟာ. . . ပြောရမယ်ဆိုရင်တော့ ငါတို့ဘဝသမားတွေက အကြွေးမရှိရင် မနေတတ်သလိုကို ဖြစ်နေပြီဟ။ မွန်းကျပ်နေတဲ့ကြားကပဲ အလုးအလဲရုန်းကန်ပြီး အသက်ရှူပေါက်ကို ရှာနေရတာ။ မိသားစုခြောက်ယောက်, မေမေဈေးရောင်းတာနဲ့ ငါ့လခလေးနဲ့ ဘယ်လိုဖူလုံမှာလဲ။ အိမ်စရိတ်က တစ်နေ့ကို လေးငါးထောင် ကုန်တယ်။ ဒါတောင် ချွေတာသုံးတာ”

“. . .”

“ငါ့လခကလည်း ညီသုံးယောက် ကျောင်းစရိတ်တောင် မလောက်ဘူး။ အိုဗာတိုင်ကြေးကလည်း ငါ့တစ်ယောက်စာတောင် အနိုင်နိုင်ရယ် မေမေဈေးရောင်းဟာလေးနဲ့ပဲ စားနေရတာ။ ဒီကြားထဲ သာရေးနာရေးနဲ့ မီးလခ၊ ရေလခတွေ မပေးနိုင်တော့ ဈေးဖိုးထဲကယူသုံး။ ညီမလေးရဲ့အဝေးသင်စရိတ်ကိုလည်း ဈေးဖိုးထဲကပဲ ယူသုံး။ ကြာတော့ အရင်းပြုတ်. . . အရင်းပြုတ်တော့ ဘေးက အတိုးနဲ့ချေး. . . အရင်းမဆပ်နိုင်သရွေ့ အတိုးက အရင်းထက်ကျော်ပြီး လူမွေးသူမွေးမပြောင်တော့ဘူး”

“. . .”





“တစ်ခါတလေ အတိုးမပေးနိုင်ရင် ရန်လာတွေ့လို့ ဘေးကနေ အစ်ခါချေးပေးရပြန်ရော။ အဲဒီလိုနဲ့ အတိုးတွေထဲမှာ သံသရာလည်ပြီး ဘဝက နလန်ကိုမထူတော့တာ”

“အမယ်လေး. . . အမယ်လေး. . . ဘဝသမားတွေရဲ့ဇယားက ဒါမျိုးဘာ။ ငါ ကောင်းကောင်းမျိုကျသွားပြီနော်။ ပြန်အန်ထွက်လာအောင် ထေးပ်နဲ့”

“ဟာ. . . နင် အဲလိုတော့မပြောနဲ့ ပျိုပျို၊ နင့်အတွက်ဆိုရင် ငါ ညီနိုးသားရ ဘာပဲဖြစ်နေနေ၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အထူးညွှဝတ်ဘာ့မွန်မှုတွေ အပြည့်အဝလုပ်ပေးရမယ်ဆိုတာ အလိုလိုသိနေပြီးသား။ နင်သိချင်တယ်ဆိုလို့လည်း ပြောရသေးတယ်. . . ဘာလဲ, အာရုံနောက်ဦးမလို့လား”

“မဟုတ်ပါဘူး ရဲရင့်ရယ်၊ ငါ တမင်စတာပါ။ ယုံပါတယ်, ယုံတဲ့အပြင် ငါ့ဘက်က ဘယ်လိုကူညီဖြေရှင်းပေးရင် ကောင်းမလဲလို့ တွေးနေတာပါ”

“ဘယ်လိုမှ ကူညီဖြေရှင်းမပေးနဲ့၊ သူ့အကြောင်းတရားနဲ့သူ, သူ့အကျိုးတရားနဲ့သူ လာတာ။ ငါတို့ဘဝနဲ့ငါတို့ ရုန်းရကန်ရတာတွေ ချေးငှားရတာတွေက ရှိနေပြီ။ ဒီကြားထဲကပဲ ထမင်းနေ့တိုင်းစားရဖို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းသွားရတာပဲ။ ဒါတောင် တစ်ခါတလေ 'တစ်နပ်စား ဘဝသွား' လုပ်ရသေးတယ်"

"ဟုတ်ပါတယ် သမီးရယ်၊ ငယ်သူငယ်ချင်းအစစ်တွေမဟုတ်ဘဲနဲ့ အဝေးသင်တက်မှ သိရတဲ့သမီးက အန်တီတို့အပေါ် ဒီလောက်နွေးနွေးထွေးထွေးနေလာပေးခဲ့တာ အားနာစရာတောင် ကောင်းလှပါပြီ။ ဒီကြားထဲ... အန်တီတို့သားအမိဝတ်ဖို့အတွက် သမီးအိမ်က အဝတ်အထည်တွေ ယူလာတာတွေ၊ အငယ်တွေအတွက် စာအုပ်, ဘောလ်ပင် ဝယ်လာတာတွေ၊ သားကြီး အဝေးသင်တက်တုန်းကလည်း လိုအင်သမျှကို သမီး ပံ့ပိုးပေးခဲ့တာတွေ၊ အဲဒီကျေးဇူးတွေက ဘယ်လိုနည်းနဲ့မှ ဆပ်လို့မကုန်နိုင်ပါဘူး သမီးရယ်"

"ဟုတ်ပါတယ် မမရယ်၊ မမကြောင့် ညီမလေးတို့ မဝတ်ဖူးတာတွေ ဝတ်ရပြီး ဒီလိုလှလှပပနေရတာပါ။ ညီမလေးလည်း အပြင်ထွက်အလုပ်လုပ်ဖို့ စိတ်ဥပါသေးတယ်။ ဒါပေမဲ့ ရတဲ့နေ့တွက်ခနဲ့, ထမင်းဘူး ထည့်သွားရမှာနဲ့, မိုးလင်းက နေဝင် အချိန်ကုန်မှာနဲ့၊ မေမေ့ကို အိမ်အလုပ်တွေတစ်ဖက် ဈေးရောင်းတစ်ဖက် ပစ်ထားခဲ့ရမှာနဲ့ တွက်ကြည့်မယ်ဆိုရင် ဘယ်လိုမှအဆင်မပြေပါဘူး"

"အင်း..."





"ဒါကြောင့် အိမ်အလုပ်တွေရော ဈေးရောင်းဈေးဝယ်ကိစ္စတွေရော မေမေနဲ့အတူတူလုပ်နေတာပါ။ ငယ်ငယ်လေးကတည်းက မေမေ တစ်ယောက်တည်း ရှာဖွေကျွေးခဲ့ရတယ်ဆိုတော့ မေမေ့ရဲ့ပင်ပန်းမှုတွေ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေပါတယ်"

ဟု သားအမိနှစ်ယောက် ဝင်ပြောမှ ရဲရင့်နီလည်း ငြိမ်ကျသွားသလို မျိုလည်း သက်ပြင်းချလိုက်ရတော့သည်။ သို့သော် ဘုရားတရားနှံသေကိုင်းရှိုင်းပြီး စိတ်သဘောထားဖြူစင်စွာဖြင့် ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်နေကြသော ပညာတတ်လေးတွေ ဖြစ်ပါလျက် ဆိုးတက်ဘဲ အောက်ခြေမှာ တဝဲဝဲလည်နေရပုံကြောင့် မြန်မာပြည်၏ လူနေမှုစံနစ်ကြီးကို မျို ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်ရလေသည်။

"ဒီလိုကြားရတော့လည်း ဟုတ်နေတာပဲ၊ ဒါပေမဲ့ ဒီဘဝကြီးထဲက ရုန်းမထွက်နိုင်ကြပြန်တော့လည်း မဟုတ်သေးဘူးထင်တယ်။ နင်တို့က ပညာမဲ့ ဆင်းရဲသားတွေမဟုတ်ဘူးလေ ရဲရင့်နီ။ ပညာတတ်ပြီး ဆင်းရဲနေတာဟ။ ဒီလိုမဖြစ်ရဘူး, တချို့သူဌေးတွေရဲ့လက်သုံးစကားရှိတယ်... 'ဆင်းရဲမှာပေါ့, အလုပ်မှမလုပ်တာကို' တဲ့။ ငါမြင်နေရတာတော့ နင်တို့အလုပ်လုပ်ရဲ့သားနဲ့ မတိုးတက်တာလေ။ အဲဒါ ဘာဖြစ်တာလဲ... ကျောင်းသားများပြီး အလုပ်လုပ်တဲ့သူ နည်းလို့လား



www.burmeseclassic.com

www.burmeseclassic.com



ဖျို့စကားက သူတို့အတွက် Heart ထိစေသလားမသိပါ။ တစ်ယောက်မှ စကားမပြန်တော့ဘဲ ငြိမ်သက်နေတော့၏။

''လောကကြီးက တရားမမျှတဘူးဟ၊ ရှိပြီးသားလူက ရှိပြီးရင်းရှိရင်းပဲ၊ မွဲတဲ့လူကလည်း မွဲပြီးရင်း မွဲရင်းပဲ။ ဘဝသမားတွေကို စိတ်ဝင်စားတယ်ဆိုတာ အဲဒါကိုပြောတာ။ နင်ပြောသလို သူ့အကြောင်းတရားနဲ့သူ, သူ့ကံနဲ့သူ လာတာဆိုပေမယ့် အဲဒီအကြောင်းတရားတွေကံတွေကို လူကသာ လုပ်တာလေ။ ဒီတော့ တစ်ခုခုလွဲနေလို့ဖြစ်ရမယ်၊ ငါတို့ ထွက်ပေါက်တစ်ခုတော့ သေချာပေါက်ရှာနိုင်ရမယ် ရဲရင့်နီ''

''အေးဆေးနေစမ်းပါ ဖျိုဖျိုရယ်၊ ဘဝမတူတာတွေကို လာပူပန်မနေပါနဲ့၊ ငါတို့အဖြစ်က အဲဒီထွက်ပေါက်ကို ရှာရင်းနဲ့ပဲ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေရတာဟ။ ဘာလဲ. . . နင်က လူမှုရေးပရဟိတအသင်းဝင်လုပ်တော့မလို့လား။ 'လမင်းဖျိုစင် ဖောင်ဒေးရှင်း'ဆိုပြီး ဆိုင်းဘုတ်တင်တော့မလို့လား''

''လုပ်သင့်ရင် လုပ်ရမှာပေါ့ဟဲ့။ ကြီးကြီးကလည်း ငါ့ကို အဲလိုပြောနေပြီ။ ဒါမှ လောကကြီးက တရားမျှတသွားမှာ။ ငါ တစ်ခုတော့စဉ်းစားမိပြီ ရဲရင့်၊ လူလယ်ကျတယ်လို့ပဲဆိုဆို, ဖြတ်လမ်းက လိုက်တယ်လို့ပဲပြောပြော. . . နင်တို့ဘဝတစ်ခုလုံး ပြောင်းလဲသွားမယ့်ထွက်





ပေါက်ပဲ၊ နင်လက်ခံမလား''

ရဲရင့်နီ ခေါင်းထောင်လာလေသည်။

''ဘာလဲ. . . ဘယ်လိုထွက်ပေါက်လဲ၊ ဒီဘဝကြီးကနေ လုံးဝပြောင်းလဲသွားမယ့်ထွက်ပေါက်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ငါလက်ခံမယ်ဟ။ သမာအာဇီဝတော့ ကျပါစေ''

''ဟင်!. . . နင်ကလည်း လူလည်ကျမှုတွေ ဖြတ်လမ်းလိုက်မှုတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်ဆိုမှ ဘယ်လိုလုပ်, သမာအာဇီဝကျတော့မှာလဲ။ သမာအာဇီဝ မကျမှလည်း တိုးတက်မှုက မြန်မှာ။ ဒီတော့ငါပြောတာ နားထောင်, နင် အိမ်ထောင်ပြုလိုက်''

''ဟား. . . ပြဿနာပါလား အဖျိုမရယ်၊ ငါက အကောင်းမှတ်လို့ နားထောင်နေတာ။ ဖောက်မလာနဲ့နော်''

''ငါလည်း အကောင်းပြောမလို့ပဲဟဲ့၊ အိမ်ထောင်ပြုတယ်ဆိုတာ ဘာမှတ်လို့၊ နင် ငါ့အမေဒီဖိုင်းနဲ့ ငါ့အမေ နေထိုင်တတ်တဲ့အဆင့်အတန်းကို သိတယ်မှုလား''

''အင်း. . .''

ဒီတစ်ခါတော့ ရဲရင့်နီပင်မဟုတ်၊ သူ့အမေနှင့်ညီမပါ ခေါင်းထောင်လာပြီး ဖျို့မျက်နှာကို စိုက်ကြည့်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီ ငါ့အမေနားမှာလေ, ငါ့အမေလိုချောပြီး အရမ်းချမ်းသာတဲ့ လေးဆယ်,လေးဆယ်ကျော်ကျော် လေဒီတွေ အများကြီးရှိတယ်။ တချို့ဆို မေမေ့ထက်တောင် ချောသေးတယ်။ ရောကလည်း ဘာလျှို သလဲမမေးနဲ့။ အရမ်းချမ်းသာတာ။ ရက်ရက်စက်စက်သုံးတာ။ မြန်မာငွေဆို ငါးထောင်တန်ကလွဲရင် ပိုက်ဆံမထင်တော့ဘူး။ စိန်တွေရွှေတွေဆိုရင် ရွှံ့စရာကောင်းအောင် ဝတ်တာ။ တခြားဖိမ်ခံပစ္စည်းတွေကတော့ ပြောမနေနဲ့တော့''

''အင်း''

''အဲဒီဘွားတော်တွေထဲမှာ အပျိုကြီးတွေလည်း ပါတယ်၊ တစ်ခုလပ်တို့ မုဆိုးမတို့လည်း ပါတယ်။ ဒါပေမဲ့ လုံးဝအသန့်တွေနော်။ တချို့ဆို ရတာမလို, လိုတာမရတာတွေလည်း ပါတာပေါ့။ သူတို့တွေအားလုံး စည်းစိမ်အမျိုးမျိုးကို ခံစားပြီးပြီဆိုတော့ သူတို့မခံစားဖူးသေးတဲ့အိမ်ထောင်ရေးစည်းစိမ်ကို အခုစိတ်ဝင်စားနေတယ်တဲ့''

''အဲဒါ ငါနဲ့ဘာဆိုင်လဲ''

''ငါ့စကားဆုံးအောင် နားထောင်ပါဦး ရဲရင့်နီရဲ့။ ဒီကိစ္စကို သူတို့က မေမေ့ကို ပွင့်ပွင့်လင်းလင်းရင်ဖွင့်တယ်တဲ့။ တချို့ဆို ပေါ်တင်ကို Offer လုပ်တာလို့ပြောတယ်။ သူတို့လိုချင်တဲ့ စစ်မိုလ်တို့၊ ဆရာဝန်





တို့ အင်ဂျင်နီယာတို့ ရရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဒါပေမဲ့ နောက်ဆုံးအနေနဲ့ အဲ့ဒါတွေမရ,ရ. . . ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ ယောက်ျားတတ်ဖြစ်ဖို့နဲ့ မျိုးရိုးကောင်းရင် ပြီးရောတဲ့''

''ပေါက်ပြီ, ငါ လုံးဝပေါက်ပြီ ပျိုပျို၊ ဟိုလိုလိုဒီလိုလိုလှည့်ပတ်ပြီး လေမနေနဲ့။ နင် ငါ့ကို စပွန်ဆာရှာပေးတော့မလို့မို့လား''

''နင်ကလည်း စပွန်ဆာဆိုတဲ့စကားလုံးကို လွယ်လွယ်မသုံးစမ်းပါနဲ့။ နင်ကြုံဖူးတဲ့စပွန်ဆာတွေနဲ့ လာမယှဉ်နဲ့။ ကမကထပြုတယ်ဆိုပေမယ့် ကမကထပြုပုံချင်း ကွာသေးတယ်လေ။ သူတို့ Offer လုပ်တာကို စိတ်ဝင်စားတယ်ဆိုရင် ပထမဆုံး, အဆင့်အတန်းတစ်ခု ဝင်လာအောင် ပျိုးထောင်ပေးမယ်၊ ပြင်ဆင်မွမ်းမံပေးမယ်၊ ရှိုင်းပေးမယ်ပေါ့။ ပြီးမှ တကယ်လက်ထပ်ယူမှာ။ ဒါကြောင့် အဲဒီဘွားတော်တစ်ယောက်ယောက်နဲ့ နင့်ကို ဆွဲစိပေးချင်တယ်''

''ဟာ. . . သေလိုက်ပါတော့ လမင်းပျိုစင်ရယ်''

ပျို့စကားအဆုံး ရဲရင့်နီက ကြမ်းပြင်ပေါ် အုန်းခနဲလှဲချလိုက်သလို သားအမိနှစ်ယောက်ကလည်း တခစ်ခစရယ်တာမို့ ပျိုပါ လိုက်ရယ်မိတော့၏။

ရဲရင့်နီက ဖျတ်ခနဲပြန်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ တော်ပြီ. . . အပျိုမ၊ နင့်စကား ဒီမှာတင် ရပ်တော့။ ဘယ်လောက်ကြောက်စရာကောင်းလဲ၊ စပွန်ဆာဆိုတဲ့စကားလုံးကို လွယ်လွယ်မသုံးနဲ့ဆို မသုံးတော့ဘူး။ ငါ့ကိုယ်ငါပဲ ခပ်ရင့်ရင့်သုံးလိုက်တော့မယ်၊ ငါ ပိုင်းလုံးကြီးဖြစ်သွားမှာပေါ့"

"ဘာ့,ပိုင်းလုံးလဲ၊ ဘာမှကိုမဆိုင်တာ၊ ဟိုက အဆင့်အတန်းရှိရှိ လယ်ထပ်ယူမယ့်ဟာကို။ ဒါမှ ဘဝက နေ့ချင်းညချင်း ချက်ချင်းပြောင်းလဲသွားမှာ။ နင်တို့ဘဝအတွက် တိုးတက်မှုမြန်မယ့် ထွက်ပေါက်က ဒါပဲ။ နင့်အမေနဲ့ အိမ်တွင်းရေးကို မကြည့်တော့ဘူးလား၊ နင့်ညီတွေ ညီမတွေရဲ့ ဘဝရှေ့ရေးတွေကို ထည့်မတွက်တော့ဘူးလား"

"ဟုတ်သားပဲ သားရဲ့၊ သမီးပြောတဲ့အစီအစဉ် ကောင်းတယ်။ ပိုင်းလုံးတွေ စပွန်ဆာတွေမဟုတ်ပါဘူး. . . အဆင့်အတန်းရှိပါတယ်။ ဒါမှ ဒီဘဝထဲက လွတ်မြောက်တော့မှာ။ မေမေတို့ မွန်းကျပ်လှပြီလေ"

"ဗျာ!. . . မေမေကပါ ဘယ်လိုဖြစ်သွားရတာလဲ။ အချိန်တိုင်းသူ့ဘက်ကချည်းပါပဲလား။ သူဘာပြောပြော အားကျနေတာပါလား။ စွတ်မယုံနဲ့နော် မေမေ၊ သူကပြောပြီးရင် ဘယ်လောက်မှမကြာဘူး တကယ်လုပ်ပြီးသား"

"တကယ်လုပ်တော့လည်း ကောင်းတာပေါ့ ကိုကြီးရဲ့။ ညီမလေး





ဒါကတော့ မမကိုယုံပြီးသား။ မမ ဘာလုပ်လုပ် ဘာပြောပြော မမရဲ့ အယူအဆတွေက တကယ်လက်တွေ့ကျတာတွေ၊ တကယ်ဖြစ်နိုင်တာတွေချည်းပဲ"

ဗျို့ရဲ့အယူအဆကို သားအမိနှစ်ယောက်ကလည်း ထောက်ခံလိုက်တာမို့ ရဲရင့် ခေါင်းကိုတချင်းချင်းကုတ်ပြီး ဗျို့ဘက်လှည့်လာလေတော့သည်။

"ငါတောင်းပန်ပါတယ် အပျိုမရယ်၊ နင်လျှောက်မလုပ်ပါနဲ့။ နေ့ခင်းဆိုင်ရင်း အများနဲ့တစ်ယောက်ဖြစ်သွားပြီဆိုတော့ ငါသေရပါလိမ့်မယ်။ ငါ တကယ်တောင်းပန်ပါတယ်၊ အဲဒီလိုအစီအစဉ်မျိုးကို စိတ်ဆောင် မကူးဝံ့ပါဘူး. . . ကူးလို့လည်း မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ တကယ်ချစ်ရတဲ့ချစ်သူတစ်ယောက်ရှိတယ်ဟ"

"ဘာ!. . . ချစ်သူရှိတယ်"

"ဟုတ်တယ်၊ ရှိတယ်"

"ငါ့ကို တစ်ခါမှမပြောပါလား။ ဘယ်ကလဲ ဘယ်သူလဲ"

"ပြောခွင့်ရှိတဲ့အခြေအနေကို မရောက်သေးလို့ မပြောတာပါ"

"မရေမရာပါ သမီးရယ်၊ အုံ့ပုန်းဇာတ်လမ်းတွေပါ။ ပြောပြလိုက် ပြောပြလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဟ, သူနဲ့ငါက ငယ်သူငယ်ချင်း။ ဟိုဘက်လမ်းထဲမှာ နေတာ။ စိုးမြတ်သူဇာပေါက်စလေးလိုပဲ ညိုချောလေး။ နာမည်က နွယ်စိမ်းတဲ့။ ချစ်သူဆိုပေမယ့် ငါကလည်း သူ့ကိုဖွင့်မပြောရသေးဘူး၊ သူကလည်း ငါ့ကိုဖွင့်မပြောဘူး"

"ဟင်!. . . နင်တို့ဟာတွေကလည်း ဘယ်လိုချစ်သူတွေလဲ"

"ဘဝပေးအခြေအနေကြောင့် ဖွင့်မပြောရဲကြဘဲ အုံ့ပုန်းချစ်ဖြစ်နေကြတာပေါ့ဟာ။ ရှစ်တန်းကတည်းက မျက်လုံးချင်း စကားပြောနေခဲ့တာလေ။ ဆယ်တန်းရောက်တော့ ရင်ဘတ်ချင်းစကားပြောတတ်သွားပြီ။ နှုတ်က ဖွင့်မပြောဘဲနဲ့ကို သိနေကြတဲ့အဆင့်ဟာ"

"နေပါဦး. . . မျက်လုံးချင်းစကားပြောတာ ဘယ်လိုနေလဲ၊ ရင်ဘတ်ချင်းစကားပြောတာကော ဘယ်လိုမျိုးလဲ. . . ဘာသံတွေ ကြားရသလဲ"

"ဟာ. . . နင်ကလည်း ရစ်နေပြန်ပြီ၊ ဒါမျိုးက စာကဗျာကို စိတ်ဝင်စားတဲ့လူတွေနဲ့ အချစ်ကို ခံစားတတ်တဲ့လူတွေမှ နားလည်တာ။ ပြောပြဖို့စကားလုံး မရှိဘူး။ နင်ကိုယ်တိုင် ခံစားရမှ သိလိမ့်မယ်"

"အံမယ်. . . ကြီးကျယ်လိုက်တာ၊ ငါက အချစ်ကိုသာ မသိသေးတာပါ၊ စာကဗျာတွေကိုတော့ စိတ်ဝင်စားပါတယ်နော်။ ကဲ, ထားပါ





ဆော့ အခုလောလောဆယ် သူ့ရဲ့အခြေအနေ"

"အင်း. . . သူက ဆယ်တန်းကို နှစ်ခါကျပြီး ဆက်မဖြေတော့ဘဲ စတိုးဆိုင်တစ်ခုမှာ ဝင်လုပ်နေတာ၊ ကိုယ့်ထမင်းကိုယ်စားပြီး လစာသေးသေးလေးပဲ ရတယ်ဟ"

"ဘွဲ့တစ်ခုတောင် ရအောင်မယူနိုင်ပါလား။ လစာကရော နင်နဲ့ ဘာထူးလို့လဲ၊ သူတို့မိသားစုအခြေအနေကရော"

"သူ့အဖေက ပင်စင်စား၊ အခုလည်း ဘာမှမလုပ်နိုင်ဘူး၊ လေဖြတ်ထားလို့ အိမ်ထဲမှာ ငုတ်တုပ်ဖြစ်နေတယ်"

"ဩော်. . ."

"သူ့အမေကလည်း အိမ်မှုကိစ္စ, သားသမီးဝေယျာဝစ္စ, လင့်ဆေးဝေယျာဝစ္စတွေနဲ့ အိမ်ထဲမှာပဲ နေ,ဘယ်လိုဝင်ပြီး ဘယ်လိုထွက်သွားမှန်း မသိတဲ့လူ"

"ဟင်း. . ."

"သူ့အစ်မကလည်း သူ့အိမ်ထောင်နဲ့သူ ရှုန်းရကန်ရတာနဲ့ သူတို့မိသားစုကို လှည့်တောင်မကြည့်ဘူး"

"တော်တော်အားရစရာပဲ"

"သူ့မောင်အကြီးကလည်း အိမ်တွင်းရေးကို စိတ်ပျက်နေပုံပဲလား



www.burmeseclassic.com

www.burmeseclassic.com



လူဖြစ်ရတဲ့ဒုက္ခကို ငြီးငွေ့လို့ပဲလား. . . သာသနာ့ဘောင်ကို အပြီးဝင်သွားပြီ''

''ဘုရားရေ!. . . အားကိုးလောက်ပါရဲ့''

''သူ့မောင်အလတ်ကတော့ အစွရေးပြန် စိုက်ပျိုးရေးမန်နေဂျာ၊ မြဝတီမှာ တာဝန်ကျတယ်''

''သူကတော့ အိုကေမှာပေါ့''

''ဘယ် အိုကေလိမ့်မလဲ၊ မယားမရှိသားမရှိဘဲ ရတဲ့လစာလေးနဲ့ မနည်းအသက်ဆက်နေရတယ်ပြောတာပဲ''

''ဗုဒ္ဓေါ!''

''သူ့မောင်အငယ်ဆုံးကတော့ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်နေတာ စိုစိုပြည်ပြည်ရှိတယ်။ အဲဒီမောင်နဲ့ နွယ်စိမ်းရဲ့နှစ်ယောက်ပေါင်းဝင်ငွေနဲ့ပဲ အိမ်စရိတ်ကို ထိန်းနေရတာ''

''ဒါဆို ဘယ်လောက်မလဲနော်''

''ဘယ်လောက်လိမ့်မလဲ၊ နောက်ထပ် အငယ်နှစ်ယောက်က ရှိသေးတယ်။ ကောင်မလေးတစ်ယောက်, ကောင်လေးတစ်ယောက်၊ ကျောင်းသားတွေ''

''ဟင်! မောင်နှမတွေက ဘယ်နှယောက်တောင်များလဲ''





''ခုနစ်ယောက်,ဟ''

''ဘုရား. . . ဘုရား''

''ဒါကြောင့် မိသားစုအရမ်းများပြီး နှစ်ယောက်တည်းရဲ့ဝင်ငွေနဲ့ ထောက်နေရတာဆိုတော့ အဆင်မပြေဘူးပေါ့။ အကြွေးတွေ ပိုင်းနေတယ် ကြားတာပဲ။ ငါနဲ့ဘဝတူ နင်လားငါလားပေါ့''

''အမယ်လေး. . . တော်ပါတော့ ရဲရင့်နီရယ်၊ တော်ပါတော့။ ဒီလိုဘဝတွေကို သွားကြဲတော့ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်ရုံမကလို့ ဆန့်ငင်ဆန့်ငင်ပါဖြစ်ပြီး ချက်ချင်းအသက်ထွက်သွားမှာပေါ့။ အဲဒါ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်တာလို့ခေါ်တယ်။ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်မှတော့ ဘယ်လိုဖြစ်မြောက်မှာလဲ၊ ဘယ်လိုတိုးတက်မှာလဲ၊ ထွက်ပေါက်ဆိုတာကို ဘယ်သို့ရှာတွေ့မှာလဲ''

ဒီတစ်ခါတော့ ဖျိုးသည် စိတ်ရောကိုယ်ပါ နှစ်နှစ်ကာကာပြောချလိုက်တာမို့ သားအမိနှစ်ယောက်ကလည်း စောစောကထက်ပိုပြီး ရှေ့ဆင့်နောက်ဆင့် တက်တက်ကြွကြွထောက်ခံလေသည်။

''ဟုတ်ပ့ါ ဟုတ်ပ့ါ. . . သမီးပြောတာမှန်ပ့ါ''

''ဟုတ်တယ်. . . မမပြောတာ ညီမလေး လက်ခံတယ်''

''တွေ့လား ရဲရင့်နီ၊ သုံးတစ်နော်။ ငါ့ဘက်က မဲသာနေပြီ၊ နင်



www.burmeseclassic.com

www.burmeseclassic.com



တို့ တရားဝင်ချစ်သူမဖြစ်မချင်း ငါ့ဘက်က တားပိုင်ခွင့်ရှိတယ်။ ဒီလောက်နဲ့ပဲရပ်. . . မျက်လုံးချင်း ရင်ဘတ်ချင်းပဲ စကားပြောနေတော့ ဘာဖြစ်လို့လဲဆိုတော့ နင်တို့နှစ်ယောက်က 'ငါ့လည်း အကြွေးတွေနဲ့ နင့်လည်း ကလေးတွေနဲ့' ဆိုသလို ဘဝတူတွေဖြစ်လို့ ရှေ့ရေးက ငိုပြီး ရင်လေးရလောက်တယ်"

". . ."

"အခြေအနေမလွန်ခင်မှာ အေးဆေးပဲ နေလိုက်။ သူလည်း သူ့ဘာသာသူ ဒီတိုင်းလေး,နေတာကို ဒုက္ခမပေးနဲ့။ နင့်ကိုတားသလိုပဲ အဲဒီနွယ်စိမ်းနဲ့ ငါနဲ့ခင်ရင်လည်း ငါ တားဖြစ်အောင်တားမှာပဲ။ နှထဲဆင်းတော့ နှနစ်ပြီး သေမှာပေါ့။ ရွှေဘုံပေါ်တက်မှ နင့်ဘဝ ရွှေရောင်လက်လာမှာ"

ဖျို့စကားကြောင့် ရဲရင့်နီက Complain မတက်တော့ဘဲ. . .

"ပြဿနာပဲ"

ဟုသာ ညည်း၏။

"ဒီခေတ်ရဲ့လူနေမှုစံနစ်ကြီးကို နင်လည်းသိနေတာပဲ။ တွန်းကိုယ်တဲ့အိုးပျက်မှာဆိုတာတွေ၊ ထမင်းရှေ့အတူလျက်တာတွေ နားထားလာထား အာဘွားပဲ။ ကိုယ့်ချစ်သူကို တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့





မြတ်နိုး တန်ဖိုးထားပြီး ချစ်တယ်ဆိုရင် သူ့ဘဝကို အရောင်တင်ပေးနိုင်မှ အဆင့်မြင့်မြင့်ထားပေးနိုင်မှ လက်ထပ်ပါ ရဲရင့်နီ"

". . ."

"ဒါကြောင့် ငါ့မားသားကြီး Offer ရထားတဲ့ကိစ္စကိုပဲ စဉ်းစားခင် အကောင်းဆုံးဖြစ်လိမ့်မယ်ထင်တယ်။ ပြီးတော့ နင်ရဲ့နွယ်စိမ်းကိုလည်း မွန်းကျပ်တဲ့ဘဝထဲက လွတ်မြောက်အောင် မေမေ့ပါတနာထဲက High boss လူပျိုသိုးကြီးတစ်ယောက်နဲ့ ချိတ်ပေးမယ်"

"ကျွတ်!. . . လမင်းပျိုစင်ရယ်၊ နင်က အတည်ပေါက်လိုလို စသလိုလို နောက်သလိုလိုနဲ့ တကယ်လက်တွေ့လုပ်မယ့်အပေါက်ပါလား"

"ငါ့ဘက်က ကူညီနိုင်တာ ဒီနည်းလမ်းပဲ ရှိတာကိုးဟဲ့။ နင်တို့ဒီလိုဘဝမျိုးက ချက်ချင်းလွတ်မြောက်နိုင်မယ့်ထွက်ပေါက်ကလည်း ဒါပဲ ရှိတာမဟုတ်လား။ ဒါမှလည်း လောကကြီးက တရားမျှတသွားမှာလေ"

"ဒါပေမဲ့ နင် နည်းနည်းတော့ ကိုယ်ချင်းစာကြည့်ဖို့ကောင်းပါတယ်ဟာ။ နင့်ချစ်သူနဲ့နင် ဝေးရရင် ဘယ်လိုနေမလဲ၊ နင့်ချစ်သူ သူများနောက်ကို ပါသွားရင် ဘယ်လိုနေမလဲ"

"နင်ပြောတာကလည်း မှန်ပါတယ်၊ ငါကလည်း နင့်အတွက် တကယ့်စိတ်ရင်းမှန်နဲ့ နည်းလမ်းကောင်းကို ပေးမိတာပါ။ အုံ့ပုန်းချစ်

www.burmeseclassic.com

www.burmeseclassic.com



သူတွေမို့လည်း ထားခွင့်ရှိတယ်ထင်လို့ တားနေတာပါ။ မထူးတဲ့ဘဝ အချင်းချင်းပေါင်းပြီး မရှုးစေချင်ဘူး ရဲရင့်နီ။ နင့်ကိုလည်း မပင်ပန်းစေချင်ဘူး။ နွယ်စိမ်းကိုလည်း မခံစားစေချင်ဘူး''

သည်လိုဆိုပြန်တော့ ရဲရင့် သက်ပြင်းချပြီး ငြိမ်ကျသွားတော့၏။ မြန်မာတွေ ပြောနေကျ 'ပျော်စေ ပျက်စေ' ဆိုသည့်စကားက တကယ်မှန်ပါသည်။ အပျော်ပြောနေကြရာမှ အပျက်ဘက်ကို ရောက်လုပြီ။ နေရင်းထိုင်ရင်း ဘာမှမဟုတ်ဘဲ ပြဿနာတက်ရတော့မည့်အပေါက်ပင်။

''ပြီးတော့ ငါ့ကိုကိုယ်ချင်းမစာတတ်ဘူးလို့ မထင်လိုက်ပါနဲ့။ ငါသာ ကိုယ်ချင်းမစာတတ်ရင် နင်တို့နဲ့တောင် အပေါင်းအသင်းဖြစ်မှာမဟုတ်ဘူး။ ဒီနေရာမှာ Sorry တစ်ခုတော့ နင့်ကိုစရံရိုက်ထားပါရစေ။ ဘာကြောင့်လဲဆိုတော့ နင်နဲ့ငါက ဘဝပေးအခြေအနေချင်းမတူဘူးလေ။ Basic ချင်းမတူတဲ့အတွက် ငါ့ဘဝက ငါဘာလုပ်လုပ်ရတယ်။ ငါ လူတစ်ယောက်ကိုချစ်မိရင် အဲဒီလူကို ရအောင်ယူနိုင်တဲ့ပါဝါတွေ ငါ့မှာရှိတယ်၊ ဒါဆို ငါဘာကိုဆိုလိုတယ်ဆိုတာ နင်ပေါက်မှာပါ''

ဟု ဆက်ပြောမိပြန်တော့ သားအမိသုံးယောက်လုံး၏မျက်နှာတွေ တစ်ပြိုင်တည်းညှိုးငယ်သွားတာကြောင့် ပျို စိတ်မကောင်းဖြစ်ရ





ပြန်သည်။

''ငါနားလည်ပါတယ် ပျိုပျို။ နင်ပြောတဲ့အဓိပ္ပာယ်က ငါ့ရင်ကိုထိပါတယ်။ ငါ့အပေါ်ထားတဲ့စေတနာကိုလည်း တန်ဖိုးထားပါတယ်။ ဒါပေမဲ့ တခြားတော့ ဘာမှလျှောက်မလုပ်ပါနဲ့ဟာ။ နင်စိုးရိမ်တာမျိုးတွေ မဖြစ်အောင် ငါထိန်းပါ့မယ်။ မျက်လုံးချင်း ရင်ဘတ်ချင်းဘဲ စကားပြောနေပါတော့မယ်။ တကယ်. . . ကတိပါ. . . ယုံပါ''

''အေးပါဟယ်. . . ငါတို့ ပျော်စေပျက်စေ ပြောရင်းကနေ စိတ်မကောင်းစရာတွေဘက်ကို ရောက်သွားပြီ။ ငါ့ဘက်ကလည်း ငါကူညီနိုင်တဲ့နည်းလမ်းလေးကို ပြောပြမိတာပါ။ ဒါပေမဲ့. . . အဲ, ကြည့်စမ်း အရားရေ!. . . ခုမှပဲသတိရတော့တယ်၊ စကားကောင်းပြီး မေ့နေလိုက်တာ''

ပျိုသည် ပြောနေရင်းမှ မနက်က စီစဉ်လာတာတစ်ခုကို သတိရသွားပြီး ပျာပျာသလဲပင် အိတ်ဆွဲ၍ ဖုန်းလေးကို ထုတ်ပြလိုက်လေသည်။

''ဒီမှာကြည့်စမ်း ရဲရင့်၊ လောလောဆယ် ငါကူညီနိုင်တာတော့ ဒါပဲ''

''ဖုန်း. . . ဘာလုပ်ရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မနက်စောစောက ပြောခဲ့တာလေ၊ နင့်အတွက် တစ်ခုစီစဉ်ပေးမလို့ဆိုတာ ဒါပေါ့။ ရော့. . . ယူလိုက်"

"ဟာ! နင် ဘာတွေလျှောက်လုပ်ပြန်ပြီလဲ၊ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပါလား။ ဒီလောက်ကြီးထိတော့ ငါမယူရဲပါဘူးဟာ"

"ဟုတ်ပါတယ် သမီးရယ်၊ ကျေးဇူးတွေ ကြီးမားလှပါပြီ။ ဒီလောက်တန်ဖိုးများတာ သားကြီးက လက်ခံဖို့မကောင်းတော့ပါဘူး"

"ဟုတ်ပါတယ် မမ၊ အထွေအထူးလည်း သုံးစရာမှမလိုတာ"

"ဘယ်ဟုတ်ပါ့မလဲ, လိုတာပေါ့၊ ဒီခေတ်မှာ လူတစ်ယောက် ဖုန်းတစ်လုံး မကိုင်နိုင်သေးရင်တောင် အိမ်တစ်အိမ်မှာ ဖုန်းတစ်လုံးတော့ ရှိရမှာပေါ့။ အထူးသဖြင့် နင်နဲ့ငါ ဒီလောက်ရင်းနှီးနေတာ၊ ဖုန်းအဆက်အသွယ် အမြဲတမ်းလွယ်နေဖို့ လိုတယ်လေ။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့ဟာ။ နင်တို့ကို ငါက ကူညီသလို ငါ့ကိုလည်း နင်ကူညီတာတွေ ရှိတာပဲ။ ပြီးတော့ ငါက အချိန်မရွေး ပြောစရာရှိတာ လှမ်းပြောချင်တတ်တာဆိုတော့ နင့်မှာ ရှိမှဖြစ်မှာ။ ရော့. . . ယူ"

ပျို့က ထိုးပေးတော့ ရဲရင့်နီက အင်တင်တင်နှင့် ခေါင်းကုတ်ရမလို သက်ပြင်းပဲ ချရမလိုနှင့် အားနာပါးနာဖြစ်နေသေးသည်။ ပျို့ကလည်း သိပ်စိတ်ရှည်တာမဟုတ်။





"ယူလိုက်စမ်းပါ ရဲရင့်နီရယ်၊ ငါပေးရင် ယူကောင်းပါတယ်။ ...ဒို့အကြောင်းကို သိတယ်နော်၊ ပေးရင် ယူမှကြိုက်တာ။ မယူရင် ...မြောင်းထဲကို ချက်ချင်းလွှတ်ပစ်လိုက်မယ်"

"ကဲပါ သားရယ်၊ သမီးက အားလုံးကောင်းဖို့ စီစဉ်ပေးတာပဲ။ ...ယူလိုက်ပါ. . . သမီးမှာ သားနဲ့ဆက်သွယ်ဖို့ဆိုတာ လွယ်တာမဟုတ်...ဘူး လာပြန်တော့လည်း အဝေးကြီးပဲ။ ဒီလိုမှ အဆင်ပြေမှာပေါ့"

ပြောရင် ပြောသလိုလုပ်တတ်သော ပျို့အကျင့်ကြောင့် ရဲရင့်...၏ ဝင်ဟန့်လိုက်မှ ကိုယ်တော်ချောက ယူတော်မူလေ၏။ ဒါတောင်...ဘာ နည်းနည်းပေးချင်သေးသည်။

"လူချင်းတွေ့မှ နားပူရတာ မဟုတ်တော့ဘူးမေမေရေ၊ ဒီနေ...ကြီး ဖုန်းနဲ့ပါ နားပူအောင်လုပ်တော့မှာ။ ကဲ, ကျေနပ်ပြီမို့လား။ ဒါ...နဲ့ နင့်ဟန်းဆက်အထာကို ပြဦးလေ"

"ဩော်, ဟုတ်သားပဲ၊ နင်က ကုမ္ပဏီမှာ ကိုင်လေ့ကိုင်ထရှိ...ဆိုတော့ ခဏပြရင် ရပါတယ်။ ညီမလေးကသာ မသိသေးတာဆို...တော့ တစ်ခါတည်းပဲ ဝင်သင်လိုက်။ လာ. . ."

ပြောပြောဆိုဆို သုံးယောက်သား ခေါင်းချင်းဆိုင်၍ CDMA 450 MHZ ဖုန်းအမျိုးအစားဖြစ်သည့် NOKIA ဟန်းဆက်လေး...



www.burmeseclassic.com

www.burmeseclassic.com



သဘောတရားကို သင်ပြပေးလိုက်တော့သည်။ လက်မမျိုးဆက်ဖြစ်နေတာမို့ ခေတ်လူငယ်တွေပီပီ အိမ်က ဘွားတော်နှစ်ယောက်လို အာရုံနောက်အောင် မသင်လိုက်ရ။

"အိုခေ. . . ဒီလောက်ဆို ရပြီနော်၊ သုံးရင်းနဲ့ ကျွမ်းသွားလိမ့်မယ်။ ကဲ၊ ငါပြန်တော့မယ် ရဲရင့်နီ၊ ညီမလေးရော၊ အန်တီရောနော်။ ဒီနေ့ ဒီအချိန်ကစပြီး ဘာအကြောင်းပဲရှိရှိ ဘာအခက်အခဲပဲရှိရှိ အားမနာတမ်း ဆက်ပေတော့။ ဖုန်းဘေလ်လည်း မပူနဲ့. . . စိစဥ်ပေးမှာ"

ဟုပြောပြီး ပျို့က ပြန်ဖို့ပြင်လေရာ၊ မိသားစုအားလုံး အိမ်ရှေ့ထိ လိုက်ပို့ပေးလေသည်။ ကားပေါ်မတက်ခင်မှာ. . .

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ သဘောမနော ဖြူစင်တဲ့ လမင်းပျို့စင်လေး လိုရာဆန္ဒတွေအားလုံး ပြည့်ဝပါစေလို့ အန်တီ ဆုတောင်းပေးနေပါ့မယ်။ နောက်ပြီး ဘယ်နေ့ ဘယ်အချိန်ပဲဖြစ်ဖြစ် ဒီလိုမျိုး ထမင်းလာစားဖို့ အာရုံရပြီဆိုရင် ဖုန်းကြိုဆက်လိုက်။ အန်တီ အကောင်းဆုံး ချက်ထားပေးမယ်နော်"

"ညီမလေးကလည်း ကျေးဇူးအများကြီးတင်ပါတယ် မမ။ ညီမလေးတို့မိသားစုအပေါ် အစစအရာရာမှာ အဆင်ပြေအောင် စီစဥ်ပေးတဲ့အတွက် မမ ဒီ့ထက်မက ပျော်ရွှင်ပါစေ၊ အောင်မြင်မှုတွေ အများ





ကြီး ရှိပါစေလို့ ဆုတောင်းပါတယ်"

စသဖြင့် ပျို့၏ကူညီဆောင်မမှုတွေအတွက် ထုံးစံအတိုင်း ဆုတောင်းမေတ္တာပို့သမှုတွေ ပြုလုပ်နေသေးသည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ၊ ရဲရင့်ကရော ဒီတစ်ခါ ငါ့ကိုဘယ်လို ဆုတောင်းပေးဦးမှာလဲ"

"ဆုတောင်းပေးရမှာပေါ့ဟ၊ ဒီတစ်ခါ တစ်ခါမှမပေးဖူးသေးတဲ့ ဆုတောင်းနည်းလေးတစ်ခုကို ပေးလိုက်မယ်။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ အပျို့မ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ချစ်တဲ့သူနဲ့ [illegible]ပါစေ. . . ကိုယ်ချစ်တဲ့သူကို ရအောင်ယူနိုင်ပါစေလို့"

"ဟင်း. . . နင့်ဆုတောင်းကြီးကလည်း ငါ့မှာ ချစ်သူမှမရှိတာ"

"တစ်နေ့နေ့မှာ ရှိမလာဘူးလို့ ပြောနိုင်လို့လား"

"အေးလေ၊ နင်ပြောသလို တစ်နေ့နေ့တစ်ချိန်ချိန်မှာဆိုရင်တော့ [illegible]ဖြစ်လာမှာပေါ့။ အိုခေ. . . စောင့်ကြည့်နေ ရဲရင့်၊ နင်ဆုတောင်း[illegible] လုံးဝပြည့်စေရမယ်။ ငါတကယ်ချစ်တဲ့သူတွေ့ပြီဆိုရင် ဆင်းရဲ[illegible]မရွေး ရအောင်ယူမှာ။ တစ်ခုတော့ရှိတယ်. . . အဲဒီချစ်သူက [illegible]သူဌေးတစ်ယောက် ဖြစ်နေရင်တော့ 'နောနော်' ပေါ့"

ဟု ပျို့က ဘေးလူ အသည်းယားအောင် မြောက်ကြွကြွလေး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကားထဲဝင်ထိုင်လိုက်လျှင် သူတို့အားလုံးက 'တာ့တာ. . . ဘိုင့်ဘိုင်' တွေ လုပ်ကြလေသည်။ ထိုအချိန်မှာ ပျို့က ကားစက်နှိုးပြီး ဖုန်းကိုစမ်းသပ်လိုက်ရာ ရဲရင့်အကျီအိတ်ထဲမှ ဖုန်းခေါ်သံ Ring tone ဖြစ်သည့် ယောကျ်ားတစ်ယောက် ဟားတိုက်ရယ်သံကြီး ထွက်လာလေသတည်း။

"ဟား ဟား ဟား . . . ဟား ဟား ဟား"

"ဟာ! ဘာလဲဟ"

ရဲရင့်နီ ရှတ်တရက်လန့်သွားပုံ။

"အမယ်လေး. . . ဘယ်ကရယ်သံကြီးတုန်း ဘာဖြစ်တာတုန်း"

ရဲရင့်မေမေကလည်း အလန့်တကြားနှင့် ပတ်ချာလည်ပြီး ရှာပုံ

"ဟာ. . . ကိုကြီးကလည်း ယောင်နနလုပ်နေပြန်ပြီ၊ မေမေကလည်း ဘာကြောက်နေတာလဲ၊ အဲဒါ ကိုကြီးဆီ ဖုန်းဝင်လာတာ"

ဟု ရဲရင့်ညီမလေး အော်လိုက်ပုံ။

စသဖြင့် သားအမိသုံးယောက် ပျာပျာသလဲဖြစ်သွားပုံတွေကို ပျို့ကြည့်ပြီး တခစ်ခစ်ရယ်ရင်း မောင်းထွက်ခဲ့တော့သည်။

ခဏာနေမှ ပျို့နားထောင်လိုက်တော့. . .

"ဟလို. . . အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ရဲရင့်နီပါ"



"ဟဲ့, ရဲရင့်၊ ငါပါဟ။ လမင်းပျိုစင် လမင်းပျိုစင်. . . နှင့်ဖုန်းကို ငါအရင်ဆုံး မခေါ်လို့ ဘယ်သူခေါ်မှာတုန်း"

"ဟား!. . . ကြည့်စမ်း။ နင် တကယ်နောက်တယ်ဟာ"

"ဒီလောက်တောင် သတိလက်လွတ်ဖြစ်ရသလား ရဲရင့်နီရယ်။ ခေတ်လူငယ်မဟုတ်တဲ့အတိုင်းပဲ၊ Display ကို အရင်ဆုံးကြည့်ပါလား ဟဲ့. . . အေ ချောကလေးရဲ့"

"သေလိုက်ပါတော့ဟာ၊ ငါ နင့်အပေါ်ကို အားနာတာတွေရော ရှက်တာတွေရော အားလုံးရောပြီး ခံလိုက်ရပြီဟေ့"

"ဟင်း. . . မသိဘူးများ မှတ်နေလား။ နွယ်စိမ်းအကြောင်းပြောပြီး ထူပူနေတာကို"

"မဟုတ်ပါဘူးဟ, နင်ကလည်း ရုတ်တရက်ကြီးဆိုတော့"

"ကဲပါ, ထားပါတော့၊ ဘယ်လိုလဲ ပြောရတာ အိုခေရဲ့လား"

"အိုကေတယ်, အိုကေတယ်"

"ဟယ်လို, ကြားလား"

"ကြားတယ်. . . ကြားတယ်"

"ဟယ်လို, မိုက်တယ်လား။ ဟေး! ယူ ကြားလား ဟေး! ယူ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"သေပြီဆရာ၊ ခံရပြန်ပြီဟော့"

"ဟား ဟား ဟား"

ပျိုသည် စိုင်းစိုင်း၏ 'ခင်ကြီးကျယ်'ထဲမှ နန်းဆုရတီစိုး စတိုင်လ် လိုပြောပြီး တဟားဟားအော်ရယ်ရင်း ဖုန်းပိတ်လိုက်လေ၏။ ရဲရင့်နီက တော့ အုကြောင်ကြောင်နှင့် ဘယ်လိုဖြစ်ကျန်ခဲ့သလဲမသိပါ။ ပျိုကတော့ ရဲရင့်နီတို့အိမ်သို့ ရောက်ခဲ့ရသည့်အခေါက်တွေထဲတွင် ဒီတစ်ခေါက်ကို တော့ အပျော်ဆုံးအခေါက်ဟု သတ်မှတ်လိုက်မိလေသည်။

အလွန်ရိုးသော၊ အလွန်အေးသော၊ အလွန်အရှက်အကြောက် ကြီးတတ်သော ထိုမိသားစုစရိုက်က တစ်ခါတစ်ရံ ရိုးလွန်းရာမှတစ်ဆင့် အုကြောင်ကြောင်ဖြစ်သွားတတ်ပုံလေးတွေကလည်း ပျို့အတွက် ရယ် စရာကောင်းနေသေးတော့သည်။

ထိုပျော်ရွှင်စရာများထဲမှ ပျို့ရင်မှာ အမှတ်တရဖြစ်ကျန်ခဲ့တာ ကတော့ ရဲရင့်နီ ထုးထူးဆန်းဆန်းပေးလိုက်သော ဆုတောင်းမေတ္တာ လေးပင် ဖြစ်ပါသည်။

**(ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့ အပျိုမ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ချစ်တဲ့သူနဲ့ ညားပါစေ...ကိုယ်ချစ်တဲ့သူကို ရအောင်ယူနိုင်ပါ စေ)** တဲ့။





ချစ်သူမရှိသေးဘဲနှင့် တစ်ခါမှ မပေးစဖူး ပေးလိုက်သည့်ဆု ဘစ်ခုမို့ ပျို့နားထဲမှာ အထူးတလည်ပြန်ကြားယောင်ပြီး ပြုံးနေမိလေ ၏။

အင်း. . . ဘဝဆိုတာ ကိုယ်လုပ်ချင်တာမှန်သမျှ လုပ်လို့ရနေ ရင် အမြဲတမ်းပျော်စရာကောင်းနေတတ်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

### တကယ်ဆို အချစ်ပါ ဆိုတယ်

သူ ကားပေါ်က ဆင်းလိုက်စဉ်မှာ ကားနားထိ ထူးထူးဆန်းဆန်း လာကြိုနေသောချစ်သူမလေးကို သူ၏ချစ်သက်လက်ဆောင် နှင်းဆီပန်း စည်းကြီး ထိုးပေးလိုက်လေသည်။

"ဟာ. . . လှလိုက်တာ ကိုထက်ရယ်"

"ကြိုက်လား"

"အင်း. . . ကြိုက်တာပေါ့၊ ကိုထက် လက်ဆောင်ပေးတဲ့ပစ္စည်း တွေထဲမှာ ဒီနေ့ပေးတဲ့လက်ဆောင်ကို အကြိုက်ဆုံးပဲ။ ပြီးတော့ ကို ထက်ကလည်း ဒီနေ့မှ အရင်နေ့တွေထက် ပိုလန်းနေသလိုထင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း!. . . သက်လျှာ စကားပြောတတ်လာပြီပဲ။ အတူတွေ့ခဲ့တဲ့ရက်တွေလည်း မနည်းတော့ဘူး။ တွေ့တိုင်း ကိုယ့်ဒီဇိုင်းက လန်းပြီးသားပါ။ ဒီနေ့မှပဲ သတိထားမိရသလား"

"မဟုတ်ပါဘူး။ သက်လျှာရဲ့မျက်စိထဲမှာ ဒီနေ့ စတိုင်လ်လေးက ပိုပြီးလူငယ်ဆန်တယ်လို့ ထင်ရလို့ပါ"

ဟုပြောတာမို့ သူက ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်နှိုက်ပြီး ခြေဖျားလေး,ထောက်၍ မြှောက်ကြွကြွလေး လုပ်ပြလိုက်တာကြောင့် သက်လျှာက ပါးချိုင့်လေးတွေ ခွက်ဝင်သွားတဲ့ထိ ရယ်လေသည်။ သူ ဒီနေ့ဝတ်လာသည့်ဒီဇိုင်းက မိုးရာသီဖက်ရှင် ဟုပင် ပြောလေမလား။

မနက်က မိုးစက်မှုန်လေးတွေ တဖွဲဖွဲကျနေ၍ ဘောင်းဘီရော, ဖိနပ်ရော, ဂျာကင်ရော, Zara အမည်းရောင်တွေဖြစ်ပြီး အတွင်း T shirt က Armani EXchange AIx အဖြူရောင်လေး ဖြစ်နေတာကြောင့် သက်လျှာရဲ့မျက်စိထဲမှာ အသစ်အဆန်းအဖြစ် ငြိတွယ်သွားခဲ့တာဖြစ်လိမ့်မည်။ ထိုဖက်ရှင်မျိုးက သက်လျှာမှမဟုတ်ပါ။ လူငယ်အများစုအာရုံကျသော ဒီဇိုင်းမျိုးဖြစ်ပါသည်။

"သက်လျှာကတော့ ကိုယ့်မျက်စိထဲမှာ ဒီနေ့မှမဟုတ်ဘူး။ နေ့တိုင်းနေ့တိုင်း အရမ်းလှပြီး ကျက်သရေကို ရှိနေတာပါ"





"Thank you... ပါ"

ဆိုပြီး နှင်းဆီပန်းတွေကို ခပ်ရွရွလေး ငုံ့မွှေးလိုက်ပုံကလည်း သူ့အတွက်တော့ မရိုးနိုင်သည့်ရင်ခုန်ခံစားမှုလေးပင်။ သူမရဲ့ဘဝါရမိ ကံထူးပြီး အလှကျူးပုံက ဘယ်အချိန် ဘယ်အခါပဲကြည့်ကြည့်၊ အိပ်နေတုန်းမှာပင် ပုံမှန်လှမြဲလှနေတတ်သလို ဆံပင်ရှည်တွေကလည်း လက်ဘလော ဖြီးသင်ထားသည့်အလား သေသေသပ်သပ် ကန့်ကလျ ကျဆင်းနေတတ်တာက အမြဲလိုလို မင်းသမီးလေးတစ်ပါးလို ဖြစ်နေသည်။

တွေ့တိုင်းလည်း ပိတ်စအရောင်အသွေးမျိုးစုံကို ဝမ်းဆက်ဒီဇိုင်း သုလုံလေးတွေ တီထွင်ပြီး အဆက်ဆရိလေးတွေနှင့် ပုံဖော်ဝတ်တတ်ပုံက သူ့မျက်စိထဲမှာ အစဉ်ထာဝရ ကျက်သရေရှိရှိ ဖွံ့ငြိနေတော့၏။

"အရမ်းလှတာပဲ သက်လျှာ၊ ပန်းလေးတွေကို မွှေးနေတဲ့ပုံက ပန်းချီကားတစ်ချပ်လို ခံစားမိတယ်"

"ကိုထက်က သက်လျှာနဲ့တွေ့တိုင်း သက်လျှာအလှကို တစ်နေ့တစ်မျိုး မရိုးရအောင် ပြောပြတတ်တယ်နော်၊ ဒီလောက်အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်နေတာ သက်လျှာ, နေတောင်မနေတတ်တော့ဘူး"

"ကိုယ်က အရင်စပြီးချစ်ရတဲ့သူပဲကွာ၊ ဒီလောက်ကတော့ ပါးစေလေးပါ။ ကိုယ့်ဘွားဘွားက ဘာတွေပြောလိုက်တယ်ထင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဘွားဘွားက ဘာပြောမလဲဆိုတော့ ဒီလိုအချိန်မျိုးမှာ ပြောတတ်တာမျိုးက မင်္ဂလာကိစ္စနဲ့ပတ်သက်တာတွေပဲ ဖြစ်မှာပေါ့"

"အိုခေ. . . ဆက်နွယ်နေတယ်ပဲ ဆိုပါတော့။ နေ့တိုင်းညတိုင်း သက်လျာလေးရဲ့အကြောင်းကိုပဲ ပြောပြနေတာ မမောနိုင်သေးဘူးလားတဲ့။ မမောနိုင်ပါဘူးလို့"

". . ."

"ညက ဖုန်းပြောတာ ဘယ်လောက်တောင် ကြာသွားသလဲတဲ့။ တစ်နာရီလောက်ပဲ ကြာတာပါလို့"

". . ."

"ကောင်းကောင်းရော အိပ်ပျော်ရဲ့လားတဲ့။ အိပ်ပျော်ပါတယ်လို့"

". . ."

"အခြေအနေကော တိုးတက်မှုရှိရဲ့လားတဲ့။ သားလိုချင်တာကတော့ မရသေးဘူး. . . ရင်းနှီးမှုတော့ ပိုလာပါတယ်လို့၊ အခြေအနေတိုးတက်လာပါလိမ့်မယ်လို့ ပြောလိုက်တယ်"

သူ့စကားအဆုံး နှုတ်ခမ်းလေး တင်းတင်းစေ့လျက် ပြုံးပြုံးလေးနားထောင်နေသောသက်လျာက တခစ်ခစ်ရယ်လေတော့သည်။





"ဘာရယ်တာလဲ"

"မြေးအဘွားနှစ်ယောက်ကို သဘောကျလို့ပါ။ ဘွားဘွားက သူ့မြေးကြီး မိုးထက်မင်းမှုကို ကလေးလိုသဘောထားတုန်းပဲနော်။ အရမ်းချစ်တာပဲ။ အဲဒီတော့ ဘွားဘွားက ဘာပြန်ပြောလဲဟင်"

"အိုကေ. . . တစ်နေ့တော့ ရလာမှာပေါ့တဲ့။ သားက ငယ်ငယ်လေးကတည်းက ကံကောင်းမှုတွေနဲ့ ကြီးပြင်းခဲ့တဲ့သူပဲတဲ့။ ကိုယ် အဲဒီစကားကိုတော့ ယုံလိုက်တယ်ကွ၊ ဘွားဘွားပြောသလို သက်လျာက ကိုယ်လိုချင်တဲ့အချစ်ကို ပေးတော့မှာမို့လား"

ဟု သူက သက်လျာမျက်နှာကိုစိုက်ကြည့်ပြီး ပြောလိုက်စဉ်. . .

"ဟော. . . သားရောက်နေပြီလား"

ဆိုသည့် ပေါ်တီကိုအောက်မှ သက်လျာမာမီ၏အသံ ထွက်လာသကြောင့် သူနှင့်သက်လျာ စကားစပြတ်သွားရလေသည်။

"ဟုတ်. . . ခုလေးပဲ ရောက်တာပါ မာမီ"

"ဒါကြောင့် သမီးဘယ်ပျောက်သွားပါလိမ့်လို့။ ကြည့်စမ်းပါဦး နှစ်ယောက်သား စကားကောင်းနေလိုက်ကြတာ။ အိမ်ထဲခေါ်ပါ သမီးရဲ့ ဒီနေ့ မိုးအေးတယ်. . . မနက်ကတောင် တဖွဲဖွဲကျနေတာ။ တော်ကြာ မင်္ဂလာပွဲမဖြစ်ခင် ချူချာနေကြပါဦးမယ်ကွယ်။ လာ, သား"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို လှမ်းခေါ်နေတာမို့ သူတို့နှစ်ယောက် ဝင်လာခဲ့ရတော့သည်။ ညှော်ခန်းထဲရောက်တော့ စားပွဲပေါ်မှာ Slim bag တွေ ဘာတွေနှင့် မာမီက အပြင်ထွက်မယ့်ဒီဇိုင်းမျိုးဖြစ်နေ၏။

"ဒီမှာကြည့်ပါဦး မာမီ၊ ကိုထက်ပေးတာ, မလှဘူးလား"

"အို, ဟုတ်သားပဲ၊ လှလိုက်တာ သမီးရယ်။ ပါကင်လုပ်ထားတာလေးကလည်း ချစ်စရာလေး။ သားက သမီးအတွက်ဆိုရင် လက်ဆောင်ပစ္စည်းလေးတွေ တစ်နေ့တစ်မျိုး မရိုးရအောင်ပါပဲလား"

"ဒါပေါ့ မာမီရဲ့၊ သက်လျှာက လှလှလေးဆိုတော့ လက်ဆောင်ပစ္စည်းဆိုလည်း လှမှကြိုက်မှာလေ"

"သားကရော ဘာထူးလို့လဲ၊ လက်ဆောင်ပစ္စည်းလေးတွေကလည်း လှသလို သားပုံစံလေးကလည်း အိမ်ထောင်ဦးစီးဖြစ်ခါနီးကျမှ အစွမ်းကုန်နေပြီး သန့်နေလိုက်တာ. . . ကလေးအထာကို မပျောက်ဘူး။ ဘွားဘွားဒေါ်ခင်နွဲ့မှုကြီးကတော့ မြေးလေးအတွက် လှမ်းလောက်စရာတွေ, နမြောစရာတွေတော့ ဖြစ်ကုန်ပြီထင်ပါရဲ့ကွယ်"

"မဟုတ်တာ မာမီကလည်း၊ ဘွားဘွားက အိပ်ရာနိုးပြီဆိုရင် မင်္ဂလာရက်ကိုပဲ နေ့တိုင်း လက်ချိုးတွက်နေတာ၊ မြန်မြန်ပြီးချင်လှပြီတဲ့။ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ဆိုတာက ကလေးအထာတော့ သိပ်





မပျောက်ချင်တတ်သေးဘူးတဲ့မာမီရဲ့။ မာမီတောင် သားအပေါ်ကို ဒီလိုမြင်တတ်သေးရင် သက်လျှာအတွက်ဆို မာမီတို့မိသားစု ဘယ်လောက်နမြောလိုက်မလဲ"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ မင်္ဂလာဆောင်ခါနီးမို့လို့ နှစ်ဖက်လုံးက ကြည့်မဝရှုမဝဖြစ်နေကြတာမျိုးပါ။ ဘာလိုလိုနဲ့ ခင်လာရက်က တဖြည်းဖြည်းနီးလာပြီနော်၊ ခုလို လူချင်းတွေ့ပြီး စကားပြောတာ အကြောင်းမဟုတ်ဘူး။ ညဘက် ဖုန်းအကြာကြီးပြောတာကိုတော့ ဆင်ခြင်ဦး။ နှစ်ယောက်လုံးက ပိုးမွေးသလို မွေးလာရတဲ့ကလေးတွေဆိုတော့ ခုချိန်မှာ အစားအအိပ်ကအစ အထိအခိုက်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ မာမီ၊ ဆင်ခြင်ပါ့မယ်။ ဘွားဘွားကလည်း ဒီလိုပဲပြောပါတယ်။ ဒါနဲ့ မာမီက အပြင်ထွက်မယ့်ဒီဇိုင်းပဲ။ ဘယ်သွားမှာပါလဲခင်ဗျာ။ သားလိုက်ပို့လို့ရရင် ပို့ပေးချင်ပါတယ်"

"ကျေးဇူးတင်ပါတယ် သားရယ်၊ သားဘွားဘွားက ခုနလေးပဲ ဖုန်းဆက်လို့လေ၊ ပစ္စည်းတစ်ခု ကြည့်စရာရှိတယ်ဆိုတာနဲ့ သွားရမှာ။ အိမ်မှာ ဒရိုင်ဘာရှိပါတယ် သားရဲ့။ သားနဲ့သမီး လွတ်လွတ်လပ်လပ်သာ စကားပြောနေကြ"

"ဒါဆိုရင် မင်္ဂလာပွဲအတွက် လိုအပ်မယ်ထင်တာလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားနဲ့တွေ့ရင် ပြောပြပေးပါ မာမီ၊ ဘွားဘွားက သားကို မှာလိုက်လို့ပါ။ မာမီရော သက်လျာရော စဉ်းစားလို့ရတာလေးတွေကို ဘွားဘွားဆီ တစ်ခုချင်း အဆက်မပြတ်သတင်းပို့ပေးစေချင်ပါတယ်။ ဘွားဘွားကတော့ ဘာမှလိုလေသေးမရှိအောင် အကောင်းဆုံးစီစဉ်နေတာပါ''

''ဘာမှမလိုပါဘူး သားရယ်. . . မလိုပါဘူး။ မာမီတို့ ဘာမှစဉ်းစားစရာမလိုအောင်ဘဲ သားရဲ့ဘွားဘွားက စေ့စပ်သေချာပြီးသားပါ။ စက်ဘုက ပို့လိုက်တဲ့ ခန်းဝင်ပစ္စည်းတွေကလည်း ရှယ်တကာ့ရှယ်တွေပဲဟာ။ သားလည်း ဒီကိစ္စတွေကို သိပ်အာရုံမစိုက်နဲ့၊ လူကြီးတွေက အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးသွားမှာ။ သားနဲ့သမီးသာ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေးရှိဖို့ ဂရုစိုက်''

''ဟုတ်ကဲ့ပါ မာမီ''

''ကဲ, မာမီ သွားမယ်၊ သမီး. . . မာမီပြောတာ ကြားတယ်နော်၊ သားစိတ်အနှောက်အယှက်ဖြစ်မှာမျိုးတွေ မလုပ်မိစေနဲ့။ ဗိုက်ဆာရင် အတူတူစားနှင့်ကြ။ တစ်ခုခုစားချင်ရင်လည်း အဒေါ်ကြီးကို လုပ်ခိုင်းဟုတ်ပြီလား''

''ဟုတ်''

မာမီက ပြောပြောဆိုဆို ရှေ့မှဦးဆောင်ထွက်သွားလေရာ သူ





သို့လည်း ဒရိုင်ဘာအဆင်သင့်စောင့်နေသော်ကားဆီ လိုက်ပို့လိုက်ကြပြီး လက်ပြကျန်ခဲ့တော့သည်။ ပြီးမှ သူ သက်လျာပခုံးလေးကို ခပ်ဖွဖွဖက်၍ ပြောလိုက်မိသည်။

''တွေ့လား သက်လျာ၊ မာမီက မှာသွားတယ်နော်၊ ကိုယ်စိတ်အနှောက်အယှက်ဖြစ်မှာမျိုးတွေ မလုပ်မိပါစေနဲ့တဲ့။ ကိုယ့်ကိုလည်း မင်းနဲ့ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေးရှိဖို့ ဂရုစိုက်တဲ့''

''သက်လျာက ကိုထက် စိတ်အနှောက်အယှက်ဖြစ်မှာမျိုးတွေ ဘာလုပ်မိလို့လဲ၊ ပြီးတော့ နှစ်ဖက်ဆွေမျိုးတွေအားလုံးလည်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြစ်နေကြပြီပဲ။ ကိုထက်နဲ့သက်လျာလည်း ခုပဲ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ရှိနေတာပဲမှလား''

''မဟုတ်ဘူးလေ. . . အဲဒါတွေက လူကြီးမိဘတွေကြောင့် ဖြစ်လာတဲ့ ချစ်ခင်နွေးထွေးမှု၊ ကိုယ်လိုချင်တာက ကိုယ်တို့နှစ်ယောက်ကြောင့် ဖြစ်ပေါ်လာတဲ့ ချစ်ခင်နွေးထွေးမှု၊ အိုခေ. . . ကိုယ် မင်းကို ဒီလောက်အသည်းအသန်ချစ်နေတာတောင် နည်းနည်းလေးမှ ပြန်မချစ်နိုင်သေးဘူးလား၊ စောစောကစကား ပြန်ဆက်ရအောင်''

''အင်း. . . သက်လျာလည်း ကိုထက်ကို အချစ်အကြောင်းဆွေးနွေးချင်နေတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်!...ထူးထူးဆန်းဆန်း။ မီးမီးခဲရဲ့ 'အချစ်ကိုသိချိန်' လား...တင်ဇာမော်ရဲ့ 'အချစ်ကျောင်းသူ'လား"

"အချစ်ကိုသိဖို့ အချစ်ကျောင်းသူလုပ်မလို့"

"ဟား ဟား ဟား...ဒါဆိုရင် အချစ်နည်းပြသင်တန်းတစ်ခု တော့ သွားတက်မှဖြစ်လိမ့်မယ်။ ကိုယ်က အချစ်နည်းပြဆရာကြီးမှ မဟုတ်တာ။ သက်လျာကိုချစ်တာပဲ သိတာလေ"

"ကိုထက် သိသလောက်ပဲ သက်လျာသိရရင် ကျေနပ်ပါတယ်။ သက်လျာတို့ ဒီခြံထဲမှာပဲ ပန်းပင်လေးတွေကြည့်ရင်း စကားပြောကြ ရအောင်နော်"

"အိုခေ..."

သူတို့နှစ်ယောက် စကားတပြောပြောနှင့် လျှောက်လာကြရင်း နှင်းဆီပန်းခင်းတွေနှင့် သစ်ခွပန်းအိုးတန်းတွေရှိရာကို ရောက်လာကြ သည်။ သက်လျာ၏အလှက ပန်းတောထဲရောက်မှ ပိုအထင်ကရရှိပြီး ရုပ်ရှင်တစ်ခန်းပဲ ရိုက်နေသလို MTV သီချင်းတစ်ပုဒ်ပဲ သရုပ်ဆောင် နေသလို ထင်ယောင်ထင်မှားဖြစ်ရချေ၏။

သူ့အတွက်တော့ သူမဆီမှ ချစ်အဖြေကို မရသေးတာကလွဲ၍ ဒီလိုရဲရဲတင်းတင်းနေထိုင်မှုတွေ၊ လွတ်လွတ်လပ်လပ်ပြောဆိုတတ်တာ



တွေ၊ အချိန်မရွေး ဝင်ထွက်သွားလာမှု လုပ်တတ်တာတွေက အဆန်း မဟုတ်တော့ပါ။

ပို့ပြီး ရဲတင်းလွတ်လပ်စေခဲ့တာကတော့ နှစ်ဖက်မိသားစုအား လုံး မင်္ဂလာကိစ္စနှင့်ပတ်သက်ပြီး တိုင်ပင်မှုတွေ၊ ဆွေးနွေးမှုတွေ၊ ညှိ နှိုင်းမှုတွေ တရုန်းရုန်းလုပ်ခဲ့ကြရာမှ နွေးထွေးချစ်ခင်မှုတွေ အပြည့်အဝ ရှိသွားကြပြီး တစ်သွေးတည်း တစ်သားတည်း တစ်မိသားစုတည်းလို ဖြစ်ခဲ့သောကြောင့်ပင်။

ဒါကြောင့် သူတို့နှစ်ယောက်ဘဝကို ပန်းခင်းလမ်းလို သာယာ လှပသည့်ဘဝဟု အားလုံးက သတ်မှတ်ပေးထားခဲ့ကြတာဖြစ်သည်။ ဒါ သော့ တကယ်သာယာလှပသော ပန်းခင်းထားသည့်ဘဝခရီးလမ်းအစစ် အမှန်ဖြစ်ဖို့အတွက် 'အချစ်'တစ်ခု လိုနေသေးသည်ဆိုတာကိုတော့ ဘယ်သူမှ မသိကြသေး။

"သက်လျာ...ဒီနှင်းဆီပန်းခင်းနဲ့ သစ်ခွပန်းအိုးတွေကို ပြင် ထားတဲ့ဒီဇိုင်းက အရမ်းလန်းတယ်၊ သက်လျာရဲ့အလှကို ပိုလှသွား အောင် ပံ့ပိုးပေးလိုက်သလိုပဲ။ ဘယ်သူ့အိုင်ဒီယာလဲ"

"သက်လျာရဲ့ အိုင်ဒီယာလေ၊ သက်လျာက ဒီလိုဒီလိုပုံစံမျိုး လေးနဲ့ ခြံထဲမှာ နေချင်ပါတယ်လို့ မာမီ့ကိုပြောလိုက်တော့ မာမီနဲ့ အစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေက ဒီလိုဒီလိုမျိုးဖြစ်အောင် ချက်ချင်းပဲလုပ်ပေးခဲ့တာ''

''သက်လျာရဲ့ဘဝက အရမ်းကံကောင်းတယ်နော်၊ မာမီချစ်ပုံက တချို့မိဘတွေထက်ပိုသလို အစ်ကိုတွေ ချစ်ပုံကလည်း တချို့အစ်ကိုတွေထက် ပိုသလိုပဲ၊ ဘဝမှာ လိုချင်တာရလို့ ကြည်နူးရတာထက် အားလုံးက ဝိုင်းချစ်တာကိုခံရလို့ ကြည်နူးရတာက ပိုအရသာရှိတယ်''

''တကယ်. . .''

''တကယ်ပေါ့၊ မယုံဘူးလား''

''မယုံတာ မဟုတ်ဘူး၊ မခံစားဘူးလို့ပါ။ ကိုထက်က ဘယ်လို ဥပမာမျိုးနဲ့ အပိုင်ပြောနိုင်တာလဲ''

''Example က မိုးထက်မင်းမှုပေါ့၊ ကိုယ့်မှာ ခံစားချက်လေး တစ်ခုရှိတယ် သက်လျာရဲ့။ အဲဒါ ဘာလဲဆိုတော့. . . ကိုယ်ဟာ ဘယ်လောက်ပဲ ကံကောင်းကောင်း, ဘယ်လောက်ပဲ လိုချင်တာတွေ ရရ ဘွားဘွားကလည်း အချစ်တွေ ဘယ်လောက်ပဲပုံပေးပေး, သက်လျာလို မိစစ် ဖစစ် မောင်နှမစစ်တွေရဲ့ ချစ်ခြင်းမေတ္တာမျိုးကို မခံစားခဲ့ရတော့ ပစ္စည်းဥစ္စာရဖို့ထက် ချစ်ခြင်းမေတ္တာရဖို့ကိုပဲ အာရုံစိုက်တယ်။ ဒါကြောင့် အချစ်ဆိုတာကို ကိုယ်က အရမ်းဂရုစိုက်တာ၊ အရမ်းတန်ဖိုးထားတာ''





''အင်း. . .''

''ဒါကြောင့်လည်း သက်လျာဟာ မကြာခင်မှာ ကိုယ့်ရဲ့ဇနီးတစ်ယောက် ဖြစ်တော့မယ်ဆိုတာ သေချာသိနေရဲ့သားနဲ့ သက်လျာဆီက အချစ်ကို သေချာဂရုစိုက်ပြီး အရေးတယူတောင်းဆိုနေတာပေါ့''

ဟုပြောပြီး အဖြူနှင့်ပန်းရောင် စပ်ထားသော နှစ်ယောက်စာ ခုံတန်းလေးပေါ်မှာ သွားထိုင်လိုက်တော့ သက်လျာကလည်း သူ့ဘေးမှာ လာကပ်ထိုင်ပါသည်။

''ကိုထက်က ကိုယ်ပိုင်ခံစားချက်ကလေး ရှိထားတာဆိုတော့ ကိုယ့်အယူအဆနဲ့ကိုယ် မှန်ပါတယ်။ လိုချင်တာရလို့ ကြည်နူးရတာထက် အားလုံးက ဝိုင်းချစ်တာကိုခံရလို့ ကြည်နူးရတာက ပိုအရသာရှိတယ်ဆိုပေမယ့် လူတွေရဲ့သဘာဝကိုက ရတာမလို,လိုတာမရဆိုတာ ရှိတယ်လေ၊ သက်လျာကျတော့ ကိုထက်လိုမဟုတ်ဘူး. . . အားလုံးက မေတ္တာတွေ ပုံပေးပြီး ဝိုင်းချစ်နေကြတာကိုပဲ ငြီးငွေ့လာတာ။ အဲဒီချစ်ခြင်းမေတ္တာတွေ, ကြည်နူးရမှုတွေ, အရသာတွေက နေ့တိုင်း အလျှံပယ် ရနေတော့ ရင်ထဲမှာ အီလာပြီး အလေးအနက်ထားရကောင်းမှန်းကို မသိတော့တာ''

သူ သက်လျာကို အံ့သြပြီး စိုက်ကြည့်လိုက်လေသည်။ သူမကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခံစားမှုနှင့် ပတ်သက်တာတို့၊ ချစ်ခြင်းမေတ္တာတို့နှင့်ပတ်သက်တာတို့ဆိုလျှင် ဒီလောက်ထိ စာဖွဲ့ ချဲ့လိမ့်မည်ဟု လုံးဝမထင်မှတ်မိခဲ့ပါ။ မိသားစုက ဒီစာသင်ဆို,သင်၊ ဒီမုန့်စားဆို,စား၊ ဒီလမ်းသွားဆို,သွား။ ဒီဆံပင်ပုံထားဆို,ထား။ ဒီ ဒီဖိုင်းဝတ်ဆို,ဝတ်၊ ဒီမှာနေဆို,နေ၊ ဒီလင်ယူဆို,ယူ. . . စသဖြင့် သံပတ်ပေးထားသည့်အရုပ်ကလေးတစ်ရုပ်လိုတယုတယထားခဲ့တာကိုပဲ သိထားတာမို့ သူကလည်း သူမကို အလွန်လှသည့်အရုပ်ကလေးတစ်ရုပ်လိုပဲ သဘောထားပြီး ချစ်မြတ်နိုးခဲ့တာဖြစ်သည်။

အခုတော့ မိုးထက်မင်းမူ, သက်လျာငယ်ကို လျှော့တွက်လို့မရတော့။ ပိုပြီးလျှော့တွက်လို့မရတာက သူလိုချင်သည့်အချစ်နှင့် ပတ်သက်၍ ရင်ထဲကို ရုတ်တရက် စိုးရိမ်စိတ် ဝင်ရောက်လာခဲ့ခြင်းပင်ဖြစ်သည်၊

"သက်လျာက ထူးထူးဆန်းဆန်းပဲ၊ ဒီလိုပြောလာလိမ့်မယ်လို့ ထင်တော ်မထင်မိဘူး။ လူမှာ ချစ်ခြင်းမေတ္တာက အဓိကမဟုတ်လား"။

" ့ုတ်ပါတယ်၊ သက်လျာလည်း လူပဲ, ခံစားတတ်ပါတယ်။ မခံစားဖူးသေးတာပဲ ရှိတာပါ။ ဒါကြောင့် သက်လျာက မခံစားဖူးသေးတဲ့အတွေ့အကြုံမျိုးဆိုရင် အရမ်းပဲခံစားကြည့်ချင်တယ်။ မလုပ်ဖူးတာ





မျိုးကို လုပ်ကြည့်ချင်တယ်။ မရောက်ဖူးတဲ့နေရာမျိုးကို ရောက်ချင်သေးတယ်။ မပေါင်းဖူးတဲ့လူမျိုးတွေနဲ့ ပေါင်းကြည့်ချင်တယ်။ မစားဖူးတဲ့ အစားအစာတွေလည်း လျှောက်စားကြည့်ချင်တယ်။ အဲဒီလိုမျိုး လောကကြီးအလယ်မှာ လွတ်လွတ်လပ်လပ်နေကြည့်ချင်တာ"

"ဩော်, ဒီလိုလား. . . အိုခေ, သိပြီ၊ သက်လျာ ဘာကိုဆိုလိုသလဲဆိုတာ ကိုယ့်ပေါက်ပြီ၊ ဒါကြောင့် ကိုယ်ခေါ်တဲ့ ဟော်တယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေကို မလိုက်တာပေါ့။ ပြီးတော့ အရင်က ပေးခဲ့တဲ့အကောင်းဆုံးလက်ဆောင်ပစ္စည်းတွေထက် ဒီနေ့ပေးတဲ့ပန်းစည်းကိုမှ ပိုသဘောကျတာပေါ့"

"ဒါပေါ့. . . သက်လျာမှာ အစားအသောက်နဲ့ပတ်သက်ရင်လည်း အကောင်းတကာ့အကောင်းဆုံးတွေချည်း စားနေရတာ။ မြန်မာမှုလေ့ နယ်လို့ ကောင်းကောင်းစားရတာမရှိဘူး။ အီတလီ၊ ကိုရီးယား၊ တရုတ်နဲ့ ဘန်ကောက်အစားအစာတွေဆိုရင် အနံ့တောင် မခံချင်တော့ဘူး"

"အင်း. . ."

"လူသုံးကုန်ပစ္စည်းဆိုရင်လည်း အလန်းဆုံး အပျံစား အညွှန့်စားတွေချည်းပဲ။ အဝတ်အထည်တောင် ကိုယ့်စိတ်ကြိုက် ဝယ်ခွင့်မရှိဘူး။ အင်္ဂလန်နဲ့ ပါရီက ပစ္စည်းအကောင်းစားတွေကို မှာပေးပြီး ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဒီဖိုင်နာ ချုပ်ပေးတာကိုပဲ ဝတ်ရတာ''

''အင်း. . .''

''အပြင်ထွက်ရင်လည်း body guard တွေနဲ့သွားရသလိုပဲ၊ မာမိနဲ့အစ်ကိုတွေကြားမှာ စက်ရုပ်တစ်ရုပ်လို လှုပ်တောင်မလှုပ်ရဲဘူး။ သွားရပြန်တော့လည်း Classic ဖြစ်တဲ့နေရာတွေချည်းပဲ၊ သက်လျာ ရောက်ခဲ့တဲ့ ဟော်တယ်တွေ၊ စားသောက်ဆိုင်တွေနဲ့ ရှော့ပင်းစင်တာ တွေကလူတွေဆိုရင် Classic ဖြစ်လွန်းလို့ လူနဲ့တောင်မတူတော့ဘူး။ အရုပ်တွေလိုပဲ''

''အိုခေ. . . ပြီးတော့ကော''

''အင်း၊ ပြီးတော့ ချစ်ခြင်းမေတ္တာနဲ့ပတ်သက်ရင်လည်း ကိုထက် အသိပဲလေ။ ခုပဲပြောပြီးပြီ. . . ဆွေမျိုးတွေကလည်း အရိပ်တကြည့် ကြည့်နဲ့ ချစ်၊ မာမိနဲ့ဒက်ဒီကလည်း ငုံထားမတတ် ချစ်၊ အစ်ကိုတွေ ကလည်း တုန်နေအောင် ချစ်၊ အဲဒီလိုပိုင်းချစ်နေတဲ့ကြားထဲကပဲ အခု ဆိုရင် ကိုထက်နဲ့ ကိုထက်ဘွားဘွားရဲ့အချစ်တွေကိုပါ ရပြန်ပြီ''

''No...No...ဒီနေရာမှာတော့ ကိုယ် Complain တက်ရလိမ့် မယ်။ မိသားစုက ပိုင်းချစ်တာနဲ့ ကိုယ့်ဘွားဘွားက ချစ်တာအထိတော့ လက်ခံလို့ရတယ်။ ကိုယ့်အချစ်ကို သူတို့နဲ့တစ်တန်းတည်းထားတာ





တော့ လက်ခံလို့မရဘူး။ သက်လျာကို ကိုယ်ချစ်တာ သူတို့နဲ့လုံးဝမတူ ဘူးလေ''

''သက်လျာရဲ့ရင်ထဲမှာတော့ အတူတူလိုပဲ ခံစားနေရတယ်။ အဲ ဒီချစ်ခြင်းမေတ္တာတွေထဲက ကိုထက် လိုချင်တဲ့အချစ်ဆိုတာကို ခွဲထုတ် ကြည့်လို့မရသေးဘူး။ အဲဒီလိုဝေခွဲမရဖြစ်နေတော့ ကိုထက်ကို အဖြေ ပေးဖို့အတွက် ကြောက်နေခဲ့တာပေါ့''

''ဟား!. . . သွားပါပြီကွာ. . . ဆွေးပါပြီ ကိုယ့်မှာတော့ အသည်း အသန်ချစ်လိုက်ရတာ. . . ကြွေလိုက်ရတာ၊ ဒီနေ့တော့ သက်လျာဆီက အဖြေရတော့မယ်ဆိုပြီး ဘွားဘွားကို ရေရေလည်လည်ကြွားလာခဲ့တာ''

''ကိုထက်ကလည်း သက်လျာက ကိုထက်ကို တကယ့်စစ်မှန် တဲ့အချစ်ကို ပေးချင်လို့ စဉ်းစားနေခဲ့တာပါ။ 'အချိန်တန်ရင် လက်ထပ် ရမှာပဲလေ' ဆိုတဲ့အသိနဲ့ ပြီးစလွယ်မဖြေချင်ဘူး။ တစ်နေ့နေ့မှာတော့ ကိုထက်ဘွားဘွားကို ကြွားလို့ရအောင် ကိုထက် လိုချင်တဲ့အဖြေကို သက်လျာ တကယ်ပေးမှာပါ။ ယုံပါနော်၊ သက်လျာ ကတိပေးပါတယ်''

''အဲဒီတစ်နေ့နေ့က လက်ထပ်ပြီးမှလား. . . ကလေးလေးတွေ မွေးပြီးမှလား''

''အင်း. . . အဲဒီလိုနေ့မျိုးတွေလည်း ဖြစ်ချင်ဖြစ်မှာပဲ။ အဲဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ထက် စောတဲ့နေ့မျိုးလည်း ဖြစ်ချင်ဖြစ်မှာပဲ၊ သေချာတာကတော့ အချစ်ကို သိချိန်ပေါ့''

''သက်လျာက လုံးဝမထင်မှတ်အောင်ဘဲ။ ဘာဖြစ်လို့ အချစ်ကို ဒီလောက် သုတေသနလုပ်နေရတာလဲ''

''တကယ်ဆို အချစ်ပဲ လိုတယ်လေ။ သက်လျာမှာ လုပ်စရာဆိုလို့ အဲဒီအလုပ်ပဲရှိတာပဲ၊ ဒါကြောင့်လည်း ကိုထက်ကို အချစ်အကြောင်းတွေ ဆွေးနွေးချင်နေတာလို့ ပြောတာပေါ့''

''ကိုယ် ဒီလောက်အချစ်တွေ အများကြီး ပုံပေးထားရက်နဲ့ကွာ၊ သက်လျာ တကယ်ညှင်းတယ်၊ တကယ်ရက်စက်တယ်။ ဒီပုံစံဆို သက်လျာအချစ်ကိုရဖို့ ဘာမဆို ဆန်းကျင်ဘက်အရာတွေ ပြုလုပ်မှဖြစ်တော့မယ်ထင်တယ်''

သူ၏စိတ်ပျက်ညည်းတွားစွာ ပြောလိုက်သောလေသံကြောင့် သက်လျာက ပြုံးပြုံးလေး စောင်းငဲ့ကြည့်၏။ သူသည် တကယ်ပဲ ဒီနေ့တော့ သက်လျာဆီမှအချစ်ကို ရတော့မည်ဟုတွေးပြီး အတွေးတွေ တစ်လှေကြီးနှင့် ရှုးလာခဲ့တာဖြစ်သည်။

နှစ်ယောက်လုံး ပူပင်ကြောင့်ကြမှုမရှိဘဲ ပန်းခင်းသောလမ်းကို လျှောက်နေကြသူများမို့ အချစ်တစ်ခုအတွက် သူကလည်း သိပ်ပြီးမခံ





စားချင်။ သိပ်ပြီးတော့လည်း မစောင့်စားချင်။ သက်လျာကိုလည်း သူမဘဝကို သူမ ဒီလိုငြီးငွေ့နေလိမ့်မည်ဟုမထင်။ ချစ်ခြင်းမေတ္တာဆိုတာတွေကိုလည်း ဒီလောက်ထိခွဲခြမ်းစိတ်ဖြာပြီး သုတေသနလုပ်နေလိမ့်မည်ဟု မထင်။ သူလိုချင်သည့်အဖြေကိုလည်း ဒီလောက်စဉ်းစားပြီး အချိန်ဆွဲထားလိမ့်မည်ဟု မထင်။

တကယ်တမ်းကျတော့ သက်လျာသည် အရုပ်ကလေးတစ်ရုပ်လို လှသည့်မိန်းကလေးထက်၊ လူ့ဘဝမှာ သဘာဝကျကျနေထိုင်လိုသည့် မြန်မာဆန်ဆန်မိန်းကလေးတစ်ဦးဖြစ်လေသည်။

''ကိုထက်က ဘယ်လိုဆန့်ကျင်ဘက်အရာတွေ ပြုလုပ်မှာလဲ''

''သက်လျာ အခုငြီးငွေ့နေတဲ့ဘဝနဲ့ ပြောင်းပြန်ဖြစ်သွားအောင် မရောက်ဖူးတဲ့နေရာတွေ ခေါ်သွားမယ်၊ မစားဖူးသေးတဲ့အစားအသောက်တွေ လိုက်ကျွေးမယ်၊ မသုံးဖူးသေးတဲ့ပစ္စည်းတွေ ဝယ်ပေးမယ်''

''အဲဒီလိုလုပ်ပေးတာ အချစ်ကို ဖြစ်ပေါ်စေတယ်လား''

''သက်လျာက မခံစားဖူးသေးတဲ့ အတွေ့အကြုံမျိုးဆိုရင် အရမ်းခံစားကြည့်ချင်တယ်ဆို။ ဒီတော့ အဲဒီလိုဆန့်ကျင်ဘက်အရာတွေကလည်း အချစ်တစ်ခုကိုဖြစ်ပေါ်လာဖို့ကို ပံ့ပိုးပေးတယ်လို့ထင်တာပဲ၊ ဘာပဲဖြစ်ဖြစ် သက်လျာအချစ်ကို သိဖို့နဲ့ ကိုယ့်ကိုချစ်တတ်လာဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ပေါင်းစုံကနေ ရအောင်ကြိုးစားရတော့မှာပေါ့''

''ဒါဆို သက်လျှာ, ကိုထက်ကို မေးခွန်းတစ်ခုမေးချင်တယ်။ ကိုထက်, သက်လျှာကို ဘယ်လိုချစ်မိသွားတာလဲ''

ရုတ်တရက် သက်လျှာမေးလိုက်သည့်မေးခွန်းကြောင့် သူ ရယ်ပြီး ထရပ်လိုက်သည်။ ပြီးတော့ သက်လျှာရဲ့နောက်နားကို သွားရပ်လိုက်ပြီး ဒန်းပေါ် လက်ထောက်၍ သူမမျက်နှာနား ငုံ့ပြောလိုက်၏။

''အဲဒီမေးခွန်းက လွယ်မယောင်နဲ့ ခက်သလိုပဲ သက်လျှာလေးရဲ့။ ကိုယ် ရိုးရိုးရှင်းရှင်းပဲဖြေရမယ်ဆိုရင် မင်းကို မြင်မြင်ချင်းချစ်မိသွားတာ။ ကိုယ့်ကိုစိတ်ဝင်စားတဲ့မိန်းကလေးတွေ အများကြီးရှိခဲ့တယ်၊ တချို့ဆို သူတို့ဘက်က အရင်စပြီး Propose လုပ်ခဲ့တာ၊ ဒါပေမဲ့ ကိုယ် ဘယ်သူ့ကိုမှ Feel မလာခဲ့ဘူး။ ဘယ်သူ့ကိုမှလည်း စကားကြာကြာမပြောခဲ့ဖူးဘူး။ သက်လျှာနဲ့ကျမှ ခေတ်ပုံလေးမြင်ရုံနဲ့ Love feel က ချက်ချင်းပေါ်လာတာ''

''. . .''

''အဲဒါ ကိုယ် သက်လျှာကိုချစ်မိသွားခြင်းရဲ့အစပေါ့။ အချိန်တိုင်း သက်လျှာရဲ့ခေတ်ပုံလေးကိုကြည့်ပြီး ကြည်နူးနေတယ်၊ ဘွားဘွားက မင်းအကြောင်းပြောတိုင်း အရမ်းပဲပျော်နေခဲ့တယ်၊ မင်းကိုတွေ့ဖို့





ဘာတိုင်း လမ်းမှာ ပစ္စည်းတစ်ခုခုဝင်ဝယ်ပြီး ရင်ခုန်လှုပ်ရှားနေခဲ့တယ်။ ကိုယ် မင်းကို အဲလောက်ထိချစ်နေခဲ့တာ. . . ကဲ, ကျေနပ်ပြီလား''

''ကျေနပ်တာပေါ့ ကိုထက်ရဲ့၊ ကိုယ့်ကို အဲလောက်ထိချစ်တဲ့သူရှိတာ ဘယ်သူမကျေနပ်ဘဲ နေပါ့မလဲ။ ပြီးတော့ ကိုထက်က စိတ်သဘောထား ဖြောင့်မတ်ဖြူစင်ရုံတင်မကဘူး. . . အရာရာကို ရိုးရိုးရှင်းရှင်းပဲ မြင်တတ်တဲ့အတွက်လည်း ကျေနပ်တယ်။ တိတိကျကျပြောရရင်တော့ မာမီပြောသလိုပဲ ကိုထက်က ကလေးအထာ သိပ်မဖျောက်ချင်ဘူး။ မြေးအဘွားနှစ်ယောက်တည်း နေခဲ့ရလို့ထင်တယ်''

''ဒါပေါ့. . . အဓိက,က ဘွားဘွားကြောင့်ပဲလေ။ ငယ်ငယ်လေးကတည်းက ဘွားဘွားရဲ့ Guide line အတိုင်း ရှင်သန်လာခဲ့ရတာ၊ ဘွားဘွားကတော့ ပြောပါတယ်''

သူက ပြောပြောဆိုဆို လက်ပိုက်၍ သစ်ခွပန်းအိုးတန်းတွေဆီ လျှောက်ကြည့်တော့ သက်လျှာကလည်း သူ့နောက်ကို လျှောက်လှမ်းလာလေသည်။

''ဘွားဘွားက ဘာပြောလဲဟင်''

''အချစ်ဆိုတာ အမျိုးမျိုးရှိတယ်တဲ့၊ ကိုယ်ချစ်သလိုပဲ စိတ်တူကိုယ်တူ ချက်ချင်းပြန်ချစ်တဲ့ အချစ်မျိုးလည်းရှိတယ်။ အချို့အကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးစောင့်ပြီးမှ သံယောဇဉ်ဖြစ်ပြီး ချစ်လာတဲ့အချစ်မျိုးလည်း ရှိတယ်။ လင်မယားဖြစ်ပြီးခါမှ အနေနီးစပ်ပြီး ချစ်တတ်သွားတာတွေလည်း ရှိတယ်တဲ့။ ကိုယ်တို့နှစ်ယောက်လည်း ဘွားဘွားပြောတဲ့အထဲက တစ်ခုခုတော့ ဖြစ်သွားပါစေလို့ ဆုတောင်းရမှာပဲ''

''ဟုတ်တယ်. . . ဘွားဘွား ပြောတာတွေက အရမ်းမှန်တယ်။ ကိုထက်ရဲ့ဆုတောင်း မကြာခင်မှာပဲ ပြည့်သွားလိမ့်မယ်လို့ ထင်ပါတယ်''

''တကယ်!. . . သက်လျှာ တကယ်ပြောတာ''

''တကယ်ပြောတာပါ''

''ဟား. . . ဝမ်းသာလိုက်တာ သက်လျှာရယ်၊ သက်လျှာ ဒီလိုပြောလိုက်တာဟာ ကိုယ့်ကိုချစ်တယ်လို့ ပြောလိုက်တာနဲ့ အတူတူပဲ။ ကိုယ် အရမ်းပျော်သွားပြီ''

သူသည် ဝမ်းသာလွန်းပြီး သက်လျှာ၏လက်မောင်းနုစ်ဖက်ကို ဆုပ်ကိုင်လျက် ချစ်ရည်ရွှန်းသောမျက်ဝန်းများဖြင့် စိုက်ကြည့်ပြီး ပြောလိုက်မိသည်။

''ဒါဆို တို့နှစ်ယောက် အဆင်ပြေရင်ပြေသလို အချိန်ရရင် ရသလို အပြင်မှာ လွတ်လွတ်လပ်လပ်လျှောက်သွားကြမယ်။ သက်လျှာ မလုပ်ဖူးတာတွေ၊ မစားဖူးတာတွေ၊ မရောက်ဖူးတာတွေအားလုံး ပြည့်စုံ





သွားအောင် ကိုယ်လုပ်ပေးမယ်။ ဘယ်လိုလဲ. . . အိုခေ''

''အင်း. . . အိုခေ''

''မရဘူး. . . ကတိ''

သူက လက်သန်းကလေး ပေးလိုက်တော့ သက်လျှာကလည်း အလိုက်သင့် လက်သန်းကလေး လှမ်းပြီး ချိတ်ပေးလေ၏။ ထိုအချိန်မှာ ဘောင်းဘီအိတ်ထဲမှ ဖုန်းသံထွက်လာတာကြောင့် ယူကြည့်လိုက်ရသည်။ Display မှာ ပေါ်နေတာက ကိုယ်မသိသည့်နံပါတ်စိမ်းမို့ ပိတ်ဖို့ကြံလိုက်စဉ် ဖျတ်ခနဲ နန္ဒရယ်နေသောပုံကြီး ထွက်လာလေရာ သူ့ ပိုလို့ပင် ပျော်မြူးသွားလေတော့သည်။

''ဟာ. . . ကြည့်စမ်း။ နန္ဒ မင်းပြန်ရောက်နေပြီလား''

''အေး. . . ပြန်ရောက်နေပြီ''

''မင်းကလည်း တစ်ပတ်အတွင်းလို့ပဲ ပြောထားတော့ ငါ့မှာ ဘယ်နေ့မျှော်ရမှန်းမသိဘူး။ တကယ်ဆို ဘယ်နေ့ဘယ်ရက် ပြန်လာမယ်ဆိုတာ အတိအကျပြောလိုက်ပါလား။ ငါလာကြိုမှာပေါ့''

''One day အစီအစဉ်ကြီးနဲ့ ပုံသေရနေတဲ့ကောင်ကများကွာ။ ခုတောင် မင်းသားလေးနဲ့တွေ့ဖို့ အဲလစ်ဇဗက်ဘုရင်မကြီးဆီ Appo-intment တွေဘာတွေ လှမ်းလုပ်ရဦးမယ်ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ငယ်သူငယ်ချင်းနန္ဒဆိုကတည်းက ဘွားဘွားက အေးဆေးဖြစ်ပြီးသား"

"ဒါဆို ငါ ဘယ်လာတွေ့ရမလဲ၊ ဟိုတယ်လား၊ အိမ်လား၊ ဒါမှမဟုတ် မင်းလာလို့ရမလား. . . အခု ဘယ်ရောက်နေလဲ"

"အချစ်ကလေးဆီမှာ"

"ဟား. . . ဒါဆို ငါလာခဲ့မယ်ကွာ၊ ခတ်ပုံပို့လိုက်ရုံနဲ့ ဘယ်ဖြစ်မလဲကွ။ လူချင်းလည်း တရင်းတနှီးရှိသင့်တာပေါ့"

"ခုချက်ချင်းတော့ မဖြစ်ဘူး နန္ဒ၊ သူက အရမ်းရှက်တတ်တာကွ။ မင်းနဲ့ငါ တဝါးဝါးတဟားဟားဖြစ်နေရင် သူဘယ်လိုမှနေတတ်မှာ မဟုတ်ဘူး။ နှစ်ရက်သုံးရက်အတွင်း အေးဆေးတွေ့ကြမယ်ကွာ။ အခုတော့ ငါပဲလာတွေ့မယ်။ ဘယ်လာခဲ့ရမလဲ"

"ငါ အခု ကန်ဘောင်ကနေ ပြောနေတာကွ၊ အမြဲတမ်း ရုံးတွေ သင်တန်းတွေ စက်ပစ္စည်းတွေနဲ့ပဲ ထိတွေ့နေရတာမို့လို့ Relax ဖြစ်မယ့်နေရာလေးကို ထွက်လာတာ၊ မင်းအဆင်ပြေရင် ထွက်လာခဲ့။ အခု လမင်းသားဆိုတဲ့ဆိုင်မှာ"

"အိုခေ. . . ကောင်းတယ်၊ ငါလည်း အဲဒီနေရာတွေ မရောက်ဖြစ်ဘူး။ လန်းတာပေါ့ကွာ. . . ပြောစရာတွေ တိုင်ပင်စရာတွေလည်း





အများကြီးရှိတယ်။ ခဏနေရင် ရောက်လာခဲ့မယ်"

"အိုခေ. . . အိုခေ"

သူပြောပြီး ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်သည်။

"ငယ်သူငယ်ချင်း ရောက်လာလို့ အရမ်းပျော်သွားတာလား၊ ဘယ်ကလဲဟင်"

"ပါရမီထဲက၊ စင်္ကာပူမှာ သင်တန်းတစ်ခု သွားတက်ပြီး ပြန်လာတာလေ"

ဟုပြောရင်း သက်လျှာ၏လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"ကဲ, သက်လျှာ၊ ကိုယ် သူနဲ့သွားတွေ့ရမယ်၊ သက်လျှာနဲ့နောက်မှ အေးဆေးပေးတွေ့မယ်။ ဒီနေ့ Lunch မစားဖြစ်တော့ဘူး။ မင်းပြောလိုက်တဲ့စကားတွေက ထမင်းစားစရာမလိုအောင်ဘဲ ဗိုက်ကို အလိုလိုပြည့်သွားစေတယ်"

"ကိုထက်ကလည်း. . . ကိုထက်ပဲ သက်လျှာနဲ့ နေ့တိုင်း နေ့တိုင်း ထမင်းအတူတူစားချင်တယ်ဆို"

"ဒါပေါ့, ကိုယ်က လွယ်လွယ်နဲ့တော့ အခွင့်အရေးကို ဘယ်သက်လွှတ်ခံလိမ့်မလဲ။ Lunch မစားရတဲ့အချိန်ကို Dinner နဲ့အစား



www.burmeseclassic.com

www.burmeseclassic.com



ထိုးမှာ''

သူ့စကားကြောင့် သက်လျာက ချစ်စရာကောင်းစွာရယ်၏။

''အိုခေ. . . စောင့်နေနော်၊ တကယ်လာစားမှာ။ Dinner အတူတူမစားရရင်တော့ အိမ်မပြန်တော့ဘူး။ အချစ်ကလေးအိမ်မှာပဲ အိပ်တော့မယ်''

''ကိုထက်က အရမ်းဆိုးတာပဲ၊ ဘွားဘွားက သင်ပေးလိုက်တာလား။ သက်လျာ တကယ်မျှော်နေမှာပါ''

''ဒါဆို ကားနားထိ လိုက်ပို့''

သူက အပြောနှင့်အတူ သက်လျာရဲ့လက်ကလေးကို ဆွဲခေါ်လာတာမို့ သက်လျာကလည်း ကားနားထိမဟုတ်ဘဲ ခြံရှေ့ထိပင် လိုက်ပို့ပြီး လက်ပြကျန်ခဲ့တော့သည်။ သူ၏နဂိုအစီအစဉ်က သက်လျာနှင့်အတူ Lunch စားပြီး ဘွားဘွားရှိရာ RUBY HOTEL သို့ ချီတက်ဖို့ဖြစ်သည်။

သို့သော် စက်ရုံမှာ Business နှင့်ပတ်သက်သောသင်တန်းတစ်ခု သွားတက်နေသည့် သူငယ်ချင်းနန္ဒက ပြန်ရောက်လာတာမို့ ကြားဖြတ်အစီအစဉ်ကို ဆွဲလိုက်ရတာဖြစ်၏။ ဒါကြောင့် သူ၏ One day အစီအစဉ်တွေကို ဘွားဘွားသိအောင် တင်ပြရသည့်စည်းကမ်း





အတိုင်း ဝတ္တရားအရ ဘွားဘွားဆီ သတင်းပို့ရပြန်လေသည်။

''ဘွားဘွား''

အင်း. . . ပြော မြေးလေး''

''သား ဘွားဘွားကို ခွင့်တောင်းစရာရှိလို့''

''ဘာများလဲ''

''သား ဟိုတယ်လ်ကို ရောက်ဖြစ်မယ်မထင်တော့ဘူး ဘွားဘွား။ နန္ဒ ပြန်ရောက်လာလို့ နန္ဒနဲ့သွားတွေ့မလို့၊ အဲဒါ ဘွားဘွား ခွင့်ပြုပေးပါ''

''သွားတွေ့ဖို့လုပ်ပြီးမှ ခွင့်တောင်းတာလား။ ခွင့်တောင်းပြီးမှ သွားတွေ့မှာလား''

''ဟဲဟဲ. . . ဘွားဘွားကလည်း အဲဒီနှစ်ခုလုံးကို တစ်ပြိုင်တည်း သွပ်မိနေတယ်''

''ဘယ်ကပြောနေတာလဲ မြေးလေး''

''လမ်းပေါ်မှာပါ''

''သက်လျာလေးနဲ့ရော ထမင်းအတူတူစားဖြစ်ရဲ့လား''

''မစားဖြစ်ခဲ့ဘူး ဘွားဘွား သူ့ကိုခွင့်တောင်းပြီးမှ ထွက်လာတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"အတူတူစားလိုက်ရောပေါ့ မြေးလေးရယ်၊ ဗိုက်ဆာနေမှာပေါ့"

"သား, နန္ဒနဲ့တစ်ခုခုစားလိုက်မှာပါ ဘွားဘွားရဲ့၊ သက်လျာကိုတော့ နေ့လယ်စာအစား ညစာကျမှ အတူတူစားဖို့ပြောလိုက်ပြီ။ သူစောင့်နေမယ်တဲ့"

"ဟုတ်လား. . . သားတို့ချင်း အဆင်ပြေရင် ပြီးတာပဲ။ တွေ့ကရာအစားအစာတွေ လျှောက်မစားနဲ့နော် မြေးလေး။ တွေ့ကရာဆိုင်တွေလည်း သွားမထိုင်နဲ့၊ ကြာကြာလည်း မတွေ့နဲ့။ ခဏပဲတွေ့ပြီး ပြန်လာခဲ့"

"ဟုတ်"

"နန္ဒကိုပြောလိုက်၊ မနက်ဖြန်ကျရင် ဘွားဘွားက ဒင်နာကောင်းကောင်းနဲ့ဂုဏ်ပြုမယ်လို့"

"ဟုတ်ကဲ့ ဘွားဘွား။ အဲဒါဆို နန္ဒ အရမ်းပျော်သွားမှာပါ။ ဒါပဲနော်. . . ဘွားဘွား တာ့တာ. . ."

"အင်း. . . တာ့တာ"

သူ ပခုံးနှစ်ဖက်ကိုတွန့်ပြီး ဖုန်းပိတ်လိုက်၏။ ငယ်စဉ်ကတည်းက ဘယ်သူနှင့်မတူသည့် လူနေမှုအဆင့်အတန်းနှင့်၊ ဘယ်သူနှင့်မှမတူသည့် စည်းစံနစ်ဘောင်တွေထဲမှာ ကြီးပြင်းခဲ့ရသူမို့၊ သူ့အတွက်





တော့ ထိုအဆင့်အတန်းတွေ၊ ထိုစည်းစံနစ်ဘောင်တွေကို ပျင်းရိငြီးငွေ့ဖွယ်ရာလို့မမြင်၊ ပျော်စရာလို့လည်း မမြင်တော့ဘဲ ဘွားဘွားစိတ်တိုင်းကျဖြစ်ဖို့ကိုပဲ ဦးစားပေးပြီး နေတတ်ခဲ့ပါသည်။

ကြာလာတော့ ဘွားဘွားရဲ့ ထိုလွှမ်းမိုးမှုတွေအောက်မှာ ကျင့်သားရလာပြီး ဘွားဘွားရဲ့လွှမ်းမိုးမှုတွေမကင်းသော လူငယ်လေးတစ်ယောက် ဖြစ်မှန်းမသိဖြစ်လာခဲ့ရလေသည်။

သူသည် bunny ဖြိုး၏ 'အလွမ်းသင့်အနမ်း'ဆိုသည့် သီချင်းလေးကို ညည်းရင်း မောင်းလာခဲ့ရာ အင်းလျားသို့အရောက်မှာပင် မိုးက မနက်စောစောကလို နေသာထိုင်သာရှိရုံ တဖွဲဖွဲရွာလာလေသည်။

ကား Park ထိုးပြီးလို့ ကန်ဘောင်မှာရှိသည့်ဆိုင်လေးတွေဆီ မျက်စိကစားကြည့်လိုက်တော့ All Black နှင့် လက်မထောင်ပြနေသော နန္ဒပုံစံက ထင်းထင်းကြီးမို့ သူလည်း လက်ပြန်မြှောက်ပြလိုက်ပြီး ဆိုင်ထဲ ဝင်လာခဲ့တော့၏။

သို့သော် နန္ဒဆီမရောက်ခင် မထင်မှတ်သော Accident တစ်ခုက ရုတ်တရက်ပေါ်ပေါက်သွားခဲ့ပါသည်။ အဲဒါကတော့. . .

သူ ဆိုင်ထဲ ဖြတ်လျှောက်လာစဉ်မှာ. . .

စားပွဲဝိုင်းတစ်ဝိုင်းနားကိုအရောက်. . .



www.burmeseclassic.com

www.burmeseclassic.com



ထိုစားပွဲဝိုင်းမှ ကျောပေးထိုင်နေသောမိန်းကလေးက. . .

ရုတ်တရက်ထပြီး လှည့်အလာနှင့် ပစ်တိုက်မိသွားခြင်းပင်ဖြစ်သည်။

"ဟာ!. . ."

"ဟင်!. . ."

နှစ်ယောက်သား အာမေဋိတ်သံတွေထွက်ပြီး ငြိုင်တူစိုက်ကြည့်မိတော့၏။ တော်ရုံ Accident ဆိုလျှင် သူမသိကိုယ်မသိ ဒီတိုင်းလေး ဆက်လိမ့်သွားရုံပဲဖြစ်သည်။

ခုတော့ တိုက်မိပုံက နှစ်ယောက်သား ထူထူပုပ္ပနှင့် ဘာလုပ်ရမှန်းပင်မသိအောင် သူမခန္ဓာကိုယ်က သူ့ရင်ခွင်ထဲရောက်သည်အထိ ပစ်ပစ်ခတ်ခတ်တိုက်မိုက်ခဲ့ရခြင်းပင်တည်း။



## အခန်း (၅)

### ငါ့ရည်းစားက သူ့ရည်းစားဖြစ်နေတယ်

မထင်မှတ်တဲ့ မြန်းဆိုပစ်တိုက်မိပုံက အမှတ်တမဲ့ ခပ်ပါးပါးလေး တော့တ်။ အမှတ်တရဖြစ်နိုင်သည်အထိ ဖျို့မျက်နှာက သူ့ရင်ခွင်ကို နမ်းလိုက်မိသလိုတည်း။

ပိုပြီးအမှတ်တရဖြစ်စေတာက သူ့မျက်နှာလေးပင်၊

သူကလည်း ဖျို့ကိုစိုက်ကြည့်လာသည်။

ဖျို့ကလည်း သူ့ကိုစိုက်ကြည့်နေမိသည်။

သူစိုက်ကြည့်ပုံက ထူးထူးဆန်းဆန်း ခပ်ကြမ်းကြမ်းပစ်တိုက်မှုကြောင့် တအံ့တသြဖြစ်နေပြီး ကြောင်ကြည့်နေသည့်အကြည့်မျိုး၊ ဖျို့



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မိပုံကတော့ အရပ်မြင့်မြင့် ဘော်ဒီကျစ်ကျစ်လျစ်လျစ်နှင့် ထင်ထင်ပေါ်ပေါ် သပ်သပ်ရပ်ရပ် ကြွကြွရရှိလှသော သူ့စတိုင်လ်လေးကို သဘောကျသွားပြီး တမေ့တမောငေးကြည့်နေမိသည့်အကြည့်မျိုးဖြစ်သည်။

နှစ်ယောက်သား သတိလက်လွတ်စိုက်ကြည့်နေမိစဉ် သူကအရင်ကိုယ်ရှိန်သပ်ပြီး ဆက်လျှောက်ဖို့ပြင်မှ ပျိုလည်း သတိဝင်လာရသေသည်။

"ဆောရီး"

"..."

"ဆောရီးပါရှင်"

ပျို့နှုတ်က တစ်ခွန်းဆိုရုံနှင့် သူက အသိအမှတ်မပြု။ နှစ်ခါပြန်ဆောရီးလိုက်မှ သူက ခပ်တည်တည်နှင့်...

"OK, Never mind."

ဟု မပြောချင်ပြောချင် တာဝန်ကျေရုံသာပြောပြီး ဆက်လျှောက်သွားတော့သည်။ ပျို ပခုံးတစ်ချက်တွန့်လိုက်မိလေ၏။ ပျို ထိုလူကိုလည်း ပြန်မကြည့်မိအောင် ကိုယ့်စိတ်ကိုယ် ကြိုးစားထိန်းကြည့်သော်လည်း မရတော့ပါ။ တစ်ချက်လောက် ကျေကျေနပ်နပ်ကြီး စောင်းငဲ့ကြည့်ပြီး





မှ ထွက်လာခဲ့တော့သည်။

ဘုရားရေ...

ခဏအတွင်း ပျို့စိတ်တွေ ဘယ်လိုဖြစ်သွားရတာလဲ...

ယောကျ်ားတစ်ယောက်ကို စူးစူးစိုက်စိုက်ကြည့်မိရုံမက...

လည်ပြန်တွေဘာတွေ ငေးကြည့်မိလို့ပါလား...

လူရှင်းရှင်းမှာ ခပ်ကြမ်းကြမ်းယစ်တိုက်မိပုံကို ခံပြင်းရမယ့်အစား သူ့စတိုင်လ်လေးကိုပဲ သဘောကျသွားပြီး တမေ့တမောဖြစ်ခဲ့ရပါလား...

သေချာတာကတော့ သူ့ကြောင့် ပျို့ရင်တွေ ချက်ချင်း လက်ငင်း လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရတာပင်။ ရင်တွေ လှုပ်လှုပ်ရှားရှားဖြစ်တာကို နှလုံးသားလှုပ်ရှားတာလို့ခေါ်သလား... နှလုံးသားလှုပ်ရှားတာကို ရင်ခုန်မိတာလို့ခေါ်သလား... ဒါမှမဟုတ် အဲဒီအခေါ်အဝေါ်နှစ်ခုလုံး ပြည့်စုံသွားအောင်ပဲ ရင်ခုန်လှုပ်ရှားမိတာလို့ ခေါ်ကြသလား။

ဘာပဲဖြစ်ဖြစ် သူ့ဘာသာနေသည့်နှလုံးသားက ရုတ်တရက်ထပြီး စေ့ဆော်လိုက်တာကြောင့် မထင်မှတ်ဘဲ ဖြစ်ပေါ်လာခဲ့သည့် ရင်ခုန် လှုပ်ရှားမှုဆိုတာကို ပျို တကယ်ပဲ သိလိုက်ရပါပြီ။ ဘယ်လောက် Romantic ဆန်သည့်အဖြစ်အပျက်ကလေးလဲ။



www.burmeseclassic.com

www.burmeseclassic.com



ပျို့ရဲ့ ထိုရင်ခုန်လှုပ်ရှားမှုကို ပိုလှုပသွားအောင် ပံ့ပိုးပေးလိုက်တာကတော့ ဆိုင်ထဲမှ ခပ်သဲ့သဲ့ထွက်လာသည့် သီချင်းသံကလေးနှင့် အပြင်မှာ ခပ်ဖွဲဖွဲရွာနေသည့် နေသာထိုင်သာရှိစေသော ရာသီဥတုလေးပင်ဖြစ်ပါသည်။ ပျို့သည် မိုးဖွဲဖွဲမှာ တစ်ယောက်တည်းပြုံးပြီး လျှောက်လာရင်း ကား Park သို့ရောက်လာခဲ့၏။ ကားထဲကိုဝင်ထိုင်လိုက်တော့ စောစောကလွတ်နေခဲ့သော ပျို့ကားဘေးမှာ အနက်ရောင်မာဆေးဒီးစ်ကားကြီး နေရာယူထားတာကို သတိထားမိလေသည်။

သူ့ကားများ ဖြစ်နေမလား. . .

ပျို့ရဲ့ရင်ခုန်လှုပ်ရှားမှုက ခဏနှင့်ငြိမ်သက်မသွားခဲ့ပါ။ နှလုံးသားရဲ့စေ့ဆော်မှုကလည်း ဘယ်လောက်အံ့ဩစရာကောင်းသလဲဆိုရင် သူရှိတဲ့အရပ်ကို လှည့်ကြည့်ချင်စိတ်ပေါ်လာအောင် ဖွတ်ဖန်တီးပေးတော့သည်။ ပျို့သည် တကယ်ပဲ ကားထဲကနေ စောစောက ပျို့ထွက်လာခဲ့သည့်ဆိုင်ထဲကို ရှာဖွေကြည့်မိရာ တစ်ခါမြင်ရုံနှင့် ထင်ထင်ပေါ်ပေါ် လင်းလင်းလက်လက်ရှိစေသော သူ့ကို တန်းခနဲမြင်လိုက်ရပါသည်။

ထိုင်နေပုံမှာ ပျို့ကိုကျောပေးထားတာမျိုးလည်းမဟုတ်၊ ကန့်ရေပြင်ကို ကျောပေးထားတာမျိုးလည်းမဟုတ်ဘဲ ဘေးတိုက်အနေအထားလေး ထိုင်နေတာကြောင့် နောက်ခံကန်ရေပြင်အလှနှင့် မိုးဖွဲဖွဲကျနေ





မှုတို့က သူနှင့်အလွန် Match ဖြစ်ပြီး ပျို့ရင်ကို ပိုလို့လှုပ်ရှားစေတော့သည်။

အချစ်နှင့်ပတ်သက်သည့်စာအုပ်တွေထဲတွင် ပျို့ တွေ့ဖူးသည်။ သူငယ်ချင်းတချို့ပြောတာလည်း ပျို့ ကြားဖူးသည်။ အချစ်တစ်ခုဖြစ်တည်လာဖို့ကို ရင်ခုန်လှုပ်ရှားမှုက အစပျိုးခဲ့တာတဲ့။

ထိုရင်ခုန်လှုပ်ရှားမှုလည်း ဖြစ်ချင်တိုင်းမဖြစ်တဲ့။ ဘယ်သူနဲ့မှမဆို သူဖြစ်ချင်တဲ့အခါ, သူပေါ်ပေါက်ချင်တဲ့အခါမှသာ အချိန်နာရီနေရာဒေသမရွေး ရုတ်တရက်ပေါ်ပေါက်လာတတ်တာမျိုးတဲ့။ အဲဒါကိုသာ အတည်ယူရမည်ဆိုပါက အခု ပျို့ဖြစ်နေသည့်အဖြစ်အပျက်က အချစ်တစ်ခုဖြစ်တည်ဖို့အတွက် အစပျိုးတာပဲဖြစ်တော့သည်။

ဘာကြောင့်လဲဆိုတော့ ပျို့ရဲ့ One day ထဲမှာ ကန်ဘောင်ကို ထွက်လာဖို့အစီအစဉ်မပါပါ။ သင်တန်းပြီးရင် ကြီးကြီးလက်ရာကို ပြန်စားမည်။ စားပြီးရင် မေမေ့ကိုအကြံပြုဖို့ အွန်လိုင်းပေါ်မှာ အင်္ကျီဒီဇိုင်းအသစ်ကလေးတွေ ရှာရမည်။ ပြီးရင် ခဏနားပြီး မေမေ့ SUNDY MART သို့ ချီတက်ရမှာဖြစ်ပါသည်။

(ပျို့က ဒီတစ်ပတ်မှစပြီး သင်တန်းတစ်ဖက်နှင့်အတူ မေမေ့အလုပ်ကိုပါ လက်တွေ့ကွင်းဆင်းနေရတာဖြစ်သည်။ ရည်ရွယ်ချက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အလုပ်က Over Forty တွေအတွက် အရမ်းနာမည်ရနေသလို ပျိုတို့အိမ်၏ လက်ရှိ ပင်မစီးပွားရေးလည်းဖြစ်နေတာကြောင့် ရေရှည်စီမံကိန်းအရ မေမေ့အတွက် အထောက်အကူဖြစ်စေဖို့ပင်။)

ခုတော့ သင်တန်းပြီးပြီးချင်း ကန်ဘောင်မှာ ဗူးသီးကြော်စားချင်သည့်စိတ်က ရုတ်တရက်ပေါ်လာခဲ့တာမို့ ထိုရက်တရက်အစီအစဉ်မှစပြီး ရင်ခုန်လှုပ်ရှားမှုကလည်း ရုတ်တရက်ပေါ်ပေါက်လာခဲ့ရတာဖြစ်လေသည်။

ဒီတော့လည်း အချစ်နှင့်ပတ်သက်သည့် ရင်ခုန်လှုပ်ရှားမှုပဲ ဆိုချင်ဆိုပါတော့လေ။ နောက်ဆုံးတော့ ပျိုသည် သူ့ဒီဖိုင်းလေးကို မက်မက်မောမောသဘောကျခဲ့ရသလို သူ့မျက်နှာလေးကိုလည်း ထပ်မံကြည့်ချင်စိတ်တွေ ပြင်းပြလာတာကြောင့် စိတ်အလိုကိုလိုက်ပြီး ကားထဲမှ ပြန်ဆင်းခဲ့တော့သည်။

ပြီးတော့ သူ မမြင်နိုင်စေရန် ပျိုထိုင်ခဲ့သည့်ဆိုင်နှင့် ဘေးချင်းကပ်နေသည့်ဆိုင်လေးထဲသို့ ဝင်လာခဲ့ပြီး သူကမမြင်ဘဲ ကိုယ်ကသာ တိတိကျကျမြင်ရမည့်နေရာလေးကိုရွေး၍ Check နေမိလေ၏။ ပိုပြီး Check လို့ကောင်းအောင် bag ထဲမှ Dior မျက်မှန်အနက်ရောင်လေးကိုပင် တပ်ထားလိုက်မိသည်။





ဒီအချိန်ဆို မေမေနှင့်ကြီးကြီးလည်း ဘယ်လောက်များ ရန်တွေသွင်းဖြစ်ပြီးပြီလဲမသိပါ။ ဖုန်းပိတ်ထားတာမို့လည်း နှစ်ယောက်လုံး ဘာလုပ်ရမှန်းမသိဘဲ ဒေါသတွေ အကြီးအကျယ်ထွက်နေလိမ့်မည်။ ပျိုကတော့ ထိုဘွားတော်နှစ်ယောက်ပင်မဟုတ်၊ လောကကြီးကိုပါ မေ့မျော့သွားပြီး သူ့မျက်နှာလေးကို တစိမ့်စိမ့်ထိုင်ကြည့်လျက် ထွက်ပေါ်လာသည့်သီချင်းသံလေးနှင့် ငြိမ့်နေမိလေသည်။

ဘယ်လိုပြောရမလဲ. . . ခေတ်သစ်စံနစ်အတိုင်း သူ့ကို ကိုရီးယားမင်းသားတစ်ယောက်ယောက်နဲ့ တင်စားလိုက်ရမလား။ နီးပါ. . . ချောချောလှလှ အထာကျကျကောင်လေးတွေကိုမြင်တိုင်း ကိုရီးယားမင်းသားတွေနှင့် နှိုင်းရတာလည်း ရိုးအီလှပါပြီ။ သူ့ကို ပိုပြီးတော့ပင် မနှိုင်းချင်ပါ။ ဘာကြောင့်လဲဆိုတော့ ပျို့ရင်ကို ပထမဆုံးအကြိမ် တစ်ခဏလေးနှင့် လှုပ်ရှားစေခဲ့သူဖြစ်လို့ပင်။

ဒီတော့ သူ့ကို ပျို့အကြိုက်၊ ပျို့အမြင်၊ ပျို့ဘဝနှင့်တစ်ထပ်တည်းကျစေသော အထာကျကျလူရည်သန့်လေးတစ်ဦးလို့ပင် တင်စားရပါတော့မည်။ ဖြစ်ချင်တော့ သူဝတ်ထားသည့်စတိုင်လ်လေးကပင် မိုးရာသီဒီဖိုင်းလေးဖြစ်နေတာမို့ ပျို ပိုပြီးငေးမောမိရ၏။ ဂျာကင်အသွင်းထဲက တီရှပ်မှာ ရောင်မျက်မှန်မီးခိုးရောင်လေး ချိတ်ထားတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုဒီဖိုင်းနှင့် အလွန်လိုက်ဖက်သည်။

သူ့အသားအရေက အဖြူလည်းမဟုတ်၊ အညိုလည်းမဟုတ်ဘဲ နို့နှစ်ရောင်လို ဝင်းလက်နေ၏။ မျက်နှာကျပုံကလည်း လေးထောင့်စပ်စပ်မဟုတ်၊ ခပ်ဝိုင်းဝိုင်းလည်းမဟုတ်၊ ခပ်သွယ်သွယ်လည်းမဟုတ်ဘဲ ထိုသုံးမျိုးလုံး ပေါင်းစပ်ပြီး ကြည့်ကောင်းအောင် အဆင်ပြေစွာ ဖွဲ့စည်းထားသည့်မျက်နှာမျိုးဖြစ်သည်။ မျက်ခုံးထူထူနှင့် နှာတံစင်းစင်းကတော့ သူ၏ခန့်ငြားသည့်ထယ်ဝါမှုကို မြှင့်တင်ပေးသလိုပင်။

မျက်နှာမှာ သိသာထင်ရှားဆုံးအရာကတော့ မျက်ဝန်းနက်နက်တွေနှင့် ပန်းရောင်ပြေးနေသော မထူမပါး နှုတ်ခမ်းလေးပင်ဖြစ်ပါသည်။ အညိုရောင်ဆံပင်ပျော့ပျော့တွေကိုတော့ ဂျက်စတင်ဘီးဘား၏ဆံပင်ပုံနှင့်နှိုင်းလျှင် ကလေးဆန်ရာကျသွားလေမလား။ ဒါပေမဲ့ သူ၏ဆံပင်ပုံက ဂျက်စတင်ဘီးဘားလိုပင် ဘေးခွဲဖြစ်ပြီး ဘေးမှအထပ်ကလေးတွေက နောက်မှနေ ရှေ့သို့ ပြောင်းပြန်ပြေးလာသော စတိုင်လ်ဖြစ်ပါသည်။

ပျိုသည် မျက်မှန်ထဲမှ အသေရှုံးရင်း သူ့ပုံစံကို တစ်စုံတစ်ခု၏ Influence မကင်းသော၊ အလွန်ဖြူစင်သော၊ အလွန်အပြစ်ကင်းသော၊ အလွန်ရိုးဖြောင့်သော. . . လူတစ်ယောက်ပဲ ဖြစ်ရမည်ဆိုတာ တစ်ထိုင်တည်းနှင့် ကောက်ချက်ချလိုက်တော့သည်။





သို့သော် ပျိုကသာ ရုတ်တရက်ထိမိခိုက်မိရုံလေးနှင့် ရင်ခုန်လှုပ်ရှားမှုတွေ ပေါ်ပေါက်လာခဲ့ရတာ။ ပျိုကသာ သူ့မျက်နှာလေးကို တစ်ဒင်္ဂလောက်စိုက်ကြည့်မိရုံနှင့် ဒီထိဖြစ်ခဲ့ရတာ။ သူကတော့ ပျို့ကို လောကကြီးမှာ ရှိတယ်လို့တောင် မထင်တော့ဘဲ. . . စောစောက ပျိုနှင့် မလှမ်းမကမ်းမှာထိုင်နေခဲ့သည့် All black ဝတ်ထားသော လူတစ်ယောက်နှင့် စကားတွေ ရေပက်မဝင်အောင် ပြောနေလေသည်။

တစ်ချက်တစ်ချက် ပြုံးလိုက်၊ တစ်ချက်တစ်ချက် လွှတ်လွှတ်လပ်လပ်ရယ်မောလိုက်၊ တစ်ချက်တစ်ချက် ဆံပင်အထပ်ကလေးတွေကို သပ်လိုက်နှင့်၊ စကားပြောနေပုံကို ပျို မျက်တောင်မခတ်ကြည့်ရင်း သူနှင့်ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေထိုင်လိုစိတ်တွေ တဖွားဖွားပေါ်လာပါသည်။ ပြီးတော့ သူ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလုပ်သလဲ၊ သူ့နာမည် ဘယ်လိုလဲ ဆိုတာတွေလည်း ချက်ချင်းသိချင်လာပါသည်။

ဒါပေမဲ့ သူက အချိန်ကြာကြာမနေပါ။ (သီချင်းတစ်ပုဒ်မဆုံးခင်) ပျို စိတ်ဝင်တစားရှိနေတုန်းမှာပဲ သူ့သူငယ်ချင်းဖြစ်ပုံပေါ်သည့်လူနှင့် ခပ်မြန်မြန်ပဲ ထွက်ခွာသွားခဲ့ပါသည်။ ပျိုလည်း မျက်မှန်ကို ဆံပင်ပေါ်ပင့်တင်ပြီး လှမ်းကြည့်နေမိရာ သူ့သူငယ်ချင်းက ပရာဒိုကားပေါ် တက်သွားသလို သူကတော့ ပျိုထင်သည့်အတိုင်း ပျို့ကား၏ဘေးမှ မာဆေး



www.burmeseclassic.com

www.burmeseclassic.com



ဒီဇယ်ကားကြီးပေါ် တက်သွားပြီး ထွက်သွားတော့သည်။

ထိုအခါမှာ ပျိုသည် ရင်ထဲမှာဖြစ်တည်လာသော သူ့အကြောင်းသိချင်နေသည့်ဆန္ဒတွေက ပြင်းထန်နေတာမို့ သူ့နောက်ကို လိုက်စုံစမ်းဖို့ ချက်ချင်းပဲဆုံးဖြတ်ပြီး ကား Park သို့ ခပ်သုတ်သုတ်ထွက်လာခဲ့သည်။

သို့သော် ပျို့ဆုံးဖြတ်ချက်က မိနစ်အနည်းငယ်နောက်ကျသွားခဲ့ပါသည်။ ပျို့ကားနှင့် သူတို့ကားကြားတွင် ကားနှစ်စီးဝင်ရောက်သွားပြီမို့ ပျို လုံးဝကပ်လိုက်လို့မရတော့ပါ။ ကြိုးစားပြီး မျက်ခြေမပြတ်လိုက်ကြည့်သော်လည်း မီးပွိုင့်တစ်ခုအရောက်တွင် ပျို့ကားက မီးပွိုင့်မိကျန်ခဲ့ပြီး သူတို့ကားတွေက လွတ်သွားကာ တစ်ယောက်တစ်လမ်း ခွဲထွက်သွားတော့တာဖြစ်လေသည်။

"ဟူး. . ."

ပျို တောင်ကြည့်မြောက်ကြည့်နှင့် သက်ပြင်းလေကိုသာ မှုတ်ထုတ်မိတော့၏။ ရန်ကုန်မြို့ဆိုတာ လူစိမ်းတစ်ယောက်နှင့် ခုတွေ့ပြီး နောက်ပြန်တွေ့ဖို့ဆိုတာ လွယ်တာမှတ်လို့၊ ပျိုသည် ရင်ထဲ ဟာတာတာဖြစ်ကျန်ခဲ့ပြီး ကားမောင်းရတာပင် စိတ်မပါတော့ချေ။ ဒီတော့မှ မေမေ့ဆီဖုန်းဆက်ဖို့ သတိရလေ၏။





ပျို့ဖုန်းဝင်သွားတော့ မေမေက အငမ်းမရပင်. . .

"ဟဲ့, အပျိုစင် ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ။ ဘာဖြစ်နေသေး ဘယ်ရောက်နေလဲ"

"သမီး ခေါင်းမူးနေလို့ မေမေ"

"အလုပ်ဆင်းတာ တစ်ပတ်မပြည့်သေးဘူး။ ခေါင်းမူးတာတွေ ဒိုက်နာတာတွေက လာပြီလား။ မမကလည်း ပြန်မရောက်သေးလို့တဲ့၊ စိတ်တွေအရမ်းပူပြီး ဖုန်းခဏခဏဆက်နေလို့ မေမေနဲ့ရန်ဖြစ်နေရပြီ"

"တကယ်ခေါင်းမူးနေလို့ လန်းသွားအောင် အင်းလျားမှာ သွားထိုင်နေတာပါ။ အခုပြန်လာနေပါပြီ"

"ခေါင်းမူးတာပဲ ကိုယ့်အိမ်ကိုယ် ပြန်ပါလား၊ တစ်ခုခုသောက်ပြီး ကောင်းကောင်းနားလိုက်ပါလား။ အဲဒီလို သွားထိုင်နေတော့ ခေါင်းမူးတာ ပျောက်ရောလား။ ဘယ်ကိုပဲရောက်ရောက် ဖုန်းပိတ်မထားပါနဲ့လို့ အတန်တန်မှာထားရက်နဲ့၊ ခုတော့ လူကြီးတွေလည်း စိတ်ပူရတယ်၊ အလုပ်ချိန်လည်း နောက်ကျပြီ"

"ကဲပါ မေမေရယ်, အခုကောင်းသွားပါပြီ၊ စိတ်မပူပါနဲ့တော့။ သမီး အိမ်မပြန်တော့ဘူး. . . မေမေ့ဆီပဲ တန်းလာတော့မယ်။ ကျေနပ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရလို့လား, ဘာစားပြီးပြီလဲ၊ လေးနာရီမှာ သူ့ဌေးနှစ်ယောက်နဲ့ တွေ့ပေးဖို့အစီအစဉ်ရှိတယ်နော်"

"ရပါတယ် မေမေရဲ့၊ ရုံးခန်းရောက်မှပဲ တစ်ခုခုမှာစားတော့မယ်။ ကြီးကြီးဆီ ဖုန်းဆက်လိုက်ပါဦး။ သမီးလည်း ဆက်ပါ့မယ်"

"အေး. . . ဒါဆို ပြီးရော"

မေမေ ဖုန်းချသွားတော့ ကြီးကြီးကျေနပ်အောင် အကြောင်းကြားရပြန်သည်။ ကြီးကြီးကလည်း မေမေ့လိုအငမ်းမရပင်။

"ကြီးကြီး"

"ဟယ်!. . . သမီးလေး, ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ။ ပြန်မရောက်သေးလို့ စိတ်တွေပူလိုက်ရတာ။ အခု ဘယ်မှာလဲ"

"စိတ်မပူပါနဲ့တော့ ကြီးကြီးရဲ့၊ ခေါင်းနည်းနည်းမူးနေလို့ ဖုန်းပိတ်ပြီး အင်းလျားမှာ သွားထိုင်နေတာပါ။ အခုကောင်းသွားပါပြီ။ ပြန်လာနေပါပြီ၊ ဒါပေမဲ့ အိမ်ပြန်မလာတော့ဘူး. . . အလုပ်ချိန်နောက်ကျနေလို့ မေမေ့ဆီပဲ သွားလိုက်တော့မယ်နော် ကြီးကြီး"

"ရလို့လား သမီးရဲ့၊ အိမ်မှာပဲ နားလိုက်ပါလား။ ဗိုက်ကောမဆာဘူးလား။ ဘာစားပြီးပြီလဲ"

"ဖူးသီးကြော် စားထားတယ်၊ အအေးလည်း သောက်ထားတယ်





ရုံးခန်းရောက်မှ တစ်ခုခုထပ်မှာစားမယ်လေ။ ကြီးကြီးလက်ရာကိုတော့ ညကျမှပဲ ကောင်းကောင်းစားတော့မယ်နော်. . . ဒါပဲနော် ကြီးကြီး"

"အေးအေး. . . ဂရုစိုက်နော် သမီးလေး"

"ဟုတ်. . . တာ့တာ"

"တာ့တာ. . . တာ့တာ"

ပျိုသည် ဖုန်းပြောပြီး တစ်ယောက်တည်း ပြုံးနေမိလေသည်။ တကယ်တော့ ပျိုဟာ ခေါင်းမူးတာမဟုတ်ဘဲ ရင်ဘတ်မူးသွားခဲ့တာဖြစ်လေသည်။ ခေါင်းမူး ခေါင်းကိုက်တာက ဘိုင်အိုဂျက်ဆစ် သောက်ရင် ချက်ချင်းပျောက်ပေမယ့် ရင်ဘတ်မူးတာကတော့ သူပျောက်သွားချိန်မှစပြီး တရိပ်ရိပ်ပိုမူးလာတော့တာဖြစ်သည်။ အစာစားရာမှာလည်း စိတ်မပါ၊ အလုပ်လုပ်ရာမှာလည်း စိတ်မပါ၊ သင်တန်းတက်ရာမှာလည်း စိတ်မပါ။

အချိန်တိုင်းလိုလို သူ့မျက်နှာကိုသာ မြင်ယောင်ပြီး သူနှင့်နောက်ထပ်ပြန်တွေ့ချင်သည့်ဆန္ဒတွေကသာ ပြင်းပြနေခဲ့၏။ ရောက်တဲ့နေရာတိုင်းမှာလည်း ဟိုကြည့်ဒီကြည့်နှင့် တိတ်တဆိတ်ရှာဖွေနေခဲ့မိသည်။ သူနှင့်ဆုံတွေ့ခဲ့သည့်နေရာကိုလည်း နောက်ထပ်တွေ့လိုတွေငြား သွားထိုင်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ ပျိုနှင့်အတူ SCBL မှာ Business နှင့်ပတ်သက်သည့်သင်တန်းတစ်ခုကို တက်နေသည့်သူငယ်ချင်းမြတ်နိုးကပါ ပေါ်တင်မေးလာလေ၏။

"အပျိုစင်. . . နင် ခုတလော ဘာဖြစ်နေတာလဲ။ ပုံစံက သိပ် Active မဖြစ်သလိုပဲ၊ လူအလုပ်ရှုပ်တာထက် စိတ်အလုပ်ရှုပ်နေသလို ထင်ရတယ်"

"ဟုတ်တယ်, ငါ့စိတ်တွေ အရမ်းအလုပ်ရှုပ်နေတာ။ ဒီတစ်ပတ်အတွင်း လူတစ်ယောက်အကြောင်းကို စဉ်းစားနေရလို့၊ ပြီးတော့ သူ့ကိုတွေ့လိုတွေ့ငြား ရောက်တဲ့အရပ်မှာ ရှာနေလို့၊ ဘယ်သူလဲလို့ နင်မမေးခင် ငါ အရင်မေးခွန်းတစ်ခွန်းမေးမယ်. . . ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က အရင်စပြီး စိတ်ဝင်စားရင် ဘာတွေဖြစ်နိုင်လဲ, ဘာတွေလုပ်သင့်လဲ"

"ဘုရားရေ!. . . နင်. . . နင် ရည်းစားရနေပြီလား။ လူတစ်ယောက်ကို ချစ်မိနေပြီလား"

"အင်း. . . အဲဒီလိုဖြစ်တော့မယ် ထင်တာပဲ၊ အစပျိုးတဲ့သဘောပေါ့"

"ဒါများဟာ, အထူးအဆန်းလုပ်လို့၊ ခုခေတ်က မိန်းကလေးက





စချစ်တဲ့ခေတ်ဖြစ်နေတာကို။ ကိုယ်က အရင်စပြီး စိတ်ဝင်စားရင် ဘာတွေဖြစ်နိုင်လဲဆိုတော့ အကောင်းလည်းဖြစ်နိုင်တာပဲ၊ အဆိုးလည်း ဖြစ်နိုင်တာပဲ၊ အဲဒီထဲက တစ်ခုခုပေါ့။ ဘာတွေလုပ်သင့်လဲဆိုတာ သူနဲ့အနီးဆုံးနေရာမှာနေပြီး အရင်ဆုံး မိတ်ဆွေဖြစ်အောင် လုပ်ရမယ်ထင်တာပဲ"

"ဟင်း. . . နင့်မေးမှပဲ ရှင်းတော့တယ်။ ဒီခေတ်ကြီးမှာ အဲဒီနည်းတွေသုံးလို့ ဘယ်ဖြစ်မှာလဲ။ အရမ်းရိုးပါတယ်"

"ငါမှ ဘယ်သူ့ကိုမှ မချစ်ဖူးတာ၊ မှန်းပြောရတာပေါ့။ ဒါဆို ဒီလိုလုပ်ပါလား. . . ငါ့ညီမဝမ်းကွဲတစ်ယောက်က သူ့ကောင်လေးကို သူက အရင်စချစ်ခဲ့တာတဲ့၊ အခု အိုကေနေတယ်။ သူ့ကိုမေးကြည့်လိုက်ရလား။ ဘယ်လိုဇာတ်လမ်းဆင်ခဲ့သလဲလို့။ ဒါမှမဟုတ် နင့်ရဲ့ Best friend ကြီး ရဲရင့်နီကို မေးကြည့်ပါလား။ သူက ယောကျ်ားလေးဆိုတော့ ဒါတွေသိချင်သိမှာပေါ့"

"ဟာ. . . ငါ့အခြေအနေက ရဲရင့်နီနဲ့ဆွေးနွေးရမယ့်အဆင့်ထိရောက်သေးပါဘူးဟာ။ နည်းလမ်းတွေကို ခပ်ပါးပါးလေး သိထားရုံပဲ"

"လမင်းပျိုစင်ရယ်, နင်ကြံတဲ့နည်းလမ်းထက် ဘယ်သူကြံတဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းလမ်းက ထက်ဦးမှာလဲ။ အချစ်နဲ့ပတ်သက်ရင် အထူအပါး နားလည်ဖို့တွေ အုံးစားမနေနဲ့။ နင့်ပုံစံနဲ့လည်း မလိုက်ဘူး။ နင်က အမြဲတမ်း ပျော်ပျော်သွက်သွက် ထက်ထက်မြက်မြက်နေတတ်တာဆိုတော့ နင့်ကိုငါချစ်တယ်, ငါ့ကိုနင်ချစ်မလားဆိုပြီး ပေါက်ကွဲပစ်လိုက်''

''အေး. . . အဲဒီလိုပေါက်ကွဲပစ်ဖို့ ခုလိုစိတ်ရှုပ်ခံနေတာပေါ့ဟဲ့။ သူက ဘယ်ကမှန်းမှမသိတာ၊ ဘာလုပ်မှန်းမှမသိတာ''

''ဟင်!. . . ဘယ်ကမှန်း ဘာလုပ်မှန်းမသိဘဲနဲ့ ဘယ်လိုတွေ့ခဲ့တာလဲ''

''ပြီးခဲ့တဲ့ မန်းဒေးတုန်းက ကန်ဘောင်မှာ မုန့်သီးကြော်သွားစားတာလေ၊ အဲဒီမှာ တစ်ယောက်နဲ့တစ်ယောက် ပစ်တိုက်မိတာ။ တိုက်မိပုံက ကြမ်းတယ်ဆရာ. . . သူ့ရင်ခွင်ကို နမ်းလိုက်မိသလိုပဲ. ချက်ချင်းကို ခိုက်သွားတာ''

''ဟား ဟား ဟား. . . အပျိုစင်ရယ်၊ နင့်ဉစ္စာက ဖြစ်လိုက်ရင် အသည်းအသန်ချည်းပါလား။ ဒါကြောင့် ပေါက်ကွဲရမယ့်သူကို ရှာနေတာပေါ့လေ။ ဖြစ်ရမယ် ဖြစ်ရမယ်. . . မိုးနတ်မင်းကြီးက သင့်အတွက် ချစ်သူ မိုးနတ်သားလေးကို စေလွှတ်လိုက်တာပေါ့လေ''

''ဒါပေါ့. . . ဒါပေါ့''





''အေးပါဟယ်. . . နင်ပေါက်ကွဲနိုင်ဖို့အတွက် ချစ်သူမိုးနတ်သားလေးနဲ့ ပြန်တွေ့ပါစေလို့ ဆုတောင်းပေးပါ့မယ်။ နင်က ကံကောင်းခြင်းတွေနဲ့ ကြီးပြင်းလာခဲ့တဲ့သူဆိုတော့ မကြာခင်မှာပဲ ပြန်တွေ့မှာပါ''

စသဖြင့် မြတ်နိုးက ဖျို့ဖာတ်ထုပ်ကို သဘောကျသွားပြီး အားပေးမှုတွေ၊ နှစ်သိမ့်မှုတွေ၊ ဆုတောင်းမှုတွေ ပြုလုပ်ပေးလိုက်လေသည်။ ညရောက်တော့လည်း ကြီးကြီးက ခေါက်ဆွဲပြုတ်စားပြီး မေမေနှင့် ဖျိုက ပန်းသီးတွေ စားနေချိန်တွင် ထိုဘွားတော်နှစ်ယောက်က သွေးတိုးစမ်းသေး၏။

''အပျိုစင်လေး. . . အခုတလော သွက်သွက်လက်လက် သိပ်မရှိလှဘူး။ စိတ်နဲ့လူနဲ့ သိပ်မကပ်သလိုပဲ။ သွားရလာရတာတွေ ပင်ပန်းလို့လား, သင်တန်းက နောက်ဆုံးအပတ်မို့လို့ အာရုံစိုက်နေရလို့လား။ ကြီးကြီးသတိထားမိတာကတော့ အရင်တစ်ခါ ခေါင်းမူးတယ်ဆိုကတည်းကပဲ၊ အခုရော ခေါင်းမူးသေးလား. . . တစ်ခုခုတော့ ဖြစ်သလားလို့''

''ဒီတစ်ပတ်ထဲမှာ အာရုံစိုက်ရတာတွေများလို့ နည်းနည်းမူးနေတာမျိုးပါ။ ပင်ပန်းတာတွေလည်း ပါတာပေါ့ ကြီးကြီးရဲ့။ ဒါပေမဲ့ စိုးရိမ်ရလောက်တဲ့အထိ မဟုတ်ပါဘူး. . . သမီး ဂရုစိုက်ပါတယ်''

''ဟုတ်ပါ့မလား မမရယ်၊ မမမို့လို့ ယုံယုံကြည်ကြည်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



တူမအကြောင်းလည်း သိရဲ့သားနဲ့။ သူ့ခန္ဓာကိုယ်မှာ ခေါင်းမူး ခေါင်းကိုက်တာတွေ သွက်သွက်လက်လက် မရှိတာတွေက တစ်ပတ်လောက်ကို မနေဘူး။ မဟုတ်မှလွဲရော. . . ဒီလောက်ငြိမ်နေရင် တစ်ခုခုတော့ ကြံနေတာ ဖြစ်ရမယ်''

''ညည်းကလည်းအေ, ငါ့တူမလေးကို အပြစ်ပြောဖို့လောက်ပဲ။ ကြံစရာရှိတောင် ဒီလောက်ထိ ဘယ်တုန်းကကြံဖူးလို့လဲ။ သူလိုချင်တာကို ပြောင်တောင်းတတ်တာပဲဟာ။ လူပဲ. . . ကျန်းမာရေးဆိုတာ ဘယ်ပြောလို့ရပါ့မလဲ။ သူ့မှာ သင်တန်းပြေးရ, အလုပ်ပြေးရနဲ့ ပင်ပန်းတာပေါ့။ ဒီကြားထဲ နောက်ထပ်သင်တန်းတက်ဖို့ကိုလည်း လုံးပမ်းရသေးတယ်''

''ဟင်. . . ဘာသင်တန်းတက်ဦးမလို့လဲ''

''သမီးငါသနာပါတာတစ်ခု ကျန်နေသေးလို့ပါ မေမေရဲ့။ Center of Voeational Training ဆိုတဲ့ ဆွစ်ဇာလန်က လာဖွင့်တဲ့သင်တန်းတစ်ခုပါ။ Hotel လုပ်ငန်းနဲ့ဆိုင်ပါတယ်''

''နေစမ်းပါဦး, အဲဒီသင်တန်းတွေက သေတဲ့အထိ တက်နေဖို့လား''

''စန္ဒီရယ်, ညည်းက ကိုယ့်သမီးကိုယ် ဘယ်တော့မှအကောင်း





မမြင်ပါလား။ အမြဲတမ်း ရန်လုပ်ဖို့ပဲ ကြည့်နေတယ်။ သူ ကတိပေးပြီးသားပဲ၊ နှစ်ဆယ့်ငါးနှစ်ကျရင် အိမ်ကအလုပ်ကို ဖောက်ချလုပ်မယ်ဆိုဘာလေ''

''စန္ဒီက အမြဲတမ်း ရန်လုပ်နေတာမဟုတ်ဘူး။ မမကသာ အမြဲတမ်း ရှေ့ကနေ ကာဆီးကာဆီးလုပ်နေတာ။ အေး, တက် တက်. . . သေတဲ့အထိသာ တက်တော့''

စသဖြင့် မျိုးက သိပ်ပြောစရာမလိုဘဲ ထုံးစံအတိုင်း မျိုးအတွက် ကြီးကြီးနှင့်မေမေလည်း စကားနပန်း ချခဲ့ကြသေးသည်။ သို့သော် မျိုး့အဖြစ်က တကယ်ပဲ ထူးဆန်းခဲ့ပါသည်။

**'နင်ပေါက်ကွဲနိုင်ဖို့အတွက် ချစ်သူမိုးနတ်သားလေးနဲ့ ပြန်တွေ့ပါစေလို့ ဆုတောင်းပေးပါ့မယ်။ နင်က ကံကောင်းခြင်းတွေနဲ့ ကြီးပြင်းလာခဲ့ရတဲ့သူဆိုတော့ မကြာခင်မှာပဲ ပြန်တွေ့မှာပါ'** ဆိုသည့် သူငယ်ချင်း မြတ်နိုး ပြောခဲ့သောစကားကပဲ ချက်ချင်းအထမြောက်ခဲ့သလား မသိပါ။ ဒါမှမဟုတ်, ငယ်စဉ်ကတည်းက ကံကောင်းမှုတွေနှင့် ကြီးပြင်းခဲ့ရသည့် မျိုး့ဇာတာကပဲ တကယ်လှခဲ့လို့လားမသိပါ။

နောက်နေ့ သင်တန်းက အပြန်မှာတော့ သင်တန်းပြီးခါနီးမို့ သူငယ်ချင်းတွေကို လက်ဆောင်ပစ္စည်း ဝယ်ပေးလိုစိတ်ဖြင့် ဒီမိုဂေဟာ



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ရောက်လာချိန်မှာပဲ သူနှင့်ပြန်တွေ့ခဲ့ရတာဖြစ်သည်။ သေလောက်အောင် ရှာနေခဲ့တုန်းက မတွေ့။ တွေ့မယ့်တွေ့တော့ တကယ့်လွယ်လွယ်လေးပင်။ ပျိုက လက်ဆောင်ပစ္စည်းပေးတတ်ရာတွင် များသောအားဖြင့် အရုပ်တွေကိုသာ ပေးတတ်သည့်အကျင့်ရှိတာမို့ ထိုအရုပ်တွေရှိရာကို ပျိုက အသွား၊ သူက ပျို့ရှေ့မှ ဖြတ်လျှောက်သွားတာကို အမှတ်တမဲ့မြင်လိုက်ရတာဖြစ်သည်။

"ဟင်! . . . သူ့ . . . သူပါလား . . . ဘုရားရေ"

ပျို့ရင်ထဲ ခါတ်လိုက်သွားသလို၊ ပျော်ရွှင်ကြည်နူးစိတ်တွေကလည်း ဝုန်းဒိုင်းကျဲသွားတာမို့ သူ့နောက်ကို ခပ်သုတ်သုတ်ပဲ ထပ်ကြပ်မကွာ လိုက်မိတော့သည်။ ဒီလောက် ကွန့်မြူးမဆည်နိုင်အောင် မြူးသွားရပြီဆိုရင် ပျို့အဖြစ်က တစ်ဒင်္ဂလေးတွေ့ရုံနှင့် ခိုက်ခဲ့ရသလို အခုလည်း တစ်ဒင်္ဂလေးနှင့် ကြိုက်မိသွားတာဖြစ်တော့မည်။

ဒီတစ်ခါ သူ့ဒီဇိုင်းလေးက ဖြူစင် နုနယ်မှုတွေကို ပိုပေါ်လွင်စေပြီး သစ်လွင် လန်းဆန်း၍ တက်တက်ကြွကြွ လွတ်လွတ်လပ်လပ်ရှိစေသည့် ဖူးအဝါ အနက်ရောင်ဘောင်းဘီတို၊ G A P တီရှပ်အဖြူ၊ ZIARA ခြေညှပ်ဖိနပ်အနက်ရောင်တို့နှင့်အတူ ဖုန်းတစ်လုံးသာ ကိုင်ထားသောဒီဇိုင်းဖြစ်ပါသည်။





ပျိုသည် သူ့ပုံစံလေးကို မျက်တောင်မခတ်ကြည့်ပြီး ရင်သပ် ရှုမောဖြစ်နေစဉ်မှာ ဖုန်းခေါ်သံ (မေမေ့အတွက် သီးသန့်လုပ်ထားသည့် Ringtone) လေး ထွက်လာတာကြောင့် သူ့နောက်မှာ ခဏချန်ရစ်ပြီး ပြောလိုက်ရ၏။

"သမီး, အိမ်ပြန်ရောက်ပြီလား"

"မရောက်သေးဘူးမေမေ သဘက်ခါ သင်တန်းပြီးပြီဆိုတော့ သူငယ်ချင်းတွေကို လက်ဆောင်တစ်ခုခု ပေးချင်တာနဲ့ စိန်ဂေဟာထဲ ဝင်ကြည့်နေတာပါ။ ခဏနေရင် ပြန်ရောက်မှာပါ"

"ဒါဆို အိမ်မပြန်နဲ့တော့၊ မေမေ့ဆီ တန်းလာခဲ့။ ပါတနာတစ်ယောက်က မြရိပ်ညိုမှာ ပစ္စည်းသစ်တစ်ခု မိတ်ဆက်ပွဲလုပ်လို့ မေမေ သွားရမယ်။ သမီးကြီးကြီးကိုလည်း ဖုန်းဆက်ပြောပြီးပြီ၊ သိပ်မကြာစေနဲ့နော်. . . ဒါပဲနော်"

"ဟုတ်"

ပျို ဖုန်းပြောပြီးချိန်မှာတော့ သူက အရုပ်ကလေးတွေကို ကိုင်ကြည့်နေပြီမို့ ပျိုလည်း သူနှင့်မလှမ်းမကမ်းသို့ သွားလိုက်ပြီး အရုပ်တွေကို ရွေးနေလိုက်မိသည်။ ဖြစ်ချင်တော့ ရှားရှားပါးပါးတွေ့လိုက်ရသည့် ဝက်ဝံကြီးက ဝက်ဝံကလေးကို ပွေ့ပိုက်ထားသော ပုတ္တပါအရုပ်သို့



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှင့် ပျို့လက်က တစ်ပြိုင်တည်းကျရောက်သွားခဲ့ပါသည်။

ပြီးတော့ အံ့သြမှုတွေနှင့် မျက်နှာချင်းဆိုင်လိုက်မိတာကလည်း အတူတူ။ အဲဒီတော့မှ နှစ်ယောက်သား လက်တွေကို ပြိုင်တူရုတ်သိမ်းမိတော့သည်။

"ရှင်...ရှင်, ပြီးခဲ့တဲ့အပတ်က ကန်ဘောင်မှာ တွေ့ခဲ့တဲ့လူမှလား"

"ဪ, သိပြီ၊ အိုခေ အိုခေ...မှတ်မိပြီ၊ မင်းကိုး"

"အခုလည်း အရုပ်ရွေးတာ တိုက်ဆိုင်ပြန်ပြီနော်။ ရှင်ကြိုက်လို့လား"

"ကြိုက်စရာပဲ...မင်း ဒီအရုပ်ကို ရချင်လို့လား"

"ရချင်တယ်...ရှင်ရော ရချင်လို့လား"

"ရချင်တယ်...ဒါပေမဲ့ မင်းက ရမှဖြစ်မှာလား"

"အင်း"

"အိုခေ...ကိစ္စမရှိဘူး။ မင်းပဲ ယူလိုက်တော့"

သူက ဒါပဲ ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားတော့သည်။ ပျို့နှုတ်ခမ်းတစ်ချက် မဲ့လိုက်သည်။ ပျို့ကို ဒီလိုအထားမျိုး လာပေးလို့ ဘယ်ရလိမ့်မလဲ။ မက်မောတုန်းက မက်မောပြီးမှ စိတ်မဝင်စားသလို





တန်ဆောင်သွားတာ ဘာသဘောလဲ။

ပျို့ကလည်း ခံသူမဟုတ်ပါ။ သူ့ရ ကိုယ်ရ အပြိုင်အဆိုင်ဝယ်မှု မရ,ရအောင် ဝယ်ပြမှာဖြစ်၏။ ခုလိုလုပ်သွားပုံကတော့ ပျို့အတွက် အင်မတန်ပျင်းစရာကောင်းသွား၏။ ပျို့သည် ထိုအရုပ်ကို တစ်ချက်လေးတောင် လှည့်မကြည့်တော့ဘဲ သူ့နောက်ကိုသာ လိုက်ခဲ့တော့သည်။

ဘာရယ်ကြောင့်မှန်းမသိ၊ သူ့နောက် အဲဒီလိုလေး လိုက်လုပ်ရတာကိုပဲ ရင်ခုန် ကြည်နူးလို့နေပါသည်။

သူကတော့ လမ်းလျှောက်ရင်း ဖုန်းပင် ခပ်တိုးတိုးပြောနေလိုက်သေးသည်။ ပျို့ ဒီတစ်ခါတော့ လုံးဝအလျှော့ပေးမှာမဟုတ်တော့။ တစ်ပတ်လုံး သူနှင့်ပတ်သက်ပြီး မခံစားဖူးသေးသည့် ဝေဒနာတွေကို ခံစားခဲ့ရပြီးပြီ။ ဒါကြောင့် သူ အပြင်ထွက်ခါနီးမှာ ပျို့ ပြေးကာပ်လိုက်မိပြန်သည်။

"ဒီမှာ...ဒီမှာ"

ပျို့အသံကြောင့် သူက အံ့သြလိုပုံစံမျိုးဖြင့် စောင်းငဲ့ကြည့်၏။

"ကျွန်မ, လိုချင်တဲ့အရုပ်ကို လက်လျှော့ပေးလိုက်တဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်မ ရှင်နဲ့မိတ်ဆွေဖြစ်ခွင့် ရချင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဘယ်လိုပြောရမလဲ၊ ကျွန်တော် အဲဒါတွေ စိတ်မဝင်စားဘူးခင်ဗျ၊ ဆောရီးပါ"

ကြည့်စမ်း! စောစောကလိုပင် ခပ်ပြတ်ပြတ်ပြောပြီး ထွက်သွားပြန်သည်။ 'ဟင်း. . . ယဉ်ကျေးမှုမရှိတဲ့လူ'။ မျိုကလည်း ပခုံးလေးကို တွန့်၍ ပွစိပွစိပြောပြီး သူ့နောက် လိုက်ကပ်လိုက်ပြန်သည်။

"အဲဒါတွေကို စိတ်မဝင်စားတဲ့အတွက်လည်း ထပ်ပြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ တစ်ဆိတ်လောက် Visiting card လေးပဲဖြစ်ဖြစ်. . . ဖုန်းနံပါတ်လေးပဲဖြစ်ဖြစ်ပေါ့။ တစ်နေ့နေ့မှာ ဂုဏ်ပြုချင်သေးလို့ပါ"

ဒီတစ်ခါတော့ သူက အံ့သြမှုလည်းမပြ၊ စိတ်ပျက်မှုလည်းမပြဘဲ ခြေစုံရပ်လိုက်ပြီး စုတ်တစ်ချက်ကို အရင်သပ်သည်။ ပြီးမှ. . .

"အားနာပါတယ် မိန်းကလေး။ လက်လျှော့လိုက်ပါ။ အဲဒီကိစ္စတွေအတွက် ကျွန်တော့်မှာ အချိန်မရပါဘူး။ ကျွန်တော်နဲ့ပတ်သက်တဲ့လူကလွဲရင် ဘယ်သူနဲ့မှ ဖုန်းလက်ခံမပြောပါဘူး။ တကယ် ဆောရီးပါ"

ဆိုပြီး သူ့ကားဆီ တန်းတန်းမတ်မတ်လျှောက်သွားတော့၏။ မျိုသည် သူ့နောက်ကျောပြင်ကိုကြည့်လျက် နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး





ပြုံးလိုက်မိပါသည်။

'လက်လျှော့လိုက်ပါတဲ့' လမင်းမျိုစင်ဆိုတဲ့မိန်းကလေးကို လွယ်လွယ်နဲ့ လက်လျှော့လိမ့်မယ်လို့များ ရှင်ထင်နေသလား။

အိုခေ. . . ကောင်းပြီ၊ ဒီအချိန်ကစပြီး ရှင့်, ကျွန်မအကြောင်း ကောင်းကောင်းသိရတော့မယ်သာ မှတ်လိုက်ပါ။ မျို၏ရင်တွင်းဖြစ်တည်မှုအားလုံး ဒီနေရာမှာပဲ သေချာသွားခဲ့ပါပြီ။

အဲဒါကတော့ အချစ်တစ်ခုဖြစ်တည်ဖို့အတွက် အစပျိုးနေသော မျို့ရဲ့ရင်ခုန်လှုပ်ရှားမှုများသည် သူ့ရဲ့ပြတ်ပြတ်သားသားတုန့်ပြန်မှု၊ သူ့ရဲ့အဖက်မတန်သလို လုပ်သွားမှုများကြောင့် တကယ့်အချစ်စစ်တစ်ခုအဖြစ် အမြစ်တွယ်သွားခဲ့ရပြီဆိုတာပင်။

မျိုက လူတစ်မျိုးဖြစ်သည်။ 'လက်လျှော့လိုက်ပါ' ဟုဆိုလာလျှင် ထိပ်ဆုံးရောက်အောင် ရှုတ်တိုးမည့် ဆန့်ကျင်ဘက်မိန်းကလေးတစ်ဦးဘည်း။ သူပြောဆိုဆက်ဆံသွားပုံအရလည်း မျို့နေရာမှာ တချို့မိန်းကလေးတွေသာဆို ပြုံလဲ ကြေကွဲ ကျန်ခဲ့မှာဖြစ်သည်၊ မျိုကတော့ ရှေ့ဆက်ဖို့ အားအင်သစ်တွေတောင် ပြည့်ဝလာခဲ့ရလေသည်။

ပြီးတော့ တစ်ဖက်သတ်အချစ်နှင့်ပတ်သက်ရင်လည်း မျိုက [illegible] ချမ်းရဲ့ 'တကယ်ဆို အချစ်ပဲလိုတယ်'တို့၊ မေသူရဲ့ 'တစ်ဖက်သတ်



www.burmeseclassic.com

www.burmeseclassic.com



အချစ်'တို့. . . ဆိုတာတွေနှင့် ခံစား ကြေကျနေမှာမဟုတ်၊ ဖြူဖြူကျော်သိန်း၏ 'ဘယ်သူ ကိုယ့်လောက်ချစ်လဲ' ဆိုတာနှင့်သာ ပေါက်ကွဲလိုက်မှာဖြစ်လေသည်။

ဖျိုသည် သူလျှောက်သွားတာကို မျက်စိတစ်ဆုံး ငေးကြည့်ရင်း သူ့ကားထဲကို ဝင်ထိုင်ပြီး မောင်းထွက်သွားမှ ဖျိုလည်း ဖျို့ကားဆီ အပြေးလှမ်းပြီး သူ့နောက်သို့ ထပ်ကြပ်မကွာ လိုက်လာခဲ့တော့၏။ နောက်က ကပ်လိုက်နေပေမယ့် ဖျို့ကားမှန်းပင် သူက ရိပ်မိပေါ်မပေါ်ပါ။ ကားထဲမှာ နောက်တစ်ကြိမ် ဖုန်းပြောပြီး ရယ်နေလိုက်သေးသည်။

ဖျို၏ကံကောင်းမှုက ဆက်တိုက်ဆိုသလိုပင်။ သူသွားနေသည့်လမ်းကြောင်းက ဖျိုသွားရမည့်လမ်းကြောင်းနှင့် တူညီနေတာပဲဖြစ်၏။ သူရပ်ရင် ရပ်လိုက်၊ သူသွားရင် သွားလိုက်နှင့်၊ သူ့နောက်မှ အရိပ်ကလေးလို ရင်တွေ တသိမ့်သိမ့် တငြိမ့်ငြိမ့်ခုန်ရင်း လိုက်ပါ စီးမျောလာခဲ့ရာ နောက်ထပ် ကံကောင်းမှုတစ်ခုနှင့် ထပ်မံကြုံရပြန်သည်။

အဲဒါကတော့ သူ့ကားက မေမေ့အလုပ်တိုက်ရှိရာလမ်းထဲသို့ ချိုးကွေ့ဝင်သွားတာမို့ ဖျိုက နောက်မှာ ခဏချန်ပြီး ကြည့်နေရာ၊ အံ့သြဖွယ်ကောင်းစွာပင် သူကားက မေမေ့အလုပ်တိုက်ရှေ့မှာ ထိုးရပ်လိုက်တာပဲဖြစ်လေသည်။





ကြည့်စမ်း!. . . ဖျို အရမ်းပျော်သွားပြီး လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်လိုက်မိတော့၏။ သူ့ အရောင်းပြခန်းထဲ ဝင်သွားတော့မှ ဖျိုလည်း ဖျိုကားထိုးနေကျနေရာဆီ အမြန်သွားထိုးပြီး ဝင်လာခဲ့တော့သည်။

မဖြစ်မနေ ရုံးခန်းထဲ အရင်ဝင်လိုက်တော့ မေမေက ဖြုန်းခနဲဆလာ၏။

"အမယ်လေး. . . ပေါ်တော်မူ အဖျိုစင်၊ စောင့်လိုက်ရတာ။ သိပ်ကြာစေနဲ့လို့ ပြောလိုက်လို့ တမင်ကြာအောင် လုပ်လာတာမို့လား။ နောက်ထပ် ငါးမိနစ်မှမရောက်ရင် မေမေ သွားပြီပဲ"

ဆိုပြီး အပြင်ထွက်ဖို့ ပြင်တော့သည်။

"မေမေကလည်း ဒီလောက်တော့ ရှိမှာပေါ့။ စိတ်ချလက်ချသွားနော်"

"အင်း. . . ကောင်းကောင်းနေခဲ့"

မေမေ ထွက်သွားတော့မှ ဖျို ပခုံးလေးတွန့်ပြီး အရောင်းပြခန်းဆီသို့ ဝင်လာခဲ့လေသည်။ သူ့ကို ဖျို အတွေ့အထူးမရှာလိုက်ရပါ။ လှမ်းမကမ်းတစ်နေရာမှာ မေမေ့အရွယ် အမျိုးသမီးတစ်ဦးနှင့် နှုတ်ဆက်နေတာကို မြင်လိုက်ရတာမို့ ဖျို ခပ်သွက်သွက်လှမ်းပြီး ပုဆိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကွယ်၍ နားစွင့်နေလိုက်မိ၏။

ဖျို့ကို တအံ့တသြငေးကြည့်နေကြသော ဝန်ထမ်းတွေကိုတော့ နှုတ်ခမ်းပေါ် လက်ညှိုးလေး ဖိကာပ်ပြလိုက်ပါသည်။

"အန်တီနဲ့ကတော့ ကျန်းမာရေးကောင်းတယ်မို့လား"

"ဟုတ်, ကောင်းပါတယ် အန်တီ၊ ဒါပေမဲ့ ဒီလထဲမှာ ကျွန်တော့် ကိစ္စကို အာရုံစိုက်နေရတော့ နည်းနည်းပင်ပန်းတယ်ခင်ဗျ"

"ဒါပေါ့, သားသာ သူ့အလိုကျနေပေးပြီး ကောင်းကောင်းဂရုစိုက်မယ်ဆိုရင် အဲဒီပင်ပန်းမှုကိုပဲ သူက ကျေကျေနပ်နပ်ကြီး ခံယူနေမှာ။ ဒါကြောင့် ဘွားဘွား အမောပြေစေဖို့ ဒီရောက်လာတာလား"

"အဲဒီလိုလည်း ပြောလို့ရပါတယ် အန်တီ၊ ပြီးတော့ ဒီက Over forty တွေအတွက် အရမ်းနာမည်ရတယ်ကြားတာနဲ့"

"ဟုတ်တယ် ဟုတ်တယ်. . . Over forty တင်မကဘူး Over sixty တွေပါ အကြိုက်တွေ့နေတာ၊ သားဘွားဘွားနဲ့ဆို ကွက်တိပဲ။ အများကြီးဝယ်သွားလိုက်၊ အန်တီတောင် ကိုရီးယားထပ်အကျီတွေ လာကြည့်တာ"

"ဟုတ်. . . ကြည့်ပါခင်ဗျာ၊ ကျွန်တော်လည်း ရွေးပြီးပါပြီ၊ ခွင့်ပြုပါဦး"





"အေးကွယ်"

ဖျိုသည် နားစွင့်နေရင်း အကြံတစ်ခု ဝင်လာကာ၊ သူ့ကိုလွှတ်ပေးလိုက်ပြီး သူနှင့်စကားပြောခဲ့သည့် အမျိုးသမီးကြီးထံသို့ ဝင်လုံးလိုက်ပါသည်။

"အန်တီ, မင်္ဂလာပါ"

"မင်္ဂလာပါကွယ်"

"ရွေးပြီးပြီလား အန်တီ၊ ပစ္စည်းတွေရော ကြိုက်ရဲ့လားရှင့်"

"အင်း. . . ရွေးပြီးပြီ၊ ငွေရှင်းတော့မှာလေ။ ဒီတစ်ပတ်ရောက်လာတဲ့ပစ္စည်းတွေက ကောင်းလွန်းလို့ သိပ်ရွေးစရာတောင် မလိုပါဘူးကွယ်"

"ဟုတ်ကဲ့ပါ၊ ဒီကသူဌေးက သူ့အကြိုက်နဲ့ ကပ်စတမ်မာတွေရဲ့အကြိုက်ကို တစ်ထပ်တည်းကျအောင် စဉ်းစားပြီးမှ လုပ်မှာတာပါ။ အန်တီက လှပြီးသားဆိုတော့ ဝတ်လိုက်ရင် ပိုလှသွားမှာပါ။ ပြီးတော့ သမီး အကြံတစ်ခုပေးချင်ပါတယ်၊ အန်တီ့ရဲ့ဆံပင်ကို နည်းနည်းထပ်တိုလိုက်ပါ၊ စကပ်ကိုလည်း ဒူးအုပ်ရုံလေးတွေ ဝတ်ပေးပါ၊ အဲဒါဆို ကိုရီးယားအမျိုးသမီးအတိုင်းပဲ၊ မြင်ရတဲ့သူကိုလည်း အရှိန်အဝါတစ်ခု သွမ်းခြုံစေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . ကြည့်စမ်း! ဒီ Sale girl လေးက အသစ်ကလေး ထင်ပါရဲ့ကွယ်၊ အပြောကောင်းလိုက်တာ။ အေးကွယ်. . . ကျေးဇူးတင်ပါတယ်၊ သမီးပေးတဲ့အကြံကို လက်ခံပါတယ်. . . ဟင်း ဟင်း"

"ဟို့၊ ဒါနဲ့ စောစောက အန်တီနဲ့စကားပြောနေတဲ့တစ်ယောက်ကို သမီးသိသလိုပဲ။ အန်တီတို့လို High class ထဲက ထင်တယ်၊ မင်းသားအသစ်တော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွယ်. . . မင်းသားဆိုရင် သမီးက မိတ်ဆက်ချင်လို့လား"

"ဟို. . . အဲလိုမဟုတ်ပါဘူး သမီး သိတော့သိပြီး စဉ်းစားလို့မရဘဲ ဖြစ်နေလို့ပါ။ အန်တီနဲ့အရမ်းခင်တာပဲလားရှင့်"

"အင်း. . . ခင်တယ်ပဲပြောပါတော့၊ သူ့အဘွားနဲ့ပတ်သက်ပြီး ခင်တာပါ"

"ဒါဆို သူ့အကြောင်းကို အန်တီနည်းနည်းလောက် ပြောပြပေးစေချင်ပါတယ်။ သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်နေလို့ပါ။ အချိန်ပေးနိုင်မယ်ဆိုရင် ကော်ဖီအတူတူသောက်ဖို့ တောင်းဆိုပါတယ် အန်တီ"

"လူလေးကလည်း ချစ်စရာကောင်း၊ အပြောလေးကလည်း ဒီလောက်ကောင်းနေမှတော့ အန်တီကတောင် ကော်ဖီပြန်တိုက်ချင်ပါ





သေးတယ်ကွယ်၊ ရပါတယ် ရပါတယ်. . . တစ်နာရီလောက်တော့ အချိန်ပေးနိုင်ပါတယ်"

နောက်ဆုံးတော့ ဖျို၏ Tact ကြွယ်ဝမှုမှာ ထိုအမျိုးသမီးကြီးမျောပါလာခဲ့ရပြီ။ ဖျိုသိချင်တာတွေ အားလုံးသိခဲ့ရပါတော့သည်။ သို့သော် အခြေအနေက ဖျို မှန်းထားတာထက် ပိုဆိုးရွားခဲ့ပါသည်။

"ဩော်, စေ့စပ်ပြီးသားကိုး။ ဒါဆို သူတို့ Wedding က ရှေ့လထဲမှာ သေချာတာပေါ့နော်"

"သေချာတယ်၊ ခုနက ဖိတ်စာပို့လိုက်မယ်လို့ သူပြောသွားသေးတယ်"

သူဟာ မကြာခင်မှာ လက်ထပ်ပွဲလုပ်တော့မယ့်လူတစ်ယောက်တဲ့. . .

ဒါကြောင့် သူ့ဒီဗိုင်းက ဒီတိုင်းဖြစ်နေခဲ့တာ ထင်ပါရဲ့. . .

ဟင့်အင်း. . . ပြဿနာလုံးဝမရှိပါ. . .

ဒီလိုကြားလိုက်ရလို့လည်း စောစောကမှ သူ့အပေါ် အမြစ်တွယ်ခဲ့သော ဖျို့ရင်ဘတ်ထဲမှ ချစ်ခြင်းမေတ္တာတွေက ပြောင်းလဲမသွားပါ။

ဒီခေတ်ကြီးမှာ ဒီလိုအဖြစ်တွေက ထူးဆန်းလွန်းလို့လား. . .

ဒါပေမဲ့ အနည်းငယ်အံ့ဩသွားမှုကြောင့် သောက်ဖို့ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော ကော်ဖီခွက်ကို ပြန်လွှတ်ချလိုက်မိပါသည်။

"အန်တီ့ပြောစကားအရဆိုရင် သူတို့မြေးအဘွားရဲ့အချစ်က တကယ့်စံပြပဲ"

"ဟုတ်တယ်, အဲဒီမြေးအဘွားနှစ်ယောက်ရဲ့အချစ်က တကယ် စံပြလောက်တယ်။ တစ်ယောက်မကြိုက်တာ တစ်ယောက် ဘာတစ်ခုမှ မလုပ်ဘူး။ စိတ်ချင်း ဘယ်လောက်ဆက်သွယ်နေသလဲဆိုရင် သက်လျာ ယံဆိုတဲ့ မိန်းကလေးကို လူကြီးချင်းသဘောတူလို့ လက်ခံရတာထက် သူတို့နှစ်ယောက်ရဲ့အကြိုက်နဲ့ တစ်ထပ်တည်းကျနေလို့ လက်ခံခဲ့တာ တဲ့။ ခါတ်ပုံကို မြင်မြင်ချင်း ချစ်မိသွားတယ်ဆိုပဲ"

"ဩော်. . . ဟို, ဒါနဲ့ RUBY HOTEL က သူတို့ပိုင်တာဆို တော့ HOTEL နဲ့ပတ်သက်ပြီး သူက ဘယ်လိုတာဝန်ကို ယူထားတာ လဲ အန်တီ"

"ရှင်းရှင်းပြောရရင် သမီးရယ်၊ အန်တီနဲ့က သူ့ဖွေးဆိုတော့ သူယူချင်တဲ့ရာထူးကို ယူထားတာပေါ့။ အန်တီနဲ့က MD, မိုးထက်က GM, အဓိက Control သမားကတော့ စင်္ကာပူမှာနေတဲ့ အန်တီနဲ့ရဲ့ သားကြီးပေါ့။ သူပဲ သွားလိုက်ပြန်လိုက်လုပ်နေရတာ။ ရှယ်ယာဝင်တွေ ကလည်း စင်္ကာပူက သူတို့အမျိုးတွေချည်းပဲတဲ့။ မိုးထက်ကိုကျတော့





သူငယ်မို့လို့ တော်တော်အားကိုးတယ်။ သူကလည်း စင်္ကာပူမှာ Hotel Mangement နဲ့ Diploma ရထားတာလေ"

"အားကျစရာပဲနော်. . . ကျေးဇူးအများကြီးတင်ပါတယ် အန်တီ၊ ဒီလောက်ဆိုရင်ပဲ သမီး သိချင်တာလေးတွေ ပြည့်စုံသွားပါပြီ။ ဒါနဲ့ အန်ရှတီက သမီးတို့ဆိုင်ရဲ့ ကပ်စတမ်မာ ထင်ပါတယ်၊ သမီးက ဝန်ထမ်း အသစ်မို့ပါ"

"အင်း. . . ကပ်စတမ်မာပေါ့၊ တစ်လကို မလာမဖြစ် သုံးခေါက် လာတယ်၊ ဝိုင်ရင်ပိုသွားဖို့ပဲ. . . ဘာဖြစ်လို့လဲ"

"ပစ္စည်းအသစ်တွေရောက်ရင် အန်တီနဲ့လိုက်မှာမျိုးတွေကို ဦး စားပေးပြီး ရွေးထားချင်လို့ပါ"

"အိုး. . . တော်တယ် တော်တယ်၊ ကျေးဇူးတင်ပါတယ်ကွယ်၊ အပြန်အလှန်အကျိုးပြုတာပေါ့။ အန်တီကလည်း သက်လျာယံရဲ့ ဖုန်း နံပါတ်ကို ခဏနေရင် လှမ်းမေးပြီး ဒီကိုချက်ချင်းပို့ပေးမယ်, နော်"

"ဟုတ်"

စသဖြင့် ရောက်တတ်ရာရာပြောပြီး ထိုအမျိုးသမီးကြီးကို ကား နားထိ လိုက်ပို့ပေးလိုက်ပါသည်။ ပျို့ အပျော်လွန်ပြီး ရုံးခန်းထဲသို့ ခုန် ပေါက်ပြေးမဝင်မိအောင် မနည်းကြိုးစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျို့ သိချင်တာတွေ၊ ပျို့ လိုချင်တာတွေ အားလုံးရရှိလိုက်ပြီမို့ သူ စေ့စပ်ပြီးသားဖြစ်နေသော်လည်း ပျို့ရဲ့ခြေလှမ်းတွေက နေးကွေး လေးလံမသွားခဲ့။ ပိုလို့ပင် သွက်သွက်လက်လက် တက်တက်ကြွကြွနှင့် ချီတက်တော့မှာဖြစ်လေသည်။

ညနေ အလုပ်ဆင်းချိန်မှာတော့ ပျို့ အိမ်ကိုတန်းမပြန်ဘဲ သူ့ရှိရာအရပ်ကို လေ့လာရေးထွက်ခဲ့ပါသည်။

အင်းလျားမြိုင်ထဲရှိ နန်းတော်ကြီးပမာ ထည်ဝါခမ်းနားလှသော သူ့အိမ်အနားသို့ ပျို့ ရောက်လာချိန်သည် မှောင်ရီပျိုးစအချိန်နှင့် တိုက်ဆိုင်နေတာကြောင့် မလှမ်းမကမ်းမှာပဲ ကားကိုထိုးရပ်ဖို့ ခွင်ကောင်းဖြစ်သွားတော့၏။

မြင်လိုက်ရသည့် မြင်ကွင်းကတော့ တစ်ဖက်သတ်ချစ်သူတို့အတွက် လွမ်းခန်း၊ ဆွေးခန်း၊ ဝေးခန်းပင်တည်း။ ပန်းပေါင်းစုံ ခြံရံလျက်ရှိသည့် ပန်းဥယျာဉ်ကလေး၏အလယ်မှာ မောင်မိုးထက်မင်းမှုက မသက်လျာငယ်ဖြစ်ဟန်ရှိသည့် မိန်းမချောလေး၏ပခုံးကို ကြင်ကြင်နာနာထွေးဖက်ပြီး စကားတွေ ဖောင်ဖွဲ့နေတာဖြစ်ပါသည်။

ထိုအချိန်မှာ FM မှ တိုးတိုးလေး ထွက်ပေါ်လာသည့် ချမ်းချမ်းသီချင်းကလည်း တစ်ဖက်သတ်ချစ်သူတို့အတွက် ပြုလဲ ကြေကွဲစရာ





ပင်ဖြစ်တော့သည်။

(ကိုယ့်အပေါ်မှာ ကိုယ့်ထက်မပိုရင် နေပါစေ× × × ×
တူညီတဲ့တုန့်ပြန်မှုလေးတော့ ရချင်သေးတယ်× × × ×
မပေးနိုင်လည်း အပြစ်မယူချင်တယ် နေပါစေ× × × ×
ကြင်နာမိတဲ့ချစ်သူလေးတစ်ယောက်မို့ စွင့်လွှတ်တယ်× × × ×
ဘယ်ကိုသွားသွား ဘယ်ကိုရောက်ရောက်× × × ×
ထာဝစဉ်အမြဲတမ်း ရင်မှာ စိုးမိုးလွှမ်းလှတယ်× × × ×)

သို့သော် ပျို့ကတော့ ထိုသီချင်းကို ကြားလိုက်ရလို့လည်း မကြေကွဲ။ ထိုမြင်ကွင်းကို မြင်လိုက်ရလို့လည်း မနာကျင်။ FM ကိုပိတ်လိုက်ပြီး ဖြူဖြူကျော်သိန်းသီချင်းကိုသာ ကျယ်ကျယ်လောင်လောင်ဖွင့်၍ ထွက်လာခဲ့တော့သည်။

ကြည့်စမ်း!. . . ပျို့ဟာ လူတစ်ယောက်ကို တကယ်ကြီး နှစ်နှစ်ကာကာ ချစ်လိုက်မိပြီပဲ။ ချစ်မယ့်ချစ်တော့ ထိုလူက စေ့စပ်ပြီးသားတဲ့။

သနားစရာကောင်းလိုက်တဲ့ အပျိုစင်လေး. . .
ဘာကြောင့် ငါ့ရည်းစားက သူ့ရည်းစားဖြစ်နေရတာလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



(ဘယ်သူ ကိုယ့်လောက်ချစ်သလဲ× × × × စဉ်းစားကြည့်ပါ တော့× × × × မင်းအပေါ်မှာ× × × × ကိုယ့်လောက်တော့ မချစ်နိုင် ဘူး× × × × ဒီဘဝလုံး မင်းကိုပေးအပ်× × × × အမြဲတမ်း မင်း သဘောကျ× × × × မင်းအပေါ်မှာ ကိုယ့်လောက်တော့ မချစ်နိုင် ဘူး× × × ×)

ပျိုသည် သီချင်းလေးကို သဘောကျသွားပြီး တစ်ယောက်တည်း ကားမောင်းရင်း ရယ်နေမိတော့သည်။ ညရောက်တော့လည်း ပျို လုံးဝ အိပ်မရတော့ချေ။

မကြာသေးခင်က သူငယ်ချင်း ရဲရင့်နီပြောခဲ့သော. . .

'ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တဲ့အပျိုမ၊ တစ်နေ့ နေ့တစ်ချိန်ချိန်မှာ ချစ်တဲ့သူနဲ့ညားပါစေ၊ ကိုယ်ချစ်တဲ့သူကို ရအောင် ယူနိုင်ပါစေ'

ဆိုသည့်စကားသံလေးကို မကြာခဏပြန်ကြားယောင်နေမိသလို သူနှင့်စတွေ့ခဲ့ပုံလေးကိုလည်း ထပ်ခါထပ်ခါမြင်ယောင်ပြီး ကြည်နူးနေ မိလေသည်။ ဘယ်လောက်လှပခဲ့တဲ့နေ့လေးလဲ. . .

မိုးနတ်မင်းကြီးက ပျို့ထံကို ချစ်သူမိုးနတ်သားလေးတစ်ယောက် စေလွှတ်ပေးခဲ့တဲ့နေ့လေးမို့ပဲလား?...





ဒါမှမဟုတ် တစ်ခါမှ ချစ်သူရည်းစား မထားဖူးသေးသည့်အပျိုမ လေးတစ်ယောက် ကောက်ခါငင်ခါ ချစ်သူရသွား၍ပဲလား?...

ထိုနေ့က. . .

မိုးစက်မှုန်ကလေးတွေ
တဖွဲဖွဲ ကျ . လို့ ...
လေပြည်ညှင်းလေးက
ညင်ညင်သာသာလူတ်စော် . လို့ ...
သီချင်းသံလေးက
ငြိမ့်ငြိမ့်ကလေး လွင့်ပျံ့ . လို့ ...
ဘယ်နေရာကိုကြည့်ကြည့်
စိုပြည်စိမ်းလန်းနေပုံက
တစ်လောကလုံး
ဝန်းရောင်စုံတွေ ဖူးပွင့်သွားသလိုထင်ရရဲ့
ကြည့်စမ်းပါဦး ... အဲဒီနေ့က
အပျိုမတစ်ယောက်
ချစ်သူတောက်ရလိုက်ပုံများ
ရာသီဥတုတတောင်



www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ကောင်း ဆောင်ပေးရုံမက

သဘာဝပတ်ဝန်းကျင်ကပါ

ကောင်းချီးထောပနာတွေ ပြုပေးခဲ့ပါလား ...။



အခန်း (၆)

## အချစ်အတွက် ကယ်တင်ရှင်

"ဟား ဟား ဟား. . . မင်းက တကယ့်ငကြောက်ပဲ၊ ဒီခေတ်ကြီးထဲမှာ ဒါမျိုးက ပါးပါးလေး လှမ်းလိုက်ရုံပါကွာ၊ ထွက်ပြေးရလောက်တဲ့အထိ ခြေလှမ်းတိုင်းမှာ သက်လျာဖြစ်နေတာလား"

"ဒါပေါ့ကွ"

"ဒီလိုတိုက်ဆိုင်မှုမျိုးက အရမ်းရှားပါတယ်ကွာ၊ မင်းကတော့ တကယ့်မင်းသားပဲ၊ ဆယ်တန်းကတည်းက မိန်းကလေးတွေရဲ့ Propose လုပ်တာကို ခံရတာ ပေါ့သေးသေးကံတော့ မဟုတ်ဘူး၊ မိုးထက်မင်းမှုဆိုတဲ့နာမည်ကို မိုးထက်ကံထူး လို့ပြောင်းလိုက်ရင် ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"မင်းက စွတ်တင်နေ. . . ငါ့ကံ အဲလောက်ထူးနေရင် သက်လျာရဲ့အချစ်ကို ဒီလောက်စောင့်နေရမှာမဟုတ်ဘူး။ အဲဒါ ထားပါတော့ကွာ၊ ငါ မင်းကိုမေးဦးမယ်။ မိန်းကလေးတစ်ယောက်ကို ဘယ်လိုပေးရင် စိတ်လှုပ်ရှားစေနိုင်မလဲ"

"ဟာ! မင်းစကားက ဘယ်လိုလဲ၊ တိုးရစ်စ်နဲ့စကားပြောသလိုပါလား။ ဗမာအချင်းချင်း ဘာသာပြန်ရတော့မယ်ထင်တယ်၊ မိန်းကလေးတစ်ယောက် စိတ်လှုပ်ရှားလာအောင် ဘယ်လိုလုပ်ပေးရမလဲ. . . ဒီလိုလုပ်စမ်းပါကွာ"

"အိုခေ. . . အိုခေ. . . အဲဒီလိုကွာ"

"နေစမ်းပါဦး. . . မင်းက ဘယ်သူ့ကို လုပ်ချင်တာလဲ"

"ဘယ်သူ့သွားလုပ်ရမှာလဲ၊ ငါ့ရင်ဘတ်ထဲမှာ သက်လျာပဲ ရှိတာကို။ ငါနဲ့ပတ်သက်ပြီး သက်လျာရဲ့နှလုံးသားတွေကို လှုပ်ရှားစေချင်တယ်"

"ဟား ဟား ဟား. . . မင်းမှကတော့ကွာ၊ တကယ့်မာမားဘွိုင်းပဲ။ လက်ထပ်ဖို့ရက်က ဖင်ကပ်နေပြီ၊ ဘာလဲ. . . မင်း, သက်လျာကို ခုမှရည်းစားစကားပြောမလို့လား"





သက်လျာသည် ခြံထဲမှာ မိုးထက်မင်းမှုနှင့် နန္ဒတို့ ပြောနေသော စကားသံတွေကြောင့် ခြေလှမ်းကိုရပ်ပြီး ရယ်နေလိုက်မိသည်။ မိုးထက်မင်းမှုက နန္ဒပြောသလို တကယ့်ကို ရိုးသားဖြူစင်ပြီး အပြစ်ကင်းသော မာမားဘွိုင်းကလေးပင်။ ပြီးတော့ နေရာတကာမှာ အလိုလိုက် ဂရုစိုက်တတ်တာတွေ၊ ယုယကြင်နာမှု ရှိတာတွေကလည်း သက်လျာ့အတွက် ကျေနပ်စရာအပြည့်ပဲဖြစ်သည်။ ဒါပေမဲ့ သူနဲ့ပတ်သက်ပြီး သက်လျာရဲ့နှလုံးသားက ထူးထူးခြားခြားလှုပ်ခတ်မလာတာကတော့ အံ့ဩစရာဖြစ်ရ၏။ အဲဒီအတွက် သက်လျာက တစ်နေ့နေ့ တစ်ချိန်ချိန်ကိုပဲ မျှော်လင့်ထားခဲ့ပါသည်။

"မမ ဘာလုပ်နေတာလဲ၊ ဒီမှာ အအေးရပြီ"

"ဪ, လာ. . . ဘာမှမလုပ်ဘူး၊ နင့်ကိုစောင့်နေတာ"

အိမ်ဖော်မလေးက အအေးဗန်းကိုင်လာမှ ထိုအိမ်ဖော်မလေးနှင့်အတူ သူငယ်ချင်းနှစ်ယောက်ရှေ့သို့ ရောက်လာတော့၏။

"ကိုထက်နဲ့ ကိုနန္ဒ, အအေးသောက်ပါဦး။ ကမ္ဘာလာသီးဖျော်ရည် စီစဉ်လာခဲ့တယ်။ မာမီကတော့ ကိုနန္ဒပါတဲ့ မိတ်ဆက်ပွဲအထိမ်းအမှတ်မို့လို့ နေ့လယ်စာကို အပျံစားဖြစ်အောင် စီစဉ်နေပါတယ်"

"ရပါတယ် သက်လျာရယ်၊ အထွေအထူးစီစဉ်နေစရာမလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ငယ်သူငယ်ချင်းတွေလိုသာ သဘောထားလိုက်။ အေးဆေးဖြစ်သွားလိမ့်မယ်''

''ဟုတ်သားပဲ သက်လျာရဲ့ ကိုယ်တို့နဲ့ပဲအတူတူ စကားထိုင်ပြောနေပါ။ နန္ဒက ပွင့်လင်းလွန်းလို့ ရှက်နေတာများလား။ သူပြောသလိုပဲ ငယ်သူငယ်ချင်းလို့သဘောထားလိုက်ရင် ရင်ထဲမှာ လွတ်လပ်သွားလိမ့်မယ်''

''အဲလိုမဟုတ်ပါဘူး ကိုထက်ရဲ့. . . ငယ်သူငယ်ချင်းတွေလိုပဲ သဘောထားပါတယ်။ ခုဟာက မာမီပါ ဝင်စီစဉ်နေတာဆိုတော့ သက်လျာပါပျော်ပြီး ဘေးကနေ အကြံဉာဏ်တွေ ပေးနေတာပါ''

''ဟုတ်သားပဲ မင်းမူရာ၊ သူ့ဘာသာသူ လွတ်လွတ်လပ်လပ်နေပါစေ၊ မင်းကကို မျက်စိအောက်က အပျောက်မခံနိုင်ဖြစ်နေတာ၊ အေးလေ. . . မင်း အသည်းအသန်ကြွေမယ်ဆိုလည်း ကြွေလောက်ပါတယ်။ သက်လျာက မင်းသမီးလေးလို ရက်ရက်စက်စက်ချောတာကို။ ဒီကောင် ဘာတွေပြောနေတယ်ထင်လဲ သက်လျာ''

''. . .''

''မိန်းကလေးတစ်ယောက်ကို ဘယ်လိုလုပ်ရင် စိတ်လှုပ်ရှားစေနိုင်မလဲတဲ့။ အဲဒီမိန်းကလေးက ဘယ်သူလဲဆိုတော့ သက်လျာတဲ့။





သက်လျာကို သူက ခုမှ ချစ်ခွင့်ပန်လှာ ဆက်သတော့မှာ''

''မင်းက ပြဿနာပဲကွာ. . . မင်း အဲလိုပေါ်တင်ပြောတတ်တာတွေကြောင့် သက်လျာ မနေတတ်မထိုင်တတ် ဖြစ်နေတာ''

''ဟား ဟား ဟား. . . လုပ်မနေစမ်းပါနဲ့ မင်းမူရာ။ မင်းရှက်ရင် ရှက်တယ်ပေါ့။ ဘာပဲဖြစ်ဖြစ်ကွာ. . . မင်းတို့နှစ်ယောက်ကိုတော့ တကယ်အားကျတယ်။ မကြာခင်မှာ လက်ထပ်ရတော့မယ့်မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောရတာ ဘယ်လောက်ပျော်စရာကောင်းတဲ့အလုပ်လဲကွ''

ထိုအချိန်မှာ ပေါ်တီကိုအောက်မှ ထွက်လာသော မာမီ့အော်သံကြောင့် သက်လျာ မနေတတ်မထိုင်တတ် ရှက်ကိုးရှက်ကန်းဖြစ်နေရာမှ လွတ်မြောက်သွားခဲ့ပါသည်။

''သမီးလေးရေ့ သက်လျာ. . . သမီးသူငယ်ချင်းဆီက ဖုန်းလာနေတယ်''

''ဟုတ်, လာပါပြီ မေမေ၊ ကိုထက် ခဏနော်။ ကိုနန္ဒ ခွင့်ပြုပဦး''

''သားတို့ရေ. . . လွတ်လွတ်လပ်လပ်နေကြနော်၊ ဒီမှာ သားတို့အတွက် မာမီကိုယ်တိုင် ဝင်စီစဉ်နေတယ်။ ပြီးရင် ခေါ်လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မာမီ"

သက်လျှာ သွက်သွက်လှမ်းလာတော့ မာမီကပါ နောက်မှကပ်လိုက်လာ၏။

"သမီးသူငယ်ချင်း သဲစုတော့ မဟုတ်ဘူး။ အသံကလည်း မာမီ မကြားဖူးတဲ့အသံမျိုး"

ဟု ပြောလာပြန်တော့ ရင်ထဲမှာ အုံ့သြသွားပြီး ဖုန်းကိုသာ အမြန်ဆုံးကိုင်လိုက်ပါသည်။ မာမီကတော့ ထုံးစံအတိုင်း အနားမှာ လာဝဲနေ၏။

"ဟလို. . . သက်လျှာငယ်ပါ"

"ဟဲ့, သက်လျှာမ၊ နင် အိမ်ထောင်ပြုတော့မှာဆို"

"ဘယ်သူလဲမသိဘူး"

"နင် ငါ့အသံတောင် မမှတ်မိတော့ဘူးလား"

"ဘယ်သူလဲ. . . အခုပြောနေတာ ဘယ်သူလဲဆိုတာပဲ အရင်ပြောပါ"

"ဒီအသံတောင် မမှတ်မိတော့ဘူးလား သက်လျှာရယ်။ ရှူးတန်းထိ ပေါင်းလာတဲ့ ငယ်သူငယ်ချင်းအစစ်"

"ဟယ်!. . . မကြီးလား, မငယ်လား"





"အဲဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်"

"အံမယ်. . . နင်တို့အမြွှာနှစ်ယောက် ငါ့ကိုနောက်ဖို့ မကြိုးစားနဲ့နော်၊ ငယ်ငယ်ကတည်းက အကျင့်တွေ ခုထိမပျောက်သေးဘူးလား။ အသံပြောင်းလို့ရတဲ့ Soft ware တွေသုံးပြီး နောက်နေတာမှလား"

"ဒါပေါ့ ဒါပေါ့"

"ကြည့်စမ်း!. . . မကြီးပဲဖြစ်ဖြစ် မငယ်ပဲဖြစ်ဖြစ် ငါအရမ်းဝမ်းသာလိုက်တာဟယ်။ ဟုတ်တယ်, ငါ တကယ် အိမ်ထောင်ပြုရတော့မှာ။ နင်တို့ အင်္ဂလန်ထွက်သွားကတည်းက အဆက်အသွယ်တွေပြတ်သွားတာနော်၊ ဘယ်နနှစ်တောင် ရှိပြီလဲမသိဘူး။ ခုလိုပြန်တွေ့ရပြီဆိုတော့ စကားတွေ အများကြီးပြောရအောင်ဟာ။ ငါတို့တွေ့ရအောင်"

ဟု သက်လျှာလေသံပြောင်းသွားမှ မာမီကလည်း စိတ်ချသွားပုံဖြင့် အနားမှ ရှောင်ထွက်သွားတော့သည်။

"အေး, တွေ့ကြမယ်၊ တွေ့ချင်လွန်းလို့ ဆက်လိုက်တာ"

"ဒါနဲ့ နင်က မကြီးလား, မငယ်လားဆိုတာ အတိအကျပြော"

"သိချင်ရင် လာခဲ့လေ၊ အဲဒီအတွက် နင့်ကို Suprise လုပ်ဖို့ ကော်ဖီဆိုင်လေးတစ်ဆိုင်မှာ စီစဉ်ထားတယ်။ ပြီးတော့ ငါအရင်ပုံစံနဲ့ လုံးဝမတူတော့ဘူးဆိုတာလည်း သိသွားရမယ်။ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း, နင့်အစီအစဉ်လေးကတော့ ပျော်စရာကောင်းပါတယ်၊ ဒါပေမဲ့ ငါက အပြင်ကို တစ်ယောက်တည်းထွက်ခွင့်မရှိဘူးဟ။ ဒီလို လုပ်ပါလား. . . ငါ့အိမ်ကို လာတွေ့ရင်လာတွေ့, ဒါမှမဟုတ် မာမီ့ကို ခေါ်လာခဲ့လို့ မရဘူးလား"

"နိုး. . . နိုး. . . နိုး. . . Suprise လုပ်မလို့ပါဆို သက်လျာရယ်၊ ဘယ်သူ့မှခေါ်မလာခဲ့နဲ့၊ နင့်မာမီက ငါတို့နဲ့ဆို လွှတ်ပါတယ်။ ငယ်သူငယ်ချင်းအစစ်နှစ်ယောက် တွေ့ဆုံပွဲလုပ်မယ့်ဟာပဲ"

"အေးပါ, ဒါဆိုလည်းပြီးရော. . . ငါ မာမီ့ကိုရအောင်ပြောမယ်၊ ဘယ်ကော်ဖီဆိုင်ကို လာခဲ့ရမှာလဲ"

"ပြည်လမ်းမှာပဲလေ, ငါတို့နဲ့ နီးတယ်။ ပြည်လမ်းနဲ့ နာနတ်တောလမ်းထောင့်မှာရှိတဲ့ The Music Cafe ဆိုတဲ့ဆိုင်ကလေးကို။ လာရမယ့်အချိန်က အခုတစ်နာရီကနေ ငါ စပြီးစောင့်မယ်။ နင်က အဆင်ပြေသလို ထွက်လာခဲ့"

"အိုခေ. . . အိုခေ"

သက်လျာသည် Suprise ကို စိတ်ဝင်စားလေ့ရှိသလို ငယ်သူငယ်ချင်းအစစ်အမှန်နှင့် ပြန်တွေ့ရမှာကို ဝမ်းသာသွားပြီး မာမီ့ဆီ ချက်ချင်းခွင့်ပန်လိုက်လေသည်။





"မာမီ ကြားလိုက်တယ်မှလား။ မကြီးမငယ်က သမီးကို နောက်နေတာ"

"ဒီကလေးမနှစ်ယောက်က ငယ်ငယ်ကတည်းက. . . အကျင့်မပျောက်သေးဘဲကို။ ချစ်တော့ချစ်စရာလေးတွေ, ကွဲသွားတာတောင် အတော်ကြာပြီပဲ"

"အဲဒါကြောင့် အခုတွေ့ဆုံပွဲလုပ်ရအောင် ခေါ်နေတယ်။ သမီးသွားတွေ့ချင်တယ် မာမီ၊ သူက သူ့အကျင့်အတိုင်း သမီးကို Suprise လုပ်ဦးမှာတဲ့ မာမီရဲ့။ ခုဟာက မကြီးလား မငယ်လား မသိဘူး။ ဟိုကျမှ သိရမှာ။ ပြီးတော့ သူ့ပုံစံက အရင်လိုမဟုတ်တော့ဘူးတဲ့၊ လုံးဝ အံ့သြသွားစေရမယ်တဲ့"

"အင်း. . . တွေ့ကြလေ၊ မာမီ လိုက်ပို့မှာပေါ့"

"မာမီလိုက်ပို့လို့မရဘူး. . . သူနဲ့သမီးသာ နှစ်ယောက်တည်းတွေ့ဖို့ သီးသန့်စီစဉ်ထားတာ"

"ဒါဆို ကိုထက်ကို နောက်ကနေ လိုက်ကြည့်ခိုင်းမယ်"

"မာမီကလည်း ကိုထက်အကြောင်းကို သိရဲ့သားနဲ့။ ဘေးကနေ ကပ်လိုက်နေမှာပေါ့။ စကားပြောရတာ ဘယ်လွတ်လွတ်လပ်လပ်ရှိပါ့မလဲ။ ဒီတစ်ခါတည်းပါ မာမီရယ်. . . သူလည်း ရောက်ခါစ, သမီး



www.burmeseclassic.com

www.burmeseclassic.com



လည်း အိမ်ထောင်ပြုခါနီး အရမ်းပျော်သွားအောင်လို့ပါ။ ဒရိုင်ဘာတစ်ယောက်လုံး ပါနေတာပဲ၊ ဘာစိတ်မချစရာ ရှိလို့လဲ။ နော်. . . မာမီ''

''ကဲ,ကဲ. . . ဒီလောက်တောင် စိတ်ထက်သန်နေရင်လည်း သွားတွေ့လိုက်။ သိပ်မကြာစေနဲ့, မာမီ နာရီကြည့်နေမှာနော်''

''ဟုတ်. . . ကိုထက်ကို သွားအသိမပေးနဲ့နော် မာမီ''

''အေးပါ, မယ်မင်းကြီးမရယ်။ အပြင်ထွက်ရမှာမို့လို့ ပျော်နေလိုက်တာများ''

ဖတ်ဖတ်မောအောင် ခွင့်တောင်းလိုက်မှ မာမီက ထူးထူးဆန်းဆန်းခွင့်ပြုလိုက်တာမို့ ရင်ထဲမှာ ပေါ့ပါးမြူးတူးသွားပြီး နေ့လယ်စာကို မာမီနှင့်အတူ တက်တက်ကြွကြွပြင်ဆင်လိုက်တော့သည်။ ထမင်းဝိုင်းဖွဲ့စားချိန်မှာတော့ ကိုထက်က မေးဖြစ်အောင် မေးသေး၏။

''ခုနက ဘယ်ကသူငယ်ချင်းလဲ သက်လျှာ''

''အင်္ဂလန်ကပါ. . . ငယ်ငယ်လေးကတည်းက ကွဲသွားတာ။ ငယ်သူငယ်ချင်းအစစ်''

''ဒါဆို ကိုယ်နဲ့လည်း မိတ်ဆက်ပေးဦးလေ။ သက်လျှာနဲ့ကိုယ့်သူငယ်ချင်း ရင်းနှီးသလို သက်လျှာရဲ့သူငယ်ချင်းတွေနဲ့ ကိုယ်နဲ့လည်း ရင်းနှီးသင့်တာပေါ့။ ဖိတ်စာပို့ဖို့လည်း စာရင်းထည့်လိုက်ဦး''





''ဖိတ်ရမှာပေါ့ ကိုထက်ရဲ့၊ နောက်ရက်တွေကျရင် ကိုထက်နဲ့မိတ်ဆက်ပေးတော့မှာပါ''

နေ့လယ်စာ စားပြီး၍ ကိုထက်တို့ ပြန်သွားချိန်မှာတော့ သက်လျှာသည် အဝတ်ဗီရိုထဲမှ အလှဆုံး ကိုယ်ကပ်အင်္ကျီရှည်လေးကို ဆင်မြန်းပြီး၊ အလှဆုံး Gucci ကြိုးသိုင်းဒေါက်မြင့်မြင့်ကိုစီးလျက်၊ အလှဆုံး Slim bag လေးကိုကိုင်ကာ ချိန်းဆိုထားသည့်နေရာသို့ ပြုံးပြုံးပျော်ပျော်ကလေး ထွက်လာခဲ့တော့သည်။

သို့သော် ကော်ဖီဆိုင်ကို ဝင်လိုက်ချိန်မှာတော့ ဂျင်းနှံပ့နှံ Skinney မိုးပြာရောင်ကို ရှပ်လက်တိုအနီကွက်ကလေးနှင့် တွဲဝတ်ထားပြီး ဆံပင်ဖြောင့်ဖြောင့်စင်းစင်းလေးတွေ အလယ်ခွဲကြောင်းအလိုက် ကျနေသောမိန်းကလေးတစ်ဦးက 'မသက်လျှာ' ဟု နှုတ်ဆက်လာတာမို့ သက်လျှာ၏မျက်လုံးအရောင်လေးတွေမှိန်ပြီး အံ့ဩသွားပါသည်။ ဟိုတိုဒီဒီရှာကြည့်ပြန်တော့လည်း မကြီး မငယ်ကို အရိပ်အယောင်ပင်မမြင်ရ။

''အံ့ဩသွားသလား မသက်လျှာ၊ ဒီဘက်လာပါ, နေရာ စီစဉ်ထားပါတယ်။ ထိုင်ပြီးမှ စကားအေးအေးဆေးဆေးပြောရအောင်ပါ''

ဟုပြောပြီး ရှေ့မှဦးဆောင်ခေါ်သွားတာမို့ သူမစီစဉ်ထားသည့်



www.burmeseclassic.com

နေရာမှာ မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပါသည်။

''တစခုခုတော့ လွဲနေပြီထင်တယ်၊ တို့က သူငယ်ချင်း မကြီး မငယ်နဲ့ချိန်းထားတာပါ။ ဒါမှမဟုတ် နင် မကြီးလား, မငယ်လား။ မျက်နှာကို ပလပ်စတစ်ဆာဂျရီများ လုပ်လိုက်သလား။ မှန်မှန်ပြော စမ်းပါဟာ။ နင် ငါ့ကို ဘလိုင်းကြီးမနောက်နဲ့နော်''

သက်လျာစကားကြောင့် သူမက နှစ်လိုဖွယ်ပြုံး၏။ သူမမျက်နှာက အချောစားအလှစားမဟုတ်။ ဝင်းဝင်းလက်လက် ကြည်ကြည်သန့်သန့်ကလေးနှင့် ကြည့်ကောင်းတာဖြစ်သည်။ အဲဒီပုံစံလေးကပဲ Attration တစ်မျိုး ရှိနေ၏။ ပြီးတော့ အလှူတစ်လှူထဲက အရိုန်အဝါမျိုးလည်း သူမှာ လွှမ်းခြုံနေပါသည်။

''အားနာပါတယ် မသက်လျာ၊ မသက်လျာ ထင်နေတာတွေ တစ်ခုမှမဟုတ်ပါဘူး. . . စောစောက ဖုန်းဆက်တာ ကျွန်မပါ''

''ဟင်!. . . ဒါ. . . ဒါဆို မကြီး မငယ်ကို ဘယ်လိုသိနေတာလဲ''

''လုံးဝမသိပါဘူး။ မသက်လျာရဲ့ Flow အတိုင်း လိုက်သွားတာပါ''

''ဘာတွေလဲ. . . ဘာကြောင့် တို့ကို ဒီလို ဖုန်းဆက်ရတာလဲ။





ဟင့်အင်း. . . မဖြစ်ဘူး မဖြစ်ဘူး ပြန်မှဖြစ်မယ်။ ငယ်သူငယ်ချင်းနဲ့ တွေ့မှာမို့လို့ အိမ်က စိတ်ချလက်ချလွှတ်လိုက်တာ''

သက်လျာသည် အလိမ်ခံရပြီဆိုသောအသိနှင့် ကြောက်လန့်တုန်လှုပ်သွားပြီး မတ်တပ်ရပ်လိုက်လေရာ၊ သူမကပါ ဖျတ်ခနဲရပ်ပြီး လေးလေးစားစားတားမြစ်ပါသည်။

''ပြန်ထိုင်ပါဦး မသက်လျာ၊ တောင်းပန်ပါတယ်။ အိမ်ကို မကြီး မငယ်နဲ့တွေ့နေတယ်လို့ပဲ သဘောထားပေးရင် စိတ်ထဲမှာ ပေါ့သွားပါ လိမ့်မယ်။ ကျွန်မ, မသက်လျာကို ပြောစရာစကားတွေ အများကြီးရှိနေပါတယ်။ မသက်လျာရဲ့ဘဝရှေ့ရေးအတွက် အဓိကကျနေပါတယ်''

''ဒါဆိုလည်း အမှန်တိုင်း ဝန်ခံလိုက်ပါလား. . . အမှန်တိုင်းပဲ ဆောင်းဆိုလိုက်ပါလား။ ဘာဖြစ်လို့ ဒီလိုလိမ်ရတာလဲ၊ တို့က လိမ်တာကို အရမ်းမုန်းတယ်''

''လိမ်တာကို လူတွေအားလုံးက မုန်းတယ်၊ အဲဒီမုန်းတဲ့လူတွေ အားလုံးကပဲ လိမ်ညာမှုနဲ့မကင်းနိုင်ပါဘူး။ လောကကြီးက ဒီတိုင်းဖြတ်သန်းလို့မကောင်းဘူး မသက်လျာ။ လူတွေကိုလည်း ဒီတိုင်းမြင်လို့မရဘူး။ လိမ်မှဖြစ်တော့မယ့်အကြောင်းမျိုးပေါ်လာရင် မဖြစ်မနေလိမ်ညာမှုကို ထည့်သုံးရတယ်။ ဒါကြောင့် ကျွန်မ လိမ်လိုက်တာပါ''

www.burmeseclassic.com



သက်လျာသည် ပထမတော့ ကြောက်လန့်ပြီး ထွက်ပြေးသွားဖို့ဖြစ်သည်။ သို့သော် သူမမျက်နှာကိုစိုက်ကြည့်ရင်း သူမမျက်နှာလေးက သက်လျာ၏ရင်ကို ဆွဲဆောင်မှုရှိသွားသလို သူမ၏ပြောပုံဆိုပုံနှင့် စကားလုံးတွေကလည်း သက်လျာစိတ်အဆင်ကို လွှမ်းခြုံသွားပြီမို့ ခြေလှမ်းလေးတွေက လေးလံနေတော့၏။

ဘဝမှာ ဒီလိုစကားအတိုက်အခံပြောရတာမျိုး တစ်ခါမှမကြုံခဲ့ရ။ မိသားစုနှင့်အတူ ပတ်သက်မိသမျှလူတွေအားလုံးက အလိုလိုက်အကြိုက်ဆောင်ခဲ့သော၊ ဂရုစိုက်ဖေးမခဲ့သော၊ ယုယကြင်နာခဲ့သော၊ နွေးထွေးလုံခြုံစေခဲ့သော. . . စကားလုံးများနှင့်သာ သက်လျာရဲ့ဘဝကို ရှင်သန်ကြီးပြင်းစေခဲ့တာမို့ အခုလို သူမရဲ့ဘဝဆန်သောစကားတွေကို ကြားလိုက်ရသောအခါမှာတော့ သက်လျာသည် သူမနှုတ်မှ နောက်ထပ်ထွက်ကျလာမည့် ဘဝဆန်သောစကားတွေကို ကြားချင်လာလေသည်။

"ကောင်းပြီလေ, လိမ်ညာခေါ်ရတဲ့အဆင့်တောင် ရောက်ပြီဆိုမှတော့ တို့ဘဝအတွက် အဓိကကျနေလို့ပေါ့။ သူ ဘာပြောချင်တာများလဲ"

ဟုပြောပြီး ထိုင်ပေးလိုက်မှ သူမကလည်း ပြန်ထိုင်ပါသည်။

"ကိုမိုးထက်မင်းမှူးနဲ့ပတ်သက်တဲ့ကိစ္စ"





"မိုးထက်မင်းမှူ?... "

ပြတ်သားလေးနက်စွာ ထွက်လာသောလေသံကြောင့် သက်လျာနောက်ထပ်အံ့သြတုန်လှုပ်သွားရပြန်သည်။

"ဟုတ်ပါတယ်. . . ကိုမိုးထက်မင်းမှူးနဲ့ ပတ်သက်နေတာမို့လို့ ဒီလိုစီစဉ်လိုက်ရတာပါ။ မသက်လျာရဲ့ နေထိုင်မှုဘဝကို ကျွန်မ သိနေတယ်၊ ခုချိန်မှာ အိမ်အတွက် နောက်ဆံတင်းနေမယ်ဆိုတာကိုလည်း ကျွန်မ နားလည်တယ်။ ဒါကြောင့် မသက်လျာကလည်း ကျွန်မကို အချိန်ပေးနိုင်မှာမဟုတ်ဘူး။ ကျွန်မကလည်း စကားကို ရှည်ရှည်ဝေးဝေး မပြောချင်ပါဘူး။ ဒီတော့ ကျွန်မ လိုရင်းကိုပဲ ပြောချင်ပါတယ်။ မသက်လျာ. . . ကိုမိုးထက်မင်းမှူးအပေါ်မှာ ရင်ခုန်လှုပ်ရှားမှု ရှိရဲ့လား။ တိတိကျကျပြောရရင် သူ့ကိုတကယ်ချစ်လား. . ."

အများအမြင်မှာတော့ ထိုမေးခွန်းက သာမန်ကာလျှံကာဖြစ်နိုင်ပေမယ့် အချစ်ကိုသိချင်သူ သက်လျာအတွက်တော့ ရင်ကို ပြင်းပြင်းထိပါသည်။

"သူမေးတဲ့မေးခွန်းကို တို့ စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ သူ ဘယ်သူလဲ, ဘယ်ကလဲ, ဘာလုပ်လဲ. . . ဆိုတာကိုပဲ အရင်ပြောပြပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်မှာ ကျွန်မ မပြောပြနိုင်ပါဘူး။ Secret... တစ်ခုမို့လည်း ဒီလိုစီစဉ်ရတာပါ။ ကျွန်မဘယ်သူလဲဆိုတာ သိဖို့ထက် မသက်လျာအတွက် ကာယ်တင်ရှင်တစ်ယောက် ပေါ်လာတယ်လို့ပဲ သိထားပေးပါ။ အချိန်တန်ရင် သိစေရပါမယ်"

Secret... တဲ့၊ သက်လျာ ပိုလို့ပင် စိတ်ဝင်စားရလေပြီ။

"ထားလိုက်ပါတော့လေ၊ ကယ်တင်ရှင်တစ်ယောက်ဆိုတာကိုပဲ တို့ သဘောကျသွားပါပြီ၊ အမှန်အတိုင်းပြောရမယ်ဆိုရင် တို့ ကိုထက်ကို မချစ်ဘူး. . . သူ့အပေါ်မှာ ရင်ခုန်လှုပ်ရှားမှုဆိုတာ ခုချိန်ထိ ဖြစ်မလာဘူး။ လူကြီးတွေသဘောတူလို့ လက်ခံခဲ့တာပါ"

"လူကြီးတွေ သဘောတူတာနဲ့ပဲ မချစ်မနှစ်သက်တဲ့လူရဲ့ ရင်ခွင်ထဲကို ကိုယ့်ဘဝတစ်ခုလုံး မြှုပ်နှံပစ်လိုက်တော့မလို့လား။ ကိုယ်မချစ်ရင် အပြတ်အသတ်ငြင်းလိုက်ပါတော့လား။ ငြင်းလို့မရရင် စေ့စပ်ပွဲမှာ ဒီတိုင်းထပြီး, ထွက်ပြေးလာခဲ့ပါလား"

"တို့ဘဝက အဲဒီလိုလုပ်ခွင့်မရှိပါဘူး။ ငြင်းခွင့်မရှိဘူး. . . မျိုးရိုးအစဉ်အလာကိုက လူကြီးတွေစီမံတာကိုပဲ တစ်သွေမတိမ်း လိုက်နာရတဲ့မျိုးရိုးပါ"

"လူ့ဘဝက ရခဲပါတယ် မသက်လျာ၊ ဝမ်းသာစရာတွေ, ဝမ်း





နည်းစရာတွေ, စိတ်ရှုပ်စရာတွေ, ပြဿနာတွေ အမျိုးမျိုးအဖုံဖုံ စုံနေလို့လည်း ပျော်စရာအရမ်းကောင်းတယ်။ အဲဒီရသတွေကို မသက်လျာ ခံစားကြည့်ပါလား။ လောကကြီးအလယ်ကို တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ ထွက်ကြည့်ပါလား။ သဘာဝကျတဲ့လူသားတွေကို တွေ့ရလိမ့်မယ်။ အခု မသက်လျာဖြစ်နေတာက လူသားတစ်ယောက်ဖြစ်ရက်နဲ့ လူသားတစ်ယောက် ခံစားပိုင်ခွင့်ရှိတာတွေကို အပြည့်အဝ မခံစားရဘူးဖြစ်နေတယ်"

ကြည့်စမ်း!. . . သက်လျာ ဘာပြန်ပြောရမှန်းမသိတော့။ သူမနှင့် စကားခဏပဲ ပြောလိုက်ရသေးသည်။ သူမထံမှ သတ္တိရှိမှုတွေ၊ ရဲရင့်ပြတ်သားမှုတွေကို လှမ်းမြင်နေရလေပြီ။

"မသက်လျာရဲ့ဘဝမှာ ဘာမှပူပင်စရာမရှိဘူး။ မေတ္တာ, ငွေ, ဂုဏ်, အဆင့်အတန်း ဆိုတာတွေကြားထဲမှာ ညည်းငွေ့လောက်အောင်ကို နေထိုင်နေရတယ်။ ပန်းခင်းလမ်းကိုလျှောက်နေရတဲ့ ရွှေမင်းသမီးလေးလိုပဲ၊ လက်ထပ်ရမယ့်လူကျပြန်တော့လည်း ကိုယ့်ဘဝနဲ့ ထပ်တူထပ်မျှ ပန်းခင်းလမ်းကို လျှောက်နေတဲ့ရွှေမင်းသားလေး၊ အများအမြင်မှာ ခမ်းနားထယ်ဝါလှပေမယ့် အချစ်မပါတာကြီးက အဲဒီခမ်းနားထယ်ဝါမှုကို အသက်ဝင်စေနိုင်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတာ အရမ်းမှန်လိုက်တာ၊ တို့လည်း အဲဒီကိစ္စအတွက် တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေတာပါ။ ပြည့်စုံ ပိုလျှံမှုတွေကြား ထဲမှာ မိုးမထိ နေမထိ လေမထိ မြေမထိဘဲ နေရတာ ပျင်းစရာကောင်း ရတဲ့အထဲ ကိုယ်နဲ့လက်ထပ်ရမယ့်လူကျပြန်တော့လည်း ဘဝတူ။ ဒီ ကြားထဲ ကိုယ်လိုချင်တဲ့ ရင်ခုန်မှုဆိုတာကို မသိရတော့ တကယ်ပဲ ငြီး ငွေ့စရာကောင်းပါတယ်"

"ဒါဆို ဘာဖြစ်လို့ အဲဒီငြီးငွေ့မှုကိုလက်ခံထားမှာလဲ၊ ဒီလောက် အရာရာမှာ ပြည့်စုံနေတာ၊ ကိုယ်လိုအပ်နေတဲ့ အချစ်တစ်ခုကိုပဲ ရှာ ဖွေရမှာပေါ့။ ကိုမိုးထက်မင်းမှုဆီက မရတဲ့ ရင်ခုန်ခံစားမှုဆိုတာကို တခြားလူတစ်ယောက်ဆီမှာ သွားရှာကြည့်လိုက်ပါ"

"အို! မဖြစ်ဘူး. . . မဖြစ်ဘူး, လုံးဝမဖြစ်ပါဘူး။ တို့မှာ အဲဒီ လိုစိတ်ကူးမျိုးတော့ ရှိပါတယ်။ မလုပ်ဖူးတဲ့အလုပ်မျိုးကို လုပ်ကြည့်ချင် တယ်၊ မခံစားဖူးသေးတဲ့ခံစားမှုမျိုးကို ခံစားကြည့်ချင်တယ်၊ ဒါပေမဲ့ သတ္တိလည်း မရှိပါဘူး၊ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ ရှေ့ရေးအတွက် အား လုံးအကွက်ချပြီးသားတွေပါ။ လက်ထပ်ဖို့လည်း အားလုံးပြင်ဆင်ပြီး လို့ ဖိတ်စာပို့ဖို့ပဲ ကျန်ပါတော့တယ်"

"တကယ်လက်ထပ်ရသေးတာမှ မဟုတ်တာ မသက်လျာရဲ့။ ဒီ



…တ်ကြီးထဲမှာ ဒါမျိုးလောက်က စာရင်းမရှိပါဘူး။ မသက်လျာရဲ့ငြီး …ဆွေးမှုတွေကို ပျောက်သွားအောင် ကယ်တင်ဖို့ ကျွန်မ ပေါ်လာပြီပဲ။ အားလုံးအဆင်ပြေအောင် ကူညီပေးမယ်။ မသက်လျာ မရောက်ဖူးသေး …တဲ့ လောကအသစ်ထဲကို ထွက်သွားပါ။ အဲဒီလောကထဲမှာ မသက်လျာ …ချင်တဲ့. . . ရင်ခုန်လှုပ်ရှားမှုပါတဲ့ အချစ်စစ်ကို တွေ့ကိုတွေ့ရပါလိမ့် …မယ်"

သက်လျာသည် ဘဝမှာ တစ်ခါမှမကြုံဖူးသော အဖြစ်အပျက် …တွေ၊ တစ်ခါမှမကြားဖူးသောအယူအဆတွေကြောင့် သူမကို တကယ် …အားကျမိတော့သည်၊ သို့သော် တကယ်တမ်းကျ သူမရဲ့ခြေဖျားလေး …အောင်ပင် သက်လျာငယ်က သတ္တိရှိသူမဟုတ်ပါ။

"ခုလို ကယ်တင်ရှင် ပေါ်လာတဲ့အတွက် တို့ သူ့ကို တကယ်ပဲ …ရှုတင်ပါတယ်၊ သူ့ရဲ့သတ္တိကိုလည်း အားကျပါတယ်၊ သူ့ရဲ့ ရဲရင့် …သောမှုကိုလည်း လေးစားပါတယ်။ ဒါပေမဲ့ တကယ်မဖြစ်နိုင်တော့ …ဝမ်းလို့ပါ။ တို့ ပြန်ပါရစေတော့. . . ကိုထက်နဲ့ပတ်သက်တဲ့ကိစ္စဆို …တာ ဒါပဲမှလား"

"မဟုတ်ပါဘူး. . . ကျန်ပါသေးတယ်"

"ဟင်!. . ."

www.burmeseclassic.com

www.burmeseclassic.com



''မအံ့သြပါနဲ့ မသက်လျာ၊ အခုပြောတာက မသက်လျာရဲ့ဘဝ ရှေ့ရေးအတွက်ပဲ ရှိပါသေးတယ်၊ ပထမတားမြစ်မှုလို့ပဲ ပြောပါတော့။ သေချာပြန်စဉ်းစားကြည့်ပါ မသက်လျာ။ ကျွန်မ ဘယ်သူ့ကိုမှ နစ်နာအောင်မလုပ်ပါဘူး''

''ဒါ ပထမတားမြစ်မှုဆိုတော့ နောက်ထပ်ကျန်သေးတာက ဒုတိယတားမြစ်မှုပေါ့။ အဲဒါ ဘာလဲ''

''ကိုမိုးထက်မင်းမှုနဲ့ ပတ်သက်တဲ့ကိစ္စပေါ့''

''အခုပြောပြလို့မရဘူးလား''

''အခုကတော့ ဒီလောက်နဲ့ပဲ ရပ်လိုက်ပါမယ်။ မသက်လျာ အိမ်က ကြာလို့စိုးရိမ်နေမယ်။ မသက်လျာ အရမ်းသိချင်ရင် သဘက်ခါ ဒီလိုအချိန် ဒီလိုနေရာမှာပဲ ပြန်ဆုံချင်ပါတယ်။ အခုလိုပဲ ဘယ်သူမှ ပါမလာဘဲ လာမှ ကျွန်မ ပြောလို့ရမှာပါ''

''ကောင်းပြီလေ, ဘဝအတွက် အရမ်းအရေးပါနေပြီဆိုတော့ မာမီ့ကို မရရအောင် ခွင့်တောင်းရတော့မှာပေါ့''

''တစ်ခုတော့ရှိတယ်. . . ကျွန်မ မသက်လျာနဲ့တွေ့ခဲ့တဲ့ကိစ္စကို ဘယ်သူမှပြန်မပြောဖို့တော့ လိုလိမ့်မယ်။ တစ်ယောက်ယောက်ကိုပြောမိရင် ပြဿနာအကြီးအကျယ်တက်ပါလိမ့်မယ်''





''ရပါတယ်. . . စိုးရိမ်စိတ်နဲ့ မိသားစုတစ်ယောက်ယောက်ကို ပြောမိရင်လည်း တို့ အပြင်လုံးဝထွက်လို့မရတော့ဘူးဆိုတာ သူလည်း နားလည်ပါလိမ့်မယ်။ ခွင့်ပြုပါဦး''

''အိုခေပါ. . . ကျေးဇူးအများကြီးတင်ပါတယ်''

တွေ့ဆုံပွဲကို ထိုမျှနှင့်သိမ်းပြီး ပြန်လာခဲ့ရလေသည်။ သူမက ပထမတားမြစ်မှုတွေ၊ ဒုတိယတားမြစ်မှုတွေ ပေးနေပြန်တော့ ရင်ထဲမှာ မတင်မကျဝေဒနာကြီးကို ခံစားနေရသလို သူမပုံစံလေးနှင့် သူမရဲ့အပြောအဆိုတွေကလည်း သက်လျာကို နောက်ထပ်မတွေ့ရ မနေနိုင်အောင် ဆွဲညို့ချည်နှောင်သလို ခံစားခဲ့ရပါသည်။

ကိုထက်နှင့် ပတ်သက်နေတာမို့လည်း စိုးရိမ်စိတ်တွေ သိချင်စိတ်တွေက အချိန်နှင့်အမျှ ပြင်းပြနေ၏။ သက်လျာအဖြစ်က မိသားစုကိုလည်း မပြောရဲ၊ ကိုထက်ကိုလည်း မတိုင်ပင်ရဲ၊ ဖွင့်ပြော တိုင်ပင်လိုက်ပြန်ရင်လည်း သူမရဲ့အရိပ်အရောင်ကိုတွေ့ရဖို့နေနေသာသာ နှစ်ခါလုံး မိုးမီးလောင်တော့မှာမို့ မတွေးနိုင် မအန်နိုင်နှင့် အိပ်လို့ပင် မရတော့ချေ။

★ လူကြီးတွေ သဘောတူတာနဲ့ပဲ မချစ်မနှစ်သက်တဲ့လူရဲ့ရင်ခွင်ထဲကို ကိုယ့်ဘဝတစ်ခုလုံး မြှုပ်နှံပစ်လိုက်တော့မလို့လား...



www.burmeseclassic.com

www.burmeseclassic.com



★ အခု မသက်လျာဖြစ်နေတာက လူသားတစ်ယောက်ဖြစ်ရက်နဲ့ လူသားတစ်ယောက် ခံစားပိုင်ခွင့်ရှိတာတွေကို အပြည့်အဝ မခံစားရဘူးဖြစ်နေတယ်...

★ အများအမြင်မှာ ခမ်းနားထယ်ဝါလှပေမယ့် အချစ်မပါတာကြီး က အဲဒီခမ်းနားထယ်ဝါမှုကို အသက်ဝင်စေနိုင်ပါ့မလား... ဒီလောက် အရာရာမှာ ပြည့်စုံနေတာ၊ ကိုယ်လိုအပ်နေတဲ့ အချစ်တစ်ခုကိုပဲ ရှာဖွေရမှာပေါ့။

★ မသက်လျာ မရောက်ဖူးသေးတဲ့ လောကအသစ်ထဲကို ထွက် သွားပါ။ အဲဒီလောကထဲမှာ မသက်လျာ လိုချင်တဲ့...ရင်ခုန် လှုပ်ရှားမှုပါတဲ့အချစ်စစ်ကို တွေ့ကိုတွေ့ရပါလိမ့်မယ်...

ဆိုသည့် သူမပြောခဲ့သောစကားသံတွေ နားထဲမှာ မကြာခဏ ကြားယောင်နေသလို သူမမျက်နှာလေးကလည်း မျက်ဝန်းထဲမှာ ထင် ခါထပ်ခါပေါ်လာနေလေသည်။ သေချာပါပြီ. . . သက်လျာသည် ထို အမည်မဖော်လိုသူ မိန်းကလေးကို စွဲလန်းနှစ်သက်နေမိပြီး မတွေ့ရ ဘယ်လိုမှမနေနိုင်တော့ဘူးဆိုတာ။

နောက်ဆုံးတော့ မာမီ့ကို မကြီး,မငယ်နှင့်သာ မှာပြီး အ...





အလဲခွင့်တောင်းရတော့သည်။ မာမီကလည်း သမီးဖြစ်သူကို မကြာခင် မှာပဲ လက်ထပ်ရတော့မှာမို့ပဲလား. . . တစ်ခါကနေ နှစ်ခါ မထင်မှတ် လောက်အောင် ရှောရှောရှုရှု ခွင့်ပြုလိုက်တာမို့ သက်လျာ ဝမ်းသာ ပျော်မြူးသွားပြီး တစ်နေ့က တွေ့ဆုံခဲ့သည့်နေရာသို့ တက်တက်ကြွကြွ ရောက်လာခဲ့လေ၏။

သက်လျာ၏ ဝတ်စားဆင်ယင်မှုဖက်ရှင်က ပထမနေ့က ဝတ် လာခဲ့သည့်ပုံစံအတိုင်း ပန်းရောင်မှ အပြာနုရောင်သို့သာ ပြောင်းသွား သော ကိုယ်ကျပ်အင်္ကျီတောက်လျောက်အရှည်လေးပင်ဖြစ်သည်။ သူမ တတော့ ဂျင်းနဲ့တွေ ရှပ်တွေမဟုတ်တော့ဘဲ အဖြူရောင် Guess ကိုယ်ကျပ်တီရှပ်လေးကို ပန်းရောင်ချည်သား ပေါင်လည်တိုလေးနှင့် တွဲဝတ်ထားတာမို့ ကလေးဆန်ဆန် ချစ်စရာကောင်းနေပါသည်။

"အချိန်မှန်ရောက်လာတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် သက်လျာ။ ထိုင်ပါ"

ဟု တလေးတစားဆီးကြိုလာတာကြောင့် သက်လျာ အပြုံးနှင့် သာ တုန့်ပြန်လိုက်ပြီး ထိုင်လိုက်ပါသည်။ ပခုံးထိ ကျနေသောဆံပင် ...ဖွာင့်ဖြောင့်စင်းစင်းလေးတွေနှင့်အတူ သဘာဝအတိုင်း ဖွေးဖွေးလှ...သော လှနေသော ကလေးဆန်ဆန်မျက်နှာလေးကို စိုက်ကြည့်မိပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့ သက်လျာ၏စိတ်ထဲမှာ ကြည်ကြည်နူးနူး တမ်းတမ်းတတနှင့် 'ညီအစ်မ ဖြစ်လိုက်ရင် အရမ်းပျော်စရာကောင်းမှာပဲ' ဟု တွေးလိုက်မိပြန်၏။

"အရမ်းလှတယ် မသက်လျာ၊ ကျက်သရေရှိတယ်"

"သူရောပါ၊ သူက ကလေးဆန်ပါတယ်"

"Thank you...ပါ၊ တစ်နေ့က ကျွန်မပြောတာ ထပ်စဉ်းစား ပြီးပြီလား"

"ဘယ်နှခါပဲ စဉ်းစား စဉ်းစား၊ မဖြစ်နိုင်တဲ့ဘဝပါ၊ အားနာပါတယ်"

"ကောင်းပြီလေ၊ ထားလိုက်ပါတော့၊ မသက်လျာ အရမ်းသိချင်နေတဲ့ နောက်ထပ်တားမြစ်မှုတစ်ခုကိုပဲ ကျွန်မ ပြောတော့မယ်။ ကိုမိုးထက်မင်းမှုကို တစ်ဖက်သတ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်ဆိုရင်ကော"

"ဘယ်လို! ကိုထက်ကို တစ်ဖက်သတ်ချစ်နေတဲ့မိန်းကလေးတစ်ယောက် ရှိတယ်"

"ရှိတယ်"

"အံ့သြစရာပဲ. . . အဲဒါကို ကိုထက် သိသလား"





"မသိပါဘူး၊ အဲဒီမိန်းကလေးက တစ်ယောက်တည်း တစ်ဖက်သတ် ရူးရူးမူးမူးချစ်နေတာပါ။ ကိုမိုးထက်မင်းမှုကို ပထမဆုံးမြင်လိုက်ကတည်းက သူ့နှလုံးသားက ထူးထူးခြားခြားကို လှုပ်ရှားလာတာတဲ့။ သူ့ရဲ့အချစ်က ရယူပိုင်ဆိုင်လိုတဲ့အချစ်တဲ့။ ကိုမိုးထက်မင်းမှုကို ရမှ ဖြစ်မှာတဲ့"

"ဘုရားရေ!. . ."

"အဲဒါဆိုရင်ကော. . . မသက်လျာ နောက်ဆုတ်ဖို့ အစီအစဉ် ရှိလား။ ပွဲက မလှဘူးဖြစ်နေတယ်။ မသက်လျာက ကိုမိုးထက်မင်းမှုကို မချစ်ဘဲနဲ့ လက်ထပ်ရမှာ၊ ဟိုမိန်းကလေးကတော့ ကိုမိုးထက်မင်းမှုကို ချစ်ရဲ့သားနဲ့ လက်ထပ်ခွင့်မရှိဘူး"

"စိတ်မကောင်းစရာပဲ, တကယ့်ကိုစိတ်မကောင်းစရာပဲ။ စိတ်မကောင်းဖြစ်ပေမယ့် တို့ဘဝက ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ်လုပ်လို့မရတဲ့ဘဝဆိုတော့ သူ ဘယ်လိုပဲ တားမြစ်မှုတွေလုပ်လုပ် လုံးဝနောက်ဆုတ်မပေးနိုင်ပါဘူး။ ပြီးတော့ တို့က ကိုထက်ကို ချစ်သူတစ်ယောက်လိုသာ မချစ်နိုင်ပေမယ့် လင်ယောကျ်ားအဖြစ်နဲ့တော့ အရမ်းကျေနပ်တယ်၊ ဂုဏ်ယူတယ်၊ တို့အပေါ် အရမ်းကောင်းတဲ့သူ တစ်ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်ပေါ့၊ စွန့်စားခန်းထုတ်ဖို့ လုံးဝမဖြစ်နိုင်ဘူးပေါ့"

"တကယ်သေချာတာပါ၊ အဲဒီလိုစွန့်စားမှုမျိုးကို အိပ်မက်ထဲမှာတောင် မမက်ရဲပါဘူး။ ဘယ်တော့မှမပြောင်းလဲနိုင်တဲ့အဖြေတစ်ခုကို ပထမနေ့ကတည်းက သူ့ကိုပေးပြီးပါပြီ၊ အခုရောက်လာတာကလည်း ကိုထက်နဲ့ပတ်သက်နေတာမို့လို့ သိချင်လွန်းလို့ကို လာခဲ့ရတာပါ"

". . ."

"ဒီကိစ္စ ကိုထက်သာသိရင် အရမ်းစိတ်မကောင်းဖြစ်မှာ။ သူတို့ကို ဘယ်လိုနည်းနဲ့မှအဆုံးရှုံးခံမှာမဟုတ်ဘူး။ ကိုထက်က အရမ်းရိုးတယ်၊ ကလေးတစ်ယောက်လို ဖြူစင်တယ်၊ အချစ်မပါတာတစ်ခုတည်းနဲ့ သူ့အပေါ် စွန့်စွန့်စားစားမလုပ်ရက်ပါဘူး"

"ကျေးဇူးပါပဲ မသက်လျာ၊ ဒီလောက်နဲ့ပဲ ကျွန်မဘက်က ပွဲသိမ်းလိုက်ပါပြီ၊ အားလုံး ကံစီမံရာပဲပေါ့"

"ဒါနဲ့ သူဘယ်သူလဲဆိုတာ တို့ သိချိန်တန်ပြီလား။ ပြီးတော့ ကိုထက်ကို တစ်ဖက်သတ်ချစ်နေတဲ့မိန်းကလေးကရော ဘယ်သူလဲဆိုတာ သိခွင့်မရဘူးလား"

"မလိုအပ်တော့ဘူးလေ. . . မသက်လျာကို တားမြစ်မှုတွေ၊ နောက်ဆုတ်ဖို့တွေ၊ အဲဒီအတွက် အစစအရာရာ ကူညီမှာတွေ အား





လုံးလုပ်ပေးခဲ့ပြီးပဲ၊ မသက်လျာဘက်က ပြောင်းလဲမှုမရှိမလာတာ၊ တစ်ခုပြောင်းလဲလိုက်မှ မသက်လျာ သိချင်တာကို သိခွင့်ရမှာပေါ့။ ဒီတော့ ဒီကိစ္စ မရှိခဲ့ဘူးလို့ပဲ သဘောထားလိုက်ပါ"

"သူပြောတာ ဟုတ်ပါတယ်၊ ကယ်တင်ရှင်ပေါ်လာပေမယ့် တို့အမှ သတ္တိမရှိတာ။ ဒါပေမဲ့ တို့ သူနဲ့တွေ့ရတာ ပျော်ပါတယ်၊ အတွေ့အကြုံအသစ်အဆန်းလည်း ရတယ်၊ ပြီးတော့ အရမ်းလည်း ခင်မိပါတယ်။ စိတ်ထဲမှာ ညီအစ်မဖြစ်ရင် ကောင်းမှာပဲလို့တောင် တွေးမိတာပဲ။ ဒါနဲ့ တစ်ဆိတ်လောက် အသက်ကလေးများ မသိရဘူးလား"

"22... ပါ"

"ဟုတ်လား၊ တို့က 24..."

"ဒါဆို မသက်လျာက အစ်မလုပ်လိုက်ပေါ့"

"သူကလည်း ညီမလုပ်ပေါ့၊ ညီအစ်မလုပ်တမ်း ကစားတာမျိုးမဟုတ်ဘူးနော်။ လောကကြီးထဲမှာ ညီမတစ်ယောက် တကယ်ရှိနေတယ်လို့ သဘောထားမှာ။ သူဘယ်သူလဲဆိုတာ သိခွင့်မရရင်တောင် ဖုန်းနံပါတ်ကလေး ပေးရင်တော့ ကောင်းမယ်ထင်တယ်. . .တို့ သူနဲ့စကားပြောရတာ ပျော်တယ်"

"ရပါတယ်. . . ကျွန်မ အာရုံရတဲ့အခါ ဖုန်းဆက်လိုက်ပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ရှိတယ်နော်၊ ကျွန်မက မသက်လျာတို့အိမ်ရှေ့လမ်းကို ခဏခဏဖြတ်နေတာဆိုတော့ လှမ်းခေါ်ရင် ခေါ်မိမှာ၊ ထွက်တွေ့မှာလား. . . ''

''အို. . . ထွက်တွေ့ရုံတင်မကဘူး, အိမ်ထဲကိုပါ ဆွဲသွင်းပြီး မိသားစုနဲ့ကို မိတ်ဆက်ပေးမှာ။ မေမေက အရမ်းသဘောကောင်းတယ်''

''ကျေးဇူးပါပဲ မသက်လျာ၊ ကျွန်မလည်း မသက်လျာနဲ့တွေ့ရတာ ထင်ထားတာထက် ပိုပျော်စရာကောင်းပါတယ်၊ OK..Please ''

သူမက ပြောပြောဆိုဆို မတ်တပ်ရပ်ပြီး လက်ကမ်းပေးလိုက်တာမို့ သက်လျာကလည်း ထိုနည်းတူစွာ လက်ကမ်းပေးပြီး နွေးနွေးထွေးထွေး ဆုပ်ကိုင်မိတ်ဆက်လိုက်ကြပါသည်။

သက်လျာ ပြန်ဖို့ပြင်တော့ သူမက လက်ပြပြီး စားပွဲမှာပဲ ထိုင်လျက် ကျန်ရစ်ပါသည်။ အပြင်ရောက်ခါနီး တစ်ချက်လှည့်ကြည့်မိပြန်တော့ သူမ ဖုန်းပြောနေတာကို မြင်လိုက်ရတာမို့ သက်လျာ ပြုံးပြီး ကားပေါ်တက်, လိုက်ပါလာခဲ့လေ၏။

ဘာပဲဖြစ်ဖြစ် သက်လျာ သူမနှင့်တွေ့ဆုံရတာ ပျော်ရွှင်မှုအသစ်တွေ၊ ခံစားမှုအသစ်တွေ၊ ကြည်နူးလန်းဆန်းမှုအသစ်တွေ တကယ်ပဲ ရရှိခဲ့ပါသည်။





ဒါကြောင့် စိတ်ထဲက ပြောလိုက်မိ၏။

''အေးလေ. . . သူက သူများဘဝရှေ့ရေးကို တားမြစ်ဖို့လာတဲ့ လူဆိုတော့ သူ့ကိုယ်သူ ဘယ်သူလဲဆိုတာ ဘယ်ပြောရဲပါ့မလဲ။ နားလည်နိုင်ပါတယ်။ ဒါပေမဲ့. . . တို့ သူနဲ့ပြန်ဆုံချင်ပါသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

## လမင်းနှင့်ပြေးတမ်းလိုက်တမ်း

ရဲရင့်နီသည် အိမ်ထဲမရောက်ခင် အပြင်မှလှမ်းကြည့်လိုက်တော့ ကိုရီးယားကား လာချိန်မဟုတ်ပေမယ့် TV ကို ဝိုင်းကြည့်နေကြတာ မြင်လိုက်ရတာမို့ စိတ်ထဲ တင်းသွားလေ၏။

ဒီ TV ကိုပဲ နေ့ကြည့်၊ ညကြည့်၊ ကျောင်းစာကျ တစ်ခေါက်လောက် ကျက်ပြီးရုံနှင့် အိပ်ငိုက်ချင်ကြတဲ့ဟာတွေ။ မေမေကလည်း ကလေးတွေကို နေရာတကာမှာ အလိုကိုလိုက်လွန်းပါသည်။

သိမယ်. . .'အိမ်ထဲရောက်မှ တစ်ယောက်တစ်ချက် နားရင်းအုပ်ပစ်ဦးမယ်'. . .ဟု တွေးပြီး ဝင်လာခဲ့ရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . သားကြီး ပြန်လာပြီ၊ ဒီမှာကြည့်စမ်း"

ဆိုပြီး မေမေက TV ရှိရာ ညွှန်ပြမှ သူ့မျက်လုံးလေးတွေ ဝိုင်းသွားလေ၏။

"ဟာ! ဒါ. . . ဒါ ဘယ်လိုဖြစ်တာလဲ၊ TV ကြီးက ကြီးလွန်းလှချည်လား။ အိမ်လေးနဲ့တောင်မတန်ဘူး။ အိမ်က TV လေးကရော"

ဟု တအံ့တသြပြောရင်း ဟိုဟိုဒီဒီရှာကြည့်ပြန်တော့ TV ပါကင်ဘူးကြီးနှင့်အတူ ပစ္စည်းထုပ်တွေ နှစ်ထုပ်သုံးထုပ်ကို တွေ့ရပြန်သည်။

"ဘာတွေလဲ၊ ဒီနေ့ အိမ်မှာ လူစုံတက်စုံနဲ့ စိုစိုပြည်ပြည်ရှိလှချည်လား။ ဘာထုပ်တွေတုန်း"

"ပြောလိုက်လေ. . . မေမေကလည်း"

သူ့ပုံစံကို သဘောကျပြီး တစ်မိသားစုလုံး ပြုံးကြည့်နေကြရာမှ ညီမလေးက ဝင်ပြောတော့သည်။

"ဘာတွေဖြစ်ဦးမှာလဲ သားရဲ့၊ အိမ်မှာ စိုပြည်နေပြီဆိုရင် ဘယ်သူ့လက်ချက်ရှိဦးမှာတုန်း။ ဒီ TV ကြီးရော, ဒီပစ္စည်းထုပ်တွေရော နေ့လယ်ကမှ အပျိုစင်လေး လာပို့သွားတာ"

"ဟား. . . အပျိုမတို့ကတော့ လုပ်ချလိုက်ပြန်ပြီကွာ။ ဒီလောက်တန်ဖိုးကြီးတာတွေကို ဘာဖြစ်လို့ လက်ခံထားလိုက်တာလဲ။ ဖုန်းဝယ်





ပေးထားတာတောင် လွန်လှပြီ"

"အို!. . . လက်မခံလို့ ဘယ်ဖြစ်မလဲ၊ သားလည်း ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်သိရဲ့သားနဲ့။ မလိုချင်ရင် လွှတ်ပစ်လိုက်ဆိုတဲ့ လက်သုံးစကားကိုပဲ သုံးနေတာ။ ကလေးတွေအတွက် အဝတ်အစားတွေ, မုန့်ဘူးတွေ, ကျောင်းသုံးပစ္စည်းတွေဆိုတာ နည်းတာမဟုတ်ဘူး။ အဲဒီအထုပ်တွေပဲ။ ဒီလောက်လိုအပ်နေတာ ဘယ်သူက လွှတ်ပစ်ရက်မှာလဲ"

"ဟုတ်တယ် ကိုကြီးရဲ့၊ မမက TV အဟောင်းလေးကိုတောင် ဟိုနားက အမှိုက်ပုံကို သွားပစ်မယ်လုပ်နေလို့ မနည်းတားထားရတာ။ မေမေက ကိုယ်လိုပဲ မရှိတဲ့သူတစ်ယောက်ယောက်ကို ပေးလိုက်မယ်လို့ ပြောတော့လည်း မကောင်းတာကို မပေးဘူးဆိုပြီး ကားပေါ်တင်သွားတယ်။ လမ်းကျရင် လွှတ်ပစ်ခဲ့မှာတဲ့"

သူ ကျွတ်ခနဲ စုတ်သပ်ပြီး ခါးသာ ထောက်လိုက်မိတော့၏။

"မဟုတ်သေးပါဘူး မေမေရာ၊ အပျိုမ ဘာတွေလျှောက်လုပ်နေပါလိမ့်၊ သူက သူ့ဌေးဆိုတော့ ဒီငွေလောက်က အကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ သူ့သိက္ခာ သူထိန်းရမယ်၊ ရွယ်တူယောက်ျားလေးရှိတဲ့ အိမ်ကို ဒီလိုဝင်ထွက်ပြီး ပေးကမ်းနေတော့ သူ့ကို မတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမြင်မလဲ။ သူ့အတွက်ပြောတာ မေမေရဲ့ သားက ယောကျ်ား လေးမို့လို့ ဘယ်သူ့မှဂရုမစိုက်ဘဲနေလို့ရပေမယ့် ပတ်ဝန်းကျင်အမြင်က စောင်းတော့မှာပေါ့။ မိသားစုကိုလည်း သူဌေးဆီက ခြုံစားတယ်လို့ ထင်တော့မှာပေါ့"

"အို. . . ဘယ်သူအမြင်စောင်းစောင်း၊ ဘယ်သူ ဘယ်လိုထင် ထင် အပျိုစင်က ဘယ်သူ့ဂရုစိုက်လို့တုန်း။ သူလုပ်ချင်တာ လုပ်တတ် တဲ့ကလေးကို။ သူကရော မကောင်းတာ ဘာတစ်ခုလုပ်လို့တုန်း။ ဒီ တော့ မေမေ ဘယ်လိုပြောလို့ရမှာလဲ။ ဒါနဲ့. . . သားနဲ့အဆက်အသွယ် မရဘူးလား။ ဒီပစ္စည်းတွေ ဒီလာပို့မယ်ဆိုတာ သားကိုလှမ်းမပြောဘူး လား"

"မပြောဘူး. . . အဆက်အသွယ်ကို ပြတ်နေတာ၊ ဖုန်းလည်း ဘယ်လိုမှခေါ်မရဘူး။ ဘာတွေရှုပ်နေမှန်းကို မသိပါဘူး မေမေရာ၊ ပြီး ခဲ့တဲ့တစ်ပတ်ကတော့ ဖုန်းပြောသေးတယ်"

"ဘာတဲ့လဲ"

"ထုံးစံအတိုင်းပေါ့, အဆင်ပြေလားတဲ့။ ကားမောင်းလေး ဘာ လေး သင်ထားဦးတဲ့။ နင်က လက်စလက်နရှိတော့ ခဏနဲ့ကျွမ်းမှာတဲ့ ဘဝမှာ လိုအပ်တယ်တဲ့. . . ဆရာမကြီးက"





သူက ညည်းညည်းညူညူပြောတော့ မေမေနှင့်ညီမလေးက ရယ် သည်။

"ချစ်စရာကောင်းတဲ့မိန်းကလေးပါ သားရယ်၊ သူဌေးဆိုပေမယ့် သူဌေးလို ဟိတ်ကြီးဟန်ကြီးမရှိပါဘူး. . . နွဲ့နွဲ့စပ်စပ်သိရှာတယ်။ အဲ့ မေမေ့ကိုတော့ ပြောသွားတယ်သားရဲ့၊ ခုတလော မအားဘူးတဲ့။ အိမ် က အလုပ်မှာလည်း ထိုင်ပေးရတယ်တဲ့။ သင်တန်းတစ်ခုလည်း ထပ် တက်နေတယ်တဲ့"

"သူ သားမရှိတဲ့အချိန် ဘယ်နှခါလောက် ရောက်လဲ"

"နှစ်ခေါက် သုံးခေါက်တော့ ရှိမယ်ထင်တယ် သားရဲ့"

"မထူးပါဘူး မေမေရယ်၊ ပြောသာ ပြောလိုက်ပါတော့"

ညီမလေး ဝင်ပြောလိုက်သည့်စကားကြောင့် သူ အံ့သြပြီး မေ မေ့ကိုစိုက်ကြည့်လိုက်မိ၏။ သူမရှိတုန်း အပျိုမ ဘာတွေ ဘယ်လို လော ကွတ်ချော်နေပါလိမ့်။

"ဘာများထူးခြားတာရှိသေးလို့လဲ မေမေရဲ့"

"ဒီလို သားရေ. . . နောက်လည်းသိမယ့်အတူ ဟုတ်ပါတယ်. ပြောလိုက်တာပဲ ကောင်းပါတယ်။ မေမေက သား သိမ်ငယ်စိတ်ဝင် သွားမှာ ကြောက်တာတွေ၊ မေမေတို့ကိုလည်း အပြစ်တင်မှာကြောက်



www.burmeseclassic.com

www.burmeseclassic.com



တာတွေကြောင့် သားကိုမပြောဘဲ နေခဲ့တာပါ။ ပြီးခဲ့တဲ့တစ်ပတ်က မေမေတို့အကြွေးတွေမှန်သမျှကို အပျိုစင်လေး စိုက်စပ်ပေးသွားပြီ''

''ဗျာ!. . .''

''မဗျာနဲ့ သားရေ၊ အကြွေးတွေကို ဆပ်ပေးတဲ့အပြင် မေမေတို့ဆိုင်လေးကိုလည်း ဈေးကုန်တွေ ဝယ်တင်ပေးသွားတာ အပြည့်အလျှံပဲ၊ မနက်ကျ သားလိုက်ကြည့်လှည့်''

''ဟာ. . . သွားပါပြီဗျာ၊ ဘာဖြစ်လို့ ဒီလောက်ထိ လိုက်လုပ်ပေးနေတာလဲ။ သား အသုံးမကျရာ ရောက်တာပေါ့။ ထမီဝတ်ထားဖို့ပဲ ကောင်းတော့တာပေါ့ မေမေရာ''

သူ စိတ်ပျက်လက်ပျက်နှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့ အားလုံးဆိတ်ငြိမ်သွားလေ၏။ လမင်းပျိုစင်၏ ပရဟိတက သူတို့အိမ်ပေါ်မှာသာ စုပြုံကျရောက်နေသလား. . . စဉ်းစားမရအောင် ဖြစ်နေရလေသည်။

''သူ့ရဲ့အကူအညီတွေနဲ့ အသက်ရှင်နေရတာ သားတော့ လိပ်ပြာမလုံတော့ဘူးဗျာ။ သားတို့အပေါ်မှာ တင်ရှိနေတဲ့ သူ့ရဲ့ အဲဒီစေတနာမေတ္တာအကြွေးတွေကို ဒီဘဝကြီးမှာ ဘယ်လိုဆပ်နိုင်တော့မှာလဲ''

''. . .''





''သူ့ကို ပြောလို့မရဘူးဆိုပေမယ့် အကိုင်းအတာတစ်ခုထက်ကျော်လာရင်တော့ မရ,ရအောင် ပြောရတော့မှာပဲ မေမေရဲ့။ သားတို့အားလုံးက ခြေကောင်းလက်ကောင်းတွေမဟုတ်ဘူးလား။ သူ ဒီလိုသာ လုပ်ပေးနေရင် ကလေးတွေက ကိုယ့်အားကိုယ်မကိုးဘဲ သူ့ကိုပဲ အားကိုးနေတော့မှာပေါ့''

''အဲဒီလိုလည်း မဟုတ်ပါဘူးသားကြီးရယ်၊ သူကလည်း စေတနာနဲ့ ကူညီသလို ကလေးတွေကလည်း သူ့ရဲ့စေတနာကို တုန့်ပြန်တဲ့အနေနဲ့ အရင်ကထက် ပိုကြိုးစားလာကြတာပဲမဟုတ်လား''

''ထားလိုက်ပါတော့ မေမေရာ၊ ဒါပေမဲ့ သား သိပ်မသက်သာလို့ မေးကြည့်လိုက်ဦးမယ်။ မှန်မှန်ပြောနော် မေမေ. . . အိမ်က အကြွေးတွေကို မွန်းကျပ်ပြီး သူ့ကိုအကူအညီတောင်းလိုက်မိလို့လား။ နောက်ဆပ်ကော သားမသိအောင် ဘာတွေလုပ်ထားတာ ရှိသေးလဲ''

''အမယ်လေး. . . ဘာအကူအညီမှ မတောင်းမိပါဘူး သားရယ်၊ ကိုယ့်အိမ်အပေါ် ဒီလောက်စေတနာကောင်းပြီး ပေးကမ်းရက်ရောနေတဲ့ကလေးကို အကြွေးကိစ္စ ဖွင့်ပြောပါ့မလား။ နောက်ထပ်လည်း သားမသိအောင် ဘာမှလုပ်ထားတာမရှိပါဘူး သားရယ်''

''ဟုတ်ပါတယ် ကိုကြီးရဲ့. . . မယုံရင် လှမ်းမေးကြည့်။ မမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကိုကြီးပဲ အသိဆုံးမဟုတ်လား။ သူလုပ်သမျှတွေကို ဘယ်တုန်းက တားရခဲ့လို့လဲ။ ပြောမရတာကို ခုမှအဖြစ်သည်းပြီး ပြောမနေနဲ့။ ထားလိုက်တော့. . . ရေချိုးဖို့လုပ်၊ ပြီးရင် ထမင်းစားကြမယ်။ ပြော်ဒါနဲ့ မမဆီ ဖုန်းလေးဘာလေး ခေါ်ကြည့်လိုက်ဦး''

''ဟုတ်တယ် သား။ ခေါ်ကြည့်လိုက်ဦး။ သူ့ခမြာ ဒီနေ့ တော်တော်ပင်ပန်းရှာတာ''

မေမေ့စကားအဆုံး ချက်ချင်းပဲ ခေါ်ကြည့်လိုက်တော့ မရပါ။ ရေချိုးပြီး ခေါ်ကြည့်တော့လည်း နို။ ထမင်းစားပြီး ခေါ်ကြည့်တော့လည်း ဆောရီး။ မအိပ်ခင် အိမ်ရှေ့ခဏထွက်ထိုင်ပြီး ခေါ်ကြည့်တော့လည်း လုံးဝပါပဲ။ နောက်ဆုံး အိပ်ရာထဲဝင်မှ သူမဆီက ဖုန်းဝင်လာတော့သည်။

''အပျိုမ''

''မောင်ရဲရင့်နီ''

''ငါ့ဆီ ဖုန်းဆက်ဖော်တော့ ရသေးသားပဲ။ တစ်ချိန်လုံးခေါ်နေတာ ခေါ်လို့ကိုမရဘူး။ နင်ပဲ ဆက်သွယ်ရလွယ်အောင် ဖုန်းပေးထားတာမဟုတ်လား''

''ဟုတ်ပါတယ်. . . ငါ ခုတလော အလုပ်တွေရော အာရုံတွေ





ချာ ရှုပ်နေတာနဲ့ ဖုန်းပိတ်ထားတာပါ။ ငါ နင့်ကို ပြောစရာတွေ ရှိတယ် ရဲရင့်နီ။ အရမ်းအရေးကြီးတယ်''

''အေး, ငါလည်း နင့်ကိုတွေ့ချင်နေတာပါ။ နင်ပြောချင်တာတွေလည်း နားထောင်ချင်ပါတယ်။ ဒါနဲ့ နေပါဦး, နင် ငါ့အိမ်မှာ ဘာတွေသာလုပ်ထားတာလဲ''

''တွေ့တဲ့အတိုင်းပဲ''

''တွေ့တဲ့အတိုင်းတင် မဟုတ်ဘူး။ အကြွေးတွေပါ အပြတ်ရှင်းသွားတာဆို''

''အင်းလေ. . . အဲဒါ မအေးချမ်းဘူးလား''

''အေးချမ်းပေမယ့် ဒီလောက် အစစအရာရာအကုန်လိုက်လုပ်ပေးနေတော့ ငါမနေတတ်ဘူးဟာ။ ရပ်တန်းက ရပ်ပါတော့ ပျိုပျိုရယ်။ ငါတောင်းပန်ပါတယ်။ နင့်ရဲ့ကျေးဇူးတွေက အရမ်းများနေပြီ။ ဘယ်လိုမှ ဆပ်လို့မကုန်နိုင်တော့ပါဘူး''

''တော်စမ်းပါ ရဲရင့်နီရယ်၊ ဒီစကားတွေက ရိုးနေပါပြီ။ နင် ဘယ်တုန်းက ပြောလို့ရဖူးလဲ။ ငါ့ရဲ့ပရဟိတတွေကို မကာန့်ကွက်နဲ့၊ ငါက ငါ့အပေါင်းအသင်းတွေအပေါ်ကို ကောင်းရင်ကောင်းသလို စိတ်ထဲရှိတာ လုပ်ပေးသွားမှာပဲ။ အခု ငါအရမ်းအိပ်ချင်နေပြီ။ မနက်ဖြန်



www.burmeseclassic.com

www.burmeseclassic.com



ငါ ချိန်းတဲ့နေရာကို နင်လာပေးနိုင်မလား"

"ဘယ်လိုအလုပ်တွေပဲ ရှိရှိ၊ နင်ချိန်းပြီဆိုရင် မရောက်ရောက်အောင်ကို လာခဲ့မှာ။ ဒါနဲ့ နင် နေရောကောင်းရဲ့လား။ ပရဟိတတွေချည်းပဲ အားသွန်ခွန်စိုက် လိုက်လုပ်မနေနဲ့နော်။ ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ဦး"

"အေး. . . အခု ငါ့ကိုယ်ငါ ဂရုစိုက်နေပြီ။ ပရဟိတကို နားထားပြီး အတ္တဟိတ လုပ်တော့မလို့"

"ဘယ်လို!. . . ပရဟိတ"

"ဟုတ်တယ်, အတ္တဟိတ လုပ်တော့မှာ၊ နင်သိချင်ရင် မနက်စောစော ကန်ဘောင်မှာရှိတဲ့ လမင်းသာဆိုတဲ့ဆိုင်ထဲကို ဝင်လာခဲ့ ငါ ရှိနေမယ်"

"အိုခေ. . . အိုခေ, အရောက်လာခဲ့မယ်၊ ငါ လုံးဝအားပေးတယ် ပျိုပျို။ ကဲ, နင် အိပ်ရေးဝအောင် အိပ်လိုက်တော့၊ good night"

"အင်း. . . good night"

သူပြုံးပြီး ဖုန်းလေးကို ခေါင်းအုံးဘေးမှာ ချထားလိုက်လေ အင်း. . . တတ်လည်းတတ်နိုင်တဲ့အပျိုစင်လေး၊ ပရဟိတနားပြီး အတ္တဟိတ လုပ်မလို့တဲ့။ သူမရဲ့ကိုယ်ကျိုးအတွက် ဘာတွေများ လုပ်မလို့





ပါလိမ့်။ ဘာပဲဖြစ်ဖြစ် သူမနှင့်တွေ့ကတည်းက သူတို့ဘဝ လန်းဆန်းတက်ကြွခဲ့ရသည်။ အားသစ်ခွန်သစ်တွေလည်း ပြည့်ဝခဲ့ရသည်။

သူမက သဘောထားဖြူစင်သည်။ ချစ်စရာကောင်းသည်။ သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိသည်။ စွဲဆောင်မှုတွေလည်း ရှိသေးသည်။ သူမနှင့်အပေါင်းအသင်းဖြစ်ရတာ ကိုယ့်ကိုယ်ကို ဂုဏ်ယူစရာကောင်းလှပါသည်။ အဲဒီအတွက် ရဲရင့်နီသည် သူမဘက်မှာ အမြဲတမ်းအဆင်သင့်ရှိနေရပါသည်။

နောက်နေ့မနက် သူမချိန်းဆိုထားသည့်နေရာကို ရောက်လာခဲ့တော့ သူမက အတွင်းမှာ တီရှပ်အဖြူလေး ခံပြီး မိုးပြာရောင် ဂျင်းန်ဇာကက်ကို ဝတ်ထားသည့် ဒီဇိုင်းလေးဖြင့် ထိုင်နေတာကို တွေ့လိုက်ရပါသည်။ သူ့ကိုမြင်တော့ လက်ပြပြီး အပြုံးနုနုလေးဖြင့် ကြိုဆို၏။

"ရောက်နေတာ ကြာပြီလားဟ"

"သိပ်မကြာသေးပါဘူး. . . ထိုင်လေ ရဲရင့်နီ၊ နင်ဘာစားမလဲ"

"ရတယ်. . . ငါက ဘာဖြစ်ဖြစ် စားပါတယ်။ နင်မှာချင်တာ



www.burmeseclassic.com

www.burmeseclassic.com



သာ မှာလိုက်။ ဒါနဲ့ ပျိုပျို၊ နင်နဲ့ငါ မတွေ့ရတာ ကြာလို့ထင်တယ်။ နင့်မျက်နှာလေး နည်းနည်းချောင်သွားသလိုထင်ရတယ်။ ဒါပေမဲ့ အပြုံးကျတော့ ပိုပြီးနုနယ်သိမ်မွေ့သွားသလိုပဲ''

သူ ဝင်ထိုင်လိုက်ပြီး သူမမျက်နှာကို စေ့စေ့ကြည့်၍ ပြောလိုက်မိ၏။ သူမကတော့ မီနူးကို ပြုံးပြုံးကလေးကြည့်ရင်း ဝိတ်တာလေးကို မှာချင်တာတွေ အရင်မှာလိုက်သေးသည်။

''အပြုံးတောင် နုနယ်သိမ်မွေ့တဲ့အပြုံးရယ်လို့ ရှိသေးတယ်လားဟယ်။ ဒါပေမဲ့ နင် တကယ်တော်တယ် ရဲရင့်နီ၊ ငါ့မျက်နှာ ချောင်ကျသွားတာ ဘာကြောင့်လဲ. . . သိလား''

''အလုပ်တွေ ပင်ပန်းလို့၊ ချက်တင်တွေ ထိုင်ရလို့''

''နီး. . . အတွေ့ကြောင့်''

''အတွေ့ကြောင့်!. . . ဩော်၊ ဟုတ်ပြီ ဟုတ်ပြီ နင်က အတွေ့ဟိတ. လုပ်တော့မယ့်သူဆိုတော့ ကိုယ့်အတွက်တွေပဲ တွေးနေရလို့ အအိပ်အစားတွေ ပျက်ပြီး၊ မျက်နှာချောင်ကျသွားတာဖြစ်မယ်။ ဒါဆို အပြုံးတွေ နုနယ်သိမ်မွေ့သွားတာကရော''

''အဲဒါမဖြေခင် နင့်ကိုပြန်မေးဦးမယ်၊ ဘယ်လိုအကြောင်းမျိုးတွေကို အတွေ့လို့ခေါ်တာလဲ။ အလွယ်ဆုံးကိုဖြေနော်''





''အလွယ်ဆုံးဖြေရရင် ခုနပြောသလို ကိုယ့်အတွက် ကိုယ်ပဲ သိတတ်တာတွေကို ပြောတာပေါ့။ ငါတည်းဟူသော အတ္တလေဟာ''

''အဲဒါလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ ငါသိချင်တာက ဒီ့ထက် သွယ်ပါတယ်. . . နင်တို့ငါတို့အရွယ်တွေမှာ အဖြစ်များဆုံးကိစ္စပဲ''

''ဟား. . . နင်ကလည်း တွေ့တွေ့ချင်း ရစ်တော့တာပဲ၊ စကားစပ်လိုက်တာ များတာပဲကွာ။ ငါ အဲလောက်ထိ အုံးမစားမခံနိုင်ဘူး။ တစ်ခါတစ်ရံမှာ အလွယ်ဆုံးဟာ အခက်ဆုံးဖြစ်နေတတ်တယ်။ နင်ပဲ ပြောတော့''

''မသိရင် မှတ်ထား. . . အတ္တလို့ခေါ်လို့ရတဲ့အကြောင်းတွေထဲမှာ အချစ်ကိစ္စလည်း ပါတယ်ဟဲ့''

''ဒါဆို အချစ်နဲ့အတ္တကို နင်က အတူတူပဲလို့ပြောချင်တာလား''

''ဒါပေါ့၊ လူတစ်ယောက်ကို စွဲစွဲလန်းလန်းချစ်မိပြီဆိုရင် စိတ်ထဲမှာ သူ့ကိုပိုင်ဆိုင်လိုစိတ်တွေ ကြီးစိုးလာမယ်၊ သူ့ရဲ့အချစ်တွေအားလုံးကို ကိုယ့်အပေါ်ပဲ ပုံပေးစေချင်လာမယ်၊ အဲဒီအချစ်ကြောင့် ငါ့ရဲ့အပြုံးတွေ နုနယ်သိမ်မွေ့လာတာ''

''ဒါ. . . ဒါဆို နင်၊ ချစ်သူရနေပြီပေါ့''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကြည့်စမ်း! အပျိုမရယ်၊ နင်က ချစ်သူတွေဘာတွေတောင် ရှိနေပြီကိုး။ ဒါကြောင့် ပျောက်ချက်သားကောင်းနေတာ။ ငါ့မှာ နင့်ကိုတွေ့ချင်ရင် ဘယ်လိုက်ဖမ်းရမှန်းမသိဘူး။ ဖုန်းဆက်တိုင်းလည်း နင့် Operator က အမျိုးမျိုးပြန်ပြောနေတာ။ အိမ်လာတွေ့ရအောင်လည်း သူဌေးအိမ်ဆိုတော့ မလာရဲဘူး။ ဩော်. . . ဒါကြောင့်ကိုး။ ဒါနဲ့ နင့်ချစ်သူက ဘယ်ကလဲ၊ ငါနဲ့မိတ်ဆက်ပေးဦးလေ"

"မိတ်ဆက်ပေးချင်ပါတယ်၊ ဒါပေမဲ့ ငါ့အဖြစ်က မိတ်ဆက်ပေးလို့မရတဲ့အနေအထားပါ"

"ဟင်! ဘယ်လိုချစ်သူတွေမို့လို့လဲ"

သူက တအံ့တဩမေးလိုက်တာကြောင့် သူမမျက်နှာမှာ အပြုံးရိပ်တွေ ကင်းစင်သွားပါသည်။ ပြီးတော့ ချက်ချင်း မျက်ဝန်းတွေ မှိုင်းညို့ ရီဝေသွားပြီး ကန်ရေပြင်ဆီ ရွေ့သွားတော့၏။ ပြီးမှ. . .

"ဇာတ်လမ်းက ဒီလိုဟ. . . သူ့ကို ဒီနေရာလေးမှာ တွေ့ခဲ့တာ၊ အခု ငါဝတ်ထားတဲ့ဝတ်စုံကလည်း သူနဲ့တွေ့တဲ့နေ့က ဝတ်ခဲ့တဲ့ဝတ်စုံလေးပဲ။ အဲဒီနေ့က မိုးဖွဲဖွဲလေးတွေ ရွာပြီး လေပြည်လေးတွေ တသော့သော့နဲ့ ရာသီဥတုက အရမ်းလှပနေခဲ့တယ်"

ဟု အစချီပြီး တွေ့ဆုံခဲ့ပုံနှင့် ချဉ်းကပ်ခဲ့ပုံအားလုံးကို မျက်စိ





ထဲမှာ ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ပြောပြတော့သည်။ ရဲရင့်နီသည် နားထောင်နေရင်းမှ လူပုံစံနှင့်လုံးဝမလိုက်ဘဲ အချစ်ကို ခံစားထိခိုက်လွယ်သည့် သူမရဲ့နှလုံးသားကို အထူးအံ့ဩမိသလို အစစအရာရာ ပြည့်စုံကြွယ်ဝပါလျက် အချစ်တစ်ခုကျမှ သူများမသိအောင် တိတ်တခိုးချစ်မြတ်နိုးနေရသည့် သူမရဲ့တစ်ဖက်သတ်အချစ်ကိုလည်း အထူးပင် စိတ်မကောင်းဖြစ်ရလေသည်။

"ဩော်, ဒီလိုကိုး. . . စိတ်မကောင်းစရာပဲ ဖျိုဖျိုရယ်။ နင့်ကိုတကယ်အံ့ဩတယ်၊ လူပုံစံနဲ့ နည်းနည်းလေးမှမလိုက်ဘူး။ အချစ်နဲ့ပတ်သက်ရင် ဒီလောက် ဖီးလ်ဖြစ်လွယ်လိမ့်မယ်လို့ မထင်မိဘူးဟာ။ ပြီးတော့ လိုတရဘဝနဲ့ နေလာခဲ့သမျှ ဒီအချစ်ကိစ္စကျမှ ကိုယ်က ချစ်ရတဲ့သူဖြစ်ရတယ်လို့။ နောက်ပြီး အဲဒီလူကလည်း. . ."

"တော်တော့ ရဲရင့်နီ၊ ဒီနေရာမှာ နင်သတိထားရမှာက သူဟာ မြန်မာပြည်ရဲ့နာမည်အကြီးဆုံးလုပ်ငန်းထဲက သူဌေးတစ်ယောက်ဖြစ်တာရယ်၊ စေ့စပ်ပြီးသားလူတစ်ယောက်ဖြစ်တာရယ် ဆိုတာပဲ သိထားပါ။ ဒါတောင် နင့်မို့လို့ ဖွင့်ပြောတာ။ အဲဒီအဆင့်ထက်ကျော်ပြီး ငါ့ကို မမေးပါနဲ့၊ ငါလည်း စိတ်မကောင်းဖြစ်နေတာပါ။ အစစအရာရာပြည့်စုံပါရက်နဲ့ အချစ်အတွက်နဲ့ကျမှ ကံမကောင်းခဲ့သူဖြစ်ခဲ့ရလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းသာ ချလိုက်မိတော့သည်။

"အေးပါ. . . ငါ နင်သိစေချင်တဲ့အဆင့်အထိပဲ သိထားပါ့မယ်။ အဆင့်ကျော်ပြီးတော့လည်း ဘယ်တော့မှ မမေးတော့ပါဘူး"

"ဒါပေမဲ့ အခု ငါဘာဖြစ်နေလဲ သိလား"

"သိတယ်. . . နင်ခံစားနေရတာကို ငါနားလည်ပေးလို့ရတယ်"

"ဆောရီး. . . ငါ့ရဲ့ခံစားမှုကို နားလည်ပေးရုံနဲ့မရတော့ဘူး။ အခု ငါဖြစ်နေတာက အဲဒီလိုလူတစ်ယောက်ကို ချစ်မိသွားတဲ့အချိန်မှာ အချစ်ဆိုတဲ့သားကောင်က ငါ့ရဲ့ဇီအကျင့်ကို စိန်ခေါ်တော့တာပဲ။ ဒါကြောင့် နင့်ကို လှမ်းခေါ်လိုက်ရတာ၊ ငါ့ရဲ့နှလုံးသားကိစ္စအတွက် နင့်ရဲ့ကူညီမှုတွေ အများကြီးလိုအပ်တယ်"

"..."

"ငယ်ငယ်လေးကတည်းက လိုချင်တာကို မရရအောင် ယူပြရမှ ကျေနပ်တတ်တဲ့အကျင့်အတိုင်း ငါ သူ့ကို နည်းပေါင်းစုံနဲ့ ချဉ်းကပ်တော့မယ်။ ငါ သူ့ကို မရရအောင် ယူပြမယ်"

ကြည့်စမ်း!. . . လေးနက်ပြတ်သားစွာ ထွက်လာသော သူမနှလုံးသားဆီမှ သူမရဲ့ဇီဇကို စိန်ခေါ်လိုက်သည့်အသံကြောင့် သူ အထိတ်တလန့်ဖြစ်သွားပါသည်။





"ဟာ! ပျိုပျို. . . နင် အဲဒီအတွေးမဝင်နဲ့လေ။ အဲဒီလိုဆုံးဖြတ်လို့ မရဘူးလေ။ ဟိုက မကြာခင် လက်ထပ်တော့မယ့် နာမည်ကြီးသူဌေးတစ်ယောက်၊ သူ့ဂုဏ်အဆင့်အတန်းနဲ့ သူ့မိသားစုအသိုင်းအဝိုင်းနဲ့ နင် ဒီလိုလုပ်လို့ ဘယ်ရမလဲ။ နင်လိုချင်တာမှန်သမျှ ရအောင်ယူတတ်ခဲ့ပေမယ့် ဒါ အရုပ်မဟုတ်ဘူး အပျိုစင်ရဲ့. . . လူ,ဟ"

"ကျွတ်! နားလိုက်စမ်းပါ၊ စေ့စပ်ထားတာလောက်ကတော့ ဒီခေတ်ကြီးထဲမှာ စာရင်းမရှိပါဘူး။ သူ တကယ်လက်ထပ်ရသေးတာမှ မဟုတ်တာ၊ ငါ့ဘက်က ကြိုးစားပိုင်ခွင့်ရှိတယ်"

"လမင်းပျိုစင်ရယ်. . . နင် တကယ်ခေါင်းမာတာပဲ။ နင်က လူမသိသူမသိ တစ်ဖက်သတ်ချည်းဖြစ်နေတဲ့ကိစ္စ၊ ဟိုက နှစ်ဦးနှစ်ဖက် တရားဝင် စေ့စပ်ထားတဲ့ကိစ္စ၊ အားလုံး ပြဿနာတွေ ဗွတ်တက်ကုန်ပါ့မှာ"

"သိတယ်, အဲဒါ ငါ့ကိစ္စ၊ ဖြစ်လာမယ့်ပြဿနာတွေကို ငါ့နည်းငါ့ဟန်နဲ့ ကြံသလိုဖြေရှင်းသွားမယ်။ တစ်ခုတော့ ရှိတယ်နော်. . . အခု ငါလုပ်မှာက အိမ်ထောင်ရေးဖောက်ပြန်တဲ့ကိစ္စမဟုတ်ဘူး၊ အဲဒါတော့ နင်နားလည်ထား. . . ကဲ, ဘယ်လိုလဲ ရဲရင့်နီ၊ ငါ အချိန်သိပ်မပေးနိုင်ဘူး။ လုပ်စရာအလုပ်တွေ တန်းစီစောင့်နေတယ်။ ငါတောင်းတဲ့အကူအညီကို ပေးမှာလား. . . မပေးဘူးလား, ဒါပဲပြော"

www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နီသည် ဘယ်လိုမှမနိုင်တော့တာမို့ ခေါင်းကိုပဲ ကုပ်နေလိုက်မိ၏။ သူမက သူ့ပုံစံကို စိတ်မရှည်။

“အိုခေ. . .”

“နေစမ်းပါဦး. . . ဒီလိုကိစ္စမျိုးမှာ ငါက ဘာကိုကူညီရမှာလဲ”

“နင်ကူညီရမယ့်အလုပ်က တိတိကျကျပြောလို့တော့ မရဘူးဟာ၊ ဒါပေမဲ့ ခေါင်းစဉ်တစ်ခုတော့ ရှိတယ်၊ ငါဘာခိုင်းခိုင်း လုပ်ပါ့မယ်ဆိုတဲ့ခေါင်းစဉ်။ ဘယ်လိုလဲ, ကူညီမယ်မှလား. . . ဘာပဲခိုင်းခိုင်းဆိုပေမယ့် ပင်ပန်းတဲ့အလုပ် တစ်ခုမှမပါဘူးနော်”

“ကဲ, ပြီးရောဟာ. . . ပြီးရော၊ နင့်ရဲ့အမိန့်တော်အတိုင်းပါတဲ့ခင်ဗျာ။ နင်လိုလူမျိုးကိုမှ မကူညီရင် ငါဘာဖြစ်သွားမလဲ။ နင်ညွှန်ရာညွှန်, စေလိုရာစေ. . . ကဲ, ကျေနပ်ပြီလား”

“အင်း. . . ကတိနော်”

“ကတိပါဟာ. . . တကယ်ကြီး ကတိပေးတာပါ”

“မရဘူး, လက်မှတ်ထိုး”

ဆိုပြီး လက်ကမ်းပေးတာကို လက်သန်းချင်း ချိတ်၍ လက်မချင်း တံဆိပ်နှိပ်ပေးလိုက်ပါသည်။ အဲဒီတော့မှ နှစ်ယောက်သား လွတ်လွတ်လပ်လပ် ရယ်မောနိုင်လေ၏။ ဘာပဲဖြစ်ဖြစ် လမင်းပျိုစင်ဆိုတာ





သူတို့ဘဝရဲ့အလင်းရောင်, သူတို့ဘဝရဲ့ကယ်တင်ရှင်, သူတို့ဘဝရဲ့သမ်းပြကြယ်, သူတို့ဘဝရဲ့ ကြီးမားလှစွာသော ကျေးဇူးရှင်ကြီးဖြစ်တာမို့ သူတို့မိသားစုကလည်း ဘယ်လိုအချိန် ဘယ်လိုနေရာမျိုးမှာဖြစ်ဖြစ် သူမရှေ့မှာ အမြဲတမ်း မားမားမတ်မတ်ရပ်တည်ပေးရမည်ဆိုသောအသိက တစ်မိသားစုလုံးရဲ့ခေါင်းထဲမှာ ထာဝရကိန်းဝပ်နေခဲ့သည်မဟုတ်ပါလား။

သို့သော် ရဲရင့်နီသည် လမင်းပျိုစင်ရဲ့နှလုံးသားရေးရာကို မကူညီရခင်မှာ သူ့အတွက် ဘယ်လိုမှဖြေရှင်းလို့မရသော နှလုံးသားပြဿနာကြီးတစ်ခုက မထင်မှတ်ဘဲ ဖြုန်းခနဲပေါ်ပေါက်လာခဲ့ရ၏။ ဒါမှမဟုတ် ဆုတ်ကြီးဟုပဲ ပြောရမလား. . . လာဒ်ကြီးဟုပဲ ပြောရမလား မသိပါ။

လူတွေဟာ ကံကို ကြိုမမြင်နိုင်ဘူး။ နောက်နေ့ဘာဖြစ်မလဲဆိုတာ မသိနိုင်ဘူးဆိုသည့်အတိုင်း. . . အလွန်အံ့ဩဖွယ်ကောင်းသည့် ပြဿနာက ထိုနေ့ညတွင်းချင်းမှာ ပေါ်ပေါက်လာခဲ့တာဖြစ်ပါသည်။

ပြဿနာအစကတော့. . . ထိုနေ့ညက မိုးအေးအေးနှင့် သူတို့မိသားစု စောစောစီးစီး အိပ်ရာဝင်ခဲ့တဲ့အချိန်မှာ အိမ်ရှေ့မှာ ကားတစ်စီး ရပ်သံနှင့်အတူ ‘ရဲရင့်နီ, ရဲရင့်နီ’ ဆိုသည့် ယောကျ်ားတစ်ယောက်အသံကို ကြားလိုက်ရတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုပင် မေမေလည်း ကြားပုံပေါ်ပြီး အသံထွက်လာ၏။

"သားကြီး. . . အိမ်ရှေ့က ခေါ်သံကြားလိုက်သလိုပဲ"

"ကြားတယ် မေမေ၊ နေ. . . နေ, သား ထွက်ကြည့်လိုက်မယ်"

သူ ဖျတ်ခနဲထပြီး တံခါးဖွင့်ကြည့်လိုက်တော့ အိမ်ရှေ့ခြံစည်းရိုး အစုတ်ကလေးနားမှာ အသက်ကြီးကြီးလူတစ်ယောက်နှင့် မိန်းမလှလေး တစ်ယောက် ရပ်နေတာကို တွေ့လိုက်ရသည်။ ထိုလူကြီးက ကောင်မ လေးလက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားသလို မျက်နှာကလည်း ခက် ထန်မာကြောနေ၏။

"ဟော့ကောင်! ဘာကြည့်နေတာလဲ၊ မင်း, ရဲရင့်နီမဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

ဟု ဖြေလိုက်မှ ထိုလူက စည်းရိုးတံခါးမရှိတာမို့ ကောင်မလေး ၏လက်ကို ခပ်ကြမ်းကြမ်းဆွဲပြီး အိမ်ထဲ တိုက်ရိုက်ဝင်လာလေသည်။ ကိုယ်မသိသောလူစိမ်းတွေမို့ သူ ရုတ်တရက် ခပ်ကြောင်ကြောင်ဖြစ်နေ ၏။ မေမေနှင့် ညီမလေးကလည်း ထလာသည်။

"ဘယ်သူတွေများလဲရှင်"

"ဟုတ်. . . ဘာကိစ္စများရှိလို့လဲခင်ဗျာ"

"ဘာကိစ္စရှိရမှာလဲ. . . မင်းလုပ်ထားတဲ့ကိစ္စ မင်းဘာသာရှင်း





ရော့, ဒီမှာ မင်းမိန်းမ"

"ဗျာ!. . ."

သူ 'ဗျာ'ပဲ လုပ်လိုက်ရသေးသည်။ ထိုလူက မိန်းမလှလေးကို ထားခဲ့ပြီး ကားဆီပြေး၍ ဝေါခနဲမောင်းထွက်သွားတော့သည်။

"ဟာ! ဘာလဲ. . . ဘာတွေဖြစ်ကုန်တာလဲ၊ ခင်ဗျား ဘယ်သူ လဲ၊ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲဗျ။ မေမေ. . . ဒါ သားမိန်းမ မဟုတ် ဘူးနော်၊ သား, မေမေမသိအောင် ဘာမှမလုပ်ဖူးဘူးနော်။ ပြဿနာ ပဲဗျာ. . . ခင်ဗျား ဘာဖြစ်လို့ ငြိမ်နေတာလဲ၊ ဘာဖြစ်လို့ ငြိမ်နေတာ လဲ"

သူ ဘာလုပ်ရမှန်းမသိဘဲ ထူထူပူပူနှင့် ကြောက်လန့်တကြား ငြင်းဆန်နေချိန်တွင် နောက်ထပ် လျှပ်တစ်ပြက်ရိုက်ချက်တစ်ခုက ဆက် တိုက်ပေါ်လာပြန်သည်။ အဲဒါကတော့ သူတို့ကြားသို့ ရဲနှစ်ယောက်နှင့် အတူ ရပ်ကွက်လူကြီးတွေ ရောက်လာတာပဲဖြစ်လေသည်။

သွားပြီ. . .

"မြင်လိုက်ရတဲ့အတိုင်းပဲ. . . ကဲ, ရဲရင့်နီ၊ မင်း သူများသမီး လေးကို ဒီလိုပဲ နေ့ညမရွေး အချိန်အခါမရွေး တွေ့နေဖို့ သံုးဖြတ်ထား သလား။ ဒီပံုစံမျိုး ငါတို့ရပ်ကွက်ထဲမှာ လက်မခံနိုင်ဘူး။ ခုချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ယူဖို့ စီစဉ်ပါ''

''ဗျာ. . . မဟုတ်ဘူး ဦးလေး၊ ဦးလေးထင်သလို မဟုတ်ရပါဘူးဗျာ၊ တောင်းပန်ပါတယ်ဗျာ. . . ရုတ်တရက်ပေါ်လာတဲ့ပြဿနာပါ''

''ဟုတ်ပါတယ်ရှင်, ဘာတွေ ဘယ်လိုဖြစ်ကုန်မှန်းကို မသိရတာပါ။ ဒီသမီးလေးကို မေးကြည့်ပါရစေဦး၊ လူကြီးမင်းတို့ထင်သလို မဟုတ်ရပါဘူး၊ ကျွန်မသားမှာ ဒီလိုအကျင့်စရိုက်မျိုး, ဒီလိုစိတ်ဓာတ်မျိုး လုံးဝမရှိပါဘူး။ ကျွန်မတို့မိသားစုအကြောင်းကို ရပ်ကွက်လူကြီးတွေ အသိဆုံးပါရှင်။ ကျွန်မ တောင်းပန်ပါတယ်. . . ဒီလိုတော့ အတင်းအကျပ်မစီစဉ်ပါနဲ့''

''ဘာမှမပြောနဲ့. . . ခင်ဗျား မိဘလုပ်နေပြီး သားသမီးချင်း ကိုယ်ချင်းစာစိတ် မရှိဘူးလား။ ဒီမိန်းကလေး ဒီအိမ်ကို အဝင်အထွက်လုပ်နေတာ တစ်ရပ်ကွက်လုံး သိတယ်။ ပတ်ဝန်းကျင်ကို ဘာမှတ်နေလဲ၊ လူမထင် သူမထင် မလုပ်နဲ့၊ ဒီမှာ ဟော့ကောင်. . . မင်း ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုရင် ကိုယ့်ကိစ္စကို သတ္တိရှိရှိ တာဝန်ယူရဲရမှာပေါ့''

''ဦးလေး အဲလိုမစွပ်စွဲပါနဲ့ဗျ၊ ဒီကိစ္စက တမင်သက်သက်လုပ်ကြံခံရတာ. . . လုံးဝ လူမှားနေတာ။ ဒီအိမ်က အဝင်အထွက်လုပ်နေ





တဲ့မိန်းကလေးက ကျွန်တော့်သူငယ်ချင်းအစစ်၊ ကျွန်တော်မဟုတ်တဲ့ကိစ္စကို ဘာဖြစ်လို့ တာဝန်ယူရမှာလဲ''

''မင်းက လက်ဆုပ်လက်ကိုင်မိနေတာတောင် ငြင်းနေပါလား။ ဘာမှရှင်းပြမနေနဲ့, မနက် ရပ်ကွက်ရုံးကိုလာခဲ့။ အဲဒါ အမိန့်ပဲ''

''ဟာကွာ. . . တောက်!''

သူ့ အဖြစ်အပျက်ကို ခံပြင်းလွန်းတာမို့ အနားက တံခါးကို နှစ်ချက်သုံးချက် ဆောင့်ကန်ထည့်လိုက်သည်။

''ဟဲ့, ဟဲ့. . . သား မလုပ်နဲ့လေ၊ အဲဒီလိုမလုပ်ရဘူး''

''အောင်မာ၊ မင်းက လူကြီးတွေရှေ့တောင် စော်ကားမော်ကားနဲ့။ ဒီကောင် သေတော့မယ်''

''နေ. . . နေကြပါဦးရှင်၊ ကျွန်မ ရှင်းပြပါ့မယ်''

အားလုံး ဝရုန်းသုဉ်းကားတွေဖြစ်ကုန်မှ ကျောက်ရုပ်လို ရပ်နေသည့်မိန်းကလေးက လှုပ်လှုပ်ရှားရှားဖြစ်လာတော့သည်။

''ကျွန်မ ဒီကမိသားစုနဲ့ အေးအေးဆေးဆေးဆွေးနွေးလိုက်ပါဦးမယ်ရှင်။ မနက်ကျ ဒီကလူကြီးတွေ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါမယ်။ တောင်းပန်ပါတယ်ရှင်''

ဟု ပြောလိုက်မှ. . .

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မင်းစကားနဲ့မင်းနော်၊ ရပ်ကွက်ရုံးကို ရောက်လာခဲ့ဖို့ပဲ အရေးကြီးတယ်။ ရှုပ်ရှုပ်ယှက်ယှက်တော့ လုပ်မယ်မကြံနဲ့"

ဆိုပြီး လူကြီးတွေ ထွက်ခွာသွားကြတော့သည်။

"တောက်! နေစမ်းပါဦး၊ ခင်ဗျားက ဘာလဲ၊ ကျုပ်တို့မိသားစု လုပ်ကြံခံလိုက်ရတာ ခင်ဗျားအသိဆုံးနော်။ ဒီလောက်စွပ်စွဲနေတာကို ခင်ဗျားမို့လို့ ငြိမ်နေတယ်၊ ဝင်ပြောမယ့်ပြောတော့လည်း ဝန်ခံလိုက်တဲ့ပုံစံ။ လူညီးကျိုးတော့ လာပြီး အထမ်းမခိုင်းနဲ့နော်။ ခင်ဗျားနဲ့ကျုပ် စာရင်းမရှိဘူး. . . ပြန်. . . သွား. . . ပြောင်းတော့"

"ကျွန်မ. . . ကျွန်မ ပြောပါရစေဦးရှင်"

"ဘာမှမပြောနဲ့၊ ခင်ဗျားအသံ မပြောနဲ့, ခင်ဗျားမျက်နှာတောင် မကြည့်ချင်ဘူး။ သွား. . . ကျုပ် ဆွဲမထုတ်မီခင် ခုထွက်သွား။ သွား . . . သွားဗျာ"

သူ ဒေါသတွေ အကြီးအကျယ်ထွက်ပြီး ဟိန်းဟောက် မောင်းထုတ်လိုက်တော့ သူမက လန့်ဖျပ်ပြီး ကိုယ်လေးပင် တွန့်သွားသည်။

"သားရယ်. . . သူပြောတာလေးလည်း နားထောင်ပေးဦးမှပေါ့။ ဘာဖြစ်လို့ ဒီလောက်ဒေါသကြီးနေရတာလဲ။ မိန်းကလေးတစ်ယောက်တည်း အချိန်မတော် အော်ဟစ်မောင်းထုတ်လို့ကော သင့်တော်ရဲ့လား။





နေချင်း ကိုယ်ချင်းစာမှပေါ့။ သားကို မိကောင်းဖခင်က မွေးထုတ်ထားတာနော်"

ဟု မေမေဝင်ပြောမှ သူ တောက်တစ်ချက် ခတ်ပြီး ထိုင်ချလိုက်တော့သည်။ ညီမလေးကလည်း သူ့ဘေးနားမှာ လာထိုင်သည်။ မေမေကလည်း သူမလက်ကလေးကိုဆွဲ၍ ထိုင်စေပါသည်။

"ကဲ, ထိုင်ပါဦး သမီးရယ်၊ ဖြစ်ကြောင်းကုန်စင် ပြောပြပါဦး။ သက်မှားတွေလည်း အေးစက်လို့၊ လုတပတသမီးပျိုကလေးရဲ့အဖြစ် ဒို့မိဘတွေသာ သိရင်တော့ ရင်ကျိုးကုန်ပါတော့မယ်။ အန်တီတို့ကို ကြောက်လည်းမကြောက်နဲ့, ရှက်လည်းမရှက်နဲ့, အားလည်း မနာနဲ့နော်။ အန်တီတို့က သမီးရဲ့အခက်အခဲကို တတ်နိုင်သလောက် ကူညီပေးမယ့်သူတွေဆိုတာတော့ ယုံပါကွယ်"

"ဟုတ်. . . ကျေးဇူးအများကြီးတင်ပါတယ် အန်တီ၊ ဒီလိုလက်ခံပေးတာလည်း ဝမ်းသာပါတယ်။ တကယ်တော့ သမီးလည်း ဒီအိမ်ကသိုပဲ လုပ်ကြံခံရတာပါ"

"ဟင်!. . ."

သူမစကားကြောင့် အားလုံးအံ့ဩသွားသလို သူလည်း အံ့ဩခြင်း သူမမျက်နှာကို စိုက်ကြည့်လိုက်မိသည်။ စောစောက ထုပ္ပနံခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဘာကိုမှသတိမထားမိသမျှ အခုချိန် သေချာကြည့်မိခါမှ သူမဟာ ရက်ရက်စက်စက် ချောမောလှပတဲ့မိန်းကလေးမှန်း သိလိုက်ရလေသည်။

ကြည့်စမ်း. . . သူမရဲ့အလှဟာ သူ့ရင်ကို တဒိန်းဒိန်း တလှုပ်လှုပ်နဲ့ တုန်ခါသက်ဝင်စေပါလား။ ဖြူဖွေးသန့်စင်ပြီး မတိုရက် မထိရက်အောင် နုနုရွရွကလေး လှသလို တစ်ကိုယ်လုံးမှာလည်း ရတနာတွေ ဖြိုးဖြိုးလက်လက်နှင့် အရှိန်အဝါတစ်မျိုး လွှမ်းခြုံနေသည့်သူမအား ဘယ်လိုလူမျိုးကများ မဆင်မခြင်လုပ်ရက်လိုက်ပါသလဲ။

"ဘုရား. . . ဘုရား. . . ဘယ်လိုများ လုပ်ကြံခံခဲ့ရတာလဲ သမီးရယ်"

"လွန်ခဲ့တဲ့ငါးရက်လောက်က သမီး, ခြံထဲမှာ ပန်းခူးနေတုန်း ခြံရှေ့ကို ကားတစ်စီး ရောက်လာပါတယ်။ သမီးအဘွားတစ်ယောက်က ပစ္စည်းတစ်ခု ပေးလိုက်တယ်ပြောတာနဲ့ သမီး ထွက်ယူလိုက်တော့ အဲဒီလူက သမီးကို ကားထဲဆွဲတင်ပြီး မောင်းပြေးခဲ့တာပါ"

"ကြည့်စမ်း!. . ."

"ပြီးတော့ အိမ်ခန်းသေးသေးလေးထဲမှာ ငါးရက်တိတိ ချုပ်ထားခဲ့တယ်။ ဒါပေမဲ့ ဖမ်းတဲ့လူက အစားအသောက် အဝတ်အထည်အားလုံး ဖူဖူလုံလုံထားပေးပါတယ်။ လူကိုလည်း အန္တရာယ်ပြုဖို့နေနေသာသာ ဘာမှတောင် မမေးပါဘူး။ အဲဒီလိုနေရင်းနဲ့ ဒီကိုရောက်လာတာပါ။ ခုနလာပို့တဲ့လူက သမီးကို ဖမ်းပြေးတဲ့လူပါပဲ"

"တော်သေးတာပေါ့ သမီးရယ်၊ ဒါနဲ့များ ဘာဖြစ်လို့ဖမ်းပါလိမ့်"

ထူးထူးဆန်းဆန်းပင်။ ဖြစ်မှုတစ်စုံတစ်ရာလည်း မကျူးလွန်၊ လူကိုလည်း မနှိပ်စက်၊ ကိုယ်ပေါ်က ရတနာတွေကိုလည်း ထိပ်မရတော့ သူမကိုဖမ်းဆီးသည့်လူက တကယ့်ကို အံ့ဖွယ်တစ်ပါးဖြစ်ရပြီ။

"အဲဒီငါးရက်လုံးလုံး သမီး ကြောက်လန့်ပြီး ငိုနေခဲ့ရပါတယ်။ အိမ်ကိုလည်း မပြန်ချင်တော့ပါဘူး။ ပြန်လည်းမပြန်ရဲတော့ပါဘူး။ ဘာကြောင့် ဖမ်းမှန်းမသိပေမယ့် သမီးအဖြစ်က အသိုင်းအဝိုင်းကို ဘယ်လိုမှ မျက်နှာ မပြရဲတော့ပါဘူး"

"အို!. . . အန်တီတို့ လိုက်အပ်ပြီး ရှင်းပြပေးမှာပေါ့"

"မဖြစ်နိုင်တော့ပါဘူး အန်တီရယ်၊ ဘာကြောင့်လဲဆိုတော့ သမီးက စေ့စပ်ပြီးသားပါ။ သူက လုပ်ငန်းကြီးဦးစီးနေတဲ့ သူဌေးတစ်ယောက်ပါ။ သူ့အသိုင်းအဝိုင်းက ဘယ်လိုမှလက်ခံမှာမဟုတ်တော့ပါဘူး။ သမီးသူ့ကို တကယ်လည်းမချစ်ဘူးဆိုတော့ ဒီမှာပဲ ဆက်နေခွင့်ပြုပါ"

"ဖြစ်မှဖြစ်ရလေ သမီးရယ်"





www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်နီသည် သူမစကားကို နားထောင်ရင်း အံ့ဩမှုတွေနှင့်အတူ လဲမင်းပျို့စင်ကို ဖျတ်ခနဲမြင်ယောင်လေသည်။ ပြီးတော့ ရင်ထဲမှာ တထိတ်ထိတ်နှင့် မသက်သာဖြစ်လာ၏။ စေ့စပ်ပြီးသား . . . သူ့ခွေးတစ်ယောက် . . .

"ဒါနဲ့ ကျွန်တော် မေးပါရစေဦး။ ခင်ဗျား အဖမ်းမခံရခင်ရက်မှာ ခင်ဗျားဘဝ ဘာတွေထူးထူးခြားခြားဖြစ်ခဲ့လဲ"

"အဖမ်းမခံရခင်ရက်က ကျွန်မထက် နှစ်နှစ်လောက် ငယ်တဲ့ မိန်းကလေးတစ်ယောက်က အပြင်ကို ညာပြီးခေါ်ထုတ်ဖူးတယ်။ ကျွန်မရဲ့အိမ်ထောင်ရေးကို သိချင်လို့မေးတာ။ အဲဒါကိုတော့ နည်းနည်းမသက်သာဖြစ်မိတယ်။ ဒါပေမဲ့ သူ့ပုံစံက ဒီလိုလုပ်မယ့်ပုံစံမျိုးမဟုတ်ပါဘူး။ အဆင့်အတန်းရှိပါတယ်"

"ခုခေတ်က အဆင့်အတန်းရှိတဲ့လူမှ . . . ဒီလိုလုပ်ခွင့်ရှိတာ။ ခင်ဗျားမို့လို့ ယုံယုံကြည်ကြည်။ ဒါနဲ့ နေစမ်းပါဦး၊ သူက ခင်ဗျားကို ဘာတွေမေးလဲ . . . ဘာတွေပြောလဲ"

"သူက ကျွန်မရဲ့အိမ်ထောင်ရေးကို တားမြစ်တာပါ။ နှစ်ရက်ဆက်တိုက် တားမြစ်တာ။ ပထမရက်က လူကြီးတွေ သဘောတူတာနဲ့ပဲ မချစ်မနှစ်သက်တဲ့လူရဲ့ရင်ခွင်ထဲကို ကိုယ့်ဘဝတစ်ခုလုံး မြှုပ်နှံပစ်





ဆိုက်တော့မလို့လားတဲ့။ ကျွန်မ မရောက်ဖူးသေးတဲ့ လောကအသစ်ထဲကို ထွက်သွားလိုက်ပါတဲ့။ အဲဒီလောကထဲမှာ ကျွန်မလိုချင်တဲ့ ရင်ခုန်လှုပ်ရှားမှုပါတဲ့အချစ်စစ်ကို တွေ့ကိုတွေ့ရလိမ့်မယ်လို့ပြောတယ်။ ကျွန်မ ဇနီးမဖြစ်နိုင်ပါဘူးလို့ ငြင်းပယ်ခဲ့ပါတယ်"

"အင်း"

"ဒုတိယရက် တားမြစ်တာကတော့ ကျွန်မနဲ့စေ့စပ်ထားတဲ့လူဟာ တစ်ဖက်သတ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်ဆိုရင်ကော နောက်ဆုတ်ပေးမှာလားတဲ့ . . . ပွဲက မလာဘူးဖြစ်နေတယ်တဲ့။ အဲဒါကိုလည်း ကျွန်မ ငြင်းပယ်ခဲ့ပါတယ်။ သူနဲ့တွေ့ပြီးလို့ နောက်နှစ်ရက်မှာ ဒီလိုဖြစ်ရတာပါ"

"သူ့ပုံစံကို ခင်ဗျား ပြောပြနိုင်မလား"

"သူ့ပုံစံက သွက်သွက်လက်လက် ထက်ထက်မြက်မြက်ရှိပုံပေါ်တယ်။ ကိုယ်လုံးသွယ်သွယ်လေးနဲ့ အလန်းလေး။ သိပ်လည်း မချောဘူး . . သိပ်လည်း မပြင်ဘူး။ ဒါပေမဲ့ သဘာဝအလှကတော့ စွဲဆောင်မှုရှိတယ်။ ဆံပင်က အလယ်ခွဲကြောင်းအတိုင်း ဖြောင့်ဖြောင့်စင်းစင်းလေး ပခုံးပေါ် ကျနေတယ်။ အဝတ်အစားကလည်း ဘောင်းဘီနဲ့ [illegible]စတိုင်လ်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သေချာပြီ။ တွေ့ကြသေးတာပေါ့ အပျိုမရယ်. . .

''ခင်ဗျားနဲ့စေ့စပ်ထားတဲ့လူက ဘာလုပ်ငန်း ဦးစီးတာလဲ''

''RUBY Hotel ဟိုတယ်ပိုင်ရှင်ပါ''

သူ ပြုံးခနဲထပြီး အိမ်ရှေ့ကို ပြေးထွက်လာခဲ့တော့သည်။

''ဟဲ့သား. . . ဘာဖြစ်တာလဲ ဘယ်သွားမလို့လဲ''

''ကိုကြီး. . . ကိုကြီး, ဘယ်ကိုသွားမှာလဲ၊ ညဉ့်နက်နေပြီ''

သူ့ပုံစံကို စိုးရိမ်ထိတ်လန့်ပြီး အော်ဟစ်ကျန်ခဲ့သူတွေကို ဂရုမစိုက်တော့၊ တစ်လမ်းကျော်က Taxi ပြေးဆွဲနေသော သူငယ်ချင်းကို အကူအညီတောင်းပြီး လမင်းပျိုစင်အိမ်သို့ ချီတက်ခဲ့တော့သည်။ ကားကို လမ်းထိပ်မှာ ရပ်ခိုင်းကာ သူမအိမ်ရှေ့သို့ ပြေးလာပြီး ဖုန်းခေါ်လိုက်လေ၏။

''ဟေ့!. . . အပျိုမ, နင် ခုချက်ချင်းထွက်ခဲ့။ နင့်အိမ်ရှေ့ကို ရဲရင့်နီ ရောက်နေပြီ။ ထွက်မလာရင် လူကြီးတွေကြားအောင် အော်ပြောမှာနော်၊ အော်မရရင် အိမ်ကို ခဲနဲ့ပေါက်မယ်''

ဟု စိတ်ရှိတိုင်းပြောကာ ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ပြီး ခါးထောက်ရပ်နေလိုက်သည်။

ခဏနေတော့ လမင်းပျိုစင်က ညအိပ်ဝတ်စုံလေးနှင့် ခပ်သွက်





သွက်ပြေးလာ၏။ ပြီးတော့ တစ်ကိုယ်စာအပေါက်ကလေးမှ ထွက်လာသည်။

''နင် ဘယ်လိုလုပ်လိုက်တာလဲ၊ နင့်အကြံ ဒါအကုန်ပဲလား၊ နင့်လုပ်ရပ်တွေကို ငါမသိဘူးမှတ်နေလား၊ အခု ငါတို့မိသားစု အရှက်လုံးလုံးကွဲပြီ။ မနက်ကျ ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရတော့မှာလဲ။ ငါ့အပေါင်းအသင်းတွေကို ဘယ်လိုမျက်နှာပြရတော့မှာလဲ''

''တိုးတိုးပြောပါ ရဲရင့်နီရယ်၊ ငါက နင် ဒီလောက်ထိအော်ရမယ့်လူမဟုတ်ပါဘူး၊ အချစ်ကြောင့် ငါလုပ်ချင်တာတွေ လုပ်လိုက်မိပြီ၊ နောက်ထပ်အကြံဉာဏ်တွေလည်း ရှိသေးတယ်။ ငါ့လုပ်ရပ်ကို နင်သိလိမ့်မယ်လို့လည်း ထင်ပြီးသားပါ။ ဒါပေမဲ့ ဒီတိုင်းလေးပဲ နေပေးပါ။ ငါ တောင်းဆိုပါတယ်''

''ဟာ. . . နင် ငါတို့ကို ဘာမှတ်နေလဲ။ နင်လုပ်တဲ့အတိုင်း ငြိမ်ခံနေရအောင် အရုပ်တွေမဟုတ်ဘူးဟ။ ပိုက်ဆံရှိရင် ဘာမဆိုလုပ်လို့ရတယ်ဆိုတဲ့ပုံစံမျိုးနဲ့ ငါတို့ကို အသုံးချလိုက်တာမို့လား။ ပတ်ဝန်းကျင်ရဲ့တံတွေးခွက်မှာ ပက်လက်မျောအောင် လုပ်လိုက်တာလား။ နင်ပေးတာယူ, နင်ကျွေးတာ စားနေလို့ အနိုင်ကျင့်လိုက်တာလား''

''အဲလိုတော့ ငါ့စေတနာကို မစော်ကားနဲ့ ရဲရင့်နီ။ ငါ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ကူညီဆောင်မမှုတွေ လုပ်ခဲ့တာဟာ ခုမှမဟုတ်ဘူး. . . ဘာမှ မဆိုင်ဘူး။ သူ့အလိုလို လာတိုက်ဆိုင်တာကတော့ ငါလည်း ဘာမှ မတတ်နိုင်ဘူး။ ငါပြောပြီးပြီလေ, အချစ်ကြောင့် လုပ်ချင်တာတွေ လုပ်လိုက်မိပြီလို့ ငါ့မျက်စိထဲမှာ အချစ်တစ်ခုတည်းသာ မြင်နေတဲ့အတွက် ကျန်တာတွေ ဘာမှမမြင်တော့ဘူး''

''အေး. . . နင်က အချစ်ကြောင့် ကျန်တာတွေကို မမြင်တော့ပေမယ့် နင်နဲ့ပတ်သက်တဲ့လူတွေအားလုံးကတော့ ဒုက္ခရောက်ကုန်ပြီ။ ဟိုမိန်းကလေးလည်း သူ့အိမ်မပြန်ရဲတော့ဘူး။ သူ့အိမ်မှာလည်း မိုးမီးလောင်နေပြီ၊ ဟိုသူဌေးလည်း ခံစားနေရပြီ။ နိုင်ငံတကာနဲ့ဆက်သွယ်ပြီး လုပ်နေတဲ့သူဌေးတစ်ယောက် ဘယ်လောက်အရှက်ကွဲလိုက်မလဲ။ နင်ပြောတော့ နင့်ရဲ့လက်ကိုင်ဆောင်ပုဒ်က ကိုယ့်အတွက်နဲ့ ဘယ်သူမှ မနစ်နာစေရဘူးဆို။ ခုတော့ အားလုံး အပြုံပြုံအလဲလဲတွေ ဖြစ်ကုန်ပြီ အပျိုမရဲ့''

''ဟုတ်တယ်, ငါ့အတွက်နဲ့ ဘယ်သူမှမနစ်နာစေရဘူး ရဲရင့်နီ။ မနစ်နာရအောင် ငါလုပ်ပေးမှာပါ။ အကောင်းတွေဖြစ်လာဖို့အတွက် ရှေ့မှာ အဆိုးခံပေးရတယ်။ မုန်တိုင်းဖြစ်နေတုန်းတော့ ဟိုပြေးကပ်, ဒီပြေးကပ်နဲ့ အရမ်းကြောက်စရာကောင်းတာပေါ့ဟာ။ မုန်တိုင်းရပ်စဲ





သွားရင်တော့ ရာသီဥတုက ကြည်လင်ပြီး အရာရာမှာ လှပနေတတ်ပါတယ်''

''နင် စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ ခုဟာက တိုင်းသိပြည်သိ ဖြစ်သွားမယ့်ကိစ္စ၊ ကိုယ့်လုပ်ရပ် ကိုယ်ဟုတ်လှပြီ ထင်မနေနဲ့၊ နင့်ကိုယ်နင် လည်လှပြီ ထင်မနေနဲ့။ နင်လုပ်တဲ့အရှုပ်က နင့်ကို ပြန်ပတ်လာမှာ မကြောက်ဘူးလား''

''ကြောက်စိတ်ရှိရင် ငါ ဒီလုပ်ရပ်တွေကို လုပ်မတဲ့လား''

''နင် ရက်စက်တယ်ဟာ၊ နင့်မှာ ဒီလို ဉာဏ်နီ ဉာဏ်နက်တွေ၊ ဒီလိုအတွေးအခေါ်တွေ၊ ဒီလိုအတ္တတွေ ရှိနေလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ပြီးတော့ လိမ်ညာတတ်လိမ့်မယ်လို့လည်း မထင်ခဲ့ဘူး။ ခုဟာက လိမ်ညာတာတင် မကတော့ဘူး. . . ဓားပြဆန်သွားပြီ''

''အေး. . . အဲဒါ အချစ်က သင်ပေးလိုက်တာပဲ ရဲရင့်နီ။ အစကတော့ အဲဒီစိတ်ထားတွေ ငါ့မှာမရှိခဲ့ဘူး။ ခုတော့ အချစ်က သင်ပေးလိုက်လို့ မတတ်တဲ့အရာတွေအားလုံး တတ်မြောက်စေခဲ့ပြီ။ နောက်ပြီး အဲဒီအချစ်ကြောင့်ပဲ အသိတရားတစ်ခု ထပ်ရလာတယ်၊ ဘာလဲဆိုတော့. . . အချစ်ဟာ နှလုံးသားကို ပိုပြီး နူးညံ့လှပစေသလို အချစ်ဟာ မကောင်းဆိုးဝါး အကျင့်ဆိုးတွေကိုလည်း ဖြစ်ပေါ်စေခဲ့တယ်ဆိုတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"...."

"ငါ အဲဒီမိန်းကလေးကို အခွင့်အရေးပေးခဲ့ပါတယ်။ ငါ့ရဲ့အကျင့်အတိုင်း ချော့လို့ ချောက်လို့မရတာနဲ့ ခုလိုအကြမ်းဖက်ခဲ့ရတာပါ။ ငါ တောင်းပန်ပါတယ် ရဲရင့်နီ။ ငါ့ရဲ့လုပ်ရပ်တွေကို ခွင့်လွှတ်ဖို့တော့ မပြောလိုပါဘူး... ဒါပေမဲ့ တစ်ချိန်ချိန်မှာ နင် တစ်ယောက်ယောက်ကို နှစ်နှစ်ကာကာချစ်မိပြီဆိုရင်တော့ ငါ့နှလုံးသားနဲ့ ငါ့လုပ်ရပ်ကို နားလည်နိုင်ပါလိမ့်မယ်။ ခုတော့ ဒီတိုင်းလေးပဲ နေပေးပါ"

"နီး..."

"ငါ မေတ္တာရပ်ခံနေတာပါ၊ ငါ့ရင်ဘတ်တွေ အရမ်းနာနေလို့ပါ။ နင်နဲ့ငါ မနက်က လက်မှတ်ထိုးပွဲ လုပ်ပြီးခဲ့ပြီလေ၊ ဘာခိုင်းခိုင်း လုပ်ပါ့မယ်ဆိုတဲ့စာချုပ်ထဲမှာ"

"မရတော့ဘူး အပျိုမ၊ အဲဒီစာချုပ်ကို ဖြဲပြီးမှ ထွက်လာခဲ့တာ။ ဘာခိုင်းခိုင်း လုပ်ပါ့မယ်ဆိုတဲ့စာချုပ်ကို သူတစ်ပါးအကျိုးယုတ်စေမယ့် လုပ်ရပ် မပါဘူးမှတ်လို့ ချုပ်ခဲ့မိတာ၊ ခုတော့ ဆေားရီးပဲ... အချိန်မီသေးတယ်၊ ညတွင်းချင်း နင့်လုပ်ရပ်ကို ဖြေရှင်းပေး၊ ဟိုမိန်းကလေးကိုလည်း သူ့မိဘအိမ် ခုချက်ချင်းပြန်ပို့မယ်"

"နေ...နေပါဦး ရဲရင့်နီရယ်၊ ငါ တကယ်တောင်းပန်နေတာ



ပါ။ နင် ငါဖြစ်နေတာကို နည်းနည်းတောင် ကိုယ်ချင်းမစာနိုင်ဘူးလား။ နည်းနည်းလေးတောင် မကူညီနိုင်ဘူးလား။ သေချာစဉ်းစားပါဦး၊ နင် ဒီလိုလုပ်တော့မယ်ဆိုရင် ငါ သေသွားနိုင်ပါတယ်"

ကြည့်စမ်း!

သူ အံ့ဩသွားပါသည်။

မထင်မှတ်လောက်အောင် သူ့လက်မောင်းကိုကိုင်ပြီး တောင်းပန်လာသည်အသံက တုန်ခါနေတာမို့ သူမမျက်နှာကို စိုက်ကြည့်မနေလိုက်မိသည်။ မျက်နှာမှာ အပျိုစင်လေးရဲ့ဟန်ပန်တွေ ပျောက်ကွယ်ပြီး ခံစားမှုတို့ ကြီးစိုးနေသလို မျက်ဝန်းထဲမှာလည်း မျက်ရည်ကြည်လေးတွေ လဲ့လာသည်ဟု ထင်ရလေ၏။

သူ စကားမပြောနိုင်တော့။

"ကောင်းပြီလေ... နင် မကူညီနိုင်ဘူးပေါ့။ ရတယ်, ငါ လိုက်ခဲ့ပါ့မယ်။ ဒါပေမဲ့ ပြဿနာ မဖြေရှင်းခင်မှာ နင့်အမေကို ငါမေးမယ်၊ အန်တီ... သမီးခံစားနေရတာကို ကြည့်ရက်သလား။ သမီးလိုလူမျိုးကို နည်းနည်းလေးတောင် မကူညီနိုင်တော့ဘူးလားလို့"

သွားပြီ။ သူ ဘာဖြစ်သွားမှန်းမသိတော့ဘဲ သူမလက်ကိုသာ ဆွဲခေါ်လိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"တောက်!. . . နင်. . . နင်"

မချိုတင်ကဲဖြစ်ပြီး ဘယ်လက်ဝါးထဲကို ညာလက်သီးနှင့် ဆက်တိုက်ထိုးလိုက်မိ၏။

"ငါတို့မိသားစုအပေါ်မှာ တင်ရှိနေတဲ့ နင့်ရဲ့ကျေးဇူးတွေကို ဒီနည်းနဲ့ ဆပ်ခိုင်းလိုက်တာလား အပျိုမ"

"ဟင့်အင်း. . . မဟုတ်ဘူး ရဲရင့်နီ. . . အဲလိုမဟုတ်ဘူး"

"တော်ပြီ. . . နင့်ပါးစပ်ကို ပိတ်လိုက်တော့"

သူ ဒါပဲပြောနိုင်ပြီး ထွက်ခွာလာခဲ့တော့သည်။ နောက်ဆုံးတော့လည်း ဘယ်လိုမှရုန်းမထွက်နိုင်သောနှောင်ကြိုးထဲမှာ ရဲရင့်နီ ကျရှုံးခဲ့ရလေ၏။

မနက်ရောက်တော့ ရုပ်ကွက်ရုံးမှာ ဟန်ဆောင်လက်မှတ်ထိုးပြီးသောအခါ သူမဆီမှ ဖုန်းဝင်လာခဲ့ပါသည်။

"ကျေးဇူးတင်ပါတယ် ရဲရင့်နီ၊ သူ့ကို ငါ့အကြောင်း လုံးဝမသိပါစေနဲ့။ မနက်ဖြန်သတင်းစာထဲမှာ ပါလာလိမ့်မယ်။ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်းလို့ ငါထည့်လိုက်ပြီ"

သူ သက်ပြင်းချလိုက်မိပါသည်။ သူမ၏ ညဏ်နီ ညဏ်နက်များပုံ၊ အကွက်စေ့အောင် လုပ်နိုင်ပုံတွေက လက်ဖျားပင် ခါရလောက်၏။





တတ်လည်းတတ်နိုင်ရန်ကော အပျိုမရယ်။ နင် လူလည်ကျသွန်းပါတယ်။

တကယ့်ကို လူလည်ကျနိုင်လွန်းတဲ့. . .

မျိုးမျိုး လူလည် ချစ်စားပြလေးပါပဲ. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### စိတ်ဒဏ်ရာကို ပြန်လျော်ပေး

ပထမတော့ သူငယ်ချင်းတစ်ယောက်နောက်ပဲ ပါသွားသလိုလို၊ ပြန်ပေးပဲ အဆွဲခံရသလိုလို ထင်ယောင်ထင်မှားဖြစ်ခဲ့တာမို့ နှစ်ဖက်ဆုံး သောက ဗျာပါရတွေ ဖိဆီးပြီး စည်းစည်းလုံးလုံး တက်တက်ကြွကြွ ရှာဖွေခဲ့ကြသေးသည်။ မြန်မြန်တွေ့စေလို၍ အင်တိုက်အားလိုက်ရှာလေ, စိတ်ဒုက္ခရောက်လေ၊ လူသိရှင်ကြား ဖြစ်မှာစိုး၍ ကြိတ်ရှာဆာ. မတွေ့လေ။

နောက်ဆုံးတော့. . . 'နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း'၊ ...နှစ်တော် မောင်ရဲရင့်နိုင်နှင့် ကျွန်မ သက်လျာငယ်. . .စသဖြင့် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သော သတင်းစာကိုဖတ်လိုက်ရမှ နှစ်ဖက်စလုံး စိတ်ကစဉ့်ကလျားတွေ ဖြစ်ပြီး ရင်ကွဲနာ ကျခဲ့ရတော့သည်။ ဖုံးဖိထားသမျှ ဟိုးလေးတကျော် ကျော်ဖြစ်ကာ ဟိုကမေး၊ဒီကမေး၊ ဟိုမဂ္ဂဇင်းထဲ ပါလာ၊ ဒီဂျာနယ်ထဲ ပါလာနှင့် တိုင်းသိပြည်သိဖြစ်ပြီး အရှက်တွေ ကမ်းကုန်ခဲ့ရလေ၏။

"တောက်!"

မင်းမူသည် အဖြစ်အပျက်ကို ရင်နာလွန်းပြီး တောက်ခတ်၍ အနားကခုံကို ဝုန်းခနဲဆောင့်ကန်ပစ်လိုက်သည်။

"ဘာဖြစ်တာလဲ. . . ဘာတွေဖြစ်ကုန်တာလဲကွာ။ ငါ့ကျမှ ဘာဖြစ်လို့ ဒီလိုအဆိုးဆုံးတွေကို လက်ခံရတာလဲ"

ဟု အော်ပြီး နံရံကို နဖူးနှင့်ဆောင့်လိုက်တော့ နန္ဒက သူ့ကို ဖမ်းဆွဲလာခဲ့သည်။

"စိတ်ထိန်းပါ သူငယ်ချင်းရာ၊ စိတ်ထိန်းပါကွာ. . . အဖြစ်အပျက်က တစ်ပတ်တောင် ကျော်သွားပြီပဲ။ စိတ်ကို ချုပ်တည်းမထားပါနဲ့တော့၊ လက်လျှော့လိုက်ပါတော့၊ ငါတောင်းပန်ပါတယ်"

"ငါ ဘယ်လိုထိန်းလို့ရတော့မှာလဲ နန္ဒရ၊ ငါ သူ့ကို ဘယ်လောက် ချစ်ခဲ့တယ်ဆိုတာ မင်းအသိ။ သူ့အပေါ် ငါ့မှာ မျှော်လင့်ချက်တွေ ထားခဲ့ရတာ၊ အနာဂတ်အတွက် စိတ်ကူးတွေယဉ်ပြီး ရှုးခဲ့ရတာ။ တစ်





နေ့နေ့ တုန့်ပြန်လာမှာပဲဆိုပြီး ပျော်နေခဲ့တာ။ ဒီလိုလူကို ဒီနည်းနဲ့တုန့် ပြန်လိုက်တာလား။ အစကတည်းက သူ့မှာ ဒီအစီအစဉ်တွေရှိရင် ငါ့ ကို ဘာဖြစ်လို့ မျှော်လင့်ချက်ရောင်ခြည်တွေ ပေးခဲ့တာလဲ"

သူ၏ မချိတင်ကဲ အော်ဟစ်သံက ညှော်ခန်းတစ်ခုလုံးကို ဖုံးလွှမ်း သွားပါသည်။ နန္ဒလက်ထဲမှရုန်းပြီး ဆိုဖာပေါ်ပစ်ထိုင်၍ ခေါင်းငိုက်စိုက် ချထားလိုက်မိ၏။ မျက်နှာတစ်ပြင်လုံး ရဲနေသလို မျက်ရည်တွေပါ ရစ် ဝိုင်းကျလာသည်။

သူ့အသံကြားတော့ ဘွားဘွားကပါ အခန်းထဲမှ ထွက်လာ၏။ ပြီးတော့ လူယုံတော် ဦးစံမြင့်နှင့် ဒေါ်ထွေးတင်ပါ အနားမှာ ဝိုင်းလာ ကြသည်။ ထိုပုံစံမျိုးက သက်လျာပျောက်သွားချိန်မှစပြီး နေ့တိုင်း ည တိုင်းဖြစ်ခဲ့ရတာပင်။

ဟိုတယ်လ်လည်း မသွားရဲ၊ အပြင်လည်း မထွက်ရဲ ပါတနာ တွေနှင့်လည်း မတွေ့ရဲ၊ မြေးအဘွားနှစ်ယောက်၏ ရင်ကွဲနာကျမှုက သေလုမျောပါးပင်တည်း။

"အမယ်လေး. . . ငါ့မြေးလေးတော့ ဒုက္ခရောက်ပါပြီ။ ဒီလိုနေ့ တိုင်း ခံစားနေရတာကို ငါ ဘယ်လိုကြည့်ရက်တော့မှာလဲ၊ ငါ့မြေးလေး ကို သနားလွန်းလို့ ငါသေရပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်း မင်းမှု၏ဘေးမှာ လာထိုင်ပြန်သည်။

"ကြည့်စမ်းပါဦး. . . ငါတို့မြေးအဘွားနှစ်ယောက်ကို ဘယ်လို အညှိုးတွေနဲ့ ဒီလိုခံစားစေတာလဲ။ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း ဆိုတဲ့စာကို ဖတ်ပြီးကတည်းက ငါ့ရင်ဝမှာ မသေဘဲ တမြေ့မြေ့ခံစား စေတဲ့ ဓားတစ်ချောင်း နစ်ဝင်နေသလိုပဲ။ ခုတော့ သင်းတို့က အဝင် အထွက်တောင် မလုပ်တော့ပါလား။ သတင်းလေးဘာလေးတောင် မေး ဖော်မရတော့ပါလား။ ဟဲ့. . . ထွေးတင်၊ အဲဒီအိမ်ကို အကျိုးအကြောင်း မေးကြည့်စမ်း"

"ဟုတ်ကဲ့ မမကြီး"

"ဘာဖြစ်လို့ မေးနေတော့မှာလဲ ဘွားဘွားရယ်၊ ပြီးသွားပြီပဲ ကိုယ်က အနေသာကြီးပါ။ ခေါင်းထဲက ထုတ်ပစ်လိုက်ပါတော့"

သူက ငြိမ်နေပေမယ့် နန္ဒက ဝင်ဖျောင်းဖျသေး၏။ ဦးစံမြင့်က လည်း ဖျောင်းဖျရတာတွေ မောနေပြီမို့လို့ပဲလား မသိပါ၊ ဘာတစ်ခွန်း မှဝင်မပြောဘဲ ရေတစ်ခွက် ယူလာပြီးတော့သာ ဘွားဘွားရှေ့မှာ ချ ပေးပါသည်။

"ဟုတ်တယ်၊ ကိုယ်က အနေသာကြီး၊ ခေါင်းထဲက ထုတ်ပစ် ရမှာ၊ ဒါပေမဲ့ သင်းတို့ကို စကားတစ်ခွန်းနှစ်ခွန်းမှ ပြန်မပြောရင်





ခကျေနပ်နိုင်ဘူး"

ခဏနေတော့ ဒေါ်ထွေးတင် အနားရောက်လာသည်။

"ဘာတဲ့လဲ"

"သက်လျာရဲ့အဖေကတော့ ရက်လွန်းလို့ ပြင်ဦးလွင်ကို ထွက် သွားပါပြီတဲ့။ အမေလုပ်သူကလည်း အိပ်ရာပေါ်ကတောင် မထနိုင်လို့ ဆေးသွင်းထားရပါတယ်တဲ့။ အိမ်ဖော်နဲ့ တွေ့တာပါ. . . ကျွန်မက ဖုန်း ပြောနိုင်မလားလို့ မေးခိုင်းကြည့်တော့ လူကြီးကို ဖုန်းနဲ့ပြောရတာ ရိုင်း ပြရာ ကျပါတယ်တဲ့။ ကိုယ်တိုင်လာပြီး တောင်းပန်ပါ့မယ်လို့ ပြောပါ တယ်တဲ့"

"အို. . . မလိုချင်ဘူး။ သင်းတို့ ငါ့ကိုလိမ်တာပဲဖြစ်ရမယ်။ နောင် လည်း ပတ်သက်စရာအကြောင်းမရှိဘူး၊ ဒီနေ့ အပြတ်ပဲ။ စံမြင့်၊ ကား ပြင်. . . နန္ဒနဲ့ ထွေးတင်က ငါ့မြေးလေးကို ဂရုစိုက်ထား"

"ဘာဖြစ်လို့ သွားရမှာလဲ၊ ဘွားဘွား၊ သွားရမယ့်အဆင့်မဟုတ် ဘူးလေ"

နန္ဒ ဘယ်လောက်ပဲ တားတား၊ ဘွားဘွားကတော့ သူ့အခန်း ထဲ သွားရောက်ပြင်ဆင်ပြီး ထွက်သွားလေပြီ။ ဒီတော့မှ မင်းမှု ဖျတ် ခနဲ ထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါလိုက်သွားမယ် နန္ဒ"

"မင်းလိုက်စရာအကြောင်းကို မရှိဘူး"

"ငါ ဘွားဘွားကိုစိတ်မချဘူး။ ဘွားဘွားပြောသလို ဒီနေ့အပြတ်ပါ"

"ဒါဆို ငါလည်း လိုက်မယ်ကွာ"

အဲဒီလိုနှင့် ထွက်လာခဲ့ကြတော့သည်။

သက်လျာတို့အိမ်ကိုရောက်တော့ လိမ္မာတာမဟုတ်၊ တကယ်ပင် (မနိုင်းကောင်း) နာရေးတစ်ခုအလား တစ်အိမ်သားလုံး၏မျက်နှာတွေက သေးငယ်၍ မျက်ရည်တရွှဲရွှဲဖြစ်နေတာကို ရင်ဆိုင်လိုက်ရပါသည်။ ခြံစောင့်မှအစ အိမ်ဖော်အဆုံး။

"ထိုင်ပါဦး ဘွားဘွား။ မျက်နှာဘယ်လိုပြရမှန်းတောင် မသိပါဘူး ဘွားဘွားရယ်"

"အေး. . . ညည်းမျက်နှာကို မပြနဲ့၊ ညည်းတို့သူဌေးကိုသာ ခေါ်ပေး. . ."

ဘွားဘွား၏တစ်ချက်လွှတ်အမိန့်ကြောင့် သိပ်မကြာခင်မှာပင် အိမ်ဖော်က သက်လျာ၏မိခင်ကို တွဲခေါ်လာခဲ့ရပါသည်။ အမှန်ပင် သားသမီးသောက ဖိစီးပုံက တစ်ပတ်အတွင်း သိသိသာသာပိန်ကျ





သွားသလို မျက်နှာပြောင်နှင့် ခြေလှမ်းတွေကိုပင် အားယူ သယ်လာရပုံပေါ်၏။

"အားနာစရာကောင်းလိုက်တာ မမကြီးရယ်၊ ကျွန်မက လာတွေ့ရမှာပါ။ ကျွန်မကသာ လာပြီး ဂါရဝပြုရမှာပါ။ သမီးစိတ်နဲ့ အိပ်ရာပေါ်ကနေ တကယ်ပဲ မထနိုင်ခဲ့လို့ပါ။ ကျွန်မ ဘာဆိုဘာမှလည်း မပြောဝံ့တော့ပါဘူး။ ဒီမျက်နှာပြရတာတောင် အရမ်းပဲရှက်လှပါတယ် မမကြီးရယ်"

ဆိုပြီး သူတို့မြေးအဘွား ရှေ့တည့်တည့်မှာ ဝင်ထိုင်ပါသည်။ မင်းမှုသည် လာတုန်းကတော့ ခံပြင်းချက်ဖြင့် အော်ဟစ်ပေါက်ကွဲပစ်ဖို့ စိတ်ကူးခဲ့ပေမယ့် မာမီ ခံစားကြေကွဲနေပုံကို လတ်လတ်ဆတ်ဆတ်ကြီး မြင်လိုက်ရပြန်တော့ ဘာမှပြောချင်စိတ်မရှိတော့ဘဲ လက်သီးကိုသာ ခပ်တင်းတင်းဆုပ်ထားလိုက်မိလေသည်။

"သားကိုလည်း မာမီ တောင်းပန်ပါတယ်၊ သားခံစားရတာထက် မာမီ့ခံစားချက်က ပိုဆိုးရွားလှပါတယ် သားရယ်။ မာမီ ဘယ်လိုမှမသိခဲ့ရတဲ့ကိစ္စပါ။ ဖြစ်ရပ်က အားလုံးကို အရှုံးဖြစ်စေပါတယ် သားရယ်"

"အေး. . . အံ့ပုန်းထ, မြေကြွ ဆိုတာ အဲဒါပဲ၊ ခုမှခံစားချက်ချင်း လာပြိုင်မနေနဲ့။ ညည်းတို့ရှုံးတာထက် ငါ့မြေး ရှုံးရတာက ပိုဆိုး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခု ငွေမြေး အရှက်လုံးလုံးကွဲပြီ၊ လုပ်ငန်းရှင်တွေကို မျက်နှာဘယ်လိုပြမလဲ. . . ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရမလဲ။ အညွန့်တလူလူတက်နေတဲ့ကလေး, ပိုးမွေးသလို မွေးလာရတဲ့ကလေး, မိဘမရှိတော့လို့ သားလေးလို ပြုစုပျိုးထောင်လာခဲ့ရတဲ့ကလေး, ဒီလိုကလေးကို ညည်းတို့မို့လို့ ရက်စက်ရက်တယ်''

''ပြောပါ မမကြီးရယ်၊ ဒီအချိန်မှာ မမကြီး ပြောသမျှ ခံရမှာပါ''

''အစကတည်းက ကိုယ့်သမီးကို သေချာမေးခဲ့ပါလား၊ သမီးရဲ့အုံ့ပုန်းကိစ္စကို မလေ့လာဘဲ သူများ ဂမ်းလှမ်းတာကို လက်ခံခဲ့တာ အံ့ပါရဲ့။ ငါတို့မှာတော့ ပညာတတ် အချောလေး, အဖူးအညွန့်လေး, အပြစ်အနာအဆာမရှိတဲ့ကလေး, အထက်တန်းစားမျိုးရိုးဆိုပြီး ချစ်လိုက်ရတာ၊ အရေးပေးလိုက်ရတာ။ ခုတော့ ငွေမြေးအပြင် တခြားတစ်ယောက်ရှိနေရက်နဲ့ ငွေမြေးအနားမှာ သာယာနေလိုက်တာ ဘယ်လောက်ခံပြင်းစရာကောင်းလဲ''

''ကျွန်မကိုပြောချင်သလောက် ပြောနိုင်ပါတယ် မမကြီး၊ ကျွန်မသမီးလေးကိုတော့ အဲဒီလိုမပြောပါနဲ့။ ကျွန်မသမီးလေးက မမကြီးသတ်မှတ်ခဲ့တဲ့အရည်အချင်းမျိုးနဲ့ ပြည့်ဝခဲ့တဲ့သူပါ။ ခုဟာက လှိုင်ကြိ





ခံရတာလို့ပဲ ကျွန်မတို့ယူဆပါတယ်။ ပျောက်သွားပုံ ထူးဆန်းတဲ့အပြင် လက်ထပ်တဲ့သတင်း ပါလာတာကပါ ဘယ်လိုမှယုံနိုင်စရာ မရှိပါဘူး။ ကျွန်မသမီးလေးကို ကျွန်မ အပြည့်အဝယုံကြည်လို့ပါ မမကြီးရယ်''

ဟုပြောလာတော့ အဖြစ်အပျက်ကို နဂိုကတည်းကမှ လက်မခံချင်သူပီပီ မင်းမူစိတ်ထဲမှာ မသက်သာသလိုဖြစ်လာမိပါသည်။ သက်လျာအပြစ်ကင်းပုံနှင့် သက်လျာ၏စိတ်ထားကို သူသာ အသိဆုံးဖြစ်၏။ သူမ နေလာခဲ့ပုံက လှပသည့်လှောင်အိမ်ကလေးထဲမှ စကားတတ်ပြီး ချစ်စရာကောင်းသည့် ကြက်တူရွေးလေးလိုဖြစ်ပါသည်။

''ခုဆိုရင် သမီးလေးစိတ်နဲ့ ဒက်ဒီကြီးလည်း ပြင်ဦးလွင်ကို ထွက်သွားပါပြီ။ ကျွန်မလည်း မြင်တဲ့အတိုင်းပါပဲ. . . သားတွေလည်း အရက်သမားဖြစ်တဲ့သူက ဖြစ်ကုန်ကြပါပြီ မမကြီးရယ်။ တစ်လနှစ်လအတွင်း မှမတွေ့ရင် အကုန်လုံး နိုင်ငံခြား ထွက်ပြေးကြတော့မှာပါ။ သမီးကိုသာ ပြန်ရမယ်ဆိုရင် ရှိသမျှစည်းစိမ်တွေ အကုန်ပုံပေးရ ပေးရပါ။ ခုလည်း သက်ဆိုင်ရာတွေနဲ့ ဆက်လှုပ်ရှားနေပါတယ်၊ သနားစရာကောင်းတဲ့သမီးလေး, ဘယ်ရောက်လို့ရောက်မှန်းမသိ၊ အစားကောင်းကောင်းမှ စားရပါ့မလားမလား. . . ကျွန်မ တွေးပြီး နေ့ရော ညရော အိပ်မပျော်ပါဘူး မမကြီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ငိုပြန်သည်။

“တော်စမ်းပါအေ, တော်ပါတော့. . . ငါမကြားချင်တော့ပါဘူး။ ခုမှဒီလိုတွေပြောတော့လည်း ဘာထူးမှာလဲ၊ အပြစ်မရှိဘဲ ခံလိုက်ရတဲ့ ငါ့မြေးလေးရဲ့စိတ်ဒဏ်ရာကိုပဲ ပြန်လျော်ပေးဖို့ ကြိုးစားပါ။ ငါပြောချင်တာ ဒါပဲ. . . ဒီတစ်သက် ညည်းတို့နဲ့ ငါတို့ရဲ့ရေစက်က ဒီထိပဲ ပါလာတယ်ထင်ရဲ့။ သွားမယ်. . . လာ, မြေးလေး”

ဆိုပြီး ဘွားဘွားက ဖြိုးဖြိုးဖျပ်ဖျပ် ထသွားလေရာ သူတို့ပါ တစ်ပါတည်း ပြန်လာခဲ့ရတော့၏။ သူသည် တစ်လမ်းလုံး မာမီ့စကားတွေကိုသာ ကြားယောင်နေသလို သက်လျာ၏ပုံစံလေးတွေကိုလည်း မြင်ယောင်ပြီး သံသယစိတ်တွေ ပွားလာခဲ့မိ၏။

သာယာလှပနေခဲ့သော သူနှင့်သက်လျာ၏ဘဝထဲကို ရုတ်တရက် ဂျပန်ဆူနာမီလို ဝင်ရောက်လာခဲ့သည့်ဖြစ်ရပ်ဆိုးကြောင့် အရာရာအားလုံး အသစ်ကပြန်စလို့မရအောင် အကြီးအကျယ်ဆုံးရှုံးပြိုလဲခဲ့ရသော်လည်း ထိုဂျပန်ဆူနာမီလို ဖြစ်ရပ်ဆိုးကြီးကိုတော့ သူ တကယ်ပဲ သိလိုလှပါသည်။

**(ကျွန်မသမီးလေးက မမကြီး သတ်မှတ်ခဲ့တဲ့ အရည်အချင်းမျိုးနဲ့ ပြည့်ဝခဲ့တဲ့သူပါ။ ခုဟာက လုပ်ကြံခံရတာလို့ပဲ ကျွန်မတို့လူ**





**ဝါတယ်။ ပျောက်သွားပုံ ထူးဆန်းတဲ့အပြင် လက်ထပ်တဲ့သတင်းပါ လာတာကပါ ဘယ်လိုမှယုံနိုင်စရာ မရှိပါဘူး။ ကျွန်မသမီးလေးကို ကျွန်မ အပြည့်အဝယုံကြည်လို့ပါ မမကြီးရယ်)** . . . တဲ့။ တကယ့်ကို စဉ်းစားစရာပင်။

ဘွားဘွားက အိမ်ထဲဝင်တော့. . .

“အမယ်လေး. . . ငါ ဘယ်လိုပြောခဲ့ရ ပြောခဲ့ရ, ဘယ်လိုမှ မကျေနပ်နိုင်ပါလား။ ခံရချက်က ပြင်းလှပါဘိတော့၊ လက်ထပ်ခါနီးမှ ဒီလိုဖြစ်ရတယ်လို့။ အဲ့ပုန်းမ, ပျော့ပျော့လေးနဲ့ နံတဲ့ကြောင်ချေးဆိုတာ ဒီဟာမလေးကိုပြောတာ။ ငါ့အပေါင်းအသင်းတွေကို ငါ ဘယ်လိုခင်ဆိုင်ရပါတော့မလဲ၊ ဘယ်လိုပြောရပါတော့မလဲ၊ ငါတောင် ဒီလောက်ဖြစ်နေရင် ငါ့မြေးလေးရဲ့ရင်ထဲကို ဝင်ကြည့်ချင်ပါရဲ့။ အာရုံး. . . အာရုံး. . . ငါ့မြေးလေးရဲ့ခံစားချက်တွေကို ငါ ဘယ်လိုပြန်လျော်ရပါ့မလဲ”

ဟု အော်ဟစ်ညည်းညူပြီး ဆိုဖာပေါ် ပစ်ထိုင်လေသည်။ နန္ဒနွယ်သူလည်း ခေါင်းငိုက်ဆိုက်ချလျက် ဘွားဘွားရှေ့မှာ ဝင်ထိုင်လိုက်သည်။ ဦးစံမြင့်ကလည်း ထုံးစံအတိုင်း အနားပြန်ရောက်လာသည်။ ဒေါ်ထွေးတင်ကလည်း ထုံးစံအတိုင်း ဘွားဘွား အပြင်မှပြန်လာလျှင်သောက်နေကျ သံပုရာရည်ကို ယူလာပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် စဉ်းစားနေရာမှ. . .

''ဘွားဘွား, သားကို ဟိုတယ်လ်က မန်နေဂျာကိုခေါ်ပေးပါ''

ဟုပြောလိုက်တာကြောင့် ဘွားဘွားက လက်ထဲမှ သံပုရာရည် ဖန်ခွက်ကို ချသည်။

''ဘာလုပ်ဖို့လဲ မြေးလေး''

''ခဏအတွင်းရောက်အောင်သာ ခေါ်ပေးပါ ဘွားဘွား''

''ဩော်, အင်း. . . ခေါ်ပေးမယ်, ခေါ်ပေးမယ်၊ ငါ့မြေးလေး စိတ်ချမ်းသာရင် ပြီးရော''

ဆိုပြီး ပြတ်သားခက်ထန်နေသော သူ့မျက်နှာကိုကြည့်ရင်း စားပွဲပေါ်မှဖုန်းနှင့် ခေါ်ပေးပါသည်။ အားလုံးတိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူ့မျက်နှာကိုသာ အကဲခတ်ပြီး စောင့်နေကြတော့သည်။ သိပ်မကြာခင်မှာပဲ မန်နေဂျာက တက်တက်ကြွကြွရောက်လာ၏။

''မင်္ဂလာပါ သူဌေး. . . ရောက်ပါပြီ မန်နေဂျင်း''

''ထိုင်ပါ. . . နန္ဒ, ဒါ ဟိုတယ်လ်က မန်နေဂျာ ကိုဇော်မင်းဦး ကိုဇော်မင်းဦး, ဒါက ကျွန်တော့်ရဲ့သူငယ်ချင်း နန္ဒလို့ခေါ်တယ်''

''တွေ့ရတာ ဝမ်းသာပါတယ်ဗျာ''

''ဟုတ်. . . ဝမ်းသာပါတယ်ခင်ဗျာ''



သူ၏မိတ်ဆက်ပေးမှုကြောင့် တစ်ယောက်နှင့်တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြတာကို ဘွားဘွားက စိုက်ကြည့်နေသည်။ ပြီးတော့ စားပွဲပေါ်ရှိ နာကျင်လှသော်လည်း မပစ်ရက်သော သတင်းစာကို မန်နေဂျာရှေ့သို့ ချပေးလိုက်၏။

''ခေါ်ရတဲ့အကြောင်းကတော့ ကိုဇော်မင်းဦးလည်း သိပြီးပြီမို့ သို့ အထွေအထူးပြောစရာမရှိတော့ဘူး ထင်ပါတယ်။ ကျွန်တော့်ကိစ္စပါ။ ဒီသတင်းစာမှာပါတဲ့ ရဲရင့်နီနဲ့ သက်လျာငယ်တို့ကို စုံစမ်းဖို့ကိစ္စပဲ''

''ဟုတ်''

''သား. . .''

ဘွားဘွားက ဖျတ်ခနဲ ဝင်တားသည်။

''ဘွားဘွား ခဏနေပေးပါ၊ သားပဲ ပြောပါရစေ။ နန္ဒ, ဒီကိစ္စကို ငါလုံးဝလက်ခံလို့မရဘူး. . . လုံးဝမသက်သာဘူး။ မာမီပြောလိုက်တဲ့ လုပ်ကြံခံရတာဆိုတာကို ငါယုံတယ်။ ဒီတော့ မင်းကလည်း လူငယ်ဝိုင်းမှာ နှံ့နှံ့စပ်စပ်ရှိတယ်၊ ကိုဇော်မင်းဦးကလည်း ရှေ့မီနောက်မီ ဗဟုသုတကြွယ်တယ်။ ဒါကြောင့် မင်းနဲ့ကိုဇော်မင်းဦး, ပေါင်းပြီး ဒီကိစ္စကို ရှင်းအောင် ဖော်ထုတ်ပေးပါ။ အမြန်ဆုံးနည်းနဲ့ ဖော်ထုတ်ပေးပါ။ လို

www.burmeseclassic.com

www.burmeseclassic.com



အပ်ရင် ဟိုတယ်လ်က ဝန်ထမ်းအချို့ကို ယူသုံးနိုင်တယ်''

''အိုခေ. . . ရတယ်၊ ငါ အစွမ်းကုန်လုပ်ရှားမယ်''

''စိတ်ချပါ မန်နေဂျင်၊ တာဝန်ကျေစေရပါ့မယ်''

''အိုခေ. . . ပြန်လို့ရပါပြီ''

''ခွင့်ပြုပါ မန်နေဂျင်၊ သွားခွင့်ပြုပါ သူဌေး၊ ပြန်လိုက်ပါဦးမယ် ကိုနန္ဒ''

မန်နေဂျာက အားလုံးကို ဦးညွှတ်နှုတ်ဆက်ပြီး ထွက်သွားမှ ဘွားဘွားက တရှုံးရှုံးတရှဲရှဲလုပ်တော့သည်။

''ကြည့်စမ်း. . . ကြည့်စမ်း၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ မိုး ထက်မင်းမှူ။ ဘွားအေရဲ့ခွင့်ပြုချက်မရဘဲနဲ့ ဘယ်တုန်းက လုပ်ဖူးလို့လဲ။ ဒီမိန်းကလေးနဲ့ပတ်သက်ပြီး အချိန်ကုန် လူပန်းခံဖို့ မလိုဘူး ငါ့မြေး၊ ဘာသံမှကို မကြားချင်တော့ဘူး။ ဒီနေ့ အပြတ်ဖြတ်ခဲ့ပြီလေ''

သူ ဖြုန်းခနဲ ထရပ်လိုက်သည်။

''သားဘက်က လိုတယ် ဘွားဘွား၊ အသံတစ်ခုခု ကြားချင်သေးတယ်။ ဒီအဖြစ်ကို သားဘယ်လိုမှမယုံနိုင်ဘူး။ သက်လျာအကြောင်းကို သားပဲအသိဆုံး၊ သူ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ တိတိကျကျမသိရမချင်း သား ဘယ်လိုမှမြေသာမှာမဟုတ်ဘူး''





''မိုက်လိုက်တာ သားလေးရယ်. . . ဒီလောက် တိုင်းသိပြည်သိ သတင်းစာထဲမှာ တိတိကျကျကြီး ပါလာတာတောင် ဘာကို ထပ်သိချင်သေးတာလဲ၊ ဒါ ကိုယ်လုပ်ရမယ့်ကိစ္စမဟုတ်ဘူး။ သူတို့ဘာသာ သူတို့ လုပ်ရမယ့်ကိစ္စ။ သားရဲ့အရှက်တရားတွေ၊ သားရဲ့ခံစားချက်တွေကို တောင် သူတို့က ပြန်လျော်ပေးရဦးမှာ. . . နားလည်လား''

''သားရဲ့ခံစားချက်တွေကို သူတို့က လျော်ပေးရမှာမဟုတ်ဘူး၊ ဘွားဘွားက လျော်ပေးရမှာ''

''ဟင်!. . . ဘယ်လိုပြောလိုက်တယ် သား၊ သား ဘယ်တုန်းက ဘွားဘွားကို ဒီလိုပြန်ပြောဖူးလို့လဲ''

''အခုပြန်ပြောတော့မှာပါ၊ ဘွားဘွားကြောင့် သက်လျာကို တွေ့ခဲ့ရတာ၊ ဘွားဘွားကြောင့် ဒီလိုခံစားတတ်လာတာ၊ ဘွားဘွားကြောင့် ဒီလိုတွေဖြစ်ကုန်တာ၊ သား ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရတော့မှာလဲ။ လုပ်ငန်းရှင်တွေကိုရော ဘယ်လိုမျက်နှာပြရတော့မှာလဲ။ ဘာမှလုပ်ရှားလို့မရအောင် ပြိုလဲခဲ့ရတာ ဘွားဘွားကြောင့်. . . သူ့ဓာတ်ပုံကိုသာ ယူမလာခဲ့ရင် ဒီလိုတွေဖြစ်မှာမဟုတ်ဘူး။ အဲဒါတွေအားလုံး သားကိုပြန်လျော်ပေးပါ''

သွားပြီ. . .။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှထိန်းမရတော့၊ အံ့သြဖွယ်ကောင်းအောင် အလိုက်သင့်ထွက်လာသော စကားလုံးကြမ်းကြမ်းတွေကြောင့် ဘွားဘွားက ခပ်ကြောင်ကြောင်ဖြစ်သွားပြီး ရင်ဘတ်ကိုဖိ၍ ဘုရား တ,တော့သည်။

"ဘုရား. . . ဘုရား, ငါ့မြေးလေးမှ ဟုတ်ရဲ့လား၊ ငါ့မြေးလေး ဘာဖြစ်သွားပြီလဲ။ ဘွားဘွားကြောင့်တဲ့လား. . . ဟုတ်ပါပြီ မြေးရယ်၊ ဘွားဘွားကြောင့်ပါ။ ဘွားဘွားက မြေးလေးအတွက် ကောင်းစေချင်လို့ လုပ်ခဲ့တာတွေချည်းပါပဲ။ ငါ့မြေးအပေါ်မှာ မကောင်းတာ ဘာတစ်ခုမှ မဖြစ်စေခဲ့ရပါဘူး မြေးလေးရယ်"

"အခုဖြစ်စေခဲ့ပြီပဲ ဘွားဘွားရဲ့၊ ဘွားဘွား ဘာပဲလုပ်လုပ် ဘွားဘွားလုပ်သမျှ သား ခံလာခဲ့တာ။ ဒါကြောင့် သားလည်း ဘာပဲဖြစ်ဖြစ် သားဖြစ်သမျှအားလုံး ဘွားဘွားကြောင့်ပဲ"

ဟုပြောပြီး ချာခနဲ အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့တော့သည်။

"ဟော့ကောင်, မင်းမူ"

"သားလေး. . . သားလေး"

"လူလေး"

"ကြည့်စမ်း! ကြည့်စမ်း! ထွေးတင်, ငါ့မြေးလေး ငါ့ကို ပြောရက်လိုက်တာ။ ငါ့ကြောင့်တဲ့, ငါလုပ်သမျှ ခံခဲ့ရတာတဲ့။ အေးပါ. . . မြေးလေးရယ်. . . အေးပါ, သားခံစားရသမျှတွေ သားဖြစ်ခဲ့သမျှတွေအားလုံး ဘွားဘွား ပြန်လျော်ပေးပါ့မယ် မြေးလေးရယ်။ ဘုရား. . . ဘုရား"





"ဟင်!. . . မမကြီး ဘာဖြစ်သွားတာလဲ၊ မမကြီး. . . မမကြီး"

"ဘွားဘွား. . . ဘွားဘွား"

ကျန်ခဲ့သူအပေါင်း၏အသံတွေက နားထဲ ဗလုံးဗထွေးဝင်လာသည်။ ဘာကိုမှလည်း မမြင်တော့။ ဘာကိုမှလည်း မသိချင်တော့။ အလူးအလဲခံစားနေရသည့်ဝေဒနာတွေက ရင်နှင့်မဆန့်တော့ပြီမို့ အခန်းထဲဝင်လာခဲ့ပြီး တံခါးကို ဝုန်းခနဲဆောင့်ပိတ်၍ LOCK ချလိုက်မိလေသည်။ ပြီးတော့ Yanni ခွေကို နားကွဲမတတ်ဖွင့်ပြီး အိပ်ရာထဲ မှောက်နေလိုက်တော့၏။

မနက်ကျမှ နန္ဒက တံခါးကို တအုံးအုံး တဖြုန်းဖြုန်း ထုရိုက်ခေါ်နေတာကြောင့် သူ မဖြစ်မနေထွက်လာခဲ့ရလေသည်။

"မင်းမူ"

"နန္ဒ, မင်း အစောကြီးရောက်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"အစောကြီးရောက်နေတာ မဟုတ်ဘူးကွ၊ ညကတည်းက စောင့်အိပ်ပေးနေတာ။ မင်း မနေ့ကလုပ်လိုက်ပုံကြောင့် ဘွားဘွား ဘာဖြစ်သွားတယ်ထင်လဲ"

"ဟင်! ဘွားဘွား. . . ဘွားဘွား ဘာဖြစ်လို့လဲ"

"မင်းပြောဆိုသွားတာတွေကို စိတ်မကောင်းဖြစ်ပြီး မူးလဲသွားတာ၊ ဆရာဝန် အိမ်ပင့်ရတယ်ကွ"

"ဟာ! ဒီလောက်ထိတောင် ဖြစ်တာလား. . . ငါ မသိဘူးကွာ။ ငါ့နားထဲမှာ ဆူဆူညံညံတွေ ကြားလိုက်ပေမယ့် ဒီလိုဖြစ်လိမ့်မယ်မထင်ဘူး။ ငါ့စိတ်တွေ ဘယ်လိုဖြစ်သွားမှန်းကို မသိခဲ့တာပါ နန္ဒရာ။ ဆောရီးကွာ. . . အခု ဘွားဘွား ဘယ်လိုနေလဲ၊ ဘွားဘွား တစ်ခုခုဖြစ်လို့ မရဘူး"

သူ ပြောပြောဆိုဆို စိုးရိမ်စိတ်ဖြင့် အောက်ထပ်သို့ ဆင်းလာတော့ နန္ဒကလည်း. . .

"ညတွင်းချင်း ပြန်ကောင်းပါတယ်၊ ငါတို့လည်း အနားမှာစောင့်ကြည့်ပေးနေတာပါ။ ခုတော့ စိတ်မကောင်းဖြစ်နေသေးတာပေါ့ကွာ"

ဟုပြောပြီး နောက်ကနေ လိုက်ပါလာသည်။ ဘွားဘွားအခန်းထဲရောက်တော့ အိပ်ပျော်နေတာလား၊ မှေးနေတာလား မသိသော ဘွား





ဘွားသေးနားမှာ ကပ်ထိုင်လိုက်၏။ နောက်ဆုံးတော့လည်း သူနှင့် ဘွားဘွားသာ ပုံလဲခဲ့ရတာဖြစ်ပါသည်။ ဆိုးရွားလှသောအဖြစ်အပျက်နှင့် မြေး၏သောကတို့ကြောင့် ဘွားဘွားလည်း ဘယ်လောက်ခံစားနေရပြီလဲမသိပါ။ ညှိုးလျော် နွမ်းလျနေသောမျက်နှာက အဖြေပေးနေပါသည်။

သူ မှားသွားပြီ။ လူသားအားလုံး ကိုယ်ဖြစ်ချင်သလိုမဖြစ်ဘဲ ကံစီမံရာအတိုင်း ဖြစ်စေခဲ့တာမို့ ဘွားဘွားကို ပြန်ပြောမိတာတွေအတွက် နောင်တ ရလာသည်။ ဘွားဘွားက မှေးနေတာပဲလားမသိပါ။ သူ လက်ကလေးကို ခပ်ဖွဖွကိုင်ပြီး. . .

"ဘွားဘွား"

ဟုခေါ်လိုက်တော့ မျက်လုံးချက်ချင်းဖွင့်ကြည့်သည်။

"ဘွားဘွား"

"မြေးလေး"

"ဘွားဘွား နေကောင်းတယ်နော်၊ ဘာမှမဖြစ်ဘူးနော်"

"ကောင်းပါတယ် မြေးလေးရယ်"

"ဘွားဘွား တစ်ခုခုဖြစ်လို့မရဘူး၊ ကျန်းကျန်းမာမာနေပေးပါ ဘွားဘွားရယ်"

"ကျန်းကျန်းမာမာနေချင်ပါတယ်၊ ဒါပေမဲ့ ဘွားဘွားက သား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှကောင်းမှာ၊ သားမကောင်းရင် မကောင်းနိုင်ဘူး''

''အခုကောင်းသွားပါပြီ ဘွားဘွားရယ်၊ သား ဆင်ခြင်ပါ့မယ်။ မနေ့ကအဖြစ်အပျက်အတွက် သားကိုခွင့်လွှတ်ပေးပါ။ ဘယ်လိုမှမခံစားနိုင်လွန်းလို့ ဖြစ်ခဲ့ရတာပါ။ မရည်ရွယ်ဘဲ အလိုလိုထွက်သွားတဲ့စကားတွေပါ။ သား အရမ်းမှားသွားပါတယ်. . . ခွင့်လွှတ်ပါနော် ဘွားဘွား''

ဟု ပြောပြီး ထိုင်ကန်တော့လိုက်တော့မှ ဘွားဘွားက ထထိုင်ပါသည်။

''သာဓုပါ မြေးလေးရယ်, သာဓု. . . သာဓု၊ ငါ့မြေးကို ဘွားဘွားက ခွင့်လွှတ်စရာမလိုအောင်ဘဲ အပြစ်မမြင်ခဲ့တဲ့သူပါ။ မြေးပါးစပ်က မထွက်ဖူးတဲ့စကားတွေ ထွက်လာတာမို့လို့ ဘွားဘွား မကြားရက်ဘဲ Shock ရသွားတာပါ မြေးလေးရယ်။ တကယ်တော့ လူတွေအားလုံးဟာ ကံစီမံရာကို နာခံရတယ်ဆိုပေမယ့် ငါ့မြေးလေးက ဘွားဘွားစီမံတာကိုပဲ နာခံခဲ့ရတာဆိုတော့ ဒီလိုပြောထိုက်ပါတယ်။ ဒီလိုပြောလိုက်မှလည်း သားရင်ထဲမှာ ပေါ့သွားမယ်ဆိုတာ ဘွားဘွား နားလည်တာပေါ့ မြေးလေးရယ်. . . ကဲ, ထ''

ဘွားဘွားက အပြောနှင့်အတူ လက်ကမ်းပေးတာမို့ သူ ဘွား





ဘွားနားမှာ ကပ်ထိုင်လုက်သည်။ ပြီးတော့ ဘွားဘွားက သူ့ကိုဆွဲယူပွေ့ဖက်ပြီး ကျောသပ်၍ နှစ်သိမ့်ပေးပါသည်။

''အားတင်းထားပါ မြေးလေး၊ ဖြစ်ပြီးသမျှကို မေ့နိုင်သမျှ မေ့ထားပြီး မြေးအဘွားနှစ်ယောက် ပျော်ပျော်နေကြရအောင်''

တဲ့။ သူလည်း ခေါင်းညိတ်ပြီး ဘွားဘွားကို ခပ်တင်းတင်းပြန်ဖက်ထားလိုက်ပါသည်။

နောက်တစ်နေ့မှာ စက်ဘုမှ ဘွားဘွားရဲ့သားကြီး ကြွရောက်လာလေသည်။ ထိုသားကြီးကတော့ ရန်ကုန်နှင့် စက်ဘုကို အိမ်ဦးနှင့်ကြမ်းပြင်လိုသဘောထားနေသလို ခေါင်းထဲမှာလည်း အလုပ်တွေကိုသာ တန်းစီထည့်ထားတတ်သူမို့ သူတို့မြေးအဘွားနှစ်ယောက်၏အဖြစ်ကိုတော့ ပျင်းတောင်ပျင်းသေးတယ်ဆိုသည့်အစားထဲကပင်။

''ဒီခေတ်ကြီးထဲမှာ ဒါမျိုးအဖြစ်အပျက်က အဆန်းမဟုတ်တော့ဘူး။ တကယ့်အသေးအမွှားလေး။ လမ်းလျှောက်ရင်း တွေ့ခဲ့တဲ့ ခဲလုံးသေးတစ်လုံးကို ကန်ပစ်ခဲ့တယ်လို့ပဲ သဘောထားလိုက်။ Marriage ဆိုတာ ယောကျ်ားလေးတစ်ယောက်အတွက် အကြိမ်ကြိမ်အခါခါ ပြုသုံးလို့ရတယ်။ ခေါင်းထဲက ဖယ်ထုတ်လိုက်တော့၊ အလုပ်ကိုသာ ပိုပြီး အာရုံစိုက်''



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ မှန်ပါသည်။

"တစ်ပတ်ပဲ ရှိသေးတယ်ဆိုတော့လည်း သားခံစားနေရတာကို လေးလေး နားလည်ပေးလို့ရပါတယ်။ သောက်စား မူးရူးပြီး စိတ်လေ မသွားတာကိုပဲ ကျေးဇူးတင်သေးတယ်။ စိတ်ကို အအားမပေးဘဲ အလုပ်တွေကိုသာ ဦးဆောင်ပြီး တိုးချဲ့လုပ်ကိုင်သွားမယ်ဆိုရင် သားရဲ့ခံစားချက်က တစ်လလောက်နဲ့ ပျောက်ထွက်သွားလိမ့်မယ်။ အချိန်က ကု ပေးလိမ့်မယ်ဆိုတာ ဒါကိုပြောတာ။ အဓိက,က မင်း အပေါင်းအသင်း များဖို့, စာများများဖတ်ဖို့, ခရီးထွက်ပေးဖို့တွေ လိုတယ်နော်"

ဒါလည်း မှန်ပါသည်။

"မေမေ့ကိုလည်း ကျွန်တော် မကြာခဏပြောဖူးတယ်။ မေမေ့ မြေးက ကလေးမဟုတ်တော့ဘူး။ ဒီခေတ်ကြီးမှာ 25 နှစ်ဆိုတာ လူ ကြီးဖြစ်သွားပြီလို့။ သူ့မှာ ကိုယ်ပိုင် Idea တွေရှိတယ်၊ ပညာတတ် တစ်ယောက်လည်းဖြစ်ပြီ။ အလုပ်ကိုလည်း ဦးဆောင်နိုင်နေပြီ။ ဒါကို မေမေက ကလေးတစ်ယောက်လို အလိုလိုက် ဂရုစိုက်ပြီး နေရာတိုင်း ကို လွှမ်းမိုးစီမံနေတော့ ဒီလိုမဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့"

အဲဒါလည်း မှန်ပါသည်။

"ခုခေတ်လူငယ်တွေက များသောအားဖြင့် လွှတ်ပေးထားရတယ်





မေမေ။ သူတို့ကို ကိုယ်ဖြစ်ချင်သလိုဖြစ်အောင် အမိန့်ပေး ချုပ်ကိုင် ထားလို့ မရဘူး။ သူတို့ဖြစ်ချင်တာ ဖြစ်အောင်ပဲ သူတို့လုပ်တတ်တဲ့ လုပ်ရပ်ကလေးတွေကို Guideline လုပ်ပေးရမှာ။ လူငယ်လေးတွေကို လျှော့မတွက်နဲ့နော် မေမေ"

ဒါလည်း အမှန်ပင်။ သို့သော်. . .

"လာပြန်ပြီ တစ်ယောက်၊ မင်းကပါ ငါ့ကို အပြစ်ပြောနေတာ လား။ ဒါတွေအားလုံး ငါ့ကြောင့်ဖြစ်ရတာလို့ ဆိုလိုတာလား"

ဟု ဘွားဘွားက အော်လိုက်တာမို့. . .

"ဟာ၊ အဲလိုပြောရတာ မဟုတ်ပါဘူး မေမေရာ။ အဖြစ်အပျက် ပေါ်မှုတည်ပြီး ကျိုးကြောင်းဆက်နွယ်တာလေးတွေကို သဘောတရား လောက် ပြောပြတာပါ"

ဆိုပြီး လေးလေးက သူနှင့်ဘွားဘွားကြားကို ဝင်ထိုင်လေ၏။

"ငါကတော့ အားလုံးကောင်းသွားဖို့အတွက် အကောင်းဆုံးတွေ ကိုရွေးပြီး စီစဉ်ခဲ့တာပဲ. . . ဘယ်သူက ဒီလိုဖြစ်ချင်မှာလဲ၊ ကိုယ်ဖြစ် ချင်သလိုမဖြစ်ဘဲ ကံတရားက သူဖြစ်ချင်သလိုဖြစ်စေခဲ့တာ ငါ ဘယ် လောက်ရင်နာခဲ့ရသလဲ၊ ငါ့မြေးလေးအတွက် ငါ ဘယ်လောက်ခံစား ခဲ့ရသလဲ။ အဲဒါ မင်းသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ မေမေရာ၊ သိလွန်းလို့ ဒီမြေးအဘွားနှစ်ယောက်ရဲ့ Stress တွေကို ဖြေဖျောက်ပေးမလို့ လာခေါ်တာပဲ၊ ဒီအမေနဲ့ ဒီတူလေး တစ်ပြိုင်နက်ခံစားနေရတာ ကျွန်တော် ဒီအတိုင်းထားရက်ပါ့မလား။ ဒီတော့ နှစ်ယောက်လုံး Refreshing ဖြစ်ဖို့ ကျွန်တော်နဲ့ လိုက်ခဲ့ကြနော်။ သားရော လိုက်မယ်မဟုတ်လား"

ဟု လေးလေးက မြေးအဘွားနှစ်ယောက်ကို တစ်ဖက်တစ်ချက် ထွေးဖက်ပြီး ပြောပါသည်။

"အို! ဘာဖြစ်လို့ လိုက်ရမှာလဲ၊ ဒီရက်ကြီးမှာ သွားတော့ ရှက်လို့ ထွက်ပြေးသွားကြတယ် ထင်မှာပေါ့"

"အခုရက်ကတော့ ဟုတ်ပါတယ် လေးလေး၊ သားလည်း သွား ဘားလိုပါပဲ"

"မေမေက အဲဒါကြောင့် ခက်တာပေါ့။ ပတ်ဝန်းကျင်ကို ဘာဖြစ်လို့ ဂရုစိုက်နေမှာလဲ။ အချိန်တန်တော့ မြေးအဘွားနှစ်ယောက် အတူတူပဲ၊ ကျွန်တော့်အဖြစ်က ဟိုလည်းခေါ်မရ, ဒီမှာကျတော့လည်း စိတ်မချနဲ့။ ဟိုသာ အပြီးလိုက်ခဲ့မယ်ဆိုရင် ကိစ္စပြတ်ပြီ၊ ဘာပဲဖြစ်ဖြစ် တစ်လလောက်တော့ လိုက်နေပါ မေမေရယ်။ ဒီတိုင်း စိတ်မချနိုင်ဘူး"

"ဟဲ့, ငါက မြန်မာပြည်သား. . . မြန်မာပြည်မှာမွေးတာ၊ မြန်မာ





ပြည်မှာပဲ ခေါင်းချမယ်။ မင်းတို့စင်္ကာပူ, တစ်ပတ်ထက် ပိုမနေနိုင်ဘူး"

"ဒုက္ခပါပဲဗျာ. . . ကျွန်တော်က ကျန်းမာရေးအတွက်ပြောတာ မေမေရဲ့"

"ငါ့ကျန်းမာရေးက ငါ့မြေးအပေါ်မှာပဲ မူတည်တယ်။ ငါ့မြေး ကောင်းရင် ငါ ကောင်းပြီးသား"

"ကဲ, ဒါဆိုလည်း မေမေ့သဘောဗျာ, မေမေ့သဘော။ ဒါပေမဲ့ ခုရက်ကတော့ ဒီလိုနေလို့မဖြစ်ဘူး. . . Relax ဖြစ်အောင် လုပ်ရမယ်။ ကျွန်တော် စဉ်းစားထားတာတစ်ခုရှိတယ်။ စင်္ကာပူမလိုက်ချင်ဘူးဆိုရင် beach တွေကို ခဏသွားနားချင်, နား၊ ပြီးတော့ မြေးအဘွားနှစ်ယောက်ကို care လုပ်ပေးနိုင်မယ့်သူ. . . အလုပ်အတွက်ရော, အိမ်တွင်းရေးအတွက်ရောပေါ့၊ Secretary ဖြစ်ဖြစ်, bodyguard ဖြစ်ဖြစ်, ခေါ်"

"အေး. . . အဲဒါတော့ မေမေလည်း စဉ်းစားနေတာ သဘောတူတယ်။ အဓိက,က care လုပ်ပေးဖို့ဆိုတော့ bodyguard ထက် Secretary ဆို ပိုကောင်းမယ်။ အချိန်ပြည့်လုပ်ပေးနိုင်ရမယ့် ever secretary ပေါ့။ ငါ့မြေးလေးရော သဘောတူလား"

"စိတ်ဝင်စားပါတယ် ဘွားဘွား၊ အာရုံပြောင်းမယ်ထင်ပါတယ်"

"အိုခေ, လေးလေးဖြစ်အောင် စီစဉ်ပေးခဲ့မယ်။ သားသာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



သစ်လူသစ်နဲ့ နေနိုင်ဖို့ ကြိုးစား။ အင်တာဗျူးအစီအစဉ်ကတော့ မြေး အဘွားနှစ်ယောက်လုံးနဲ့ နေရမှာဆိုတော့ ကိုယ်တိုင် စိတ်ကြိုက်မေး ပြီး ရွေးရမယ်နော် မေမေ''

''ဒါပေါ့. . . ဒါပေါ့''

ထိုအစီအစဉ်ဖြင့် လေးလေးက သူ စက်ရုံမှ မပြန်ခင်မှာ အလုပ် အတွက်ရော အိမ်အတွက်ပါ အားထားရမယ့် အချိန်ပြည့်အတွင်းရေး မှူးခေါ်ဖို့ ကြော်ငြာတွေ ထည့်တော့သည်။

ရက်အကန့်အသတ်လုပ်ထားတာမို့ သတ်မှတ်ရက်အတွင်း လာ လျှောက်သူဦးရေ ၁၀၀ ခန့်ရှိခဲ့လေရာ သတ်မှတ်ရက်ပြည့်သွားချိန်မှာ ပဲ ကြော်ငြာပါအစီအစဉ်အရ ရွေးချယ်ပွဲကို ဟိုတယ်လ်မှာပဲ လုပ်ဖို့ စီစဉ်ခဲ့၏။

သို့သော် လျှောက်ထားသူ အလွန်များပြားခဲ့တာကြောင့် အင် တာဗျူးအစီအစဉ်မလုပ်တော့ဘဲ ဘွဲ့နှစ်ခု, နှစ်ခုအထက်နှင့်၊ ဘွဲ့တစ်ခု ဖြစ်ပါက (Diploma) သင်တန်းဆင်းလက်မှတ်များစွာ ရရှိထားသူတို့ ကိုသာ ရွေးချယ်ခဲ့ပြီး ကျန်တာတွေကို ပယ်ချခဲ့ရလေ၏။

တင်ကျန်ခဲ့တာက လူအယောက် 30 ဖြစ်ပါသည်။ ထို 30 ကို ဟိုတယ်လ်မန်နေဂျာက တစ်ဆင့်ပြီးတစ်ဆင့် ဆန်ကာတင်ပြီး ရွေးလာ





ခဲ့ရာ နောက်ဆုံးဆယ်ယောက်သာ ကျန်ခဲ့၏။ ထိုဆယ်ယောက်ကျမှ စိတ်တိုင်းကျတစ်ယောက်ကို ရဖို့အတွက် သူတို့မြေးအဘွားက အင်တာ ဗျူးလုပ်ရတာ ဖြစ်လေသည်။

''ပင်ပန်းနေပြီလား ဘွားဘွား၊ စိတ်တိုင်းကျရွေးရတာဆိုတော့ ဘွားဘွား စိတ်ရောလူရော နှစ်ထားတာ သားသိတယ်''

''ပင်ပန်းပေမယ့် ပျော်စရာတော့ ကောင်းသား မြေးရေ၊ ဒီတစ် ခါတော့ ငါ့သားကြီးကို ကျေးဇူးတင်ကြောင်း လှမ်းပြောရမယ်။ ဒါနဲ့ ကလေးတွေက ဘာဖြစ်လို့ ဒီလောက်တော်နေကြတာလဲ၊ မေးတာတွေ ကို ကွက်တိဖြေနိုင်ကြတယ်။ ပညာရော, ရုပ်ရည်ရော, အပြစ်ကင်းနေ တော့ ရွေးဖို့ခက်နေပြီ''

''ဟုတ်တယ် ဘွားဘွား။ ပွဲက ကြပ်နေပြီ၊ နောက်ထပ်ကျန်တဲ့ သုံးယောက်ထဲက ထူးထူးခြားခြားလေးပါလာဖို့ မျှော်လင့်ရမှာပဲ''

''ဟုတ်တယ်. . . ဟုတ်တယ်''

အဲဒီလိုနှင့် တစ်ယောက်ပြီးတစ်ယောက် ရွေးလာခဲ့ရာ နောက် ဆုံးတစ်ယောက်မှာပဲ ထူးခြားတာကို တွေ့ခဲ့ရပါသည်။ အဲဒါကတော့ တခြားမဟုတ်, သူတို့မြေးအဘွားနှစ်ယောက်ရှေ့သို့ တည့်တည့်မတ် မတ်ကြီး ဝင်ရောက်ထိုင်လာသူကို ကြည့်လိုက်ရာ တစ်ချိန်တုန်းက နှစ်



www.burmeseclassic.com

www.burmeseclassic.com



ခါပြန် ဆုံခဲ့ဖူးသော မိန်းကလေးဖြစ်နေခြင်းကြောင့်တည်း။

"ဟင်! မင်း. . . မင်း"

"ဩော်၊ ရှင်. . . ရှင်. . . မင်္ဂလာပါရှင်"

နှစ်ယောက်သား အံ့ဩစွာ စိုက်ကြည့်မိစဉ်. . .

"မြေးလေး၊ မြေးနဲ့သိနေခဲ့တာလား"

ဟု ဘွားဘွားက မေးလိုက်တာမို့. . .

"ဟို၊ ဘယ်လိုပြောရမလဲ ဘွားဘွား။ အသိတွေတော့ မဟုတ်ဘူး။ အပြင်မှာ အမှတ်တမဲ့ နှစ်ခါတိုက်ခဲ့ဖူးတာဆိုတော့ မှတ်မိသွားတာပါ"

"ဟုတ်. . . သူပြောသလိုပါ"

"ဩော်၊ အမှတ်တမဲ့ နှစ်ခါတိုက်ဆိုင်ခဲ့ဖူးတာဆိုတော့ ထူးဆန်းသားပဲ၊ ခုလည်း နောက်တစ်ကြိမ် ထပ်ပြီးတွေ့ပြန်ပြီဆိုတော့ ပိုထူးဆန်းသွားတာပေါ့။ ဘဝမှာ ဒီလိုတိုက်ဆိုင်မှုမျိုးတွေလည်း ရှိတတ်ပါတယ်"

"ဟုတ်"

ဘွားဘွားစကားအဆုံး သုံးယောက်သား ကိုယ့်အာရုံနှင့်ကိုယ် ငြိမ်သက်သွားပြီး ရွေးချယ်မှုကို စတင်ပါသည်။ သူမ၏ C.V Form ကို သေချာကြည့်မှ ဓာတ်ပုံရှင် 'လမင်းပျိုစင်' နှင့်သူမကို တစ်ယောက်



တည်းမှန်း သိသာထင်ရှားစေတော့၏။ စောစောက ဓာတ်ပုံကိုကြည့်မိတုန်းကတော့ သူ တကယ်ပဲ မမှတ်မိခဲ့ပါ။ နာမည်လေးကတော့ ခပ်သန်းလန်းလေးပင်။

သူတို့အဓိကထားကြည့်ရမည်မှာ လူပုံစံနှင့် ပညာအရည်အချင်းသာဖြစ်တာမို့ သူ့မျက်လုံးက ပညာအရည်အချင်းဆီ ရောက်သွား၏။ ဘွဲ့နှစ်ဘွဲ့သုံးဘွဲ့ရထားသူများထဲမှ သူမက တစ်ဘွဲ့သာ ရထားသော်လည်း Diploma လက်မှတ်တွေကတော့ အများကြီးရထားသူဖြစ်၏။ လူပုံစံကတော့ မြင်ဖူးပြီးသားဖြစ်သလို သိပ်အချောအလှကြီးမဟုတ်သော်လည်း ခေတ်နှင့်တစ်ပြေးတည်း ညီနေသည့် ဒီဇိုင်းလေးမို့ အထွေအထူးပြောစရာမလိုချေ။

သူသည် အဓိကကျသည့် အချက်အလက်တွေကိုကြည့်ပြီး C.V Form ကို ဘွားဘွားအား ပေးလိုက်၏။ ဘွားဘွားကလည်း သူ့လိုပင် သေချာကြည့်ပါသည်။

သူမကတော့ မျက်လွှာချထားပြီ။ သူကတော့ သူမကိုမသိမသာခိုးကြည့်ရင်း ကန်ဘောင်မှာ တိုက်မိခဲ့ပုံနှင့် စိန်ဂေဟာထဲမှာ တွေ့ခဲ့တုန်းက ပုံစံလေးကို မြင်ယောင် ကြားယောင်နေမိသည်။

( * ရှင်နဲ့မိတ်ဆွေဖြစ်ခွင့် ရချင်ပါသေးတယ်...

www.burmeseclassic.com

www.burmeseclassic.com



*** တစ်ဆိတ်လောက် Visiting card လေးပဲဖြစ်ဖြစ်၊ ဖုန်းနံပါတ်လေးပဲဖြစ်ဖြစ်ပေါ့၊ တစ်နေ့နေ့မှာ ဂုဏ်ပြုချင်သေးလို့ပါ...)**

ကြည့်စမ်း. . .

လောကကြီးက ဘယ်လောက်အံ့သြဖို့ကောင်းသလဲ။ ခုတော့ သူ့ကို မိတ်ဆွေဖြစ်ခွင့်တောင်းခဲ့သောကောင်မလေးက သူ့ရှေ့ကိုရောက်နေခဲ့ပါလား။

ဘာပဲဖြစ်ဖြစ် သူမကိုပြန်တွေ့ရတာ သူ့ရင်ထဲကို တစ်မျိုးတော့ ဖြစ်စေသည်။ ထိုတစ်မျိုးကို ခေါင်းစဉ်မဖော်ပြတတ်။ ပြီးတော့ သူမရဲ့ ဒီဖိုင်းလေးကလည်း မြင်ရသူကို စွဲဆောင်မှုတစ်မျိုးဖြစ်စေသည်ဟု သူ ထင်မိပါသည်။

"နာမည်က လမင်းပျိုစင်၊ အသက်က 22... ဘွဲ့တစ်ခုသာ ယူထားပေမယ့် Diploma တွေကတော့ အများကြီးရထားတာပဲ။ မိခင်က ဒေါ်စန္ဒီ၊ ဖခင်ကတော့ မရှိတော့ဘူးနော်။ တစ်ဦးတည်းသောသမီး သွေးက O သွေး။ အရပ်. . ., အကြိုက်ဆုံးအရောင်. . ., အကြိုက်ဆုံးအစားအစာ. . ., ဝါသနာ. . .,အင်း. . ."

စသဖြင့် ဘွားဘွားက ထုံးစံအတိုင်း C.V Form ကိုကြည့်ပြီး





တစ်ယောက်တည်း ရွတ်ချင်တာ ရွတ်ပြီးမှ သူမကို စတင်မေးပါသည်။

"နာမည်က လှလှလေးပဲ၊ လမင်းပျိုစင်. . . သမီး ဒီအလုပ်ကို ဘာရည်ရွယ်ချက်နဲ့ လာလျှောက်တာလဲ"

"အလုပ်ရဖို့ထက် ဝါသနာကို ဦးစားပေးပြီး လာလျှောက်တာပါ"

"မိဘသဘောတူမှု ရှိရဲ့လား. . . ဘယ်လိုသိပြီး လာလျှောက်တာလဲ"

"မိဘသဘောတူပါတယ်၊ သမီးက တစ်နေ့ကို ဂျာနယ်ငါးစောင်နဲ့ သတင်းစာနှစ်စောင် ဖတ်ပါတယ်ရှင့်။ အဲဒီထဲမှာတွေ့ပြီး အရမ်းစိတ်ဝင်စားတာနဲ့ လာလျှောက်ခဲ့တာပါ"

"အချိန်ပြည့်အတွင်းရေးမှူးဆိုတော့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ၊ ကိုယ့်ရဲ့ပျော်ရွှင်မှုတွေ အများကြီးဆုံးရှုံးသွားနိုင်ပါတယ်။ ဒါကြောင့် သမီး ဒီအလုပ်ကို ဘယ်လောက်ထိလုပ်ပေးနိုင်မလဲ"

"ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ၊ ကိုယ့်ရဲ့ပျော်ရွှင်မှုတွေဆိုတာ လုပ်ငန်း ရှိရမှာပါ။ သမီးမှာ ရှိသလို လုပ်ငန်းရှင်ဆီမှာလည်း ရှိပါတယ်။ ဒါကြောင့် အလုပ်ရှင်နဲ့အလုပ်သမား အကျိုးတူပူးပေါင်းလိုက်မယ်ဆိုရင် အဲဒီကိစ္စက ပြေလည်သွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲဆိုတာကတော့ အတိအကျ မပြောနိုင်ပါဘူး။ စိတ်နဲ့လည်း ဆိုင်ပါတယ်။ လုပ်ငန်းရှင်အပေါ်မှာလည်း မူတည်ပါတယ်၊ ဒါကြောင့် တစ်လ,နှစ်လလည်း ဖြစ်ချင်ဖြစ်မယ်၊ ယနေ့မှစ နှစ်တစ်ရာတိုင်လည်း ဖြစ်ချင်ဖြစ်ပါမယ်"

ကြည့်စမ်း... သူမ စကားပြောတတ်နိုင်လွန်းသည်။ ယနေ့မှစ နှစ်တစ်ရာတိုင်တဲ့..., လူလည်မလေးပဲ။

မင်းမူသည် နားထောင်နေရင်းမှ ရှေ့ကလူတွေ ဖြေသွားပုံနှင့် မတူတာမို့ သူမကို လျှော့တွက်လို့မရဘူးဆိုတာ နားလည်လိုက်သည်၊ ပြီးတော့ သူမပြောတာလေးတွေကို နားထောင်ရတာ ငြီးငွေ့မှုတွေကို အလိုလိုလျှော့ကျသွားစေသည်။ စိတ်ဝင်စားမှုတွေကိုလည်း ဖြစ်စေ... ဘွားဘွားလည်း သူ့လိုပဲ ဖြစ်ပါလိမ့်မည်။ မေးမြန်းနေပုံက စောစော ကလိုအသံမျိုးမဟုတ်တော့။

"သမီးက ဘာသာစကားလည်း သုံးမျိုးတတ်ထားတာ တွေ့... တယ်။ ဒီပလိုမာတွေလည်း လေးခု ရထားတာတွေ့ရတယ်ဆိုတော့ အ... လက်ရှိ ဘာလုပ်နေသလဲ"

"လက်ရှိကလည်း ဆွစ်ဇာလန်က လာဖွင့်တဲ့ center ဘ...





vocational training မှာ တက်နေပါတယ်။ ဟိုတယ်လ်လုပ်ငန်းနဲ့ ဆိုင်ပါတယ်။ အခုလကုန် ပြီးမှာပါ။ ပထမကတော့ Hotel Management ကို စင်္ကာပူမှာ သွားတက်ဖို့ပါ။ ဒါပေမဲ့ ဒီသင်တန်းကိုတက် ...အားလိုက်ရင် စင်္ကာပူသင်တန်းအတွက် ပိုအဆင်ပြေသွားမယ်လို့ ထင် ...သို့ပါ"

"ဘဝမှာ ဘာအဖြစ်ချင်ဆုံးလဲ၊ ဖြေကြည့်ပါ"

"လုပ်အားခ ရတဲ့လူထက် လုပ်အားခ ပေးတဲ့လူပဲဖြစ်ချင်ပါ ...တယ်။ ရွေးချယ်ခံရတဲ့လူထက် ရွေးချယ်ပေးတဲ့လူပဲ ဖြစ်ချင်တယ်"

"ဒါဆို သမီးဖြစ်ချင်တာနဲ့ သမီး ဝါသနာပါလို့ လာလျှောက်တဲ့ ...အလုပ်နဲ့ ကိုက်ညီမှုရှိပါရဲ့လား"

"ကိုယ်ဖြစ်ချင်တာ ဖြစ်ဖို့အတွက် ဖြစ်သင့်တဲ့လမ်းကို အရင် ...လျှောက်ရမယ်လို့ တွက်ပါတယ်"

"ဒီခေတ်ကြီးထဲမှာ လူကြီးနဲ့လူငယ်ရဲ့ဆက်ဆံမှု, အုပ်ထိန်းမှု ...ကို ဘယ်လိုရှိသင့်သလဲ"

ဘွားဘွားကတော့ ထည့်ပြီ။ သူ့အပေါ် အလိုလိုက်လွန်း, ချုပ် ...နိုင်လွန်းလို့ မဖြစ်သင့်တာ ဖြစ်ခဲ့ရကြောင်းတွေ ပြောသွားခဲ့သော ...လေးကို မကျေနပ်ဖြစ်ပြီး မေးကြည့်တာဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးနဲ့လူငယ်ကို ဒီခေတ်မှာ မျိုးဆက်ဟောင်းနဲ့ မျိုးဆက်သစ်လို့ သုံးပါတယ်၊ မျိုးဆက်ဟောင်းတွေက မျိုးဆက်သစ်တွေကို ကိုယ်ဖြစ်ချင်တဲ့ပုံစံမျိုးဖြစ်အောင်, ကိုယ်လိုချင်တဲ့ဘဝရောက်အောင် အရာရာမှာ လွှမ်းမိုးချုပ်ကိုင်ထားမယ်ဆိုရင် မျိုးဆက်သစ်တွေမှာ ကိုယ်ပိုင်အယူအဆတွေ, ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ပျောက်ဆုံးကုန်ပြီး မျိုးဆက်ဟောင်းတွေရဲ့ လွှမ်းမိုးမှုတွေနဲ့ ဘဝကိုရှင်သန်နေရသလို ဖြစ်နေပါလိမ့်မယ်"

"..."

"အဲဒီအခါမှာ မဖြစ်သင့်တာတွေ ဖြစ်လာလိမ့်မယ်။ ဒါကြောင့် လူငယ်တွေကို ဆက်ဆံတဲ့အခါမှာ လူကြီးတွေရဲ့လွှမ်းမိုးမှုတွေ မပါဝင်အောင် အတိုင်းအတာနဲ့ လွှတ်ပေးထားရပါ့မယ်။ သူဖြစ်ချင်တာ ဖြစ်အောင် လုပ်နေတဲ့လုပ်ရပ်ကလေးတွေကိုလည်း ဘေးကနေကြည့်ပြီး ထိန်းမတ်ပေးရမယ်လို့ထင်ပါတယ်"

သူမ ဘယ်လိုပဲပြောပြော အဓိကအကြောင်းအရာကတော့ လေးလေးပြောသွားတာနှင့် တစ်ထပ်တည်းဖြစ်ပါသည်။ သူသည် ဘွားဘွား နောက်ထပ်မေးခွန်းမမေးခင် ရှေ့မှ Laptop ကို ဖြိုးခနဲဖျတ်ခနဲ ဖွင့်လိုက်၏။ 'ဘွားဘွား သတိ! နည်းနည်းဘောင်ကျော်နေပါတယ်' ဆိုသည့် စာတမ်း ပေါ်လာတော့ ဘွားဘွားကို ထိုးပြလိုက်ပါသည်။





ဘွားဘွားကလည်း နပ်ပါသည်။

"အိုကေ, ဒီနေရာမှာ သမီးကို တစ်ခုပြောချင်တယ်။ အရင်ကတော့ ဘွားဘွားက M.D ပေါ့၊ ခုတော့ ဒီမြေးလေး မိုးထက်မင်းမှုကို လွှဲထားလိုက်ပြီ။ ဘွားဘွားတို့နှစ်ယောက်က ပြီးခဲ့တဲ့လတုန်းက လုပ်ငန်းရေးပြဿနာအကြီးအကျယ်တစ်ခုကို ရင်ဆိုင်ခဲ့ရတာရှိတယ်။ သမီးလည်း ကြားပါလိမ့်မယ်။ အဲဒီအတွက် လူရွေးရတာပါ"

"..."

"ဒီတော့ ပြောချင်တာက မေးခွန်းတွေဟာ လုပ်ငန်းနဲ့ပတ်သက်တဲ့မေးခွန်းတွေ နည်းလိမ့်မယ်။ လူမှုရေး, ဆက်ဆံရေး, ဘဝအကြောင်းနဲ့ စိတ်ခံစားမှုနဲ့ပတ်သက်တဲ့မေးခွန်းတွေပဲ များနေလိမ့်မယ်။ သမီး ကြိုးစားပြီး ဖြေကြည့်ပါ"

ဟုပြောပြီး ဘွားဘွားက သူမေးချင်တာတွေကို နိုက်နိုက်ချွတ်ချွတ်မေးတော့သည်။ သူမကလည်း အံ့သြဖို့ကောင်းပါသည်။ မေးချင်တဲ့ဘက်က မေး, စမ်းချင်တဲ့ဘက်က စမ်း, လာထား. . . ဆိုသည့်ပုံစံမျိုးဖြင့် ဘွားဘွားမေးသမျှ နိုက်နိုက်ချွတ်ချွတ်ပြန်ဖြေတတ်ပါသည်။ အင်တာဗျူးပြီးဆုံးသွားချိန်မှာတော့ ဘွားဘွားက သူမနောက်ကျောပြင်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို စိုက်ကြည့်ပြီး ပြုံးကျန်ခဲ့လေ၏။

"နောက်ဆုံးပိတ် အိတ်နဲ့လွယ် ဆိုသလိုပဲ မြေးရေ၊ နောက်ဆုံး တစ်ယောက်ကျမှ ထူးခြားတာတွေ တွေ့လိုက်ရတယ်လို့ ထင်တာပဲ။ ဘွားဘွားကတော့ ဒီကလေးမကို ရွေးချင်တယ်။ ကိုယ်လိုချင်တဲ့ပုံစံ ထက်တောင် ကျော်နေသေးတယ်။ ပြီးတော့ အဆင့်အတန်းတစ်ခုထဲ က ဖြစ်လိမ့်မယ်။ ဝိသနာပါလို့သာ လာခဲ့တာ၊ ဒါနဲ့ မြေးကရော ဘယ် လိုသဘောရသလဲ"

"သားလည်း ထူးခြားတယ်လို့ထင်ပါတယ်၊ ဘွားဘွားပဲ ဆုံး ဖြတ်ပါ"

"သားပဲ ဆုံးဖြတ်ပါ"

"ဘွားဘွားပဲ ဆုံးဖြတ်ပါ"

"မရဘူးနော်. . . ငါ့မြေးသဘော"

"ဘွားဘွားသဘော"

"ငါ့မြေးသဘောပါဆို"

"ဘွားဘွားသဘောပါဆို"

"ကိုင်း. . . မနက်ကျ ချက်ချင်းပဲ အကြောင်းကြားလိုက်တော့ မယ်"





"ဟား ဟား ဟား. . ."

ခုမှပဲ မြေးအဘွားနှစ်ယောက် ပျော်ရွှင်ရယ်မောနိုင်တော့သည်။ နောက်ဆုံးတော့ အမှတ်တွေ အများဆုံးရရှိသွားသော လမင်းပျိုစင် ကိုပဲ ရွေးချယ်ဖြစ်ခဲ့ပါသည်။

မနက်ကျတော့ ဘွားဘွားက ဖုန်းကို ပြုံးပြုံးလေး နှိပ်၏။ သူ ဘာ ဘေးမှာထိုင်ပြီး 'စပီကာ ဖွင့်ထားနော်' ဟုပြောလိုက်သည်။ မကြာ ခင် သူမ၏ချိုချိုသွက်သွက်အသံလေး ထွက်လာပါသည်။

"ဟလို, အမိန့်ရှိပါရှင်. . . လမင်းပျိုစင်ပါ"

"မောနင်း လမင်းပျိုစင်၊ ရှဘီဟိုတယ်လ်က ဘွားဘွားပါ"

"ဟုတ်, မင်္ဂလာပါ ဘွားဘွားသူဌေး၊ ကောင်းသောနံနက်ခင်း ပါ"

"အေးကွယ်, ကောင်းသောနံနက်ခင်းမှာ ကောင်းသောသတင်း လေး ပို့လိုက်ပါတယ်။ သမီးကိုရွေးလိုက်ပါပြီ၊ လကုန်ရင် အလုပ်ဝင် လှည့်ပါ"

"ဟာ! တကယ်. . . တကယ်ပြောတာ ဘွားဘွားသူဌေး၊ ဝမ်း သာလိုက်တာ. . . ကျေးဇူးတင်ပါတယ်, ကျေးဇူးအများကြီးတင်ပါတယ်"

တဲ့။ သူမ၏ဝမ်းသာအားရ ရွှန်းရွှန်းစားစား လိုက်လိုက်လှဲလှဲ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သောအသံက ပေါ့ပါး လန်းဆန်း တက်ကြွမှုတွေ ပါနေတာကြောင့် ကြားရသူပင် သူမနှင့်ထပ်တူထပ်မျှ ခံစားခဲ့ရလေသည်။



အခန်း (၉)

## မင်းက ငါ့ရဲ့ကမ္ဘာကြီး…မင်းက ငါ့ရဲ့အိပ်မက်သခင်

ဖွို မထင်ခဲ့မိပါဘူး. . .

တစ်မိုးအောက်မှာ သူနဲ့နေရဖို့. . .

သူ့မျက်နှာလေးကို မော်ဖူးခွင့်ရဖို့. . .

သူ့အပြုံးလေးကို ခံစားခွင့်ရဖို့. . .

သူ့အတွက် အရာရာဖြည့်စည်းပေးဖို့. . .

သူ့ရဲ့လက်ရုံးကလေး တစ်ဖက်ဖြစ်ဖို့. . .

သူ့ရဲ့တိုးတိုးဖော်ကလေး ဖြစ်ဖို့. . .

သူ့ရဲ့အနားမှာ အရိပ်ကလေးလို ရှိနေဖို့. . .

ဆိုတာ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ မြန်မြန်ဆန်ဆန်ဖြစ်လာလိမ့်မယ်လို့။

ခုတော့ ကြည့်ပါဦး. . . လောကကြီးက ဘယ်လောက်ဆန်းကြယ်ခဲ့ပါသလဲ။ ပျိုက ပျို တိတ်တခိုး ကျိတ်ပိုးခဲ့ရတဲ့ ပျို့ချစ်သူလေးရဲ့ဘေးမှာ အချိန်ပြည့်အတွင်းရေးမှူးမလေးတဲ့။

ပျိုသည် သူ့ကို မြင်မြင်ချင်း စွဲလန်းမိကတည်းက သူ့အနားရောက်ဖို့ အမျိုးမျိုးချဉ်းကပ်ခဲ့ပါသည်။ ခြေလှမ်းတွေ တစ်လှမ်းပြီးတစ်လှမ်း တိုးကပ်ခဲ့ပါသည်။ တိုက်ကွက်တွေ အမျိုးမျိုးဆင်ခဲ့တာလည်း အထိုက်အလျောက်အောင်မြင်ခဲ့ပါသည်။

နောက်ဆုံး သူ့ရင်ခွင်ရိပ်ကို ခိုလှုံဖို့ ခြေတစ်လှမ်းသာ လိုတော့တာဖြစ်၏။ ထိုခြေတစ်လှမ်းအတွက်လည်း ဉာဏ်နီ ဉာဏ်နက်တွေကို အမျိုးမျိုးထုတ်ပြီးပါပြီ။ အသိုင်းအဝိုင်းမှတစ်ဆင့်. . . ဒေါ်ခင်နွဲ့မှုနှင့် ပတ်သက်ပြီးတော့မှတစ်ဆင့်. . . ပြီးတော့ အိမ်ရှေ့တည့်တည့်သွားပြီး အကြောင်းမရှိအကြောင်းရှာပြီးတော့မှတစ်ဆင့်. . . ပေါ့။

သို့သော် ဖြစ်ချင်တော့ ပျိုဖတ်နေကျ သတင်းစာနှင့်ဂျာနယ်တွေထဲမှာ RUBY HOTEL ၏အလုပ်ခေါ်စာကိုတွေ့ခဲ့ရာမှ ကံကြမ္မာက မြန်မြန်ဆန်ဆန်ပင် ပျို့ကို သူ့ရင်ခွင်ရိပ်သို့ ပို့ဆောင်ပေးလိုက်တာဖြစ်ပါသည်။





ခုတော့ ပျိုက ရှာဘီစံအိမ်တော်ကြီးရဲ့ မရှိမဖြစ် အရေးပါ အရာရောက်သူလေး ဖြစ်ခဲ့ရပြီ။ သူ့ဒွေးမြေးအဘွားနှစ်ယောက်ကလည်း ပျိုရဲ့ support လုပ်မှု၊ Guideline ကောင်းမှု၊ care လုပ်ပေးမှုတို့ကြောင့် stress တွေ လျော့ပါးလာခဲ့ပြီး စိတ်သစ်လူသစ် အားအင်သစ်တွေဖြင့် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွရှိနေပါတော့သည်။ ပျိုက ထိုအိမ်ရောက်ရောက်ချင်း စိတ်ကူးထားသောအစီအစဉ်သုံးရပ်ကို တင်ပြပြီးမှ ရင်းနှီးမှုကို အရယူခဲ့တာဖြစ်၏။

"သမီး ရောက်ရောက်ချင်းပဲ စဉ်းစားလာခဲ့တဲ့အစီအစဉ်သုံးခုကို တင်ပြချင်ပါတယ်"

"အင်း. . . ပြောကြည့်လေ"

"နံပါတ်(၁)က သမီးနဲ့ ဘွားဘွားတို့ရဲ့တွေ့ဆုံမှု, အကျိုးတူပူးပေါင်းဆောင်ရွက်မှုအထိမ်းအမှတ်အဖြစ် စိတ်သစ်လူသစ်နဲ့ ခရီးရက်ရှည် ထွက်စေချင်ပါတယ်။ နံပါတ်(၂)က အလုပ်နဲ့ပတ်သက်တာတွေကို လေ့လာပြီး သမီးဘက်က တတ်နိုင်တဲ့အရည်အချင်းနဲ့ အားလုံးပံ့ပိုးကူညီသွားပါ့မယ်။ နံပါတ်(၃)ကတော့ လူမှုရေး, အိမ်တွင်းရေးနဲ့ စိတ်ခံစားမှုတွေကို အလိုက်သင့်သလို နေထိုင်သွားဖို့ပြောချင်ပါတယ်"

"ကောင်းပါတယ် သမီး။ ဘွားဘွားတို့ကလည်း စိတ်ဆန္ဒရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရထားခဲ့တော့ အရင်ဆုံး တစ်လလောက် ကောင်းကောင်းနားမယ်လို့ စိတ်ကူးထားတာနဲ့ အတော်ပါပဲ။ သမီး ကောင်းသလိုစီစဉ်ပါ''

''သမီးကလည်း အားလုံးကို တာဝန်မယူရခင် ရင်းနှီးမှုကို အရင်ဆုံး လိုချင်လို့ပါ။ ရင်းနှီးမှုရှိမှလည်း အလုပ်လုပ်တဲ့နေရာမှာ ပြောရဲဆိုရဲ ရှိပြီး အဆင်ပြေမယ်ထင်ပါတယ်။ ပထမဆုံးနံပါတ်(၁)က စမှာပါ။ ခရီးထွက်ပေးတာဟာ ရင်းနှီးမှုကိုမြန်ဆန်စေသလို တစ်ယောက်နဲ့တစ်ယောက်လည်း ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေးရှိစေပါတယ်။ နောက်မှ နံပါတ်(၂)နဲ့ နံပါတ်(၃)ကို အချိုးကျကျလုပ်ဆောင်သွားပါ့မယ်''

''အိုခေ. . . အိုခေ, သမီးပြောတာမှန်တယ်။ ပထမဦးဆုံး ရင်းရင်းနှီးနှီးရှိဖို့လိုတယ်။ ဘွားဘွားမြေးကိုလည်း သိပ်မစိမ်းပါနဲ့၊ သူက အနေအေးတယ်၊ သူ့ဗွေလေးလိုလည်း ခေါ်မနေနဲ့ လွှတ်လွှတ်လပ်လပ်သာခေါ်. . . ဟုတ်ပြီလား''

ထိုအစီအစဉ်(၁)မှစပြီး ပျိုလုပ်ခဲ့သည့်ရင်းနှီးမှုများကတော့. . .

(၁) မြန်မာပြည်၏တန်ခိုးကြီးဘုရားများကို ဘုရားဖူးထွက်ခြင်း

(၂) ကမ်းခြေများမှာ အပန်းဖြေ နားခြင်း။

(၃) ထိုင်းနိုင်ငံနှင့် ဗုဒ္ဓဂါယာသို့ ဘုရားဖူးထွက်ခြင်း။

(၄) ဖူးခက်မှာ ငါးရက်ခန့် အပန်းဖြေခြင်း။





(၅) ပြင်ဦးလွင်မှာ ရက်ရှည်အနားယူခြင်းတို့ဖြစ်သည်။

ခရီးတစ်ခုထွက်ပြီးလေ, ပိုရင်းနှီးလာလေ၊ နောက်ခရီးတစ်ခုထွက်ပြီးလေ, ပိုပိုရင်းနှီးလာလေနှင့် နောက်ဆုံးခရီးအားလုံးထွက်ပြီးသွားချိန်မှာတော့ ပျိုလိုချင်သည့် ရင်းနှီးမှုထက်ပိုသော ချစ်ခင် နွေးထွေးမှုတွေကို အပြည့်အဝရရှိခဲ့ပါသည်။

ပျို့ကြောင့် လူကြီးတစ်ဦး ကျန်းကျန်းမာမာနှင့် ပျော်ရွှင်နေတာကို မြင်ရတော့ အကျိုးဆောင်ပေးရကျိုး နပ်ပြီ။ ဂုဏ်ယူ ဝမ်းမြောက်ရပါသည်။ ပျို့ကြောင့် ပျို့ချစ်သူလေးရဲ့မျက်နှာ လန်းနေတာတွေ့ရလျှင် ကြည်နူးရပါသည်။ ပျို့ကြောင့် ပျို့ချစ်သူလေးရဲ့မျက်နှာ ပြုံးပြ ရယ်ရွှင်နေလျှင်တော့ ရင်ထဲမှာ လှိုက်ဖို နွေးထွေးပြီး ပီတိဖြာနေခဲ့ရ၏။

အချိန်တိုင်း သူ့မျက်နှာကို မော်ဖူးပြီး သူလိုအပ်သမျှကို ဖြည့်ဆည်းပေးချိန်၊ ပျို့အတွက် အရာရာကို မေ့မျောစေပါသည်။ သူ့နောက်မှာ အရိပ်ကလေးလို အချိန်ပြည့်လိုက်ပါနေရတာကလည်း ဖိုးကာရဲ့ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်. . . လို ရင်ထဲမှာ တသိမ့်သိမ့် ဘငြိမ့်ငြိမ့်လှုပ်ရှားလျက် သာယာယစ်မူးနေတော့၏။

တကယ်တော့ သူသည် စတွေ့ခဲ့တုန်းက ပျိုထင်သလို မာနကြီးသော, ကြွားဝါသော, ဘဝင်ခေါင်ခိုက်သော, အဆင့်အတန်းခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



တတ်သော လူစားမျိုးမဟုတ်ချေ။ bodyguard လို အတူတူနေပါများလာတော့မှ ငယ်စဉ်ကတည်းက အနေအေးပြီး လိမ္မာယဉ်ကျေးခဲ့သော ဖြူစင်ရိုးသားမှုအပြည့်ရှိသည့် လူငယ်တစ်ယောက်ဖြစ်မှန်း သိရလေသည်။

အဲဒီလိုသိလိုက်ရသောအခါ တစ်ချိန်က မသက်လျာ ပြောခဲ့ဖူးသောစကားကို ပြန်ကြားယောင်ပြီး စိတ်မကောင်းဖြစ်ရလေသည်။

**'ဒီကိစ္စ ကိုထက်သာသိရင် အရမ်းစိတ်မကောင်းဖြစ်မှာ...သူတို့ကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးခံမှာမဟုတ်ဘူး။ ကိုထက်က အရမ်းရိုးတယ်၊ ကလေးတစ်ယောက်လိုဖြူစင်တယ်...အချစ်မပါတာတစ်ခုတည်းနဲ့ သူ့အပေါ် စွန့်စွန့်စားစား မလုပ်ရက်ပါဘူး'**

တဲ့။ စိတ်မကောင်းပါဘူး ကိုမိုးထက်မင်းမူ။ စိတ်မကောင်းပေမယ့် ကျွန်မအချစ်က ကောင်းနေတော့ ရှင့်ကို ဘယ်သူ့လက်ထဲကိုမှ မထည့်နိုင်အောင် အတ္တကြီးခဲ့ရတာပါ။ ရှင့်ကို ဘယ်သူ ကျွန်မလောက် ချစ်နိုင်မှာမို့လဲ။

ဖျိုတောင် တစ်ခါတစ်ရံ သူ့အတွက် စိတ်မကောင်းဖြစ်တတ်သေးလျှင် စိတ်ဒဏ်ရာ အကြီးအကျယ်ရခဲ့သူ, သူကတော့ ဒီအချိန်မှာ





တစ်ချက်တစ်ချက်ထပြီး နာချင်, နာနေပါဦးမည်။

ဘာကြောင့်လဲဆိုတော့ ပြင်ဦးလွင်က ပြန်လာတုန်းက. . . လမ်းခရီးမှာ ဖျိုက သီချင်းတစ်ပုဒ် ထဖွင့်လိုက်ချိန်တောင် အမှတ်တမဲ့ သူ့စိတ်ဒဏ်ရာ ပေါ်လာတာကို တွေ့လိုက်ရတာဖြစ်သည်။ တကယ်တော့ ဖျိုသည် သူ့အရိပ်ကို ခိုလှုံချိန်ကတည်းက သီချင်းဆိုလျှင် ဖျို့ခံစားချက်နှင့် တိုက်ဆိုင်သည့်သီချင်းမျိုးကိုသာရွေးပြီး နားထောင်တတ်ခဲ့ပါသည်။

ပြီးတော့ ဖျိုက စက်ဆရာလည်း လုပ်သေးသည်။ ဘယ်သွားသွား, ဖျိုက ဒရိုင်ဘာခုံမှာ ထိုင်ရသလို သူတို့မြေးအဘွားနှစ်ယောက်က နောက်မှာပဲ ထိုင်တာမို့ သီချင်းတွေကို အလိုက်သင့်ဖွင့်ပေးရပါ၏။ ဘွားဘွားနှင့်လိုက်ပါရလျှင် လူကြီးကြိုက်ဖြစ်သည့် ဥပမာ– ချိုပြုံး, စိုးနှောတွန်း, အိအိချွန် စသဖြင့် ဖွင့်ပေးရသည်။ သူနှင့်လိုက်ပါရလျှင်တော့ ခေတ်ပေါ်သီချင်းများစွာနှင့် ဘိုသီချင်းများကိုသာ ဖွင့်ပေးရပါသည်။ သို့သော် မြေးအဘွားနှစ်ယောက်လုံးနှင့် လိုက်ပါရလျှင်တော့ ပြဿနာတက်ရတော့၏။

ထိုနေ့ကတော့ ဖျို သိသိကြီးနှင့် တမင်ထဖွင့်လိုက်တာဖြစ်သည်။ ဘွားဘွားအကြိုက်ဆိုပေမယ့် ဖျို့ရင်ကိုတော့ တကယ်ထိ၏။



www.burmeseclassic.com

www.burmeseclassic.com



**(ရွှေးရွှေးဘ၀က× × × × ရေစက်ဟောင်းကြောင့်ကွယ်**
**မောင့်ကိုသာအလိုလို× × × × ဖျို့စိတ်မှာ မေတ္တာပိုတယ်**
**ချစ်လက်စ မကုန်တယ်× × × ×**
**× × × × မြင့်မြင့်ချင်းပင် ဘဝကြောင့်များ ချစ်ချင်တယ်**
**× × × × ဘဝဟောင်းက ဖျို့ဆုတောင်းကြောင့်ထင်တယ်**
**ယုံကြည်ပါနော် မောင်ကိုသာ× × × × အစဦးတကယ်စင်တွယ်**
**ကြင်နာသနားစိတ်တွေ ဝမ်းထဲကြိတ်ကာ× × × ×**
**မနေနိုင်ပေါင်မောင်ရယ် ချစ်လက်စ မေတ္တာသွယ်× × × ×**
**× × × × မြင့်မြင့်ချင်းပဲ ချစ်မိတယ်× မြင့်မြင့်ချင်းပဲ ကြိုက်မိတယ်**
**× × × × စေတနာ မောင့်အပေါ်ထားလို့ ဖျိုမေ မေတ္တာရှိလှတယ်)**

ထိုသီချင်းကြောင့် ဖျိုက အဆွေးပိုနေချိန်တွင် သူက. . .

"အဲဒီသီချင်းကို ပိတ်လိုက်ပါ"

"ဟုတ်"

"နေ့,နေ. . . မပိတ်နဲ့ သမီး ဘွားဘွား ကြိုက်တယ်"

"မကြိုက်ဘူး"





"ဘွားဘွားကြိုက်တယ်၊ အဲဒါ ဘွားဘွားအကြိုက် စိုးစန္ဒာထွန်း ဆိုနေတာ"

"သားမှမကြိုက်တာ၊ လမင်းမျိုးစင်, country song တွေပဲ ဖွင့်ပါ"

"အို, ဘွားဘွားမှ ဘိုသီချင်းတွေကိုမကြိုက်တာ။ မပိတ်နဲ့"

"သားလည်း မြန်မာသီချင်းတွေမှမကြိုက်တာ၊ တစ်ခါလာလည်း ဒီအချစ်. . . မြင့်မြင့်ချင်းချစ်ရတာတွေနဲ့။ ဘာအချစ်တွေလဲ. . . အဲဒီ အချစ်သီချင်းတွေကို ကြားကိုမကြားချင်တော့ဘူး"

"ကဲ, ဒါဆိုလည်း ဘွားဘွားတို့အကြိုက် မဖွင့်နဲ့တော့ သမီးရေ သမီးအကြိုက်သာ ဖွင့်တော့"

ထိုအချိန်မှာ ဖျို လုပ်ချင်တာ လုပ်ချလိုက်လေရာ. . .

"ကဲ, နောက်ကနေ ညီညီညာညာလိုက်ဆို. . . အနန္တငါးပါးကို ရှိခိုးပါ၏ဘုရား. . . အနန္တငါးပါးကို ရှိခိုးပါ၏ဘုရား"

ဆိုသည့် ကြာနီကန်ဆရာတော်၏အသံကြီး ထွက်လာတာကြောင့် ဘွားဘွားက. . .

"ဟား ဟား ဟား. . . ကောင်းတယ်, ကောင်းတယ်. . . အဲဒါ အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး လက်ခုပ်လက်ဝါးတီး၍ ရယ်ပါတော့သည်။ အဲဒီတော့မှ သူ့မျက်နှာလေး ပြုံးလေ၏။ ဘွားဘွားကလည်း တစ်ခါတစ်ရံ ကလေးဆန်ပြီး လူငယ်တွေနှင့် ရန်သတ်ချင်သေးသည်။ အင်မတန်ချစ်စရာကောင်းသည့်မြေးအဘွားပါတည်း။ ဒီလိုမြေးအဘွားနှစ်ယောက်ကို ပျိုက စိတ်ဒဏ်ရာ အကြီးအကျယ်ပေးခဲ့မိပြီပဲ။

အဲဒီစိတ်ဒဏ်ရာတွေကို သိမ်း ပြန်လျော်နေပါပြီ ဘွားဘွားရယ်။ ကိုမိုးထက်မင်းမှ. . . ရှင့်ရဲ့စိတ်ဒဏ်ရာတွေကို ကျွန်မ ကုနိုင်သလောက် ကုပေးပါ့မယ်။ ယနေ့မှစ၍ နှစ်တစ်ရာတိုင် မကုနိုင်တောင် ရှင့်ရဲ့အနားမှာ အရိပ်ကလေးတစ်ခု ဖြစ်နေသရွေ့ပေါ့။

နံပါတ်(၂)အစီအစဉ်ကတော့ ခရီးစဉ်တွေ ပြီးဆုံးသွားလို့ [illegible] Refreshing ဖြစ်လာချိန်မှာ ဘွားဘွားမပါဘဲ ပျိုတို့နှစ်ယောက်တည်း အလုပ်ကို အာရုံစိုက်ရတာဖြစ်သည်။

ထိုအလုပ်တွေက. . .

(၁) ဟိုတယ်လုပ်ငန်းကို နာခံပြီး မှတ်တမ်းတွေ ပြုစုခြင်း။

(၂) သူ့အရေးက ကိုယ့်အရေးဖြစ်သွားပြီမို့ သူ့ရုံးခန်းထဲမှာ [illegible] သင်ကြားသမျှတွေကို နာခံပြီး မှတ်တမ်းတွေကို ပြုစုထားခြင်း။





(၃) ပျို့ရဲ့ရာထူးကိုက အချိန်ပြည့်အတွင်းရေးမှူးမလေးဖြစ်ရာ သူ့နောက်မှ မခွဲထာဝစဉ်လိုက်ပါရပြီး အရာရာဖြည့်ဆည်းပေးရခြင်း။

ဥပမာ – နိုင်ငံခြားခရီးစဉ်, ပြည်တွင်းခရီးစဉ်တွေအားလုံး သူ့အနားမှာ ပျို လိုက်ရသည်။ သူ meeting ထိုင်လျှင်လည်း ပျို ထိုင်ပေးရသည်။ သူ ရုံးခန်းထဲမှာပဲ နေနေ၊ အိမ်မှာပဲ နေနေ၊ သူ့အနားမှာ ပျိုက အရိပ်ကလေးလို နေပေးရတာ များပါသည်။ နောက်ဆုံး သွားလာနေထိုင်စားသောက်ရမည့်နေရာတိုင်းအတွက် သူ့နေရာနှင့်သူ ဝတ်စားဆင်ယင်မှု, ဖက်ရှင်ကျဖို့ကအစ ပျိုကသာလျှင် ပျို့စိတ်ကြိုက် သူ့ဒီဇိုင်နာကို အကြံပြုရပါသည်။

ဇနီးမယားတစ်ယောက်ပင် သူ့အနားမှာ အဲဒီလိုအချိန်ပြည့်နေ[illegible]မှာမဟုတ်။ ကြာလာတော့ သူနှင့်အပျိုစင် ရင်းနှီးမှုနှောင်ကြိုးက ပို[illegible]မြဲလာကာ အလုပ်နှင့်ပတ်သက်တာမှမဟုတ်တော့ဘဲ ကိုယ်ရေးကိုယ်[illegible]ကိစ္စလေးတွေပင် တိုင်ပင်တတ်လာပါသည်။

တစ်နေ့မှာတော့ သူက ကားထဲမှာ ဖွင့်ပြောလာခဲ့သည်။ ပျို့[illegible]တွက် လွတ်လပ်မှုတစ်ခုရှိတာက သူနှင့်နှစ်ယောက်တည်း သွား[illegible]ရသည့်အချိန်မျိုးမှာ များသောအားဖြင့် ပျိုက ဒရိုင်ဘာ[illegible]ပ်မသုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



မျိုကသာလျှင် ဒရိုင်ဘာလုပ်ပါသည်။ သို့သော် သူက နောက်က, မျိုက ရှေ့က။

''မင်းနဲ့အချိန်ပြည့်အတူတူရှိနေပေမယ့် ပြောတဲ့စကားတွေက အလုပ်နဲ့ပတ်သက်တာတွေပဲ များတယ်နော်။ တစ်ခါတလေ ကိုယ်ပြောချင်တာလေးတွေက ခုလို ကားပေါ်မှာတို့ ဘုရားရှိခိုးချိန်တို့ ရေချိုးချိန်တို့ကျမှ ကြဲကြဲဖန်ဖန်ပေါ်လာတတ်တယ်''

''လူတိုင်း အဲဒီလိုဖြစ်တတ်ပါတယ်''

''မင်းနဲ့စတွေ့ခဲ့တဲ့နေ့က ကိုယ့်ပုံစံတစ်မျိုးဖြစ်နေလိမ့်မယ်ထင်တယ်။ စိန်ဂေဟာထဲမှာ ထပ်တွေ့တုန်းကလည်း မင်းရဲ့တောင်းဆိုမှုကို ငြင်းပယ်ခဲ့တာ ကိုယ့်ကိုတစ်မျိုးမထင်ဘူးလား''

''အဲဒီတစ်မျိုးဆိုတာကို ကျွန်မ တကယ်ပဲထင်ခဲ့ပါတယ်''

''အင်း. . . ဘယ်လိုပြောရမလဲ, ကိုယ်က အေးဆေးနေတတ်တာရယ်၊ သိုသိုသိပ်သိပ်နေတတ်တဲ့အကျင့်ရယ်ကြောင့် ဖြစ်မယ်ထင်တယ်။ ပြီးတော့ အဲဒီအချိန်တုန်းက ရင်ထဲမှာ မိန်းကလေးတစ်ယောက် ရှိနေခဲ့တော့. . .''

''ကျွန်မ သိသွားပါပြီ ကိုမိုးထက်မင်းမူ. . . အဲဒီတစ်မျိုးဆိုတာကို ကျွန်မ တကယ်ပဲ နားလည်ခဲ့ပါပြီ။ တကယ်တော့ မိတ်ဆွေဖြစ်ခွင့်





တောင်းခံတယ်ဆိုတာက ရှင့်ကိုမြင်မြင်ချင်း ခင်မင်ရင်းနှီးလိုတဲ့စိတ် ပေါ်လာခဲ့လို့ပါ။ အဲဒါထက် ပိုတာက ကန်ဘောင်ကဆိုင်လေးထဲမှာ ပစ်တိုက်မိတာကို တောင်းပန်ချင်လို့ပါ''

''ဩော်, ဒါပေမဲ့ မထင်မှတ်ဘဲဖြစ်တဲ့ Accident လေ၊ နှစ်ဦးနှစ်ဖက်လုံး အပြစ်မရှိတာမို့လို့ စိတ်ထဲမှာ ထည့်မထားခဲ့ဘူး''

''ကျွန်မကတော့ ကျွန်မရဲ့နမော်နမဲ့နိုင်မှုကြောင့်လို့ထင်ပါတယ်၊ ဘာကယ်ဆို ကျွန်မက စားပွဲကမထခင် နောက်ကို ခဏတော့ ကြည့်ခဲ့မှာ''

''အိုခေ. . . ထားပါတော့, ထားပါတော့၊ အဲဒါကို တောင်းပန်ချင်လို့ မိတ်ဆွေဖြစ်ခွင့် ရချင်ခဲ့တာပေါ့။ ခုတော့ တောင်းပန်စရာလည်း ဆိုတဲ့နဲ့ မိတ်ဆွေဖြစ်ခွင့် ရလာခဲ့ပြီလေ။ ပြန်တွေ့ခဲ့ပုံက တကယ့်ကို အံ့သြစရာပဲ၊ မင်းကံကောင်းပါတယ် လမင်းမျိုစင်''

''အမြဲတမ်း ကံကောင်းချင်ပါတယ်''

''ကံကောင်းမှာပါ၊ အခုလည်း ကိုယ်က မင်းကို အလျော်ပေး ဆိုပါ''

''ရှင်''

မျိုသည် သူ့ထံမှ ထူးထူးဆန်းဆန်းထွက်လာသောစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကားကိုပင် သတိပိုထား၍ မောင်းခဲ့ရပါသည်။

"အံ့ဩသွားတာလား။ ကိုယ် တကယ် မင်းကိုအလျော်ပေးမှာပါ။ မင်းစိတ်ထဲမှာ စိန်ဂေဟာထဲမှာ တွေ့တုန်းကလို ပြန်ခံစားကြည့်လိုက်ပါ။ အဲဒီနေ့က မင်းလိုချင်တဲ့ပုံစံအတိုင်း ကိုယ်ပြန်လုပ်ပေးပါ့မယ်။ ကိုယ်တို့ ကော်ဖီအတူတူသောက်ရအောင်"

"တကယ်!..."

ပျို့ ဝမ်းသာလွန်းလို့ ကားပင် ထိုးရပ်လိုက်ချင်ပြီ။ ရင်ခုန်သံတွေ ဒီလောက်ပြောင်းဆန်သွားတာ ကားကို ဘယ်လိုဆက်မောင်းနိုင်တော့မှာလဲ။ ပျို့ကသာ အဲဒီလိုအပျော်လွန်ပြီး အသံတွေပါ ပြောင်းလဲလုပ်ခတ်သွားပေမယ့် ရွှေမင်းသားလေးကတော့ အေးဆေးပင်။

'တကယ်ပြောတာပါ' ဟုပင် ပြန်မပြော။ ပြန်ပြောလျှင် ဘိုးတော်ဂျက်မြသောင်း၏သီချင်းနှင့် တူနေမှာ ကြောက်လို့လား။

"မင်းလိုချင်တဲ့ပုံစံအတိုင်း ဆိုပေမယ့် နေရာတော့ တူမှာမဟုတ်ဘူးနော်။ အချိန်သိပ်မရတဲ့အတွက် ရှေ့နားက တော်ဝင်စင်တာကိုပဲ ဝင်လိုက်ပါ။ အဲဒီမှာ ကော်ဖီအတူတူသောက်မယ်... မင်းအတွက် လက်ဆောင်ဝယ်ပေးမယ်"

ဘုရားရေ!...





သူဟာ တကယ်ပဲ ပျို့ကို အလျော်ပြန်ပေးခဲ့ပါသည်။ အဲဒီလို ကော်ဖီအတူတူသောက်ချိန်နှင့် အရုပ်ကြီးတစ်ရုပ် လက်ဆောင်ဝယ်ပေးချိန်မှာ ပျို့က သူ့ရဲ့ secretary မလေး မဟုတ်တော့ဘဲ ချစ်သူမလေးသို့လို ကိုယ့်ကိုယ်ကို ဂုဏ်တက်ခဲ့မိလေ၏။

ပျို့သေမယ်ဆိုရင် သေလို့ရပါပြီ...

ချစ်ဖို့ကောင်းလိုက်တာ မောင်ရယ်... ဘယ်လိုလုပ်ရပါ့မလဲ၊

ပျို့ရင်ထဲက အချစ်တွေကို မောင်မြင်နိုင်အောင် ဘယ်လိုလုပ်ရပါ့မလဲ...

ထိုနေ့ကစပြီး ပျို့သည် သူ့ကိုတိတ်တခိုးမြတ်နိုးရင်း ဘယ်သူမှ မသိအောင် 'မောင်'လို့ တိုးတိုးလေးခေါ်တတ်ခဲ့ပါသည်။

နံပါတ်(၃)အစီအစဉ်ကတော့ နံပါတ်(၂)အစီအစဉ်နှင့်အချိုးကျအောင် နေထိုင်ရမှာမို့ သိပ်ပြီးထွေထွေထူးထူးလုပ်စရာမလိုပါချေ။

သို့သော်...

(၁) ပျို့နှင့်မြေးအဘွားနှစ်ယောက် အတူတူရှော့ပင်ထွက်ခြင်း၊

(၂) ထိုမြေးအဘွားနှစ်ယောက်၏မွေးနေ့တိုင်းကို ဘုရားပို့ပေးခြင်း၊

(၃) ကုန်ပစ္စည်းမိတ်ဆက်ပွဲ, စာအုပ်မိတ်ဆက်ပွဲနှင့် ပန်းချီပြပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေကို မကြာခဏသွားခြင်း။

(၄) အာရုံလန်းစေရန်အတွက် breakfast နှင့် dinner ကို အပြင်ဆိုင်ကောင်းကောင်းတွေမှာပဲ လိုက်ကျွေးခြင်း။

(၅) စိတ်အားလူအားရှိတဲ့နေ့တွေမှာ သူလည်ချင်တဲ့နေရာလေးတွေကို လည်စေသလို လမ်းဘေး snack bar လေးတွေမှာလည်း တစ်ခါတစ်ရံထိုင်စေခြင်း။

စတာတွေကို ပျိုက မပျက်မကွက်လုပ်ပေးခဲ့ပါသည်။

တစ်ရက်တွင် စာအုပ်မိတ်ဆက်ပွဲတစ်ခုမှ ပြန်အလာ. . .

"ကန်ဘောင်မှာ ဗူးသီးကြော် သွားစားရအောင်၊ မင်းနဲ့စတွေ့ခဲ့တဲ့ဆိုင်လေးကို သွားမယ်။ အဲဒီနေရာလေး မြူးကောင်းတယ်လို့ထင်တယ်"

ဟု သူကပြောလာတာကြောင့် ပျို့ရင်ထဲ နွေးခနဲ သိမ့်ခနဲနှင့် လှုပ်လှုပ်ခါသွားလေရာ 'ဟုတ်'တစ်လုံးကို မနည်းကြိုးစားပြောလိုက်ရပါသည်။ အဲဒီနေ့ကလေးကိုရော ပြန်လျှော်မပေးချင်ဘူးလား [illegible] ရယ်. . .

ပျိုသည် ကား park ထိုးပြီး တက်တက်ကြွကြွနှင့် ပျို[illegible] သည့်နေရာလေးကို ရွေးပေးလိုက်ပါသည်။





"ဒီနေရာလေးက မင်းထိုင်ခဲ့တဲ့နေရာလေး ထင်တယ်။ ဒါဆိုရင်လည်း မတူပါဘူးကွာ၊ အဲဒီနေ့လေးကိုပါ အလျော်ပေးတယ်လို့ သဘောထားလိုက်ပါတော့"

ဘုရားရေ. . . သူ့, သူဟာ တကယ်ပဲ ပျို့စိတ်ကူးနဲ့ တိုက်ဆိုင်ခဲ့ပြန်ပြီလား။ သူ့ရှေ့မှာ ပျို ဘယ်လိုရပ်တည်ရတော့မလဲ။ ကြာလာလျှင် ပျို့နှလုံးသားတွေ ထိုးအောင့်လာတော့မည်။ ကြာလာလျှင် ပျို ရူးသွားနိုင်တော့မည်။

ဟင့်အင်း. . . မဟုတ်ဘူး. . . မောင် အလျော်ပေးရမှာက မောင့်နဲ့ရင်ခွင်လေးကိုပါ။ ပျို အမြန်ဆုံးထိန်းပြီး. . .

"ကျေးဇူးတင်ပါတယ်"

ဟုပြောရင်း မျက်နှာချင်းဆိုင် ထိုင်လိုက်ရပါသည်။ ကြည့်စမ်း! [illegible] သူ့ကိုစတွေ့ပြီး စွဲလန်းခဲ့ရသည့်နေရာလေးမှာ သူနဲ့အတူ တကယ် [illegible]နေရပါပြီ။ နောက်ပိုင်းလည်း သူ့ကိုသတိရတိုင်း ခဏခဏလာ [illegible]တာကိုတော့ သူ မသိနိုင်တော့။ ဒါပေမဲ့ ပျို့စတိုင်လ်က စိတ်[illegible]ရာကောင်းလို့ပဲလား?... ပျို့မျက်နှာလေးကပဲ မေးခွန်းလေးနဲ့[illegible]လို့ပဲလား?...သူက စိတ်လိုလက်ရ မေးလာခဲ့ပါသည်။

"မင်း ဒီလိုနေရာတွေမှာ မကြာခဏ လာထိုင်တတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်တတ်ပါတယ်"

"ကိုယ်ကတော့ အကျင့်မရှိခဲ့ဘူး. . . ကျောင်းတုန်းကတောင် တစ်ခါတလေမှ ရောက်ခဲ့တာ။ မင်းနဲ့တွေ့တုန်းကတော့ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ဖို့ မဖြစ်မနေလာခဲ့တာလေ။ အဲဒီသူငယ်ချင်းကလည်း စင်္ကာပူက ပြန်လာခါစဆိုတော့ သူ အာရုံလန်းမယ့်နေရာလေးကို ရွေးခဲ့တာ ဆိုပါတော့"

"အလုပ်တွေ ရုံးခန်းတွေ စက်ပစ္စည်းတွေနဲ့ အမြဲထိတွေ့နေရတဲ့လူတွေဟာ ဒီလိုနေရာမျိုးကို တစ်ပတ်တစ်ခါတော့ လာသင့်တယ် ထင်ပါတယ်"

"ဟုတ်ပါတယ်. . . ဒါနဲ့ ကိုယ် မင်းကိုတစ်ခုမေးချင်တယ်။ ကိုယ့်ကိစ္စကိုတော့ မင်းသိပြီးသားဖြစ်တဲ့အတွက် မပြောတော့ပါဘူး။ အသေးစိတ်လည်း ထပ်မမေးပါနဲ့တော့။ ကိုယ်ပြန်မပြောချင်လောက်အောင် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရှက်ခဲ့ရပါတယ်"

"ကျွန်မ နားလည်ပါတယ်"

'မင်း Marriage လုပ်ဖို့ အစီအစဉ်ရှိလား။ ဟို, ဘယ်လိုပြောရမလဲကွာ. . . ရင်းရင်းနှီးနှီးမေးရရင် Sweet heart ပေါ့"

ပျို ပြုံးလိုက်မိသည်။





"ဒီလိုမေးလို့ ဘယ်လိုမှမထင်နဲ့နော်၊ ကိုယ်တို့မြေးအဘွားနှစ်ယောက်အကြောင်းကို မင်းက ဘာမဆို အစအဆုံး သိထားပြီးပြီဆိုတော့ ကိုယ်ကလည်း ကိုယ့်ရဲ့ Secretary မလေးအကြောင်းကို တစ်ခါလေ သိချင်စိတ်ဖြစ်မိလို့ပါ"

"အင်း. . . ကျွန်မလည်း ဘယ်လိုဖြေရပါ့မလဲ၊ ကျွန်မချစ်သူ ကျွန်မကိုမသိတော့ အိမ်ထောင်ပြုဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ"

"အထူးအဆန်းပဲ, မင်းစကားက ဘာအဓိပ္ပာယ်လဲ။ မင်းချစ်သူက မင်းကိုမသိဘူး"

သူက တအံ့တသြမေးပြီး CARTIER မျက်မှန်အနီလေးကို ချွတ်၍ ရင်ဘတ်မှာ ထိုးလိုက်သေး၏။ အဲဒီနေ့က သူဝတ်ထားသည့် ရှပ်လေးက Tommy စပို့ရှပ်အဖြူ၊ Zara ဘောင်းဘီရှည်အဖြူ၊ Tommy ခါးပတ်နှင့် Aido ခါးပတ်တို့ကို ဆင်မြန်းထားတာကြောင့် သူ့မှာ သစ်လွင်နေပြီး မော်ဒယ်လ်တစ်ယောက်လို ကြွကြွရွရွရှိနေပါသည်။ ချစ်သူကို ရှေ့ထားပြီး ချစ်တဲ့အကြောင်း ပြောရမှာမို့ပဲလား မသိ၊ အရာရာဟာ လှပလို့နေခဲ့၏။

"ဟုတ်ပါတယ်. . . ရှင်းရှင်းပြောရရင် ကျွန်မက အချစ်ရေးမှာ ကံကောင်းဘူးထင်တယ် ကိုမိုးထက်မင်းမှု၊ ကျွန်မ, လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ဖက်သတ်ချစ်နေတာပါ”

“ဪ. . .”

“ရူးရူးမူးမူးပါပဲ. . . သူ့ကိုစတွေ့တဲ့နေ့ကတည်းက ကျွန်မနှလုံးသားက ထူးထူးခြားခြားကို လှုပ်ရှားလာတာ။ တစ်ဖက်သတ်အချစ်ဆိုပေမယ့် တချို့တစ်ဖက်သတ်အချစ်တွေကို တစ်ယောက်တည်း ကျိတ်ချစ်ပြီး ကျေနပ်နေတာမျိုးမဟုတ်ပါဘူး။ ရယူပိုင်ဆိုင်လိုစိတ်နဲ့ ချစ်ခဲ့တာပါ။ ဘယ်လောက်ထိချစ်သလဲဆိုရင် သူ့ကို သူများမချစ်စေရဘူး၊ သူများမပိုင်ဆိုင်စေရဘူး, သူများနောက် ပါသွားမှာကို လုံးဝ လက်မခံနိုင်ဘူး. . . ကျွန်မပဲ အပိုင်ယူချင်တာပါ”

“မင်းအချစ်က တော်တော်ပြင်းတာပဲ၊ အခု သူကရော”

“သူ ဒီအတိုင်းလေးပဲ ရှိနေပါတယ်၊ ကျွန်မလည်း ဒီအတိုင်းလေးပဲ ချစ်နေပါတယ်”

“ဒီလောက်ထိချစ်နေတာ ကြိုးစားကြည့်ပါလား၊ ဥပမာ သူငယ်ချင်းတွေကတစ်ဆင့်. . . ဒါမှမဟုတ် ဘယ်လိုပြောရမလဲကွာ ဒီခေတ်မှာ နည်းပရိယာယ်တွေ အမျိုးမျိုးသုံးနေကြတာ၊ သူသိသွားအောင် တစ်မျိုးဖြစ်ချင်ဖြစ်သွားမှာပေါ့”

“ကြိုးစားနေပါတယ်, ကျွန်မ သူ့အနားရောက်အောင် အစွမ်း





ကုန်ကြိုးစားနေပါတယ်။ တကယ်လို့ရောက်သွားခဲ့ရင်တောင် ရလဒ်က နှစ်မျိုးရှိတာဆိုတော့ ကျွန်မ ပင်ပန်းပါတယ်”

“ဒါနဲ့ မင်းရဲ့ Off က Sunday ဆိုတော့ သူ့အတွက် ဘယ်လိုအချိန်ပေးလဲ။ ဟုတ်တယ်. . . မင်း ပင်ပန်းလိမ့်မယ်”

“ဒီလိုပဲပေါ့, ရတဲ့အချိန်လေးမှာပဲ လှုပ်ရှားရပါတယ်”

“အင်း, ကိုယ်ချင်းစာပါတယ် လမင်းပျိုစင်၊ ဒီလိုကိစ္စက ကိုယ်တိုင်ဖြစ်ခဲ့တာပဲ၊ ကြိုးစားရင်းနဲ့ပဲ ရလဒ်ကို ခံစားနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားတော့ပေါ့။ အောင်မြင်ပါစေလို့ ကိုယ်ဆုတောင်းပေးပါ့မယ်။ တစ်ခုတော့ ရှိတယ်. . . စိတ်ကို အရမ်း Pressure မပေးမိစေနဲ့။ မျှော်လင့်တိုင်း ဖြစ်မလာတတ်တာက များတယ်”

“ဟုတ်ပါတယ်, ဒါကြောင့် ကျွန်မ တစ်မျိုးစဉ်းစားထားတယ်၊ ကျွန်မ သူ့ကိုမပိုင်ဆိုင်ရင် နေပါစေ၊ သူသာ သူများလက်ထဲ ပါမသွားရင် ပြီးရောပါ။ ဒီတိုင်းလေးပဲ ချစ်နေပါ့မယ်”

“ဟာ. . . အဲဒါမှ ပြဿနာ၊ မင်းရဲ့ချစ်သူက လူပျိုကြီးလုပ်နိုင်မယ်လို့လား”

“သိဘူးလေ”

“ဟား ဟား ဟား. . .”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ နှစ်ယောက်သား ရယ်နိုင်လေ၏။ ပြုံးရုံသာ ပြုံး တတ်တဲ့မောင်က ဒီလိုလွှတ်လွှတ်လပ်လပ်ရယ်လိုက်တော့ ပိုပြီးတော့ တောင် ချစ်စရာကောင်းသေး၏။

"မင်း စွန်လွှတ်တတ်လား"

"လွှတ်တတ်ပါတယ်, အရမ်းကြီးတော့ မကျွမ်းဘူး။ ရှင်ရော"

"အဲဒါ ကိုယ့်ရဲ့ခရေဇီပဲ. . . ငယ်ငယ်ကတည်းက ဘွားဘွား အပြင်ပေးမထွက်ခဲ့တာတွေများတော့ ခြံထဲမှာ စွန်ပဲ လွှတ်နေခဲ့တာ ပြီးရင် ကိုယ်တို့ ဟိုဘက်ကန်ဘောင်မှာ စွန်သွားလွှတ်ရအောင်, ဘယ် လိုလဲ"

"အင်း. . . လွှတ်လေ, ကျွန်မ စီစဉ်လိုက်မယ်"

"ရတယ်, ကိုယ့်သူငယ်ချင်းတစ်ယောက် ရှိတယ်၊ ဒီကောင် လည်း စွန်ဘုရင်ပဲ။ သူ့ကိုမှာလိုက်မယ်"

သူက ပြောပြောဆိုဆို ဖုန်းထုတ်ပြီး စီစဉ်ခဲ့၏။

"အင်း, နန္ဒ မင်းဘယ်ရောက်နေလဲ၊ ငါ့ဆီ စွန်နဲ့ရစ်ဘီး ပို့ပေး နိုင်မလား"

". . ."

"ငါ အခု အင်းလျားမှာကွ၊ မင်းနဲ့ထိုင်ခဲ့တဲ့ဆိုင်မှာ။ ရည်းစား



က အိုကေနေတယ်။ စွန်လွှတ်ရင် ဖီးလ်ပဲ"

". . ."

"အိုခေ. . . အိုခေ, လှည်းတန်းဆို အဆင်ပြေတာပေါ့။ Thank you. . . . . . နန္ဒ, ကြိုးစားထား"

သူ ဖုန်းပြောပြီး နှစ်ယောက်သား မုန့်သီးကြော် စားကြသည်။

"နန္ဒက မအားဘူး။ လှည်းတန်းက သူ့ညီကို လွှတ်ပေးမယ် ပြောတယ်"

ပျိုတို့ မုန့်သီးကြော်စားပြီးချိန်မှာပဲ လူငယ်တစ်ယောက်က စွန် နှင့်ရစ်ဘီး လာပို့ပေးတာမို့ နှစ်ယောက်သား လွှတ်လပ် ပေါ့ပါးစွာဖြင့် ဘစ်ယောက်တစ်လှည့်စီ တစ်နာရီခန့်ကြာအောင် စွန်လွှတ်ခဲ့ကြပါ၏။ ပျော်ရွှင်ကြည်နူးမှုတွေက နှိုင်းဆဖွယ်ရာမရှိတော့။ ခံစားမှုတွေကလည်း ဆယ်ကျော်သက်လေးလို့ သွေးဆူ တက်ကြွနေခဲ့လေသည်။

ကားပေါ်ရောက်တော့ ချစ်သူကို ရှေ့မှာထားပြီး ချစ်တဲ့အကြောင်း တွေ ရင်ဖွင့်လိုက်ရမှုနှင့် ချစ်သူ စွန်လွှတ်နေတာကိုကြည့်ပြီး ခံစားခဲ့ သည့်ပျော်ရွှင်မှုတို့ကြောင့် သီချင်းတစ်ပုဒ်ကို ခပ်ကျယ်ကျယ်ဖွင့်ပင် ဆိုက်မိသည်။

ရင်ခုန်လှုပ်ရှားမှုကို ဦးစားပေးလိုက်သည့်ပျို့လုပ်ရပ်က မဆင်

www.burmeseclassic.com

www.burmeseclassic.com



မခြင်ဖြစ်သွားလေရာ သူက သီချင်းတစ်ပိုဒ်အပြီးမှာ လှမ်းပြောလာပါသည်။

"ဘာသီချင်းလဲ"

"ဩော်, ဟို. . . ဆောရီးပါရှင်၊ ဘာဖွင့်ပေးရမလဲ ကိုမိုးထက်မင်းမှ"

ဆိုပြီး ဖျတ်ခနဲပိတ်လိုက်ရ၏။

"ကိုယ်က ဘာသီချင်းလဲလို့ပဲ မေးတာ"

ဘုရားရေ. . . ဖျို ပြာယာခတ်ရလေပြီ။

"ဖြူဖြူကျော်သိန်းရဲ့ ရှုလည်းရှုပါစေ ဆိုတဲ့သီချင်းပါ။ ဧခုဆဲ ရေးတာပါ"

"ပြန်ဖွင့်လိုက်ပါ၊ နားထောင်လို့ကောင်းတယ်"

အိုး. . . ရင်ထဲမှာ ဘယ်လိုကြီးလဲ။

သေတော့မှာပဲ. . . ဒီပုံစံဆို ကျွန်မ ဒရိုင်ဘာ ပြန်သုံးရတော့မယ် မောင်ရေ၊ ဖျို ဖျတ်ခနဲပြန်ဖွင့်လိုက်ရပါသည်။

**(မိတ်ကပ်မလိမ်းတဲ့မျက်နှာလည်း× × × × ပန်းသွေးလေးများချယ်မိခဲ့× × × ×**

**မင်းနဲ့တွေ့ရမယ့်နေ့ဆို× × × × နင်လေ ဘာများကြိုက်တတ်**





**အမြဲတမ်းပဲ လေ့လာခဲ့× × × × ထူးထူးခြားခြားဖြစ်စေချင်လို့ကြိုးစားလိုက်မိပါပြီ× × × × အကုန်လုံးမင်းကြောင့်ပဲ အချစ်ကြောင့် ရှူးနေဆဲ**

**× × × × အခါ မင်းကိုသိပ်ချစ်လွန်းလို့ပဲ× × × × မယုံသေးဘူးလားဟော့**

**× × × × ရှုသွပ်ခြင်းတွေ ငါ့ကိုရစ်ပတ်နေဆဲ× × × × တကယ်ကိုဆိုးလွန်းတယ်**

**× × × × အချစ်ရဲ့မျက်နှာတွေ နေရာတိုင်း ငါ့ကိုပြုစားနေတယ်**

**× × × × တကယ်ကိုရှုးနိုင်တယ်ဟော့**

**ဝန်းချစ်တတ်တဲ့ချစ်သူလား× × × × ကြမ်းတမ်းတတ်တဲ့ချစ်သူလား**

**တစ်ခုတော့ ပြောလိုက်နော်× × × × အရာရာအဆင်သင့်ဖြစ်အောင်လည်း**

**ကြိုးစားပြီးတော့ လေ့လာလို့× × × × မင်းနဲ့နီးကပ်ခွင့်ကိုပဲမပြောလည်း သဘောပေါက်ပါတော့× × × × ငါတော့ချစ်မှာပဲ**

**× × × × မုန်းတော့ မသွားပါနဲ့× × × × )**



www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းလေးက မျိုးရင်ကို ထိခဲ့တာ ကြာပါပြီ။ သူက မျိုးရဲ့ အရည်အချင်းကိုလည်း စမ်းသပ်သေးသည်။ တစ်နေ့မှာ. . .

"မင်းကို မဂ္ဂဇင်း အင်တာဗျူးတစ်ခုအတွက် တာဝန်ပေးချင်တယ်၊ အရင်တုန်းကတော့ အဲဒီကိစ္စကို GM ပဲလုပ်တာ၊ အင်တာဗျူးဆိုပေမယ့် အဲဒီအင်တာဗျူးက တာဝန်ကြီးတယ်။ မြန်မာ, ဘန်ကောက်နဲ့ စင်္ကာပူသုံးနိုင်ငံလုံးရဲ့ မဂ္ဂဇင်းတစ်ခုထဲမှာ ထည့်မှာ။ ဖြေဆိုမယ့်သူအပေါ်မှာ မူတည်တယ်"

"ဟုတ်. . . ကျွန်မ ကြိုးစားပါ့မယ်"

"အဲဒီအင်တာဗျူးအစီအစဉ်ကို. . . ကိုယ်တို့ပြေးအဘွားရယ် စင်္ကာပူက ကိုယ့်ဦးလေးရယ် သဘောကျတူညီတယ်ဆိုရင် MRTV နဲ့ MRTY 4 မှာ တွေ့ဆုံခန်းတစ်ခုလုပ်ပြီး ထည့်ဦးမှာ။ အဲဒီအတွက်လည်း မင်းကြိုတင်ပြင်ဆင်ထားပါ။ အင်္ဂလိပ်မြန်မာနှစ်ဘာသာနဲ့ပေါ့"

"ဟုတ်"

"ပြင်ဆင်ချိန် လွယ်ကူအောင် မဖြစ်မနေပါလာရမယ့် အချက်အလက်လေးတွေကို ကိုယ်ပြောပြမယ်။ မင်းတစ်ခါတည်းမှတ်ပါ။ ကိုယ်ပြောမယ့်ခေါင်းစဉ်တွေထဲကို ဝင်အောင် မင်းက ပြည့်ပြည့်စုံစုံပြောနိုင်ဖို့ပဲ။ အသေးစိတ်ကိုတော့ GM နဲ့ညှိရမယ်"





ဟု ပြောလာတာကြောင့် သူလက်တန်းပြောတာတွေကို မျိုကလည်း မျိုးရှေ့က Laptop ထဲမှာ တစ်ထိုင်တည်းမှတ်ရပါသည်။

"ကိုယ်တို့ဟိုတယ်လ်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် 3 stars နဲ့ ကိုက်ညီတာဆိုတော့ 3 stars နဲ့ကိုက်ညီအောင် ဘာတွေပြင်ဆင်ထားသလဲဆိုတာပေါ့။ ဥပမာ ဟိုတယ်မှာ ပါဝင်ဖွဲ့စည်းထားတဲ့အခန်းအရေအတွက် – Room Charges တွေရဲ့နှုန်းထား၊ ဟိုတယ်တစ်ခုလုံးရဲ့သတ်မှတ်ချက်နဲ့ ကိုက်ညီအောင် Spa နဲ့ Fitness Center တွေ ဖွင့်ထားတဲ့အစီအစဉ်၊ ဧည့်သည်တွေအတွက် အစားအစာစီစဉ်ပုံ၊ ပြီးတော့ ဝန်ထမ်းအင်အားနဲ့ ဝန်ဆောင်မှုအစီအစဉ်"

"..."

"နောက်. . . လုံခြုံရေးအတွက် ဟိုတယ်က စီစဉ်ပေးထားပုံနဲ့ Transportation service တွေ စီစဉ်ထားပုံ၊ ပြီးတော့ Promotion အစီအစဉ်တွေရယ်. . . Apartment အစီအစဉ်တွေရယ်ပေါ့။ အဓိက မပါမဖြစ် ပါရမှာက ဟိုတယ်ရဲ့ဆောင်ပုဒ်အတိုင်း လာရောက်တည်းခိုမယ့် ဧည့်သည်အားလုံးကို Warm & Friendly Guest Experience တွေ ဒီရှာဘီမှာ ရရှိစေရမယ်ဆိုတာပဲ"

"..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကောင်းကောင်းလုပ်နိုင်မယ်လို့ ကိုယ်ယုံကြည်ပါတယ်"

ပျို့ အားလုံးမှတ်ပြီးသွားတဲ့အချိန်မှာ သူ့ဆီမှ မထင်မှတ်ဘဲ ထွက်လာသော နိဂုံးချုပ်စကားလေးက ပျို့ Talent ကိုစိန်ခေါ်လိုက်သလိုဖြစ်သွားပါသည်။

နောက်ဆုံးတော့ ပျိုသည် မြေးအဘွားနှစ်ယောက်၏စိတ်ဒဏ်ရာကို အပြည့်အဝကုပေးလိုသည့်ဆန္ဒနှင့်အတူ၊ ချစ်သူအောင်မြင်ပါစေ, ချစ်သူ ပျော်ရွှင်ပါစေ, ချစ်သူ့မျက်နှာ အမြဲတမ်းပြုံးနိုင်ပါစေသည့် စိတ်ဆန္ဒတွေနှင့်. . . အချစ်ခွန်အားတွေထည့်ပြီး ကြိုးစားခဲ့ရာ ထိုအင်တာဗျူးအစီအစဉ်ကို သူပြောသလို ကောင်းကောင်းလုပ်နိုင်ခဲ့သည်။

ထိုအစီအစဉ်ကိုကြည့်ပြီး ဘွားဘွား၏ လက်ခုပ်သံတွေက ...မခန်း သောသောညံ့ခဲ့သည်။ သူ့ရဲ့လက်ခုပ်သံကတော့ ပုံမှန်ဖြစ်မယ့် နှုတ်ခမ်းကိုတင်းတင်းစေ့၍ ပြုံးပြီး လက်မထောင်ပြလိုက်ပုံ...မာန်အပြည့်ပါခဲ့လေ၏။

အဲဒီနေ့က ပျို့ရဲ့ကြိုးစားမှုအတွက် ဟိုတယ်မှာ ဒင်နာနှင့်... ပြုပေးသလို သုံးယောက်သား ပျော်ပျော်ပါးပါး ကာရာအိုကေဆိုပြီး... ချိန်မှာ ဘွားဘွားက ပျို့ကို ပေါ်တင်ချီးကျူးလာခဲ့ပါသည်။





"သမီးဟာ ဘွားဘွားတို့ရဲ့အားဆေးငွေးတစ်ခွက်ပါပဲ သမီးရယ်၊ ...ဇူးအများကြီးတင်ပါတယ်။ သမီးရောက်လာကတည်းက ဘွားဘွား...ရဲ့စိတ်ခံစားမှုတွေ တစ်မျိုးပြောင်းလဲခဲ့ရတယ်၊ ပျော်ရွှင်မှုတွေ အတွေ့...ကြုံအသစ်အဆန်းတွေလည်း ရခဲ့တယ်။ လူမှုရေး, ကျန်းမာရေး, ...ွားရေး အားလုံးအဆင်ပြေခဲ့ရတယ်။ ဒါနဲ့ သမီးကိုမေးရဦးမယ်"

"ဟုတ်, မေးပါ ဘွားဘွား"

"သမီးက အရွယ်လေးကလည်း တင့်တယ်၊ ပညာလေးကလည်း ...တ်၊ အဆင့်အတန်းလေးကလည်း ရှိဆိုတော့ အိမ်ထောင်ပြုဖို့အစီ...ဉ်တွေဘာတွေတော့ မရှိဘဲမနေဘူးထင်တယ်"

"မရှိပါဘူး ဘွားဘွား။ အဲဒီကိစ္စမဖြစ်နိုင်ပါဘူး"

"ဪ, အခုမရှိပေမယ့် နောက်ရှိချင်ရှိလာမှာပေါ့၊ ဒီလိုမေး... တစ်မျိုးမထင်နဲ့နော် သမီး။ ဘွားဘွားက သမီးကို ကိုယ့်မြေးလို ...ထားမိတာဆိုတော့ တကယ်လို့ ရှိလာခဲ့ရင် အဲဒီကိစ္စကို ဘွား... ...ာဝန်ယူပေးမယ်, စီစဉ်စရာရှိတာတွေ စီစဉ်ပေးမယ်။ လက်တွဲ...ချင်တဲ့သဘောပေါ့ သမီးရယ်"

"ကျေးဇူးအများကြီးတင်ပါတယ် ဘွားဘွား။ သမီးလည်း လက်...ဖို့ အစီအစဉ်မရှိသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး. . . ဘွားဘွား မေ့နေလိုက်တာ၊ ကိုယ့်အလုပ်တွေ ကိုယ့်ခံစားမှုတွေနဲ့ပဲ အချိန်တွေကုန်လို့ ကုန်မှန်းမသိဖြစ်နေပြီ သမီးရေ ခုချိန်ထိ သမီးရဲ့မိသားစုနဲ့ ဘွားဘွားတို့ကို မိတ်ဆက်မပေးသေးဘူး လားလို့၊ သမီးရဲ့မေမေကရော ဘာစီးပွားရေးလုပ်နေတာလဲ"

"ဟုတ်, မိတ်ဆက်ပေးချင်ပါတယ် ဘွားဘွား၊ တွေ့ပေးဖို့အစီ အစဉ်လည်း ရှိပါတယ်။ ဘွားဘွားဖွင့်ပြောလာမယ့်နေ့ကို စောင့်နေခဲ့ တာပါ။ သမီးစီစဉ်လိုက်ပါ့မယ်၊ အဲဒီနေ့ကျရင် အားလုံးသိစေရပါ့မယ်"

"ဒါဆို မနက်ဖြန်ညနေပဲ စီစဉ်လိုက်တော့"

အဲဒီနေရာလေးမှာပဲ ဖျို မေမေ့ကို ချက်ချင်းအကြောင်းကြားခဲ့ ပါသည်။ ထိုအစီအစဉ်ဖြစ်မြောက်သွားချိန်မှာတော့ ဘွားဘွားက ရင် သတ်ရှုမောဖြစ်ပြီး ဘုရား တ,တော့၏။ သူကတော့ ထုံးစံအတိုင်း ပြုံး ပြုံးပင်။

"အမယ်လေး. . . ဘုရားရေ့, လက်စသပ်တော့ SUN MART ပိုင်ရှင်လေးဖြစ်နေတာပဲ၊ စောစောက ပြောပါတော့လား။ ဘွား ဘွားတို့ အံ့သြသွားအောင် တမင်လုပ်လိုက်တာမို့လား။ ကြည့်စမ်း ဦး. . . ဘွားဘွားတို့အလုပ်ကို လာလျှောက်ရတယ်လို့"

စသဖြင့် အပြန်ခရီးမှာ တဖွဖွပြောလျက် မြူးတူးနေခဲ့သော





ဖျိုလည်း ထိုညက တော်တော်နှင့်အိပ်မရခဲ့။ ကိုယ့်အိမ်ထဲမှာ ချစ်သူ နှင့် အတူတူတွဲပြီး မိသားစု စုံစုံညီညီ ဒင်နာစားခဲ့ရသည့် ကြည်နူးမှု တို့ကြောင့် သူပေးခဲ့သည့်အရုပ်ကြီးကိုသာဖက်ပြီး အတွေးနယ်ချဲ့နေခဲ့ သည်။

အိပ်ပျော်ခါနီးကျတော့ ဖျို့ဆီ ဖုန်းမဝင်စဖူး ထူးထူးဆန်းဆန်း ဝင်လာခဲ့၏။ တအံ့တသြဖြစ်ပြီး ခပ်မြန်မြန်ယူကြည့်လိုက်ရာ ရဲရင့်နီ ဖြစ်နေလေသည်။

ကြည့်စမ်း. . . ဘွားဘွားပြောသလို ကိုယ့်အလုပ်တွေ၊ ကိုယ့်ခံ စားမှုတွေနဲ့ပဲ အချိန်တွေ ကုန်မှန်းမသိ ကုန်နေခဲ့ပါလား။

"ဟယ်! ရဲရင့်နီ, နင် ငါ့ဆီဖုန်းဆက်ဖော် ရသေးသားပဲ"

"အဲဒါတွေပြောမနေနဲ့၊ ဒီတစ်ရက်နှစ်ရက်အတွင်း နင်နဲ့တွေ့ ချင်တယ်၊ ဘယ်မှာတွေ့မလဲ. . . ငါဘယ်နေရာကို လာခဲ့ရမလဲ၊ ဒါပဲ ဆို"

ဖျို ပြုံးလိုက်မိသည်။ ဖျို့လုပ်ရပ်တွေကို ရဲရင့်က အခုချိန်အထိ ဘာမှ မသိသေးပုံမပေါ်။ စကားသံက ဘုဘောက်ကျနေသေး၏။

"ငါလည်း တွေ့ချင်နေတာပါဟဲ့၊ ငါ့ရဲ့ Off က Sunday ဆို တော့ သဘက်ခါ. . . အဲဒီနေ့မနက် ရှစ်နာရီလောက် ငါထိုင်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ကန်ဘောင်က ဆိုင်ကလေးမှာ တွေ့မယ်။ ဒါနဲ့ ကိစ္စက အရမ်းအရေးကြီးလား''

''အရေးမကြီးဘဲနဲ့ ငါက လှမ်းချိန်းရမလား။ နင် ကျန်တာတွေ ဘာမှထပ်မမေးနဲ့။ နင့်ဘက်က သေချာတယ်ဆိုရင် ပြီးရော။ ဒါပဲ''

''ဟဲ့. နေပါဦး ရဲရင့်ရယ်၊ တွေ့တုန်း စကားလေး ခဏတော့ ပြောပါရစေဦး။ ငါ့ကို ခုထိစိတ်ဆိုးတုန်းပဲလား။ ငါတောင်းပန်ပါတယ်။ လုံးဝမအားလို့ နင်နဲ့မတွေ့ဖြစ်တာပါ။ အရင်ရက်တွေက ဖုန်းခေါ်တော့လည်း နင်က ဖုန်းပိတ်ထားတာကို''

''တော်စမ်းပါဟာ. . . နင့်အလုပ်က ဘာမို့လို့ ဒီလောက်မအားရတာလဲ''

''ငါ့အလုပ်က ချစ်အကျိုးတော်ဆောင်လေ''

''သေလိုက်ပါလား''

''သေလို့ရပါတယ်''

''အေး. . . သေ. သေ၊ နင့်ရဲ့လုပ်ရပ်တွေကို ငါကျေနပ်လို့ လက်ခံနေတယ်တော့ မထင်လိုက်နဲ့''

''မှားတာရှိရင် တောင်းပန်ပါတယ်''

ပျို့က ရုတ်တရက် စချင်စိတ်ပေါက်လာပြီး အောင်လသီချင်း





ဆိုပြလိုက်ရာ ရဲရင့်နီက 'တောက်'ခတ်ပြီး ဖုန်းပိတ်သွားတာမို့ ပျို့လည်း ဖုန်းပိတ်ပြီး တခစ်ခစ်ရယ်ရင်း အရုပ်ကြီးကို ဖက်နမ်းလိုက်တော့သည်။

ဆန်းဒေးမနက် နှစ်ယောက်သားတွေ့ကြတော့ ရဲရင့်နီက ပျို့ကို ကြည့်ကြည့်ပြီး စားပွဲပေါ် ဘူးလေးတစ်ဘူး တင်ပေးသည်။

''ဘာလဲ''

''ဖွင့်ကြည့်''

''မကြည့်ခင် ငါ ညကမမေးလိုက်ရတာလေး မေးပါရစေ ရဲရင့်နီ မသက်လျာ နေကောင်းလားဟင်''

''ကောင်းတယ် ကောင်းတယ်. . . ရောက်ခါစကတော့ မနေတတ်မထိုင်တတ်နဲ့ တငိုငိုဖြစ်ပြီး ဖျားလို့ ငါတို့ ဝိုင်းပြုစုလိုက်ရသေးတယ်''

''ကျေးဇူးတင်ပါတယ်၊ ငါ့လုပ်ရပ်တွေကို ပြဿနာမဖြစ်အောင် [illegible]ထားတာရယ်၊ မသက်လျာကို ပြုစုစောင့်ရှောက်ပေးထားတာ [illegible]အတွက်ပေါ့။ ဒီတိုင်း ကူညီလက်စနဲ့ ကူညီပေးပါ ရဲရင့်ရယ်။ [illegible]. . .''

[illegible]ပြောပြီး ဘူးလေးကိုဖွင့်ကြည့်လိုက်ရာ မသက်လျာ၏စိန်ထည် [illegible]ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!. . . ဒါ. . . ဒါ မသက်လျာရဲ့ပစ္စည်းတွေပဲ၊ ဘာလုပ်မလို့လဲဟင်"

"ရောင်းရင် ရောင်း, မရောင်းရင် ပေါင်ပေးပါတဲ့။ ငါတို့က ဒါတွေနားလည်တာမဟုတ်ဘူး။ ဘာတွေမှန်းလဲ မသိဘူး။ ငါတို့လိုလူမျိုးတွေ သွားလုပ်လည်း တန်ရာတန်ကြေးရမှာမဟုတ်ဘူး။ ဒါကြောင့် နင်ကနားလည်လို့ ပြကြည့်တာ။ နင့်အမေဆီမှာ ရောင်းပေး"

"နေပါဦး. . . ဒီလောက်တန်ဖိုးမဖြတ်နိုင်တာတွေကို ဘာဖြစ်လို့ရောင်းမှာလဲ၊ နမြောစရာ အရမ်းကောင်းပါတယ် ရဲရင့်နီရယ်။ ဘာလဲအဆင်မပြေဘူးလား၊ ငါလည်း သူ့အတွက်ပို့ပေးနေတာပဲ၊ မလောက်ရင် ထပ်ပို့ပေးမယ်ဟာ။ ဒါတွေတော့ မရောင်းနဲ့, ပြန်ယူသွား"

"မဟုတ်ဘူး. . . နင်ပြောသလိုမဟုတ်ဘူး။ နင်လည်း ဘာထပ်ပို့ပေးမနေနဲ့ဟာ။ အိမ်မှာ အဆင်ပြေပါတယ်"

"ဒါဆို ဘာလုပ်ဖို့ ရောင်းမှာလဲ"

"အခု သူက အိမ်မှာ ကလေးတွေနဲ့ပျော်နေပြီ၊ သတ္တိတွေလည်းရှိလာပြီတဲ့။ အိမ်နေရင်း အလုပ်ဖြစ်မယ့်စီးပွားရေးမျိုး လုပ်ကြည့်ချင်တယ်ဆိုပြီး ရောင်းခိုင်းလိုက်တာ။ တားမရဘူး"

"ဘုရားရေ. . . နင် တကယ်ပြောတာလား။ ငါ. . . ငါ နားကြား





နားတာတော့ မဟုတ်ပါဘူးနော်။ မသက်လျာ သတ္တိတွေ ရှိသွားပြီပေါ့၊ ဝမ်းသာလိုက်တာ ရဲရင့်ရယ်၊ အရမ်းဝမ်းသာတာပဲ"

ဖျိုသည် ဝမ်းသာလွန်းလို့ ဘာဆက်ပြောရမှန်းပင်မသိတော့။ ဖျိုလုပ်ခဲ့မိသည့်အဆိုးတွေထဲမှ အကောင်းလေးတစ်ချက် လက်ခနဲပေါ်လာပြီမို့ ဝမ်းသာတာထက် ကြည်နူးပီတိဖြစ်ရတာက ပိုပါသည်။ ဖျိုအသာ အဲလောက်ဖြစ်သွားပေမယ့် ကိုရွှေရဲရင့်နီကတော့ ခပ်တည်တည်ပင်။

"သူက ဘာလုပ်မယ်ပြောလဲ"

"မသိဘူး. . . သူလုပ်ချင်တာ လုပ်ပေးရမှာပဲ"

"သူနဲ့လိုက်မယ့်အလုပ်ကို ငါအကြံပေးလိုက်မယ် ရဲရင့်နီ။ စားသောက်ဆိုင်ရယ်, အခွေဆိုင်ရယ်, စတိုးဆိုင်လေးရယ် တွဲဖွင့်ကြည့်ပါလို့ ပြောပေးပါ။ သူ တကယ်လုပ်နိုင်သွားပြီဆိုမှ ဒီ့ထက်မြင့်တာကို လှမ်းမယ်။ ဒါနဲ့ သူက ဘယ်လောက်လိုချင်တယ်ပြောလဲ"

"ရောင်းလို့ရသရွေ့တဲ့၊ ရောင်းမရသေးလို့ ပေါင်မယ်ဆိုလည်း အနည်းဆယ်လောက် ယူထားချင်တယ်တဲ့"

"အိုခေ. . . ရတယ်၊ ငါ မေမေနဲ့ညှိလိုက်မယ်။ လောလောဆယ် သိန်းဆယ်ကို နင်ယူသွား။ အရောင်းအဝယ်ဖြစ်ရင် ငါ လှမ်းပြောမယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု အိမ်လိုက်ခဲ့၊ ပိုက်ဆံ သွားယူမယ်''

''နင်ပိုင်ရင် ပြီးတာပဲ၊ အဆင်ပြေဖို့ပဲ အရေးကြီးတယ်''

ထိုအစီအစဉ်ဖြင့် ပျို့တို့အိမ်ကို ငွေသွားယူပြီး ရဲရင့်နီကို သူ့လမ်းထိပ်ထိ ပြန်ပို့ပေးလိုက်ပါသည်။ ရဲရင့်နီက ပျို့ ပြဿနာလုပ်ပြီးကတည်းက စကားကောင်းကောင်းပြောချင်တာမဟုတ်။ ပြောလည်း ပီသာလေးနှင့် နံဘေးပစ်သလို၊ ဖုန်းခေါ်ပြန်တော့လည်း ပိတ်ထားတာများသည်။ အခုလည်း ကားပေါ်မှာ စကားဟက်ဟက်ပက်ပက်ပြောလို့ရယ်မရှိ။

ပျို့ကသာ ပြောနေရသလို ပျို့မေးမှသာ ဖြေပြီး စိတ်က အဝေးလွင့်နေသလိုဖြစ်နေသည်။ အင်း. . . သူ တစ်ခုခုများ ခံစားနေရပြီလား။ ပျို့သည် ထိုအတွေးဝင်လာကာ ကားပေါ်က မဆင်းခင် ရဲရင့်နီရဲ့မျက်နှာလေးကိုစိုက်ကြည့်ပြီး ပျို့ရဲ့အကျင့်အတိုင်း ပြုံးစိစိလေး ပြောလိုက်ပါသည်။

''ရဲရင့်နီ''

''ဘာလဲ''

''နင် တစ်ခါက ငါ့ကိုပြောခဲ့တာ မှတ်မိသေးလား။ အဲဒါမျိုး ငါ နင့်ကိုပြန်ပြောချင်တယ်''

''. . .''





''နင့်မျက်နှာလေး နည်းနည်းချောင်သွားသလိုထင်ရတယ်''

ဟုပြောလိုက်သောအခါ ရဲရင့်နီ လက်ခနဲပြုံးသွားပြီး ကားပေါ်မှ ဖြုန်းခနဲဆင်းလေ၏။

''ဒါပေမဲ့ အပြုံးကျတော့ ပိုပြီးနုနယ်သိမ်မွေ့သွားသလိုပဲ''

ပျို့ ပြောဖြစ်အောင် ထပ်ပြောလိုက်တော့ သူရယ်ပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။

''ဟဲ့. နေပါဦး ရဲရင့်ရဲ့၊ လူပျို့ကြီးကလည်း ရှက်နေပြန်ပြီ။ ငါ ပြောစရာကျန်သေးလို့ပါ''

ဟု အော်လိုက်ပြန်တော့ ပြန်လှည့်ကြည့်သည်။

''ပြောဟာ. . . မြန်မြန်ပြော''

''ငါထင်တယ်, နင်တို့နှစ်ယောက် အဲ့စီကလီဖြစ်တော့မယ်လို့''

ပျို့ ဒါပဲပြောပြီး ဝေါခနဲမောင်းထွက်ခဲ့တော့သည်။ back မှန်မှ သူ့ကြည့်လိုက်တော့ ရဲရင့်နီ ခါးထောက်လျက် ရယ်ပြီး ကျန်ခဲ့လေသည်။

ထိုနေ့ကစပြီး ပျို့ရဲ့ခြေလှမ်းတွေ ပို၍တက်ကြွလာခဲ့၏။ ပျို့ရဲ့ စိတ်ခွန်အားတွေ ပို၍ပြည့်ဖြိုးလာခဲ့သည်။ ပျို့ရဲ့အချစ်တွေ ပို၍ စိုလွှင်လန်းဆန်းလာခဲ့သည်။ ပျို့ရဲ့နှလုံးသားလေးလည်း ပို၍ နူးညံ့



www.burmeseclassic.com

www.burmeseclassic.com



လှပလာခဲ့ပါသည်။

မျို့ကြောင့် ပျော်သူက ပျော်၊ ပြုံးသူက ပြုံး၊ ရယ်သူက ရယ်၊ သတ္တိရှိသူက ရှိဖြင့် အဆိုးထဲမှ အကောင်းလေးတွေ ပေးလာခဲ့ပြီမို့ လောကကြီးက အရာရာမှာ လှပလို့နေခဲ့လေ၏။

သို့သော် အဲဒီလို အရာရာလှပလာတဲ့အချိန်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ အပြည့်အဝရှိနေချိန်၊ ပြီးတော့ ရှုဘီစံအိမ်တော်ကြီး၏ 'မရှိမဖြစ် မျို' ဖြစ်လာချိန်မှာတော့. . . မျိုလုပ်ခဲ့မိသည့်ပြဿနာ၏ နောက်ဆက်တွဲဆိုးကျိုးက မထင်မှတ်သည့် ထောင့်တစ်ထောင့်ကနေ ဖြုန်းခနဲပေါ်ပေါက်လာတော့သည်။

❀

တကယ်တော့ ထိုနောက်ဆက်တွဲဆိုးကျိုးက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ပေါ်ပေါက်လာမယ်ဆိုတာ မျို သိထားပြီးဖြစ်သည်။ ပေါ်ပေါက်လာခဲ့ရင်လည်း ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲဆိုတာ ကြိုတွေးထားပြီးဖြစ်သည်။

ဒါပေမဲ့ လက်တွေ့ရင်ဆိုင်လိုက်ရချိန်မှာတော့ မျို ဘယ်လို





နလန်မထူနိုင်အောင် နှလုံးသားတွေ အပိုင်းပိုင်းအစစ ကြေမွ ကြေကျခဲ့ရသလိုသာတည်း။

ဖြစ်ပွားပုံကတော့ breakfast စားအပြီးမှာ သူက အစီအစဉ် တစ်ခု ပြောကြားခဲ့သည်။

"ဒီနေ့ ဟိုတယ်သွားဖို့မရှိဘူးဆိုတော့ ကိုးနာရီခွဲလောက်ကျရင် တပေလောကသွားပြီး စာအုပ်ရွေးမယ်။ အပြန် Traders က ဂျပန်ဆိုင်လေးမှာ ဂျပန်စာ,စားမယ်"

တဲ့၊ ထိုအစီအစဉ်ဖြင့် မျိုသည် ကိုးနာရီလောက်မှာ အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်ပြီး ဧည့်ခန်းထဲမှာ စောင့်ကြိုနေလိုက်ပါသည်။ မျိုက ဒီအိမ်ရောက်ကတည်းက ဒင်နာချိန်မှလွဲရင် ဒူးအတိစကပ်နှင့်အတူ ဝမ်းဆက်အဖြစ် ကုတ်အကျီဒီဇိုင်းဆန်းဆန်းလေးတွေကိုသာ ဝတ်တတ်ခဲ့တာမို့ ဒီနေ့တော့ ဂျင်းပန်နံအပြာနှင့် တီရှပ်အဖြူလေးကိုသာ စိတ်တိုင်းကျဝတ်လိုက်မိ၏။

ကိုးနာရီထိုးပြီးသွားချိန်မှာတော့ သူကလည်း Lacoste ပန်းနုရောင် ပိုလိုရှပ်လက်တိုကို ဂျင်းပန်နံနှင့်တွဲဝတ်ပြီး အိမ်ပေါ်မှ လန်းဆန်းသော့ပါးစွာ ဆင်းလာပါသည်။ ထိုအချိန်မှာ မျိုတို့နှစ်ယောက်ကြားသို့ သူငယ်ချင်းနန္ဒ ဝင်ရောက်လာမှ ပြဿနာက စတင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!. . . နန္ဒ၊ ထူးထူးဆန်းဆန်း ဖုန်းမဆက်ဘဲ ဘယ်လိုပေါ်လာတာလဲ"

"တမင်မဆက်တာကွ၊ ပစ္စည်းလည်း ပေးစရာရှိလို့၊ အရေးကြီးတဲ့ကိစ္စလည်း ပြောစရာရှိလို့"

"ဒါဆိုထိုင်ဦးကွာ. . . ငါတို့ ခုပဲ အပြင်ထွက်တော့မလို့"

"ရတယ်, မထိုင်တော့ဘူး။ မင်းစုံစမ်းခိုင်းထားတဲ့ကိစ္စ အိုကေပြီ မင်းမှူ"

"ဟင်!. . . အိုကေပြီ၊ မင်းတကယ်ပြောတာလား နန္ဒ၊ ဒါဆို"

"နေဦး၊ မင်းမှူ၊ ငါမေးတာ အရင်ဖြေ။ သက်လျာရဲ့အဖြစ်ကို တိတိကျကျသိရရင် မင်းဘာလုပ်မလဲ"

ဖျို့ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားပြီး နန္ဒကိုမော့ကြည့်လိုက်သည်။

"သူ့ရဲ့အုံ့ပုန်းကိစ္စဆိုရင် ခေါက်ထားလိုက်တော့မယ်။ လုပ်ကြံခံရတာဆိုရင် ငါ Fight. . . မယ်။ ငါခံစားရသလို ပြန်ခံစားရအောင် လုပ်ပြမယ်"

ဖျို့ခေါင်းကြီး အဆမတန်ကြီးသွားသလို ကြက်သီးတွေ တဖြန်းဖြန်းထသွားလေ၏။

"အိုခေ. . . လုပ်ကြံခံရတာ မင်းမှူ"





"ဘာ!. . ."

ဖျို့မျက်လုံးတွေ ပြာဝေသွားပြီး လဲမကျအောင် မနည်းထိန်းလိုက်ရပါသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

## အချစ်သံသရာ

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ. . . လုပ်ကြံခံရတာ မင်းမူ"

"ဘာ! . . ."

ကြားလိုက်ရသောစကားကြောင့် သူ့အသံကြီး ဟိန်းထွက်သွားသည်။ ထိုအသံက အံ့ဩမှုထက် ဖြစ်ရပ်ကို နာကြည်းမှု၊ ခံပြင်းမှုကြောင့် ဒေါသတွေအပြည့်ပါပြီး ကျယ်သွားတာဖြစ်၏။

"ဟုတ်တယ်. . . မင်းတို့နှစ်ယောက်လုံး လုပ်ကြံခံလိုက်ရတာ၊ ကောင်းဘူး မင်းမူ။ ထူးလည်းထူးဆန်းတယ်"

"မြန်မြန်ပြောစမ်းပါကွာ. . . ဘယ်သူလဲ, ဘယ်ကကောင်လဲ၊

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ငါတို့နှစ်ယောက်ကိုလုပ်ကြံရတာလဲ။ ငါ ခုချက်ချင်းရှင်းနေ မှ ကျေနပ်နိုင်မယ်. . . တောက်!"

"အေး. . . ခုချက်ချင်းပဲ ရှင်းရမှာပါ မင်းမူ၊ မင်းက နာမည်နဲ့ လိုက်အောင် မိုးပေါ်မှာပဲ မင်းမူနေတော့ ဘာသိမှာလဲ။ အောက်ခြေ မှာ ဘာတွေဖြစ်နေလဲဆိုတာ သေချာလေ့လာ၊ မင်းရဲ့သတ္တိကို အပြည့် အဝဖော်ထုတ်။ ပြီးရင် ကောင်းကောင်းဖြေရှင်းနိုင်အောင် ကြိုးစား ရှော့. . ."

ဆိုပြီး နန္ဒက သူပါလာသော Laptop ကို ထိုးပေးသည်။ ပြီး တော့ လက်ကိုမလွှတ်သေးဘဲ. . .

"ဒီထဲမှာ ငါ သေချာရိုက်, သေချာ အက်ဒစ်လုပ်, ပြီးမှ ထည့် ထားတာ၊ နာမည်နဲ့နေရာတွေကိုလည်း အကုန် အဖက်လုပ်ပြီး ထည့် ထားတယ်။ ဒီထဲမှာပါတဲ့မိန်းကလေးက အဓိကလုပ်ကြံသူတရားခံအစ ပဲ။ သူနဲ့အတူတူစကားပြောနေတာက ရဲရင့်နီ။ အားလုံးအဆင်သင့်ပဲ မင်းမူ. . . မင်း နည်းနည်းကစားကြည့်လိုက်ရုံပဲ"

ဟု ပြောပြီးမှ လှည့်ထွက်သွားတော့သည်။ ပြီးတော့ အပြင်ထွက် ရောက်ခါနီးမှာ နောက်ပြန်လှည့်ပြီး ပြောဖြစ်အောင်ပြောခဲ့သေး၏

"ဒီကိစ္စ ငါ ချက်ကင်လိုက်ရတာ အရမ်းလွယ်တယ် မင်းမူ





အဲဒီမိန်းကလေးကို မသက်သာဖြစ်နေလို့ပဲ။ နောက်မှ အသေးစိတ်ရှင်း ပြမယ်"

သူသည် တောက်တစ်ချက်ကို နောက်တစ်ကြိမ် ပြင်းထန်စွာခတ် ပြီး Laptop ကို စားပွဲပေါ်သို့တင်၍ ဖွင့်လိုက်တော့သည်။ 'လုပ်ကြံခံ ရတာ' ဟု နန္ဒပြောလိုက်ကတည်းက အနားမှာ ဘာမှမရှိတော့အောင်, ဘာမှမသိတော့အောင် ဒေါသတွေဖုံးလွှမ်းပြီး ထူပူနေသောသူသည် Laptop ထဲ ပထမဆုံးပေါ်လာသောပုံကို တွေ့လိုက်ရသောအခါ. . .

"ဟင်!. . . ဒါ. . . ဒါ"

သူ့ခေါင်းပေါ် ဆင်နင်းတာထက်ဆိုးသော, မိုးကြိုးပစ်လိုက်တာ ထက်ဆိုးသော နာကျင်တုန်ခါမှုကြီး ကျရောက်လာခဲ့ရလေသည်။

ကြည့်စမ်း. . .

လမင်းပျိုစင်. . .

နောက်ထပ်ပေါ်လာတာက သူမသိသော. . . ရဲရင့်နီ. . .

သွားပြီ. . .။ သူသည် လက်တွေ ရင်တွေ တုန်လာပြီး ဘယ် လိုမှဆက်မကြည့်နိုင်တော့ဘဲ Laptop ကို ဖြုန်းခနဲပိတ်ချလိုက်သည်။ သူမကိုလှည့်ကြည့်လိုက်တော့ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ပြီး ခပ် ဆောင့်ဆောင့်ရပ်လျက် ခေါင်းငုံ့ထားတာ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟား. . . ဘာတွေလဲ. . . ဘာကွေဖြစ်ကုန်ပြီလဲ. . . ကံဖခင်ဆရာက ငါ့ကျမှ ဘာဖြစ်လို့ ဘယ်သူနဲ့မှမတူတဲ့ ခံစားမှုတွေ, အံ့ဩမှုတွေ, ဖြစ်ရပ်ဆိုးတွေကို ပေးနေရတာလဲ။

“လမင်းပျိုစင်. . . ကြည့်စမ်း! မင်း. . . မင်း ဒါဝန်ခံနေတဲ့ပုံစံလား။ ငါမထင်ဘူး. . . လုံးဝမထင်မိဘူးကွာ၊ မင်းက ငါ့ရဲ့အကျိုးတော်ဆောင်မဟုတ်ဘဲ ငါ့နောက်ကျောကို ဓားနဲ့ထိုးနေတဲ့ကောင်ပဲ၊ မင်းဘာရည်ရွယ်ချက်နဲ့ ငါတို့နှစ်ယောက်ကို လုပ်ကြံလိုက်တာလဲ။ ဘယ်လိုအကြောင်းမျိုးနဲ့ ငါ့ချစ်သူကို စော်ကားလိုက်တာလဲ”

သူသည် ရင်ထဲမှ နာကျင်ပိတ်ဆို့နေသော အစိုင်အခဲကြီးကို စိတ်တိုင်းကျဖောက်ခွဲပစ်လိုက်တော့သည်။ ထိုပေါက်ကွဲမှုမှစလို့ နောက်ထပ်အစိုင်အခဲလက်ကျန်တွေက တစ်စစီ တစ်စစီ ပွဲကြွေလွင့်စင်ခဲ့လေတော့၏။

“ငါ မင်းကိုယုံကြည်ခဲ့တယ်၊ အားထားခဲ့တယ်၊ ဂုဏ်ယူခဲ့တယ် အထင်လည်း ကြီးခဲ့တယ်၊ ခုတော့ ဘာတွေဖြစ်ကုန်ပြီလဲ၊ အဲဒါတွေအားလုံး မင်းရဲ့မာယာတွေ လုပ်ကြံမှုတွေနဲ့ သိမ်းပိုက်ထားခဲ့တာလား အခုရော ငါတို့မြေးအဘွားနှစ်ယောက်ကို ဘာလုပ်ကြံဖို့ ထပ်ရောက်လာတာလဲ။ သတ်ဖို့ရောက်လာတာလား. . . ဟေ”





သူ အော်ဟစ်လိုက်ပေမယ့် သူမကတော့ တုပ်တုပ်မှမလှုပ်ဘဲ ခပ်တောင့်တောင့်ရပ်လျက် ခေါင်းငုံ့မြဲ ငုံ့ထားပါသည်။ ထိုပုံစံကပင် သူ့ကိုအခံရခက်စေပြီး အမုန်းကျေအောင် ချေချင်စိတ်ပေါက်လာတော့သည်။

“ပြောလေ, လမင်းပျိုစင်၊ မင်းဘာလုပ်ကြံဖို့ အကြံညာဏ်တွေ ထုတ်နေတာလဲ။ ငါတို့နှစ်ယောက်ရဲ့အနာဂတ်ကို ဘာဖြစ်လို့ ဖျက်ဆီးပစ်လိုက်ရတာလဲ။ အပြစ်မရှိတဲ့ငါ့ချစ်သူလေးကို ဘာဖြစ်လို့ သူများလက်ထဲ ထိုးထည့်လိုက်ရတာလဲ။ မင်းဟာ ဓတ်တော့်ကိုရက်စက်တဲ့မိန်းမ. . . ကြောက်စရာကောင်းတဲ့မိန်းမ. . . ပြောလေ. . . ပြောစမ်း”

“. . .”

“ပြောကွာ. . . ပြော. . . ပြော. . . ကဲ”

သူသည် ပြောရင်းနှင့် ရင်ဘတ်ထဲက အနာဟောင်းက ပြန်လည်နာကျင်ကိုက်ခဲလာတာမို့ စောစောက စားပွဲပေါ်တင်ထားသော စာအုပ်အရွယ်လယ်သာ ဓါလက်ကလေးနှင့် သူမကိုပစ်ပေါက်လိုက်မိတော့သည်။ သူမခေါင်းဆီ တည့်တည့်ဝင်ရောက်သွားပေမယ့် ခေါင်းငုံ့ထားတာကြောင့် မျက်နှာကိုမထိ။ သို့သော် ငယ်ထိပ်ကိုမှန်ပြီး သူမ၏ဆံပင်တွေ ဖွာလန်ကျဲသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ သူမက အောက်သို့ ဒူးထောက်ချလိုက်သည်။

"ဘာလဲ. . . မတောင်းပန်နဲ့နော်၊ မင်းရဲ့လုပ်ရပ်က သေတဲ့အထိ အဲလိုထိုင်ပေးနေမယ်ဆိုရင်တောင် မကျေဘူး. . . နားလည်လား။ သူများကို စိတ်ဒဏ်ရာပေးပြီးမှ တောင်းပန်တဲ့အလုပ်မျိုးကို ငါရွံတယ်"

"စိတ်ချပါ၊ ကျွန်မ မတောင်းပန်ပါဘူး ကိုမိုးထက်မင်းမူ၊ ကျွန်မ လုပ်ရပ်က တောင်းပန်ရမယ့်လုပ်ရပ်မဟုတ်ပါဘူး။ ရင်ဖွင့်ပြရမယ့်လုပ်ရပ်ပါ။ ဒါကြောင့် ကျွန်မ ရင်ဖွင့်ပြတာပါ။ ဒီလုပ်ရပ်ကို ဘာကြောင့် လုပ်ခဲ့ရလဲဆိုရင် ကျွန်မမှာ ဖြေစရာနှစ်လုံးတည်းရှိပါတယ်"

သူသည် သူမကို ခါးထောက်၍ စိုက်ကြည့်လိုက်မိသည်။ သူမက စကားပြောလျှင် ဘယ်တော့မှတိုက်ရိုက်မပြော။ စကားလုံးအသင် အဆန်းတွေနှင့် သွယ်ဝိုက်ပြီးမှ ထူးထူးဆန်းဆန်းပြောလေ့ရှိသည်။

"ရှင့်ကို၊ ချစ်၊ လို့၊ ပါ"

"ဘာ. . ."

'ချစ်လို့'ဆိုသည့်စကားက နားဝင်ချိုလှပေမယ့် သူ့အတွက်က တော့ နားထဲ သံရည်ပူ လောင်းထည့်သလို ခံလိုက်ရပါသည်။

"မင်းက ငါ့ကိုချစ်လို့. . . ဟား. . . ဟား. . . ဟား. . . တော် တော်ရယ်စရာကောင်းတာပဲ။ မင်းရဲ့အပြစ်တွေကို ကာကွယ်ဖို့ မင်းရဲ့





အပြစ်တွေကို ပေါ့လျော့စေဖို့ ချစ်လို့ဆိုတဲ့စကားလုံးနဲ့ လုပ်ကြံအစား ထိုးလိုက်တာလား။ လုပ်ကြံတဲ့လူက ချစ်လို့ဆိုတဲ့စကားကို လွယ်လွယ် ပြောထွက်ပေမယ့် ခံလိုက်ရတဲ့လူက သေရာပါတယ်။ အဲဒါ မင်းနား လည်လား. . ."

". . ."

"မင်းကြောင့် ငါတို့နှစ်ဖက်လုံး ဒုက္ခတွေရောက်ခဲ့ရတယ်၊ အထင် အမြင်တွေ လွဲခဲ့ရတယ်၊ မင်းကြောင့် ငါ့ချစ်သူလေးကို ဆုံးရှုံးခဲ့ရတယ်၊ မင်းကြောင့် အရှက်တွေကွဲခဲ့ရတယ်၊ မင်းကြောင့် နှစ်အိမ်လုံး မိုးမီး လောင်ခံခဲ့ရတယ်၊ မင်းကြောင့်ကွာ. . . အားလုံး မင်းကြောင့် ကမ္ဘာ ပျက်မတတ်ခံစားခဲ့ရတာတွေကို မင်းရဲ့ဘာမဟုတ်တဲ့အချစ်နဲ့ ဆေး မလို့လား"

မထင်ခဲ့ပါ။ သူ့ရင်ထဲမှ အစိုင်အခဲလက်ကျန်တွေက အဲလောက် ထိ Rapping ဖြစ်လာလိမ့်မယ်လို့၊ သူမမျက်နှာကို လက်ညှိုးနှင့် လှမ်း ရွယ်ပြီး နင့်နင့်သီးသီးပြောပြီးချိန်မှာတော့ သူမက ဖျတ်ခနဲထရပ်လေ သည်။

"ရှင် ကျွန်မကိုသတ်ရင် သတ်လိုက်လို့ရတယ်။ ဒါမှမဟုတ် လူ ကိုပဲ စော်ကားပါ. . . ကျွန်မအချစ်ကို မစော်ကားပါနဲ့။ ဘာမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုရင် ဒီလောက်ထိ ပြဿနာရှည်လာစရာ အကြောင်းမရှိပါဘူး။ ကျွန်မအချစ်က ဟုတ်နေတဲ့အတွက် ဒီလောက်ထိ စွန့်စားခန်းထုတ်ခဲ့ရတာပါ''

''မင်းပါးစပ်ကို ပိတ်လိုက်''

''မကြာခင်မှာ ပိတ်ပေးပါ့မယ်၊ အခုတော့ . . . တဆိတ်လောက် ကျေးဇူးပြုပြီး ခဏနားထောင်ပေးပါ ကိုမိုးထက်မင်းမူ။ ရှင်တောင် မသက်လျာကို လူမမြင်ဖူးခင် ဓာတ်ပုံမြင်ရုံနဲ့ တန်းတန်းစွဲချစ်ခဲ့တာ မှလား။ ကျွန်မ ရှင့်အပေါ်ချစ်ခဲ့တဲ့အချစ်က အဲဒီထက် နှိုင်းဆလို့မရအောင် အများကြီးပိုပါတယ်။ ရှင်ချစ်တတ်ရင် ကိုယ်ချင်းစာကြည့်ပေးပါ''

''. . .''

''ရှင်နဲ့ကျွန်မ စွန်လွှတ်တဲ့နေ့က ရှင့်ကိုပြောခဲ့ဖူးပါတယ်။ ရှင်မေးလို့လည်း ပြောခဲ့တာပါ။ ကျွန်မ လူတစ်ယောက်ကို တစ်ဖက်သတ်ချစ်နေပါတယ်လို့။ သူ့ကိုစတွေ့တဲ့နေ့ကတည်းက ကျွန်မနှလုံးသားက ထူးထူးခြားခြားလှုပ်ရှားခဲ့တာပါလို့။ အဲဒီနေ့ကတည်းက သူ့ကို အမျိုးမျိုးချဉ်းကပ်ခဲ့တာပါ။ သူ့နားရောက်ဖို့ အမျိုးမျိုးကြိုးစားခဲ့တာပါ။ အဲဒီလူက တခြားလူမဟုတ်ဘူး . . . ကိုမိုးထက်မင်းမူ, ရှင်ပါပဲ''





သူသည် သူမမျက်နှာကို စိုက်ကြည့်လိုက်မိသည်။ ဒေါသအငိုးအငွေ့တွေမရှိပေမယ့် ရဲရင့်ပြတ်သားမှုတွေကတော့ မာန်အပြည့်ရှိနေ၏။

''ကျွန်မက အစွဲအလန်းကြီးတယ် ကိုမိုးထက်မင်းမူ၊ လိုချင်တာကို တိတိကျကျသိပြီဆိုရင် မရရအောင် ယူတတ်တယ်။ အဲဒီလိုပဲ ကျွန်မရဲ့အချစ်တွေကလည်း ရှင့်အပေါ်မှာ တိတိကျကျသေချာနေခဲ့ပြီဆိုတော့ ရှင့်ကို တစ်ဦးတစ်ယောက် ပိုင်ဆိုင်သွားမှာ လုံးဝမလိုလားခဲ့တာပါ။ အဲဒီလို ရူးရူးမူးမူးချစ်ခဲ့လို့ ခုလိုမိုက်မိုက်မဲမဲစွန့်စားခန်း ထုတ်ခဲ့ရတာပါ''

''အဲဒါ မင်းဘာသာမင်း တစ်ဖက်သတ်ဖြစ်နေတာပဲ။ မင်းတစ်ယောက်တည်း ရူးနေတာပဲ။ ဒီလောက်တောင် ယုတ်ညံ့တဲ့အပြုအမူကြီးကို လုပ်ရဲမှတော့ မင်းပါးစပ်က ဒီစကားတွေ ထွက်လာတာ အဆန်းလား . . . မင်းရဲ့အရူးစကားတွေကို ဘယ်သူက ယုံမှာလဲ။ မင်းဟာ လူလိမ်လူညာ''

''ဟုတ်တယ် . . . အချစ်က လိမ်ညာတတ်အောင် သင်ပေးလိုက်တာ''

''မင်းက ကလိမ်ကကျစ်မ''

www.burmeseclassic.com

ရွှေပဒေသာစာပေ

www.burmeseclassic.com



"ဟုတ်တယ်. . . ကလိမ်ကကျစ်လုပ်တတ်အောင်လည်း အချစ်က သင်ပေးတယ်"

"မင်းက မိန်းမယုတ်"

"အချစ်က ယုတ်မာတတ်အောင်လည်း သင်ပေးတယ်"

"မင်းက အရှက်မရှိတဲ့မိန်းမ"

"ချစ်လွန်းတော့လည်း ကြိုက်မရှက် ငိုက်မရှက်တဲ့"

"မင်းက အောက်တန်းစားမ"

"ဟုတ်တယ်. . . အချစ်ပဲမြင်နေတော့ အောက်တန်းစား အထက်တန်းစားတွေကို မမြင်နိုင်တော့ဘူး"

"သွား. . . ထွက်သွား, မင်းပါးစပ်ကိုပိတ်၊ မင်းအသံကိုလည်း မကြားချင်ဘူး, မင်းမျက်နှာကိုလည်း မမြင်ချင်ဘူး, မင်းဟာ ငါတို့အားလုံးကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ရုံမက, ငါတို့မြေးအဘွားနှစ်ယောက်ရဲ့မေတ္တာတွေ ယုံကြည်မှုတွေကိုပါ အလွဲသုံးစား လုပ်သွားတဲ့မိန်းမ. . . သွား. . . ငါ့ရှေ့က ထွက်သွား"

သူသည် ပြောရင်းဆိုရင်း ဒေါသတွေကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ စားပွဲပေါ်မှ နန္ဒပေးခဲ့သော အိတ်ဆောင် Laptop လေးနှင့် သူမကို ပစ်ပေါက်လိုက်လေသည်။ ထိုအချိန်မှာ ဘွားဘွားက သူ့နောက်မှာ ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိခဲ့ပါ။



"မြေးလေး. . ."

ဟု ညင်ညင်သာသာခေါ်ပြီး သူ့လက်ကို အမိအရဖမ်းဆွဲခဲ့ပါသည်။ သို့သော် သက်ကြီးရွယ်အိုရဲ့လက်က သေးငယ်၍ မနိုင်မြဲတာကြောင့် သူ့လက်ကိုသာဆွဲမိပြီး Laptop ကတော့ သူမနဖူးတည့်တည့်ဆီ ပစ်ဝင်သွားခဲ့ပါလေသည်။ သူမ လုံးဝမရှောင်ပါ။

"ဘုရားရေ. . ."

ဘွားဘွားက တအံ့တသြနှင့် ဘုရားအတ, သူကလည်း သတိသက်လွတ်နှင့် အငိုက်မိချိန်မှာ သူမနဖူးမှ သွေးတွေ စီးကျလာခဲ့ပါသည်။ အားလုံးဆိတ်ငြိမ်သွားတော့၏။ ဒီတစ်ခါ မြေးထိရင် ဆတ်ဆတ်ထိမခံသော, မြေးအတွက် ရှေ့ကနေ အသက်ပေးဝံ့သောဘွားဘွားကသည်း သူတို့နှစ်ဦးကြား ဘာမှဝင်မပြောတော့ဘဲ ဆိတ်ဆိတ်နေခွင့်ကိုသာ ကျင့်သုံးခဲ့ပါသည်။

သူမက သူ့ရဲ့ရန်ကို ရှောင်ဖို့မပြောနှင့်၊ နဖူးမှကျလာသည့်သွေးတွေကိုပင် လက်နှင့်တစ်ချက်မှမတို့ပါ။ ခဏနေမှ သူမရဲ့နှုတ်ခမ်းလေး ပြုံးယောင်သမ်းလာပြီး စကားသံထွက်လာခဲ့ပါသည်။

"ကျေးဇူးတင်ပါတယ် ကိုမိုးထက်မင်းမျှ ဒီလိုလုပ်လိုက်ရလို့

www.burmeseclassic.com



ရှင့်စိတ်ထဲ ပေါ့သွားတယ်ဆိုရင် ကျွန်မ ကျေနပ်ပါတယ်။ ကျွန်မ ထွက်သွားပါ့မယ်. . . ဒါပေမဲ့ တစ်ခုတော့ ပြောခဲ့ပါရစေ"

". . ."

"ကျွန်မဟာ ရှင့်စွပ်စွဲသမုတ်ခဲ့တဲ့ မိန်းကလေးမျိုးမဟုတ်ပါဘူး ဒီလိုမလုပ်သင့်မလုပ်ထိုက်တဲ့, မတွေးသင့်မတွေးထိုက်တဲ့အတွေးအခေါ် အကြံအစည်တွေလည်း ကျွန်မဘဝမှာ မရှိခဲ့ပါဘူး။ ရှင့်ကို စတွေ့ခဲ့ပြီး ကျွန်မနှလုံးသားလေး လှုပ်ရှားလာချိန်, အချစ်ဆိုတာကို သိလာချိန်ကမှ ဒီလိုမတတ်မှုးတဲ့အတတ်တွေ တတ်မြောက်လာခဲ့တာပါ။ အဲဒါအချစ်က သင်ပေးလိုက်တာပဲလို့ ကျွန်မ ယူဆပါတယ်"

"ရှ. ."

"ပြီးတော့ အဲဒီလိုချစ်တတ်လာချိန်မှာပဲ အချစ်နဲ့ပတ်သက်ပြီး အသိတရားတစ်ခု ထပ်ရလာတယ်။ အဲဒါဘာလဲဆိုတော့ အချစ်ဟာ နှလုံးသားကို ပိုပြီးနူးညံ့လှပလာစေသလို အချစ်ဟာ မကောင်းဆိုးဝါး အကျင့်ဆိုးတွေကိုလည်း ဖြစ်ပေါ်လာစေတယ်ဆိုတာပါပဲ"

ဟုပြောပြီး ချာခနဲလှည့်ထွက်သွားတော့သည်။

တစ်အိမ်လုံး ခြောက်ကပ် တိတ်ဆိတ်သွားလေ၏။

ဘွားဘွားလည်း ဆိုဖာပေါ် အရုပ်ကြိုးပြတ် ပစ်ကျသွားသည်





သူလည်း 'တောက်'တစ်ချက်ကို ပြင်းပြင်းထန်ထန်ခတ်ပြီး အိမ်ပေါ်ထပ်သို့ ကမူးရှူးထိုးတက်လာခဲ့သည်။

အခန်းထဲရောက်တော့ ဘာလုပ်ရမှန်းမသိတာမို့ အာခေါင်ခြစ်ပြီးတော့သာ အော်လိုက်မိလေ၏။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



**နှုတ်မှ စီးကျလာသည့်သွေးတွေက**

**နှလုံးသားမှ စီးကျလာသည့်သွေးတွေကို မမီ...**

**အပြင်ဒဏ်ရာက အတွင်းဒဏ်ရာလောက် မဆိုး...**

**ခေါင်းသာကွဲအောင် အရိုက်ခံလိုက်ချင်ပါသည်။**

**အတွင်းကြေ ကြေနေတာက သေရာပါနိုင်၏။**

ပျို့ဘဝမှာ 'နေ'လည်း ကွယ်၊ 'လ'လည်း ပျောက်ပြီး ကြယ် [illegible]တွေပါ တဖြုတ်ဖြုတ်ကြွေကျခဲ့ရလေသည်။ ပျိုသည် ခြိအပြင် [illegible]ရောက်ချင်းမှာပဲ ဘယ်အချိန် လမ်းပျောက်သွားမယ်မှန်းမသိ [illegible] ဘက်ပါထဲကို ရောက်သွားသလို ခံစားလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပျို့ အရမ်းပျော်နေချိန်မှာပဲဖြစ်ဖြစ်၊ အ
စိတ်ညစ်နေချိန်မှာပဲဖြစ်ဖြစ် မရောက်ရောက်အောင် သွားတတ်ခဲ့
နေရာလေးကို ပြေးမြင်မိသည်။ ထိုနေရာလေးကတော့ ရဲရင့်နီတို့
လေးပင်ဖြစ်ပါသည်။

ထိုစိတ်ကူးဖြင့် ရဲရင့်နီတို့အိမ်သို့ ပျို့ ရောက်သွားရာ
မှာ အခွေဆိုင်၊ စာအုပ်ဆိုင်နှင့်အတူ စတိုးဆိုင်လေးပါ ပြည့်ပြည့်
စုံစုံဖွင့်ထားတာကို မြင်လိုက်ရတာမို့ ပျို့ ခြေစုံရပ်ပြီး ကြည်ကြည်
နှင့် စိုက်ကြည့်နေလိုက်မိပါသည်။

အဲဒါထက်ပိုပြီး ကြည်နူးစရာကောင်းသည့်မြင်ကွင်းလေး
ရဲရင့်နီနှင့် မသက်လျာတို့နှစ်ယောက်သား တစ်ယောက်မျက်နှာ
ယောက်ကြည့်ကာ မျက်နှာမှာ အပြုံး မျက်ဝန်းထဲမှာ အကြင်နာ
ဖြင့် စကားပြောနေကြပုံဖြစ်ပါသည်။

ပျို့ ရပ်ကြည့်နေတာကို ရဲရင့်နီက အရင်မြင်သွား
ပျို့ဆီ ဖျတ်ခနဲခပ်သုတ်သုတ်လှမ်းလာတော့၏။

"ဟာ! အပျိုမ, ဟင်. . . နဖူးမှာ သွေးတွေနဲ့။ နင်ဘာ
တာလဲ။ ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ"

". . ."



"ပြောစမ်းပါဟာ. . . ဘာဖြစ်လာတာလဲ၊ ငါဘာလုပ်ပေးရမလဲ၊
ဒီကိုလာလို့ရလို့လား. . . ပြဿနာတွေ အကြီးအကျယ်တက်သွား
ဟိုမှာ မသက်လျာ"

ပျို့ရှေ့မှာ ရဲရင့်နီ ပြာပြာသလဲဖြစ်သွားပုံကြောင့် ပျို့ စကားမပြန်
ပြုံးရုံသာ ပြုံးပြလိုက်မိသည်။ ပြီးတော့ နဖူးမှသွေးတွေကို လက်
သပ်ချလိုက်မိ၏။ သွေးတွေက စောစောကလို မထွက်တော့ပေမယ့်
ယ်တော့ စီးကျချင်သေးသည်။

"ရဲရင့်နီ. . . နင်အရင်တုန်းက ပြောခဲ့တဲ့စကားကို ငါ ခုချိန်မှာ
ကောင်းနားလည်သွားပြီ။ မျက်လုံးချင်းစကားပြောတာနဲ့ ရင်
ချင်း စကားပြောတဲ့ဟာ ဘယ်လိုနေလဲဆိုတာလေ။ ငါ နင်တို့
မြင်ရတာ ကြည်နူးလိုက်တာ၊ ပြီးတော့ ရင်ထဲမှာ အရမ်းကျေနပ်
ယ်၊ ငါဘယ်လောက်ပဲ ဆိုးဆိုး. . . နောက်ဆုံး ငါ့အတွက်နဲ့ တစ်
မနစ်နာစေရဘူးဆိုတာ ယုံပြီလား"

"အေးပါ. . . အဲဒါအသာထားစမ်းပါ၊ နင်ဖြစ်လာတာကိုပဲ ပြော
ဒီတိုင်းနေလို့မဖြစ်ဘူး အပျိုမ. . . ဆေးခန်းသွားရမယ်"

"ရတယ် ရဲရင့်, နဖူးကဒဏ်ရာက ရင်ထဲကဒဏ်ရာလောက်
ဟဲ့၊ နင် ဘာမှမစိုးရိမ်နဲ့တော့၊ ပြဿနာဖြစ်မှာလည်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့။ ငါ အားလုံးကို ရင်ဆိုင်လို့ရသွားပြီ ရဲရင့်နီ။ ငါ့လုပ်ရပ်တွေ ဗူးပေါ်သလို ပေါ်သွားခဲ့ပြီ"

"ဟင်! . . . ဒါဆို နင် သူဌေးနဲ့ပြဿနာတက်ခဲ့ပြီပေါ့။ သူဌေးနင့်ကိုရိုက်လွှတ်လိုက်တာလား . . . ပြောစမ်း"

ရဲရင့်နီက ဂရုဏာဒေါသဖြင့် ကမူးရှူးထိုးဖြစ်ကာ ဆိုင်လေးထဲသို့ တစ်သျှူးတွေကို ပြေးယူပေးပြန်သည်။ ဖျိုတို့နားသို့ မသက်လျာ ရောက်လာလေ၏။

"ဟင်! . . . သူ . . . သူ"

လက်ညှိုးလေး ထိုးလျက် တအံ့တသြနှင့် စိုက်ကြည့်နေလေ၏။

"မသက်လျာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်၊ ဟို့ ဒါနဲ့ သူက ကိုရဲနဲ့ သိနေခဲ့တာလား နဖူးက ဒဏ်ရာကရော ဘာဖြစ်လာတာလဲ။ ဒီတိုင်း ရပ်မနေပါနဲ့၊ အိမ်ထဲကိုခေါ်ပါ ကိုရဲရဲ့။ သူ အထဲကိုဝင်ပါ။ တို့လည်း သူ့ကိုအရမ်းတွေ့ချင်နေခဲ့တာပါ"

"ရပါတယ် မသက်လျာ၊ ကျွန်မနဲ့ ရဲရင့်နီက သူငယ်ချင်းတွေပါ"

"ဟင်!"





"ဟုတ်ပါတယ် မသက်လျာ၊ သူက ကျွန်တော့်သူငယ်ချင်းပါ။ ကျွန်တော် ပြောပြောနေတဲ့ ကျေးဇူးရှင်သူဌေးမလေးဆိုတာ သူပဲ"

"ဟယ်! တိုက်တိုက်ဆိုင်ဆိုင်ပဲ၊ အံ့သြစရာကောင်းလိုက်တာ။ ဒါနဲ့များ တစ်ခါမှမဆုံဖြစ်ကြဘူး။ ကိုရဲကလည်း နေနိုင်လိုက်တာ၊ သူက အချိန်မှာ သက်လျာရဲ့ကျေးဇူးရှင်လည်း ဖြစ်နေပြီ ကိုရဲရဲ့"

ပြောပြောဆိုဆိုနှင့် အိမ်လေးထဲကို ရောက်လာခဲ့ကြပါသည်။

"အခုဆုံဖြစ်ပြီပဲ မသက်လျာ၊ အကျိုးအကြောင်းအားလုံး ရှင်းပြတော့မှာပါ။ ငါပြောလိုက်ရမလား . . . အဖျိုမ"

"ဟင့်အင်း၊ ငါ့ကိစ္စ ငါပဲ ရှင်းမှာပါ"

မသက်လျာက ဖျိုတို့နှစ်ယောက်ကိုကြည့်ပြီး အံ့သြနေ၏။ သူမ အတော့ လှမြလှလျက်ပင်။ ဒါပေမဲ့ သူမအလှက အရင်ကလိုမျိုးတော့ မဟုတ်တော့။ သတ္တိတွေ၊ အချစ်တွေ၊ ဘဝရဲ့အနှစ်သာရတွေ ပါနေပြီမို့ ဝင့်ထည်မော်ကြွားနေသည့်အလှမျိုးပင် ဖြစ်တော့သည်။

"မသက်လျာ၊ ဒီအချိန်မှာ ကျွန်မ ဘာပြောပြော နားထောင်ပေးမှာလား"

"နားထောင်ပေးမှာပေါ့"

"ကျွန်မစကားထဲမှာ စိတ်ဆိုးစရာတွေ စိတ်နာစရာတွေ ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရင်ရော''

''ဆင်ခြင်ပါ့မယ်, ဘယ်လိုပြောရမလဲ. . . တို့ အရင်လိုမဟုတ်တော့ဘူး။ သူပြောသလို လောကအသစ်ထဲမှာ သဘာဝကျတဲ့လူတွေရဲ့အကြောင်းကို သိခဲ့ရပြီလေ။ ပြီးတော့ အပြောင်းအလဲတွေကိုလည်း ကြုံကြိုက်ခဲ့ရပြီဆိုတော့ ဘယ်လိုအကြောင်းမျိုးပဲ ပေါ်လာလာ. . . တို့ သိမ်တုန်လှုပ်မှာ မဟုတ်တော့ဘူး''

''ဝမ်းသာလိုက်တာ မသက်လျာ၊ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ မသက်လျာ တော်တော်ပြောင်းလဲသွားခဲ့ပြီနော်''

''အဲဒါ သူ့ကြောင့်ပေါ့''

''အဲလောက်ထိလည်း မချီးမွမ်းပါနဲ့ မသက်လျာ၊ ခံယူလို့ မထိုက်တန်သေးပါဘူး။ ဒါဆို ကျွန်မပြောချင်တာပြောလို့ ရသွားပါပြီ။ မသက်လျာ အရင်တုန်းက သိချင်ခဲ့တာတစ်ခုကို သိချိန်တန်ပါပြီ''

''ဘာများလဲဟင်''

''သူဘယ်လူလဲဆိုတာ တို့သိချိန်တန်ပြီမှလား. . . ကိုထက်ကို တစ်ဖက်သတ်ချစ်နေတဲ့မိန်းကလေးကရော ဘယ်သူလဲဆိုတာ သိခွင့်မရဘူးလားလို့ ကျွန်မကိုမေးခဲ့တာလေ''

''အင်း, ဟုတ်တယ်၊ အဲဒါ တို့အရမ်းသိချင်ခဲ့တာ''





''အဲဒါ ဘယ်သူမှမဟုတ်ပါဘူး မသက်လျာ၊ ကျွန်မပါပဲ''

''ဟင်!''

''ဟုတ်ပါတယ်၊ ကျွန်မက ရဲရင့်နီရဲ့သူငယ်ချင်း လမင်းမျိုစင်ပါ။ ကိုမိုးထက်မင်းမှုကို တစ်ဖက်သတ်ချစ်ခဲ့တဲ့သူကလည်း လမင်းမျိုစင်ပါပဲ၊ ပြီးတော့ မသက်လျာနဲ့ ကိုမိုးထက်မင်းမှုရဲ့အနာဂတ်ကိုရော, ရဲရင့်ရဲ့ကံကြမ္မာကိုပါ ပြောင်းလဲလုပ်ကြံခဲ့တဲ့သူကလည်း လမင်းမျိုစင်ပါပဲ''

ဟုပြောလိုက်တော့ မသက်လျာက စကားမပြန်တော့ဘဲ တွေးတွေးဆဆနှင့် ငြိမ်ကျသွားတာမို့ မျိုလည်း ဖြစ်ကြောင်းကုန်စင်ကို အစအဆုံး ရှင်းပြလိုက်တော့သည်။

ဖျို့ပြသနာထုပ်ကို ဖြည်ပြပြီးပြန်တော့လည်း အံ့ဩမှုလည်းမပြ တုန်လှုပ်မှုလည်း မပြဘဲ ပြုံးရုံသာ ပြုံးနေလေသည်။

''ဘယ်လိုလဲ မသက်လျာ၊ ဒီလိုကြားလိုက်တော့ ကျွန်မကို စိတ်နာဘူးလား. . . ကိုမိုးထက်မင်းမှု လုပ်လွှတ်လိုက်သလို တစ်ခုခုနဲ့ ခိုင်ပေါက် ရိုက်နှက်မပစ်ချင်ဘူးလား''

''ဟင့်အင်း, ဘာဖြစ်လို့ စိတ်နာရမှာလဲ။ ဘာဖြစ်လို့ အဲဒီလို ချပ်ရမှာလဲ။ အဲဒီလိုတွေ မလုပ်မယ့်အပြင် တို့ သူ့ကိုကျေးဇူးတောင်



www.burmeseclassic.com

www.burmeseclassic.com



တင်သေးတယ်, သိလား လမင်းပျိုစင်။ ဘာကြောင့်လဲဆိုတော့ အချစ်အတွက် စွန့်စားခန်းကို ထုတ်ပြခဲ့လို့၊ သတ္တိတွေကို သွေးပြခဲ့လို့''

''. . .''

''ပြီးတော့ ကိုယ့်ရဲ့အချစ်စစ်နဲ့ ကိုယ့်ရဲ့ဖူးစာရှင်ဟာ ဘယ်မှာ ရှိနေသလဲဆိုတာ ဖော်ထုတ်ပေးခဲ့လို့။ ပြီးတော့ ဂုဏ်နေအဆင့်အတန်းတွေရဲ့ လွှမ်းမိုးမှုကြောင့် ကိုယ့်ကိုယ်ကို ဘာမှန်းမသိအောင်ဖြစ်ခဲ့တဲ့ သူကို အရာရာသိသွားအောင် ဖန်ဆင်းပေးခဲ့လို့။ ဒီတော့ အားလုံးကိုလည်း သိသွားပြီဆိုတော့. . . တို့ ကိုထက်နဲ့သွားတွေ့လိုက်တော့မယ် လမင်းပျိုစင်''

''အဲဒါဆို ကျွန်တော်လည်း လိုက်မယ် မသက်လျာ၊ မသက်လျာတစ်ယောက်တည်းသွားဖို့ စိတ်မချသလို, ကျွန်တော့်သူငယ်ချင်းရဲ့ရှေ့မှာလည်း ကျွန်တော် မားမားမတ်မတ်ရပ်တည်ပေးရမယ်''

မသက်လျာက အားတက်လာတော့ ရဲရင့်နီကပါ ထကြွလာခဲ့သည်။ သူတို့ကိုကြည့်ပြီး ဖျို ပီတိဖြာရပါသည်။

''ဒီအချိန်မှာ သွားဖို့မသွားဖို့ ငါမပြောလိုပါဘူး ရဲရင့်နီ။ ဒါပေမဲ့ ငါ့ကိစ္စက ပြီးဆုံးသွားပါပြီ၊ ဟိုမှာ ရင်ဖွင့်ခဲ့ပြီးလို့ ဒီမှာ လာပြီးဝန်ခံတာပါ။ ငါလုပ်မိတဲ့အရှုပ်, ငါ့ပြန်ပတ်လာတာတွေကို ငါကောင်းကောင်း





ဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြီးတော့ မသက်လျာကို ကျွန်မ တစ်ခုပြောချင်ပါသေးတယ်. . . မသက်လျာရဲ့စိတ်ထည်ပစ္စည်းတွေကို လက်ခံခဲ့တာ ကျွန်မပါ။ ပြန်လာပို့ပေးပါ့မယ်။ အဲဒီသိန်းနှစ်ဆယ်ကိုတော့ မသက်လျာတို့အတွက် လက်ဖွဲ့လို့ပဲ သဘောထားလိုက်ပါတော့။ ခွင့်ပြုပါဦး''

ဖျိုသည် ပြောပြောဆိုဆိုပင် ထလာခဲ့သည်။ ရဲရင့်နီက. . .

''နင် ဒီတိုင်းသွားလို့ ဘယ်ဖြစ်မလဲ။ ငါလိုက်ပို့မယ်''

''မပို့နဲ့. . . ဒီအချိန်မှာ ငါတစ်ယောက်တည်းပဲ နေချင်တယ်။ ဝန်ခံချင်လို့သာ ထွက်လာခဲ့တာ''

ဖွတ်ငြင်းပြီး ထွက်လာခဲ့တာမို့ ရဲရင့်လည်း မလှုပ်မယှက်ကျန်ခဲ့လေ၏။

ဖျို အိမ်ရောက်လာတော့ အိမ်ရဲ့ဝေယျာဝစ္စသမား ဦးကျော်လုတ ဖျို့ကိုမြင်ပေမယ့် ဖျိုဘာခိုင်းခိုင်း လုပ်ပေးသည့် လူယုံတော်ကြီးဖြစ်တာမို့ ဖျိုက ဂရုမစိုက်။ မေမေကလည်း သူ့အလုပ်မှာ၊ ကြီးကြီးနှင့်မီယုတို့ကလည်း စားဖိုဆောင်ထဲပဲ ရောက်နေသလားမသိတာမို့ ဖျို့ပြဿနာက အဝင်အထွက်ချောင်လည်ခဲ့ရလေသည်။

အခန်းထဲရောက်တော့ မှန်ရှေ့မှာ ကျောက်ရုပ်လိုထိုင်ပြီး မှန်ထဲကရုပ်ရာကိုကြည့်၍ ပြုံးလိုက်မိသည်။ ဖျို ဘာဆက်လုပ်ရမှန်းမသိနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပျို့ဘဝ မှောင်အတိကျသွားခဲ့ရပြီပဲ။

ဟိုးငယ်ငယ်ကလေးတည်းက ပျိုဟာ လိုချင်တာတစ်ခုကို တိတိကျကျသိရပြီဆိုရင် ဘယ်လိုပစ္စည်းမျိုးပဲဖြစ်ဖြစ် မရရအောင် အမျိုးမျိုးကြံကျပြီး ယူပြတတ်တဲ့ကလေးတစ်ယောက်တဲ့။

အဲဒီလိုယူပြတတ်တဲ့နေရာမှာလည်း ဖွဲ့ကောင်းကောင်းနှင့် မအိပ်မနေ မစားမသောက်ဘဲ ငိုယိုပြတတ်တာမျိုး၊ ဟန်ဆောင်ကောင်းပြီး စကားကြွယ်တာမျိုး၊ မင်းသမီးတွေလို သရုပ်ဆောင်ကောင်းတာမျိုး စသည့်နည်းပရိယာယ်တွေကိုလည်း အရွယ်နှင့်မလိုက်အောင် သုံးတတ်သေးသည်တဲ့။

ဥပမာ– သူငယ်ချင်းတွေကြားမှာပဲဖြစ်ဖြစ် မိသားစုထဲမှာပဲဖြစ်ဖြစ် တစ်ခုခုကိုလုပ်ချင်လာလျှင် (အခွင့်အရေးတစ်ခုခုကို တောင်းဆိုချင်လျှင်) ပထမ ချော့တောင်းသည်။ မရလျှင် ဒုတိယ ခြောက်တောင်းသည်။ မရလျှင် တတိယနည်းပရိယာယ်တစ်ခုခုကိုသုံး၍ တောင်းသည်။ ထိုသုံးမျိုးလုံး သုံးလို့မှမရလျှင်တော့ ပွဲကြမ်း၍ တောင်းတတ်လေသည်တဲ့။

အခုလည်း ပျိုသည် ပျိုလိုချင်တာကို ရဖို့အတွက် အဲဒီနည်းလမ်းတွေကို တစ်ခုပြီးတစ်ခု သုံးခဲ့ပါသည်။





ဒါပေမဲ့ ပျိုလိုချင်တာက သူငယ်ချင်းဆီက မဟုတ်၊ မိဘဆီက မဟုတ်၊ အရုပ်မဟုတ်၊ မုန့်မဟုတ်။

ချစ်တတ်တဲ့နှလုံးသားနဲ့တည်ဆောက်ထားတဲ့. . .

သက်ရှိလူသားဖြစ်နေပြီပဲ. . .

ပျို ဘာမှလှုပ်ရှားလို့မရအောင် အရာရာကို သိနားလည်ခဲ့ရပြီ၊ ကြောက်လန့်တုန်လှုပ်ဖွယ်ကောင်းသော အိပ်မက်ဆိုးကြီးကို ပျို မက်ခဲ့မိပြီ။ ထိုအိပ်မက်ဆိုးကြီးက ပျို့ကို ဘယ်အတိုင်းအတာထိ ခြောက်လှန့်နေမည်မသိတော့ပါ။

ပျိုသည် ထိုင်ရာမှ မလှုပ်မယှက်ထလာခဲ့ပြီး ပျို ခံစားရတိုင်း လုပ်လေ့လုပ်ထရှိသည့်အပြုအမူတစ်ခုကို လုပ်လိုက်၏။ အဲဒါကတော့ တခြားမဟုတ်၊ ဖြူဖြူကျော်သိန်းသီချင်းခွေကို အခန်းထဲမှာ မရပ်မနား ကျယ်ကျယ်လောင်လောင်ဖွင့်ထားပြီး အိပ်ရာထဲမှာ မှောက်လျက် နေ့ညတွေကို ကုန်မှန်းမသိ ကုန်ဆုံးစေတာဖြစ်လေ၏။

စောစုဆဲက 'အိပ်မက်ဆိုးကြီး'ကို မက်ခွင့်ပေးလိုက်သည်။ ဖြူဖြူကျော်သိန်းကလည်း 'အိပ်မက်ဆိုးကြီး'ကို ပီပီပြင်ပြင်မက်ပြခဲ့သည်။

ပျိုကတော့ ထို'အိပ်မက်ဆိုးကြီး'ကို တကယ်ပဲ မက်ခဲ့ပါသည်။

www.burmeseclassic.com



(ဘာကြောင့်လဲ × × × × မေးခွန်းများပဲ ရှိနေတယ်
တောင့်တဆဲ × × × × ကိုယ်မျှော်လင့်ခဲ့ရတဲ့သူ ပျောက်ဆုံးတော့
စွဲမက်စရာအနမ်းလေး × × × × အလိုလိုပျောက်ကွယ်သွားပြီ
ငါ့ရဲ့မျက်ရည်များ × × × × ကျနေတုန်းပဲ × × × ×
× × × × အိပ်မက်ဆိုးကြီးလို ရင်မှာစွဲကျန်နေပြီ × × × ×
× × × × ညစဉ်ခြောက်လှန့်လို့ ပြင်းရှလွန်းတဲ့ချစ်မီး × × × ×
× × × × နေ့များစွာ မျက်ရည်စတ်များနဲ့ ဝတ်သက်နေတုန်းပဲ
ဟန်နီ × × × ×
မယုံနိုင်ဘူး × × × × အဲလောက် မင်းမှမရက်စက်တတ်ဘဲ
မဖြစ်နိုင်ဘူး × × × × တစ်ချိန်လုံး မင်းနဲ့ငါအတူရှိခဲ့
အမုန်းရဲ့နတ်ဆိုးများ × × × × ဝင်လာ နောက်ယှက်သွားပြီ
ငါ့ရဲ့အချစ်တွေက × × × × ရှိနေတုန်းပဲ

ဒီတစ်ခါပြဿနာက. . .

သူကလည်း အဘွားကို အော်လို့မရ. . .

အဘွားကလည်း ဘယ်သူ့ကိုမှ အော်လို့မရတော့သည့်. . . နှစ်ယောက်လုံး စိတ်တူသဘောတူ ရှာဖွေမိခဲ့သည့် ပြဿနာမို့ မြေး အဘွားနှစ်ယောက် စကား လုံးဝမပြောနိုင်ကြတော့ဘဲ နေ့ညတွေကို ငြိတ်ဆိတ်စွာ ဖြတ်သန်းခဲ့ရတော့၏။

သို့သော် မြေးအနားမှာ အဘွားက အရိပ်ကလေးလို ရှိနေတတ် သလို အဘွားအနားမှာ မြေးကလည်း အရိပ်ကလေးလို ရှိနေတတ်





www.burmeseclassic.com

www.burmeseclassic.com



တာကတော့ လျော့မသွားခဲ့၊ ကံကြမ္မာက သူတို့မြေးအဘွားနှစ်ယောက်ကို မရိုးနိုင်သည့်ဖြစ်ရပ်အမျိုးမျိုးကို ချပေးခဲ့ရုံမက၊ စကားမပြောနိုင်တော့လောက်အောင် အံ့မခန်းဖြစ်ရသည့်ဖြစ်ရပ်ကိုလည်း ချပေးခဲ့သေးတာပဲ။

အခုလည်း အဘွားက ခြံထဲမှာ လက်ကလေး နောက်ပစ်၍ လမ်းလျှောက်နေသည်။ သူကတော့ ထိုင်ခုံပေါ်မှာ ကျောက်ရုပ်လို ထိုင်နေသည်။ စကားတစ်လုံးမှ မပြောကြပေမယ့် စိတ်ချင်း စကားပြောနေတာကိုတော့ သူတို့မြေးအဘွားနှစ်ယောက်သာ သိလေ၏။ အချိန်ဘယ်လောက်ကြာအောင် ငြိမ်သက်နေကြသလဲ မသိပါ။ ခြံရှေ့ ကားတစ်စီးရပ်သံကြားလိုက်မှ သူရော အဘွားပါ သတိဝင်လာလေသည်။

ခဏနေတော့ ခြံစောင့်က ခြံတံခါးဆီ သွားမေးသည်။ ပြီးတော့ သူတို့ဆီ ခပ်သွက်သွက်လှမ်းလာသည်။

"သက်လျာငယ်က တွေ့ခွင့်ပြုပါတဲ့"

ကြားလိုက်ရသည့်အသံကြောင့် မင်းမွှရင်ထဲ ဒိန်းခနဲတုန်သွားသလို ဘွားဘွားနှင့်လည်း မျက်နှာချင်းဆိုင်မိရက်သား ဖြစ်သွားသည်။ ဒီနေ့ သူတို့မြေးအဘွားနှစ်ယောက် စကားပြောရတော့မည်။ ဘွားဘွားက သူ့ကို ခေါင်းတဆတ်ဆတ်ညိတ်ပြတာမို့ သူကလည်း ခြံစောင့်ကို





Automatic 'ဖွင့်ပေးလိုက်ပါ' ဟုပြောလိုက်မိလေ၏။

ခြံတံခါး ဖွင့်ပေးတာကို လှမ်းကြည့်လိုက်တော့ ဝင်လာသူမှာ သက်လျာငယ်တစ်ယောက်တည်းမဟုတ်ဘဲ ရဲရင့်နိုင် ပါလာလေသည်။ သို့သော်, သက်လျာငယ်ကတော့ အရင်တုန်းကလို လူကြောက်တတ်သော ကြောင်တောင်တောင်ကလေး မဟုတ်တော့ပါ။ သွက်လက်တက်ကြွမှုတွေ အပြည့်ရှိနေပါသည်။

ပြီးတော့ အလှမပျက်သော်လည်း အရင်တုန်းကလို အရုပ်လေးလို လှတာမျိုးမဟုတ်တော့ဘဲ သဘာဝအလှတွေ ဖြည့်စွက်ထားသည့် မြန်မာဆန်ဆန် တည်တည်ကြည်ကြည်လေးလှသော အလှပိုင်ရှင်လေးပဲ ဖြစ်နေပါတော့သည်။

သူ့ရှေ့သို့ နှစ်ယောက်သား ရိုရိုသေသေ လာရပ်တော့ ဘွားဘွားက သူ့ဘေးမှာ လာထိုင်ပြီး အသိအမှတ်ပြုပါသည်။ ခြံထဲက ပန်းဥယျာဉ်ထဲမှာလည်း၊ စားပွဲဝိုင်းက အမြဲထားတာမို့ ရှေ့ကခုံတွေမှာ သူတို့နှစ်ယောက်ကိုထိုင်ဖို့ သူ ညွှန်လိုက်မိပါ၏။

"ထိုင်ပါ"

"မင်္ဂလာပါ ဘွားဘွား. . . မင်္ဂလာပါ ကိုထက်၊ စကား ခဏပြောခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ထိုင်ကြ၏။

''ဇာတ်လမ်းအစအဆုံး တိတိကျကျပေါ်ခဲ့ပြီမို့လို့ ကိုထက်ရော ဘွားဘွားပါ သက်လျာကို ခွင့်လွှတ်နိုင်ပြီလို့ထင်ပါတယ်''

''. . .''

''လမင်းပျိုစင်ရဲ့လုပ်ရပ်ကတော့ ခွင့်လွှတ်နိုင်စရာအကြောင်း မရှိပေမယ့် တစ်နေ့နေ့မှာတော့ ကိုထက် နားလည်လာပါလိမ့်မယ်။ သူ့ကိုခွင့်လွှတ်ပေးဖို့တော့ လာပြီးတောင်းဆိုတာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သက်လျာလည်း လုပ်ကြံခံခဲ့ရတဲ့သူပါ၊ ဒါပေမဲ့ သူ့ရဲ့သတ္တိကြောင့် သက်လျာဟာ ရောက်တဲ့ဘဝမှာ ပျော်မွေ့နေပါပြီ။ ဘာမဆို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ရှိနေပါပြီဆိုတာ လာပြောပြတာပါ''

''. . .''

''လမင်းပျိုစင်က ကိုထက်ကို တကယ်ပဲ နှစ်နှစ်ကာကာချစ်တာပါ. . . အချစ်ကြီးလွန်းလို့ သူ့ချစ်သူ သူတစ်ပါးနောက် ပါသွားမှာ ကြောက်ပြီး ဒီလိုမလုပ်သင့်တဲ့ဖြစ်ရပ်ကို စွန့်စွန့်စားစားလုပ်ခဲ့တာပါ ကိုထက်။ သူ့ရဲ့လုပ်ရပ်ကြောင့် သူ့ဆီက သတ္တိတွေ သက်လျာဆီ ကူးစက်လာခဲ့တယ်၊ အတွေ့အကြုံအသစ်အဆန်းတွေ ရခဲ့တယ်၊ ဗဟုသုတတွေ ရခဲ့တယ်၊ သူ့ကြောင့်ပဲ သက်လျာရဲ့ခံစားမှုအစစ်အမှန်တွေ နှလုံးသားထဲက ထွက်ကျလာခဲ့ပါတယ်''

စကားတွေ အရမ်းပြောတတ်လာခဲ့သော သက်လျာကို သူစိုက်ကြည့်နေလိုက်မိသည်။ ဘွားဘွားကလည်း နားထောင်ပေးရုံသက်သက်ပဲ လုပ်တော့မည်ထင်ပါသည်။

''အဲဒါဘာလဲဆိုတော့ ကိုထက်ဆီက မရခဲ့တဲ့ ရင်ခုန်လှုပ်ရှားမှုဆိုတာကို ကိုရဲ့နဲ့ကျမှ ရခဲ့တာပဲ။ ကိုထက်အပေါ်ကို ကိုထက်လိုချင်တဲ့အချစ်မျိုးကို မပေးနိုင်ခဲ့ပေမယ့် ကိုရဲကိုကျတော့ အဲဒီလိုအချစ်မျိုးပေးနိုင်ခဲ့တယ်။ အရင်တုန်းကတော့ ဂုဏ်ပကာသနအဆောင်အယောင်တွေ မိဘအာဏာတွေ လွှမ်းမိုးခံထားရတော့ ကိုယ်ပိုင်အယူအဆတွေ ကိုယ့်ရဲ့လွတ်လပ်ခွင့်တွေ ပျောက်ဆုံးကုန်ပြီး ကိုယ့်ကိုယ်ကို ဘာမှန်းမသိခဲ့ဘူး. . . ဘာလိုချင်မှန်း မသိခဲ့ဘူး''

''. . .''

''ခုတော့ အဲဒါတွေ သက်လျာ အားလုံးနားလည်ခဲ့ရပြီ။ သက်လျာ နားလည်သလို ကိုထက်ကို နားလည်စေချင်လို့ သက်လျာ သတ္တိမွေးမွေးယူခဲ့သလို ကိုထက်လည်း သတ္တိရှိရှိနဲ့ ကိုယ် ဘာကိုလိုချင်သလဲဆိုတာကို ရွေးတတ်အောင်လို့ လာပြောရတာပါ''

''. . .''



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ကိုထက် စဉ်းစားပါ၊ လူတာမြင်တိုင်း အချစ်လား။ ဂုဏ်ပကာသန အဆောင်အယောင်တွေ ပြည့်လျှံနေတာကို အချစ်လို့ ခေါ်လား။ ကိုယ့်ရဲ့အချစ်စစ်က ဘယ်မှာရှိနေတာလဲ။ အချစ်ဆိုတာ ဘာလဲ. . .ကိုထက် သေသေချာချာဖော်ထုတ်ပါ။ သတ္တိရှိပါစေ. . .ခု လိုနားထောင်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ကိုထက်၊ သွားခွင့်ပြုပါ"

"ကိုမိုးထက်မင်းမှ သွားခွင့်ပြုပါဦးခင်ဗျာ"

"အို့ခေ. . .အားလုံးအဆင်ပြေပါစေလို့ ကျွန်တော် ဆုတောင်းပေးပါ့မယ်။ သက်လျာ, မင်းပျော်ရွှင်ပါစေ"

သူ့စကားအဆုံး သူမတို့ ထွက်ခွာသွားကြတော့သည်။ အဲဒီတော့မှ ဘွားဘွားက စကားစလေ၏။

"အင်း. . .ဘဝသံသရာကြီးက အံ့သြစရာတွေ ပြည့်နှက်နေပါလား။ အသက်ကြီးလာလေ, တရားပိုကျလာလေ, အားလုံးကို တရားသဘောနဲ့ကြည့်မှ ဖြစ်ပျက်သံသရာကြီးကို လက်ခံရဲလာတာ။ လူတွေအားလုံး နောက်ဆုံး,'ဖြစ် ပျက်'နဲ့ပဲ အဆုံးသတ်ရတာချည်းပါပဲ။ ဒီတော့ ဘွားဘွားလည်း ဘာမှမပြောလိုတော့ပါဘူး။ ငါ့မြေးမှာလည်း ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ, ကိုယ့်အယူအဆတွေရှိရက်နဲ့ ဘွားဘွားရဲ့





လွှမ်းမိုးမှုတွေကြောင့် လွတ်လွတ်လပ်လပ် မရှင်သန်ခဲ့ရဘူး"

". . ."

"သက်လျာလေး ပြောတာ အရမ်းမှန်တယ်။ ဘွားဘွား တကယ်ပဲ တရားကျခဲ့ပါပြီ မြေးလေးရယ်။ ဒီတော့ ဒီနေ့ ဒီရက်ကစပြီး မြေးလေးကို ကိုယ်ပိုင်အယူအဆတွေ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေနဲ့ ရှင်သန်ဖို့ ခွင့်ပြုလိုက်ပါပြီ။ ငါ့မြေးလေး ဘဝကို သတ္တိရှိရှိ လျှောက်လှမ်းနိုင်ပါစေ"

ဟုပြောပြီး ဘွားဘွား အိမ်ထဲဝင်သွားတော့သည်။ တစ်ချိန်တုန်းက သက်လျာ သူ့ကိုပြောဖူးသည်။

**"ချစ်ခြင်းမေတ္တာတွေထဲက ကိုထက် လိုချင်တဲ့အချစ်ဆိုတာကို ဆွဲထုတ်ကြည့်လို့မရသေးဘူး"**

တဲ့။ လမင်းပျိုစင်ဆိုတဲ့မိန်းကလေးကလည်း သူ့ကိုပြောဖူးသည်၊

**"သူ့ကိုစတွေ့တဲ့နေ့ကတည်းက ကျွန်မနှလုံးသားက ထူးထူးခြားခြားလှုပ်ရှားခဲ့တာပါ"** တဲ့။ အံ့သြစရာကောင်းသည့်မိန်းကလေးနှစ်ဦးကြောင့် သူ သက်ပြင်းရှည်ကြီးကိုသာ ချလိုက်တော့၏။

ဟိုး. . .ငယ်ငယ်လေးကတည်းက မင်းမူရဲ့ကာရိုက်တာကို ဘွားဘွား ပြောခဲ့ဖူးသည်။ မင်းမူဟာ လူကြီးမိဘရဲ့စကားကို မြေဝယ်မကျ



www.burmeseclassic.com

www.burmeseclassic.com



နားထောင် လိုက်နာတတ်တဲ့ မြေးလိမ္မာကလေးတစ်ယောက်တဲ့။

အဲဒီလိုလိမ္မာတတ်တဲ့နေရာမှာလည်း လူကြီးတွေအပေါ် ကိုယ့်ရဲ့ဆန္ဒကို တောင်းဆိုတာမျိုး၊ ဆိုးနွဲ့ ဂျီကျတာမျိုး၊ အရုပ်ကလေးတစ်ရုပ်၊ မုန့်လေးတစ်ခုကောင် ကိုယ့်သဘောနှင့်ကိုယ် ပူဆာတာမျိုးမလုပ်ခဲ့ဘဲ လူကြီးတွေ ဆင်မြန်းခဲ့သမျှ လူကြီးတွေ ကျွေးမွေးသမျှနှင့်သာ ငြိမ်သက် ကျေနပ်နေတတ်ခဲ့သည်တဲ့။

အခုချိန်ထိလည်း ငြိမ်သက်ကျေနပ်နေတတ်ခဲ့ပါသည်။

ခုတော့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ပေးလိုက်ပြီတဲ့. . .

ဘာပဲဖြစ်ဖြစ် အခါခါနာကျင်ခဲ့ရသည့် ရင်ဘတ်ကို ဂရုမစိုက်တော့။ ဘွားဘွားအကြိုက်နှင့် သူ့အကြိုက် တစ်ထပ်တည်းကျအောင်ပဲ ဘဝမှာ ကြိုးစားနေထိုင်သွားပါတော့မည်။





အခန်း (၁၁)

## မပျော်လင့်ခဲ့ပါ...



www.burmeseclassic.com

www.burmeseclassic.com

(နှစ်လခန့် ကြာသော်)

မုန်တိုင်းပြီးဆုံးသွားပြီမို့ . . .

အရာရာအားလုံး ငြိမ်ကျသွားတော့၏။

ရာသီဥတုလည်း ကြည်လင်လှပခဲ့ပါသည်။

ကာ ပြိုအလဲလဲနှင့် ပျက်ဆီး ယိုယွင်းခဲ့တာတွေအားလုံးလည်း သူ့နေ ငှ်သူ ပြန်ရောက်၍ အသားကျသွားတော့သည်။ သို့သော် မုန်တိုင်းဒဏ်ခံခဲ့ရသည့်လူတွေကတော့ သေသူကသေ, ပျောက်သူက ပျောက်, ကျိုးသူက ကျိုး, စိတ်ဒဏ်ရာရသူက ရ,နှင့် ကုသမှုတွေ တော်တော်ကြာအောင် ခံယူခဲ့ရပါသည်။ ထိုဆေးကုသမှု ခံယူသူတွေ ထဲမှာတော့ လမင်းပျိုစင်က ထိပ်ဆုံးက ပါဝင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ နှစ်လခန့် ဆေးကုပြီးလို့ နလန်ထလာချိန်မှာ နောက်ထပ် ဆေးကုသမှုခံယူဖို့ စင်္ကာပူကို ထွက်ခွာရပါတော့မည်။

တခြားတော့မဟုတ်၊ ဘဝရှေ့ရေးအတွက် ကွန်ပြူတာကျွမ်းကျင်သူလေး ဖြစ်စေချင်တာရယ်၊ မေမေ့အလုပ်ကို ဦးစီးပေးချင်တာရယ်ကြောင့် စင်္ကာပူမှာ ဒီဂရီ နာသင်တန်းတစ်ခုကို သွားတက်ဖို့ပဲဖြစ်လေသည်။

ကြီးကြီးနှင့်မေမေ့ကို ထိုင်ကန်တော့လိုက်တော့ ရင်ထဲမှာ ဆို့ဆို့နင့်နင့် ခံစားလိုက်ရသည်။

"ငါ့သမီးလေး ပျော်ရွှင်ပါစေ. . . အောင်မြင်ပါစေ"

"ငါ့တူမလေး ကျန်းမာရေးကောင်းပြီး ကိုယ်လိုချင်တဲ့ဘဝတစ်ခုကို ထူထောင်နိုင်ပါစေကွယ်"

"သမီးကို လိုက်မပို့ကြနဲ့နော်၊ သေသေချာချာပြောပြီးသွားနော် နောက်ကနေလည်း လိုက်မလာနဲ့။ သမီး, ဦးကျော်လှနဲ့ပဲ သွားမယ်၊ မေမေတို့လိုက်ပို့ရင် သမီး ငိုလိမ့်မယ်"

"အံမယ်. . . မငိုဘူးတဲ့ကလေးကများ"

"ဟုတ်ပ"

"အပျိုကြီးဖြစ်ချင်လာလို့လား မသိဘူး မေမေရယ်၊ မျက်ရည်





လွယ်လာတယ်"

"အောင်မာ! အပျိုကြီးဖြစ်ရင် ငိုချင်လာတာမဟုတ်ဘူး, ရယ်ချင်လာတာ၊ မဟုတ်မှလွဲရော. . . အဒေါ်နဲ့မအေ မသိအောင် ကွယ်ရာမှာ ချစ်ဇာတ်လမ်းများ ရိုက်ထားလို့လား"

"အာ, မဟုတ်တာ မေမေကလည်း၊ သွားခါနီး ငိုချင်လာအောင် ထပ်မပြောနဲ့နော်၊ သမီးက မေမေတို့နဲ့ခွဲရမှာကြောက်လို့ ငိုချင်တာ"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ, ခွဲခွာရမယ့်အကြောင်းတွေ ထပ်မပြောနဲ့တော့၊ သင်တန်းကာဖြင့် ဘယ်လောက်မှကြာတာမှမဟုတ်တာ။ ကဲ, ဦးကျော်လှရေ. . . သမီး ကားပေါ်တက်မယ်"

ဟု မေမေက ထွက်ဖို့ပြင်တော့တာကြောင့် မေမေ့ကို ခပ်တင်းတင်းဖက်ပြီး ပါးပြင်ကိုနမ်းလိုက်သည်။ ပြီးတော့ ကြီးကြီးကိုလည်း ဖက်ပြီး ပါးပြင်ကိုနမ်းလိုက်သည်။

"ကျန်းမာရေး ဂရုစိုက်နော် ကြီးကြီး၊ မေမေလည်း အလုပ်ထဲ စိတ်နှစ်ပြီး ကျန်းမာရေးကို မေ့မထားနဲ့။ သမီး E-mail လည်း ပို့မှာ၊ Chatting လည်း ထိုင်မှာ။ ဒါပဲနော်. . . တာ့တာ"

"တာ့တာ"

"ဘိုင့်ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနှင့် ပျို့သည် မေမေနှင့်ကြီးကြီးရင်ခွင်ရိပ်မှ ကားပေါ် ရောက်လာသည်။ ကားပေါ်မှတစ်ဆင့် လေဆိပ်ထဲ ရောက်လာသည်။ လေဆိပ်ထဲမှတစ်ဆင့် လေယာဉ်ပေါ် ရောက်လာတော့သည်။

ပျို့ နေရာယူလိုက်တော့ ပျို့လို မျက်မှန်တပ်ထားသည့်လူတစ်ယောက်ကလည်း ပျို့နှင့်ကပ်လျက်မှာ နေရာယူပါသည်။

ပျို့က မျက်မှန်ချွတ်၍ ခါးပတ် ပတ်မည်ကြံလိုက်တော့ ထိုလူက၂ ပျို့ကိုပတ်ပေးဖို့ လက်လှမ်းလာလေ၏။

"ရလား. . . ပေး. . . ကိုယ့်ပတ်ပေးမယ်"

ဟင်! . . . ကြားဖူးနားဝရှိသောအသံကြောင့် ပျို့တစ်ကိုယ်လုံး ဓာတ်လိုက်သလို ခံစားလိုက်ရပါသည်။

ကြည့်စမ်း. . . သူ. . . သူ. . . စောစောက ပျို့ သတိမထားမိခဲ့ပါလား. . .

"ရှင်. . . ရှင်. . . ကိုမိုးထက်မင်းမှ"

သူက မျက်မှန်ချွတ်၍ ပြုံးပြပါသည်။

"ရ. . . ရပါတယ်. . . ရှင်နဲ့ကျွန်မ လှာတိုက်ဆိုင်ပြန်ပြီနော်"

"ဒီလိုပဲ တစ်သက်လုံး တိုက်ဆိုင်တော့မှာ"

"ဘယ်လို"





ပျို့ အံ့သြပြီး မျက်လုံးလေး ဝိုင်းသွားသည်။ သူက ပြုံးပြုံးပင် စာရွက်လေးတစ်ရွက်ကို ထုတ်ပြ၏။

သမီး

အပျို့စင်လေး...

ပြန်လာရင် သမီးရဲ့ချစ်သူနဲ့လက်ထပ်ရမယ်

လူကြီးချင်း စေ့စပ်ပြီးသွားပြီ

သမီး,ပျော်သွားပြီမို့လား...ဒီချင်သေးလား

ပညာကောင်းကောင်းသင်ခဲ့နော်

သမီးရဲ့ချစ်သူက

သမီးကို စောင့်ရှောက်လိမ့်မယ်

(မေမေ) စနီ

ကြည့်စမ်း. . . ပျို့ခန္ဓာ လေယာဉ်မထွက်သေးဘဲနှင့် အာကာသထဲ လွင့်သွားသလို ခံစားလိုက်ရပါသည်။ ပျို့ ဝမ်းသာတာတွေရော အံ့သြတာတွေရော ရောပြုံခံစားပြီး စကားပင် မပြောနိုင်တော့။ တစ်ကိုယ်လုံး တုန်ရီ လှိုက်မောနေတော့သည်။ သူ့ကိုမော့ကြည့်လိုက်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



''မပျော်ဘူးလား''

ဆိုပြီး ရယ်ပြပါသည်။ ဒီတစ်ခါ သူ့ရဲ့အထာကလည်း အရင်လို ဆရာစား မကျတော့။ သတ္တိရှိရှိနှင့် ရဲတင်းသွက်လက်လာပါသည်။

ဘယ်လောက်ထိ ရဲတင်းသွက်လက်သလဲဆိုရင် ပျို့ကို ဘာမှ မပြောဘဲ သူ့ရင်ခွင်ထဲ ဆွဲသွင်း၍ တင်းတင်းကျပ်ကျပ်ဖက်ထားတော့၏။

''အို. . . လွှတ်ပါ''

''မလွှတ်ဘူး. . . မင်းပြောသလိုပဲ အချစ်ကိုပဲမြင်တော့ ကျန်တာတွေ မမြင်တော့ဘူး''

ပျို ငြိမ်နေလိုက်ရပါသည်။

''မင်းဟာ သူခိုးလေးပဲ၊ ဟင့်အင်း. . . မဟုတ်သေးဘူး၊ ဓားပြမလေး. . . ဟုတ်တယ်. . . ကိုယ့်ရင်ထဲက နှလုံးသားကို အတင်းဓားပြတိုက် ယူဆောင်သွားတဲ့ ပျိုပျိုလှလှလည်းချစ်ဓားပြလေး''

ပျို့ရဲ့မျက်လုံးလေးတွေ မှေးကျသွားပါတော့သည်။

ပျိုရဲ့ခန္ဓာသည် လေယာဉ်ပေါ်မှတစ်ဆင့် ချစ်သူ့ရင်ခွင်ထဲမှာ စုံးစုံးမြုပ်ခဲ့ရလေပြီ။

ပျို မပျော်လင့်ခဲ့ပါဘူး. . .



သူ့ရဲ့အချစ်တွေကို. . .

ဒီလိုရရှိလာခဲ့လိမ့်မယ်. . လို့. . .

ခုတော့ ကြည့်ပါဦး. . . လောကကြီးက ဘယ်လောက်ဆန်းကြယ်ခဲ့ပါသလဲ။ မိုးနတ်မင်းကြီးက ပျို့ထံကို ချစ်သူမိုးနတ်သားလေးတစ်ယောက် တကယ်ပဲ စေလွှတ်ပေးခဲ့ပြီပဲ. . .။

(ပျိုပျိုလှလှလည်း ချစ်ဓားပြလေး)

7th, July, 2011.

11:00 (A.M)

THURSDAY

လက်တစ်စုံဖြင့်. . .

တစ်စုံတစ်ရာ. . .



www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာများကို စင်တင်ပေးလိုပါသည်

- ✳ အနိမ့်ဆုံး အခြေခံပညာအထက်တန်း အောင်မြင်ရပါမည်။
- ✳ အသက် (၂၃) နှစ်အထက် ဖြစ်ရန်လိုပါသည်။
- ✳ ဝတ္ထုဖတ်ဝါသနာပါပြီး စာရေးရန် စိတ်ထက်သန်သူဖြစ်ရပါမည်။
- ✳ ဗလာစာအုပ်ဖြင့် စာမျက်နှာ ၂၀၀ မှ ၂၄၀ အတွင်း ရေးရပါမည်။
- ✳ ရွေးချယ်ခံရပါက တမူခ စတင်ပေးပါမည်။

ရွှေပဒေသာစာပေ
အမှတ် - ၃၃ (A)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၈၄၉၂၇

www.burmeseclassic.com